www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## မီးနတ်ရှင်နှင့်သိုင်းကျမ်းမဟာ

ချင်းဟုန်၏ ဖျောင်းဓါထိန်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၆၉၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၅၅၁၁၁၁

၂၀၀၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်လေးလေးမိ (တနင်္သာရီစာပေ)
အမှတ် ၅၃၊ မိုးမြေလမ်းကန်တော်ကလေး
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (ပုံရွှေ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ဆွမ်းခံရင်းငှက်သင့်

လေဝှေ့ယမ်းတိုက်ခတ်လာသောအခါ မြက်ပင်ရှည်များက တရှဲရှဲမြည်ကာ ယိမ်းနွဲ့လှုပ်ရှားသွားလေသည်။

စန်းကိုးသည် မြက်တောထဲသို့ ဝင်၍ အရှေ့ဘက်သို့ ချောင်းကြည့်နေသည်။

မြက်ပင်ရှည်များကြား၌ ကျက်စားလေ့ရှိသော မြေဝပ်ငှက်များ၊ တောကြက်များကို ဖမ်းဆီးရန် ချောင်းမြောင်းနေခြင်း ဖြစ်လေသည်။

မကြာပါချေ၊ တကွပ်ကွပ်မြည်သံများနှင့်အတူ တောကြက်တစ်အုပ် လာနေသည်ကို တွေ့လိုက်ရလေသည်။ စန်းကိုး ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး တောကြက်နှစ်ကောင်ကို မိအောင်ဖမ်းရန် ဆုံးဖြတ်လိုက်လေသည်။

တောကြက်အုပ်က တစ်စထက်တစ်စ နီးကပ်လာလေသည်။

စန်းကို စိတ်လှုပ်ရှားသွားသည်။ လက်ထဲမှ ကြိမ်တုတ်နှင့် ကြိုးကွင်းကို အသင့်ပြင်ထားလိုက်လေ၏။

တောကြက်အုပ်ထဲမှ အကြီးဆုံးအကောင်ကိုရွေးကာ ဖမ်းဆီးရန် ဟန်ပြင်လိုက်စဉ်မှာပင် ရုတ်တရက် ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တောကြက်များ ချက်ချင်းထွက်ပြေးသွားကြတော့သည်။ စန်းကိုး မကျေမနပ် ဖြစ်သွားသည်။

"တောက် ... ဘယ်သူလဲ"

ဟု အော်ပြောရင်း ဝပ်နေရာမှ ထလိုက်လေသည်။

ဤတွင် တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းပေကျံနေသူတစ်ယောက်သည် ဒရောသောပါး ပြေးလာပြီး ဓားကိုင်ထားသူ သုံးယောက်က ထက်ကြပ်မကွာ လိုက်လာနေကြသည်ကို တွေ့လိုက်ရလေသည်။



"ဟိုက်"

စန်းကိုး ရင်ထိတ်သွားလေသည်။ မမျှော်လင့်သောမြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်ကာ မြက်ပင်များကြားသို့ အပျာကယာ ပြန်ဝပ်ချလိုက်လေသည်။

မြက်ပင်များကြားမှနေပြီး ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေလိုက်လေသည်။

ခြေသံများ တစ်စထက်တစ်စ နီးကပ်လာသည်။ ဒဏ်ရာရထားသူမှာ စန်းကိုးနှင့် မလှမ်းမကမ်းသို့ရောက်လျှင် လုံးစ မဟန်နိုင်တော့ဘဲ ...

'ဒုန်း'

ရှေ့သို့ ဟပ်ထိုးလဲကာ တလိမ့်ခေါက်ကွေး ဖြစ်သွားလေသည်။

ထိုလူ၏လက်ထဲ ကိုင်လာခဲ့သော အထုပ်ကလေးသည် လွင့်စဉ်ထွက်လာကာ စန်းကိုးနှင့် မလှမ်းမကမ်းသို့ ကျလာ၏။

စန်းကိုးသည် အမှတ်တမဲ့ဖြင့် ကောက်ယူထားလိုက်မိလေသည်။

အဝါရောင်ပဝါဖြင့် ထုပ်ထားသော အထုပ်ကလေး ဖြစ်

www.burmeseclassic.com



သည်။ သွေးများ စွန်းထင်းပေကျံနေသည်။

ထိုအချိန်တွင် ...

"ခင်ဗျား ပြေးလို့ မရတော့ဘူး မဟုတ်လား"

ဓားကိုင်ထားသူသုံးယောက်သည် လဲကျနေသူအနီးသို့ ရောက်ရှိလာကြလေသည်။ တစ်ယောက်က လဲနေသူအား ဆွဲထူလိုက်သည်။

"ကျုပ်တို့လိုချင်တဲ့ပစ္စည်း ပေးစမ်း"

ဒဏ်ရာရထားသူမှာ မဟန်နိုင်အောင် ဖြစ်နေသည်။ သို့တိုင် ...

"မင်းတို့လို သစ္စာဖောက်တွေကို ဘယ်တော့မှ မပေးဘူး"

ဟု အော်ပြောလိုက်လေသည်။ ဓားကိုင်ထားသူသုံးယောက် မကျေမနပ် ဖြစ်သွားကြ၏။

တစ်ယောက်က ...

"ခင်ဗျား ခေါင်းမာနေလို့လဲ ကျုပ်တို့လက်က လွတ်မယ် မထင်နဲ့၊ သူ့ကိုယ်ပေါ်မှာ ရှာကြစမ်း"

ဒဏ်ရာရထားသူအား တစ်ယောက်က ချုပ်နှောင်ပေးပြီး ကျန်နှစ်ယောက်က ဝိုင်းဝန်းရှာဖွေလိုက်ကြသည်။



ထိုလူမှာ ရုန်းကန်နိုင်စွမ်း မရှိပါ။

ဓားကိုင်ထားသူများက ရှာဖွေလိုက်ကြသော်လည်း သူတို့ လိုချင်နေသောပစ္စည်းကို ရှာမတွေ့သဖြင့် သဘောပေါက်သွားကြလေသည်။

တစ်ယောက်က ...

"ဘယ်မှာလဲ ... ထုတ်ပေးစမ်း"

အခြားတစ်ယောက်က ...

"မင်း သေချင်ပြီထင်တယ်"

ဒဏ်ရာရထားသူမှာ လူသုံးယောက်၏ ဝိုင်းဝန်းထိုးကြိတ်ခြင်း ခံလိုက်ရလျှင်မြေပေါ်သို့ ပုံလျက်သား လဲကျသွားလေသည်။

ဓားကိုင်ထားသူသုံးယောက်က ရက်ရက်စက်စက် နှိပ်စက်ပြီး မေးမြန်းလိုက်သောအခါ ...

"မင်းတို့လိုချင်တဲ့ပစ္စည်းဟာ ကျုပ်ထွက်ပြေးလာရင်း လမ်းမှာ ကျကျန်ရစ်ခဲ့တယ်"

ထိုစကားသည် သူ၏နောက်ဆုံးစကားပင် ဖြစ်ပါသည်။ စကားဆုံးလျှင် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေသည်။

ထိုလူသုံးယောက်လည်း ချက်ချင်းပင် လာရာလမ်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပြေးလွှားသွားလေတော့သည်။

✿

စန်းကိုးသည် ထိတ်လန့်တုန်လှုပ်ကာ မလှုပ်ရှားဝံ့ဘဲ ဖြစ်နေ၏။

လူသုံးယောက်၏လက်ချက်ဖြင့် လူတစ်ယောက် သေဆုံးသွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

လက်ထဲမှ သွေးစွန်းနေသော အထုပ်ကလေးကို ကြည့်ရင်း

"သူတို့လိုချင်တာ ဒီအထုပ်ကလေးပဲ ဖြစ်လိမ့်မယ်"

ဟု ရေရွတ်လိုက်လေသည်။

အကယ်၍ သူ့ထံတွင် အထုပ်ကလေးရှိနေမှန်း သိသွားကြမည်ဆိုပါလျှင် ထိုလူများသည် ရက်စက်ကြမ်းကြုတ်လှသဖြင့် သူ့ကိုလည်း ချမ်းသာပေးမည် မဟုတ်ဟု နားလည်လိုက်လေသည်။

"ငါ ဘာလုပ်ရမလဲ"

ထိုစဉ် စကားတပြောပြောနှင့် မြက်တောကို တိုးဝှေ့လာနေသော အသံများ ကြားလိုက်ရလေသည်။



စန်းကိုး ချောင်းကြည့်လိုက်သောအခါ ဓားကိုင်ထားသူ သုံးယောက် ပြန်လာနေကြသည်ကို တွေ့မြင်လိုက်ရလေ၏။

စန်းကိုး တွေးတောစဉ်းစားမနေနိုင်တော့ပါ။

တောကြက်ဖမ်းရန် ယူလာသော ကြိမ်တံနှင့်ကြိုးကွင်းကို ပစ်ချပြီး ထွက်ပြေးသွားလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## သေမြေ ရှင်မြေ

စန်းကိုးသည် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်ချလိုက်သည်။

သူ၏တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသည်။ မလှမ်းမကမ်းရှိ ရွာကလေးဆီသို့ မျှော်ကြည့်ရင်း ...

"ရွာထဲကို အထုပ်ကလေး ယူသွားလို့ ဖြစ်ပါ့မလား"

ထိုအထုပ်ကလေးသည် အန္တရာယ်ပေးနိုင်ကြောင်း နားလည်ထားလေသည်။

အထုပ်ထဲတွင် မည်သို့သောပစ္စည်း ပါရှိမည်ကိုလည်း စိတ်ဝင်စားလာသည်။ ထို့ကြောင့် အထုပ်ကလေးကိုဖွင့်ကြည့်လိုက်သည်။

အထုပ်ထဲ၌ လက်ဝါးသာသာ စာအုပ်ကလေးတစ်အုပ်



ရှိလေသည်။ စန်းကိုး အံ့ဩသွားသည်။

စာအုပ်တစ်အုပ်အတွက် လူတစ်ယောက်ကို သတ်ပစ်တာ အံ့ဩစရာပင်။

စန်းကိုးက စာအုပ်ကလေးကို လှန်လှောကြည့်လိုက်လေသည်။

ထိုအခါ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လှုပ်ရှားနေသော လူရုပ်ပုံများ ရေးဆွဲထားသည်ကို တွေ့ရလေသည်။ စန်းကိုး စိတ်ပျက်သွား၏။

ထိုရေးဆွဲထားသောပုံများသည် စိတ်ကူးပေါက်ရာ ရေးခြစ်ထားပုံမျိုး ဖြစ်နေသည် မဟုတ်ပါလား။

ထိုစဉ် ...

"စန်းကိုး ... မင်း ဘာလုပ်နေတာလဲ"

စကားသံတစ်ချက် အနီးကပ် ထွက်ပေါ်လာသဖြင့် စန်းကိုး ထိတ်လန့်သွားလေသည်။

ကပျာကယာ ခေါင်းမော့ကြည့်လိုက်သောအခါ ... အသားမည်းကြုတ်ကြုတ် စန်းကိုးနှင့် သက်တူရွယ်တူခန့်ရှိသော ကောင်လေးတစ်ယောက် ရောက်လာသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးက ...

"စန်းကိုး ... မင်း ဘာကြောင့် ဒီလောက်တောင် လန့်ဖျပ်သွားရတာလဲ"

စန်းကိုး သက်ပြင်းချလိုက်လေသည်။

လက်ထဲမှ စာအုပ်ကလေးကိုလည်း မမြင်အောင် ဖွက်ထားလိုက်လေသည်။

"ကျီးကန်း၊ ငါက ဘာကြောင့်လန့်ရမှာလဲ"

ဟု ဟန်ဆောင်ကာ ပြောလိုက်လေသည်။

ထိုကောင်လေးမှာ စန်းကိုးနှင့် တစ်ရွာတည်းသား ဖြစ်လေသည်။

အသားမည်းနက်နေသဖြင့် အားလုံးက ကျီးကန်းဟု ခေါ်ကြလေသည်။

ကျီးကန်းသည် စန်းကိုးကဲ့သို့ မိဘမဲ့ဖြစ်ပြီး နွားကျောင်းသား တစ်ယောက်လည်း ဖြစ်လေသည်။

စန်းကိုးမှာ အဒေါ်ဝမ်းကွဲ တော်စပ်သူတစ်ယောက်ထံတွင် ခိုကပ်နေထိုင်ရသူတစ်ယောက် ဖြစ်လေသည်။ ကျီးကန်းမှာမူ အဘိုးဖြစ်သူနှင့် နေရသူဖြစ်လေသည်။



"စန်းကိုး ... မင်းလက်ထဲက ဘာလဲ"

စန်းကိုးမှာ သွေးစွန်းနေသော ပဝါကိုဖွက်ဖို့ အချိန်မရတော့ပါ။

"ငါ တောကြက်သွားထောင်ရင်း တောထဲကတွေ့လို့ ကောက်လာတာ၊ ဒါပေမဲ့ ငါ မလိုချင်တော့ပါဘူး"

သူက လွှင့်ပစ်လိုက်သောအခါ ကျီးကန်းက ကပျာကယာ ကောက်ယူလိုက်လေသည်။

"မင်း မလိုချင်ရင် ငါယူမယ်"

စန်းကိုးက ...

"ဒီနေ့ တောကြက်လည်း တစ်ကောင်မှမရဘူး၊ အိမ်ရောက်ရင် အဒေါ်က ဆူဦးမယ်၊ ငါသွားတော့မယ်"

စကားဆုံးလျှင် ခပ်သွက်သွက် ထွက်လာခဲ့လေသည်။ ကျီးကန်းက ပဝါကိုစစ်ဆေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

နောက်တစ်နေ့နံနက် ...

စန်းကိုးသည် ရွာပြင်သို့ ထွက်လာခဲ့လေသည်။

ရွာပြင်သို့ သွားရာလမ်းနံဘေးတွင် ကျီးကန်းတို့ မြေး အဘိုးနေသောအိမ်ကလေး ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးသည် ကျီးကန်းတို့အိမ် အနီးမှ ဖြတ်လာသောအခါ လူသုံးယောက်သည် ကျီးကန်း၏လက်ကိုဆွဲကာ အိမ်ထဲဝင်သွားကြသည်ကို တွေ့မြင်လိုက်လေသည်။

"ဟိုက်"

စန်းကိုး- မျက်လုံးပြူးသွားလေသည်။

"ဒါ ... ဒါ ... စာအုပ်လေးကို လိုက်နေတဲ့ လူဆိုးတွေပဲ"

ထိုလူသုံးယောက်မှာ ရွာထဲသို့တိုင် လိုက်လာကြပြီဖြစ်လေသည်။

"သူတို့ ... ဘယ်လိုလုပ်ပြီး ရွာထဲကို ရောက်လာကြတာလဲ"

ထိုစဉ် ...

'ဒုန်း'

'ခွပ်'

"အား"

ကျီးကန်း၏အိမ်ထဲမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သွေးရူးသွေးတန်းဖြင့် ထွက်ပြေးလာသည့် ကျီးကန်းကို တွေ့လိုက်ရလေသည်။



"မပြေးနဲ့"

လူသုံးယောက်သည် ပြေးလိုက်လာကြပြီး ကျီးကန်းအား ဖမ်းဆီးလိုက်ကြသည်။ ထို့နောက် မညှာမတာ ဝိုင်းဝန်းထိုးကြိတ်လိုက်ကြသည်။

"ငါ့မြေးကို မရိုက်ကြပါနဲ့ကွယ်"

ကျီးကန်း၏အဘိုးက ပြေးထွက်လာလေသည်။ လူဆိုးတစ်ယောက်က ...

"အဘိုးကြီးသွားစမ်း"

ဟု အော်ငေါက်ရင်း လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ...

'ဝုန်း'

"အား"

အဘိုးအိုမှာ မြေပေါ်လဲကျကာ ငြိမ်သက်သွားလေသည်။

"ဘိုးဘိုး"

ကျီးကန်းက ပြေးပွေ့လိုက်လေသည်။

ထိုအခါ ...

အဘိုးဖြစ်သူမှာ အသက်ပျောက်နေပြီဖြစ်သည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးသည် သစ်ပင်တစ်ပင်နောက်ကွယ်သို့ ကပျာကယာ ပြေးဝင်ပုန်းကွယ်လိုက်လေသည်။

သူ၏ရင်ထဲ တထိတ်ထိတ် ခုန်နေသည်။

"သူတို့ဟာ ငါ့ကိုလိုက်ရှာနေကြတာပဲ ဖြစ်လိမ့်မယ်"

လူဆိုးတစ်ယောက်က ကျီးကန်းအား တစ်ချက်ရိုက်လိုက်ပြီး ...

"သွေးစွန်းနေတဲ့ ပဝါလေးကို မင်း ဘယ်ကရလာတာလဲ ပြောစမ်း"

ကျီးကန်းက ...

"ကျွန်တော် မသိပါဘူးဗျာ၊ ကျွန်တော့်သူငယ်ချင်း စန်းကိုး မြက်တောထဲက ကောက်ရလာတယ်လို့ ပြောပါတယ်"

တရှုပ်ရှုပ် ငိုကြွေးရင်း ပြောလေသည်။ လူဆိုးတစ်ယောက်က ...

"မင်းသူငယ်ချင်းစန်းကိုး ဘယ်မှာနေသလဲ ... ပြောစမ်း"

"ရွာအနောက်ဘက်မှာ နေပါတယ်"

"ကောင်းပြီ ... ငါတို့ကိုလိုက်ပြ"

"ဟုတ်ကဲ့ ပြပါ့မယ်"



ကျီးကန်းက ထိုလူသုံးယောက်အား လမ်းပြခေါ်ဆောင်သွားလေသည်။

✵

စန်းကိုး ထိတ်လန့်နေလေသည်။

ကျီးကန်းတို့နောက်မှ တိတ်တဆိတ် နောက်ယောင်ခံကာ လိုက်သွားမိသည်။ မကြာပါချေ။ သူ့အဒေါ်အိမ်သို့ ရောက်သွားကြလေသည်။

စန်းကိုးက မလှမ်းမကမ်းရှိ သစ်ပင်ပေါ်သို့တက်ကာ ချောင်းကြည့်လိုက်လေသည်။

ကျီးကန်းနှင့်လူဆိုးသုံးယောက် အိမ်ထဲသို့ ဝင်သွားကြပြီး မကြာမီ ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဆူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာ၏။ စန်းကိုး ကျောချမ်းသွားသည်။

သူ့အား မတွေ့ရသဖြင့် အဒေါ်ဖြစ်သူတို့မိသားစုအား နှိပ်စက်ခံနေရပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထိုစဉ် ...

"ဘာဖြစ်နေကြတာလဲဟေ့"

အော်ဟစ်မေးမြန်းသံနှင့်အတူ ရွာသားများ စုရုံးရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

မရှေးမနှောင်းပင် လူဆိုးသုံးယောက် အိမ်ထဲမှ ထွက်လာကြလေသည်။

သူတို့သည် ဓားကိုယ်စီ ကိုင်ဆောင်ထားကြပြီး တစ်ယောက်က ...

"မဆိုင်ရင် မရှုပ်နဲ့ ... အားလုံးသေသွားမယ်"

ဟု ဓားကိုဝင့်ကာ အော်ငေါက်လိုက်လေသည်။

ဤတွင် ရွာသားများ ရှဲသွားကြလေတော့သည်။ စန်းကိုးသည် ပို၍ ကြောက်ရွံ့ထိတ်လန့်လာသည်။

"ငါ ဒီမှာနေလို့ မဖြစ်တော့ဘူး"



ချက်ချင်းပင် သစ်ပင်ပေါ်မှ ခုန်ဆင်းကာ ထွက်ပြေးသွားလေသည်။

ဤတွင် လူဆိုးတစ်ယောက်က အမှတ်မထင် တွေ့မြင်သွားပြီး ...

"ဟိုမှာ ကောင်လေးတစ်ယောက် ပြေးသွားတယ်"

ကျီးကန်းသည်လည်း စန်းကိုးကို တွေ့မြင်သွားလေ၏။

"စန်းကိုးဆိုတာ သူပဲ"

လူဆိုးသုံးယောက်သည် ဘာကိုမှ အမှုမထားတော့ဘဲ စန်းကိုးနောက်သို့ ပြေးလိုက်သွားကြလေတော့သည်။

❋

စန်းကိုး ရွာအပြင်ဘက်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

သူက နောက်လှည့်ကြည့်လိုက်သောအခါ လူဆိုးသုံးယောက် ပြေးလိုက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

စန်းကိုး ဆက်ပြီးမပြေးနိုင်တော့လောက်အောင် အားများ ယော့ခွေလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျိုးကန်းတို့နှင့် အဒေါ်ဖြစ်သူတို့၏ အဖြစ်ဆိုးကြောင့် သူ့ကိုဖမ်းမိသွားလျှင် ချမ်းသာပေးမည်မဟုတ်ဟု နားလည်လိုက်သဖြင့် အားတင်းကာ ဆက်ပြေးသွားလေသည်။

"ဟေ့ ... မပြေးနဲ့"

လူဆိုးသုံးယောက်က အော်ငေါက်ရင်း ပြေးလိုက်လာကြသည်။

သူတို့သိချင်နေသော စာအုပ်ကလေး သူ့ထံတွင် ရှိနေကြောင်း သိရှိသွားကြပြီ ဖြစ်လေသည်။

စန်းကိုးသည် ပြေးလွတ်ဖို့ မလွယ်မှန်းသိ၍ ရိုးရိုးလမ်းအတိုင်း မပြေးတော့ဘဲ ကျောက်တုံးကျောက်ခဲ ထူထပ်သော တောင်ကုန်းပေါ်သို့ တက်ပြေးလေသည်။

ထိုတောင်ကုန်းပေါ်မှတစ်ဆင့် လျှိုကြီးတစ်ခုအတွင်းသို့ ဆင်းပြေးလိုက်၏။

လျှိုကြီးတစ်ဖက်တွင် စိမ်းလန်းသော တောအုပ်များ ဖုံးလွှမ်းနေသည့် တောင်ကုန်းများ ရှိလေသည်။

စန်းကိုးက ထိုတောင်ကုန်းများဆီသို့ ဦးတည်၍ ပြေးလေသည်။



လူဆိုးသုံးယောက်ကလည်း လိုက်လာကြသည်။

မည်သို့ ဆိုစေ တောတောင်ထူထပ်သည်က တစ်ကြောင်း၊ စန်းကိုးက တောလမ်းကျွမ်းသည်က တစ်ကြောင်းမို့ ထမင်းတစ်အိုးချက်ခန့်အကြာတွင် မျက်ခြည်ပြတ်သွားကြလေတော့သည်။

✿

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

စန်းကိုးက တောင်ကုန်းတစ်ခုပေါ်တွင် ရောက်ရှိနေသည်။ သူ၏တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေသည်။

ခြေလက်များလည်း ပွန်းပဲ့ ပေါက်ပြဲနေ၏။

ပင်ပန်းနွမ်းနယ်ကာ ကြောက်လန့်နေသည်။

သို့သော် ... သူက ရွာကို မပြန်ရဲတော့ပါ။

လူဆိုးသုံးယောက်က သူ့အား မတွေ့မချင်း သဲကြီးမဲကြီး လိုက်ရှာနေကြဦးမည်ဖြစ်ကြောင်း နားလည်ထားလေသည်။

သူက လူဆိုးများကို ကြောက်လန့်နေရသည်က တစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း လူသူကင်းသော တောတောင်ထဲ၌ တစ်ယောက်တည်း ရောက်ရှိနေသည်က တစ်ကြောင်းမို့ အားငယ်နေမိသည်။

ထို့နောက် ...

စန်းကိုးသည် မြောက်ဘက်စူးစူးတစ်နေရာမှ ထင်းရှူးပင်များ ပေါက်ရောက်လေ့ရှိသော တောင်ကုန်းတစ်ခုကို အားငယ်စွာ ကြည့်နေမိလေသည်။

ထိုတောင်ကုန်းသည် သရဲခြောက်သည်ဟု နာမည်ကြီး၏။ စန်းကိုးရွာမှ လူကြီးများပင် မသွားရဲဘဲ ဝေးဝေးမှ ရှောင်ကြလေသည်။

ယခင်က ထင်းရှူးပင်များကို သွားခုတ်ခဲ့ဖူးသော ထင်းခုတ်သမား တစ်ယောက်၏ ပြောကြားချက်အရ သရဲခြောက်သည်ဟု သိခဲ့ကြရခြင်း ဖြစ်လေသည်။

ထိုထင်းခုတ်သမားသည် ထင်းရှူးပင်များ သွားခုတ်ရင်း မကောင်းဆိုးရွားတစ်ကောင်နှင့် ဆုံတွေ့ခဲ့ရသည်ဟု ဆိုပါသည်။

ထို့မျှမကသေး ...

ညဘက်ဆိုလျှင် တောင်ကုန်းပေါ်မှ မီးရောင်များကို စန်းကိုးတို့၏ရွာမှပင် တွေ့မြင်ခဲ့ရဖူးလေ၏။



လူဆိုးများ၏အန္တရာယ်က တစ်ကြောင်း၊ သရဲခြောက်သည်ဆိုသော တောင်ကုန်းနှင့် မနီးမဝေးသို့ ရောက်ရှိသည်ကတစ်ကြောင်းမို့ စန်းကိုးမှာ ဗျာများနေရခြင်း ဖြစ်ပါသည်။

မကြာမီ မိုးချုပ်သွားပေတော့မည်။

"ငါ ဘာလုပ်ရမလဲ"

စန်းကိုး ညည်းညူလိုက်သည်။ ထိုစဉ်မှာပင် တောတိုးလာသော ခြေသံများကိုကြားလိုက်ရလေသည်။

"ဟိုက်"

လူဆိုးများ လိုက်လာကြပြီဖြစ်ကြောင်း နားလည်လိုက်၏။ ထိုင်ရာမှထကာ ကြောက်အားလန့်အားဖြင့် ပြေးလွှားသွားလေသည်။

ဤသို့ဖြင့် ...

မိုးချုပ်သွားသောအခါ သရဲခြောက်သည်ဆိုသော တောင်ကုန်းဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## မကောင်းဆိုးဝါး

မိုးချုပ်သွားပြီ ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွား၏။

ညဈေးပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများ ထွက်ပေါ်လာသည်။ အေးမြသော ညလေကလေးများကလည်း တိုက်ခတ်နေသည်။

စန်းကိုးသည် လူဆိုးများကို ကြောက်၍ပြေးလာပြီးမှ နောင်တရနေမိလေသည်။

"ငါသာ စာအုပ်လေးကိုယူမလာခဲ့ရင် အကောင်းသား"

သူက စာအုပ်လေးကို လွှင့်ပစ်ရန်ပင် စိတ်ကူးမိလေသည်။

သရဲခြောက်သည့် တောင်ကုန်းပေါ်သို့ ရောက်နေပြီဖြစ်ရာ



စန်းကိုးသည် ချုံပုတ်တစ်ခုအတွင်းသို့ ဝင်၍ ပုန်းအောင်းနေလိုက်သည်။

ညမှောင်နေသဖြင့် လူဆိုးများက တွေ့နိုင်ကြလိမ့်မည် မဟုတ်ပါ။

"မကောင်းဆိုးဝါးကောင်ကြီးနဲ့ တွေ့ရင်တော့ ဒုက္ခပါပဲ"

စန်းကိုး ညည်းတွားနေစဉ် ...

'အူး အူး အူး'

အဝေးမှ ထူးခြားသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စန်းကိုး ကြက်သီးမွေးညင်း ထသွားလေသည်။ ချုံပုတ်ထဲ၌ ဝို၍ တိုးဝင်နေလိုက်သည်။

အော်ဟစ်သံများသည် အတန်ကြာအောင် ထွက်ပေါ်နေပြီးမှ တိတ်ဆိတ်ကွယ်ပျောက်သွားလေသည်။ စန်းကိုး ချုံပုတ်ထဲမှ ချောင်းကြည့်လိုက်လေသည်။

ဤတွင် မလှမ်းမကမ်းတစ်နေရာမှ အလင်းရောင်များ ထွက်ပေါ်လာနေသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုအလင်းရောင်များသည် သာမန်အလင်းရောင်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ စိမ်းဖန့်ဖန့် အရောင်သမ်းနေသည်။

စန်းကိုး အံ့သြသွားပြီး သေသေချာချာ ကြည့်လိုက်သော အခါ မီးတုတ်တစ်ချောင်းမှ ထွက်ပေါ်လာသော အလင်းရောင်များ ဖြစ်ကြောင်း တွေ့ရပြန်သည်။

လူတစ်ယောက်မှာ ထိုမီးတုတ်ကိုကိုင်ကာ တောင်ကုန်း ပေါ်သသို့ တရွေ့ရွေ့ တက်သွားလေသည်။

ထိုလူမှာ အရပ်ခြောက်ပေခန့်ရှိလေသည်။

ခန္ဓာကိုယ်ထွားကျိုင်းပြီး ရှည်လျားသော ဆံပင်များက ကျောပေါ်၌ ဝဲကျနေသည်။

စန်းကိုးက ...

"မကောင်းဆိုးဝါးကြီး"

ဟု လွှတ်ခနဲ ရေရွတ်မိလေသည်။ တိတ်ဆိတ်နေသော ညဉ့်ယံတွင် သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရုတ်တရက် မကောင်းဆိုးဝါးကြီး ခြေလှမ်းရပ်သွားကာ လှည့်ကြည့်လာလေသည်။

ထိုအချိန်မှာပင် ...

'ဟူး ဟူး ဟူး'



အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာပြီး လူရိပ်သုံးခု တောင်ကုန်းပေါ်သို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့ သည်။

ညဉ့်နက်လာပြီဖြစ်သည်။ ကောင်းကင်ပေါ်၌ လဝန်းထွက် ပေါ်လာသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံးကြည်ကြည်လင်လင် ဖြစ်လာလေသည်။

ထို့ကြောင့် ရောက်ရှိလာသော လူရိပ်သုံးခုမှာ မိမိအား လိုက်ဖမ်းနေသော လူဆိုးများဖြစ်နေကြောင်း တွေ့လိုက်ရလေတော့ သည်။

ယခု လူဆိုးသုံးယောက်နှင့် မကောင်းဆိုးဝါးကောင်ကြီးတို့ တွေ့ဆုံမိကြပြီဖြစ်လေသည်။

စန်းကိုး ဝမ်းသာသွားသည်။ မကောင်းဆိုးဝါးကြီးက လူဆိုး သုံးယောက်အား ခြောက်လှန့်ကာ မောင်းထုတ်ပစ်လိုက်မည်ဟု ယုံကြည်လိုက်သည်။

သူတွေးထင်သည့်အတိုင်းပင် မကောင်းဆိုးဝါးကြီးက နောက်ကြောင်းပြန်လှည့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် လူဆိုးသုံးယောက်နှင့် ရင်ဆိုင်မိလိုက်လေသည်။

မကောင်းဆိုးဝါးကြီး၏ ခန္ဓာကိုယ်ပေါ်တွင် နက်မှောင်သော အမွေးအမျှင်များ ဖုံးလွှမ်းနေသည်။

စိမ်းဖန့်ဖန့်မီးရောင်အောက်တွင် သူ၏မျက်လုံးများက ရဲရဲနီနေသည်။ အလွန်ကြောက်စရာကောင်းသည့်အသွင် ရှိနေလေသည်။

လူဆိုးသုံးယောက်မှာ မကောင်းဆိုးဝါးကြီးအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့သြသွားကြလေသည်။

သို့သော် ...

နောက်မဆုတ်ဘဲ ဝိုင်းရံထားလိုက်ကြလေသည်။

‘ချွမ်း ချွမ်း ချွမ်း’

ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။ မကောင်းဆိုးဝါးကြီး ဒေါသထွက်သွားပုံရလေသည်။

“မင်းတို့ ဒီနေရာကိုလာခဲ့တာ သေချင်လို့ပဲ”

လက်ထဲမှ မီးတုတ်ကို မြေပေါ်သို့ စိုက်လိုက်သည်။

“ယား”



ဂြာသံပေးကာ လက်သည်းရှည်ကြီးများဖြင့် ကုတ်ဆွဲ တိုက်ခိုက်လိုက်လေသည်။

လူဆိုးသုံးယောက်ကလည်း ဓားကိုယ်စီဖြင့် ပြန်လည် တိုက်ခိုက်လိုက်ကြလေသည်။

လရောင်အောက်တွင် တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ထိုတိုက်ပွဲသည် ရက်စက်သည်၊ ပြင်းထန်သည်။ လူဆိုးသုံးယောက်မှာ သိုင်းသမားများဖြစ်ကြောင်း ပေါ်လွင်နေ၏။

မကောင်းဆိုးဝါးကြီးမှာမူ ပရမ်းပတာ တိုက်ခိုက်နေပုံမျိုးဖြစ်လေသည်။

သူတို့ ယှဉ်ပြိုင်တိုက်ခိုက်ကြပြီး မကြာမီ ...

‘ဝုန်း’

“အား”

“အောင်မယ်လေး”

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လူဆိုးနှစ်ယောက် မြေပေါ်သို့ လဲကျသွားလေသည်။

ကျန်လူဆိုးတစ်ယောက်မှာမူ ဒဏ်ရာရကာ ထွက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများ ခံလိုက်ရသည်ကိုတွေ့လျှင် ...

"ဟေး"

စန်းကိုး ဝမ်းသာအားရ အော်ဟစ်လိုက်လေသည်။

မမျှော်လင့်ဘဲ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဤတွင် ...

"ထွက်ခဲ့စမ်း"

မကောင်းဆိုးဝါးကြီးသည် စန်းကိုးရှိနေသော ချုံပုတ်အနီးသို့ လှစ်ခနဲ ရောက်ရှိလာလေတော့သည်။

"အောင်မယ်လေး"

စန်းကိုး ထိတ်လန့်သွားသည်။ ထွက်ပြေးရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

သူ၏ခန္ဓာကိုယ်မှာ ဆွေ့ခနဲ မြောက်တက်ကာ မကောင်းဆိုးဝါးကြီး၏လက်ထဲသို့ ပါသွားလေတော့သည်။

'ဖုန်း'

စန်းကိုးမှာ မြေပေါ် ခွေခွေကလေး ပြုတ်ကျသွားလေ၏။ မကောင်းဆိုးဝါးကြီးက သူ့အား ငုံ့ကြည့်လိုက်သည်။



စန်းကိုးမှာ ကြောက်ရွံ့လွန်းသဖြင့် သတိလစ်မတတ် ဖြစ်သွားလေသည်။

အမွေးအမျှင် ထူထပ်သောမျက်နှာ နီရဲပြူးကျယ်နေသော မျက်လုံး၊ ထွားကျိုင်းလှသော ခန္ဓာကိုယ်နှင့် မိုးထိုးနေသောအရပ်ကြီး မီးရောင်များ ထွက်ပေါ်နေသော စိမ်းဖန့်ဖန့်အလင်းရောင် ထိုအခြေအနေများသည် ငယ်သောစန်းကိုးအတွက် သတိလစ်မေ့မြောနေမတတ် ဖြစ်ရလေသည်။

မကောင်းဆိုးဝါးကြီးက ...

"ခွေးကောင်လေး ... မင်းကိုလည်း သတ်ပစ်ရမယ်"

ပြောပြောဆိုဆို လက်သည်းရှည်ကြီးများဖြင့် ကုတ်ဆွဲရန် ဟန်ပြင်လိုက်လေသည်။

သူ၏လက်သည်းရှည်ကြီးများမှာ ဓားသွားပမာ ထက်လှသည်။

လူဆိုးနှစ်ယောက်သည် ထိုလက်သည်းရှည်ကြီးများဖြင့် ကုတ်ဆွဲခံရပြီး အသက်ပျောက်သွားခဲ့ရသည် မဟုတ်ပါလား။

စန်းကိုးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မသတ်ပါနဲ့၊ ကျွန်တော်တောင်းပန်ပါတယ်"

မကောင်းဆိုးဝါးကြီး မျက်မှောင်ကုတ်သွားလေသည်။ လက်ကို ပြန်ရုပ်သိမ်းကာ နောက်ဆုတ်လိုက်သည်။

"မင်းဟာ ကလေးတစ်ယောက်ပဲ ရှိပါသေးလား"

စန်းကိုးမှာ အသက်ဆယ့်ငါးနှစ်ခန့် ရှိပြီဖြစ်သော်လည်း အစာရေစာ ဝဝလင်လင် မစားရသဖြင့် ပိန်ချုံး၍ နေသည်။

စန်းကိုး ကပျာကယာ လူးလိမ့်ထလိုက်သည်။

"ကျွန်တော့်ကို မသတ်ပါနဲ့"

ကြောက်ရွံ့စွာဖြင့် တောင်းပန်တိုးလျှိုးလိုက်လေသည်။

မကောင်းဆိုးဝါးကြီးသည် နောက်ဆုတ်သွားပြီး မြေပေါ် ထိုင်ချလိုက်လေသည်။

တစ်ဖန် မလှမ်းမကမ်း၌ လဲကျနေသော လူဆိုးနှစ်ယောက်အား ညွှန်ပြကာမေးလေသည်။

"မင်းဟာ သူတို့နဲ့ ဘယ်လိုပတ်သက်နေသလဲ"

စန်းကိုးက ...

"သူတို့ဟာ လူဆိုးတွေပါ၊ ကျွန်တော့်ကို ဒုက္ခပေးဖို့ လိုက်လာကြတာပါ"



မကောင်းဆိုးဝါးကြီးက ...

"မင်းကကော သူတို့ကို ဘာသွားလုပ်လို့လဲ"

"ကျွန်တော်က"

"မင်း မှန်မှန်ပြောစမ်း"

စန်းကိုးမှာ ကြောက်ရွံ့နေသည်ဖြစ်၍ အမှန်အတိုင်း ပြောပြလိုက်လေသည်။

မကောင်းဆိုးဝါးကြီးက ...

"စာအုပ်ကလေးတစ်အုပ်အတွက် ... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အံ့သြစရာကောင်းလိုက်တာ၊ မင်းစာအုပ် ဘယ်လောက်များ တန်ဖိုးရှိလို့လဲ"

စန်းကိုးက ...

"ကျွန်တော်လည်း မပြောတတ်ပါဘူး"

မကောင်းဆိုးဝါးကြီးသည် စန်းကိုးရထားသည့် စာအုပ်ကလေးကို စိတ်ဝင်စားပုံမရပါချေ။ ရုပ်ဆိုးလှသော သူ၏မျက်နှာကြီး ရှုံ့မဲ့သွားပြီး ...

"အား ... ကျွတ် ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



စုပ်သတ်၍ ညည်းတွားလိုက်၏။ စန်းကိုး မျက်မှောင်ကြုတ်သွားသည်။

"သူ ဘာဖြစ်နေတာပါလိမ့်"

မကောင်းဆိုးဝါးကြီးမှာ တစ္ဆေသရဲတစ်ကောင် မဖြစ်နိုင်တော့ပါ။ သူက လူစကားပြောတတ်နေသည် မဟုတ်ပါလား။

"ဦးဟာ လူလား မကောင်းဆိုးဝါးလား"

စန်းကိုး လွှတ်ခနဲ မေးလိုက်လေသည်။ မကောင်းဆိုးဝါးကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘာကွ ... မင်း ဘယ်လိုပြောလိုက်တာလဲ"

စန်းကိုး ထိတ်လန့်သွားသည်။

"ကျွန် ကျွန်တော်"

မကောင်းဆိုးဝါးကြီးက ...

"ငါက လူတစ်ယောက်ကွ၊ တစ်ချိန်က ကျန်းဂူးမှာ ထင်တိုင်းကြဲခဲ့တဲ့ မရဏလက်သည်း ရှောင်ကျင်းဆိုတာ ငါပဲ"

စန်းကိုးသည် ကျန်းဂူးဆိုသည်ကို မသိပါ။ မရဏ လက်သည်း ရှောင်ကျင်းကိုလည်း မသိပါ။

မည်သို့ဆိုစေ မကောင်းဆိုးဝါးကြီးမှာ လူသားတစ်ယောက်



ဖြစ်နေမှန်း သိလိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

မကောင်းဆိုးဝါးကြီး (ဝါ) ရှောင်ကျင်း၏ ညည်းညူသံထွက်ပေါ်လာပြန်သည်။

စန်းကိုးက ...

"ဦး ဘယ်လိုဖြစ်တာလဲ၊ ဒဏ်ရာများ ရထားလို့လား"

ဟု မေးလိုက်မိလေသည်။ ရှောင်ကျင်းက ...

"ဟုတ်တယ်၊ ဟိုလူသုံးယောက်နဲ့ တိုက်ခိုက်တုန်းက ငါဒဏ်ရာရသွားတယ်"

စန်းကိုး စိတ်မကောင်းဖြစ်သွားလေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ရှောင်ကျင်း၏ဝမ်းဗိုက်၌ သွေးခြင်းခြင်းနီရဲနေသည်ကို တွေ့မြင်ရလေ၏။

ရှောင်ကျင်းက ...

"သူတို့သုံးယောက်ဟာ ထိပ်တန်းသိုင်းသမားတွေပဲ၊ ငါ့ကို လိုက်ရှာနေကြတဲ့ လူတွေထင်မှတ်ပြီး ငါက တိုက်ခိုက်ခဲ့တာ"

စန်းကိုးက ...

"ဦးမှာ ရန်သူရှိနေတယ် ဟုတ်လား"

ရှောင်ကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ သိုင်းလောကမှာ လူဆိုးဓားပြတစ်ယောက်အဖြစ် ကျင်လည်ခဲ့ဖူးတာပဲ၊ ငါ့ကိုဖမ်းမိရင် ငွေတစ်သောင်းပေးမယ်လို့ တောင် ဆုငွေထုတ်ထားတာ၊ ဒါကြောင့် လူသူဝေးလံတဲ့ ဒီနေရာမှာ လာပြီး ပုန်းအောင်းနေခဲ့တာ ဆယ်နှစ်နီးပါးရှိပြီ"

ယခုတော့ ရွာသားများက မကောင်းဆိုးဝါးတစ်ကောင် အား တွေ့မြင်သောက်စွမှာ ရှင်းသွားပြီဖြစ်လေသည်။

ရှောင်ကျင်းသည် ဒဏ်ရာရထားသဖြင့် ဆေးကုသရန် လိုသည်ဟု စန်းကိုး တွေးမိလေသည်။

"ဦး ဒီအတိုင်းနေလို့မဖြစ်ဘူး၊ ဒဏ်ရာကို အချိန်မီ ဆေး ထည့်မှ ဖြစ်မယ်"

ရှောင်ကျင်းက ...

"မင်းက ရွာပြန်ဦးမလား"

"ကျွန်တော်"

စန်းကိုး မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။

ရှောင်ကျင်းက ...

"ရွာပြန်ရင် လူဆိုးတွေက မင်းကို သတ်မှာပဲ၊ ငါကလည်း မင်းကို ပြန်လွှတ်မပေးနိုင်ဘူး၊ မင်းကို လွှတ်လိုက်ရင် လူတွေက



ငါ့အကြောင်း သိသွားကြလိမ့်မယ်"

စန်းကိုး ထိတ်လန့်သွားသည်။

"ကျွန်တော်"

ရှောင်ကျင်း ဇာက်ကာပြလိုက်သည်။

"မင်းကိုလည်း ငါ ဒုက္ခမပေးသေးဘူး၊ ဒါကြောင့် ငါ့နောက် လိုက်ခဲ့ရလိမ့်မယ်"

စန်းကိုး ဘာမှ မတတ်နိုင်ပါ။ ရှောင်ကျင်းခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားရလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

## တကာယ်လှ

ရှောင်ကျင်းက ကျောက်တုံးကျောက်ခဲပေါ်များပြီး မက် စောက်လှသော တောင်ကုန်းပေါ်သို့ မျောက်တစ်ကောင်အလား တွယ်ကပ်၍ တက်သွားလေသည်။

စန်းကိုးက လိုက်မသွားနိုင်သောအခါ လက်တစ်ဖက်ဖြင့် ဆွဲခေါ်သွား၏။

အတန်ကြာသွားမိသောအခါ မှောင်မည်းနေသော ကျောက်ဂူကြီးတစ်ခုဆီသို့ ရောက်ရှိသွားကြလေ၏။

ရှောင်ကျင်းက ...

"လိုက်ခဲ့"

ဟုပြောကာ ကျောက်ဂူထဲသို့ ဝင်သွားလေသည်။



စန်းကိုးသည် ကျောက်ဂူထဲသို့ မဝင်မီ နောက်လှည့်ကြည့် လိုက်လေသည်။

ထိုအခါ အလွန်မတ်စောက်ပြီး တက်ရန်ခက်ခဲသော တောင် ကမ်းပါးယံ အမြင့်ထက်၌ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေ သည်။

ဦးခေါင်းများ မူးဝေကာ ခြေလက်များ တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

ချက်ချင်းပင် တောင်အောက်သို့ လိမ့်ကျတော့မည်ဟု ထင် မှတ်လေသည်။

"မင်း ဘာလုပ်တာလဲ ... ဝင်လာခဲ့စမ်း"

ကျောက်ဂူအတွင်းမှ ရှောင်ကျင်း၏အသံ ထွက်ပေါ်လာ လေသည်။

စန်းကိုးသည် ကျောက်ဂူအတွင်းသို့ ဝင်သွား၏။ ရှောင် ကျင်းက မီးတုတ်တစ်ခု ထွန်းညှိလိုက်သည်။

ထိုမီးတုတ်မှ စိမ်းဖန့်ဖန့် အလင်းရောင်များ ထွက်ပေါ်လာ လေသည်။

ထိုအခါ ဂူထဲ၌ လင်းလင်းကျင်းကျင်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဂူသည် လူတစ်ယောက် စခန်းချနေနိုင်သော ဂူတစ်ခုဖြစ်ကြောင်း ပေါ်လွင်နေသည်။

ဂူထဲ၌ လူ့အသုံးအဆောင်ပစ္စည်းများ ရှိနေသည် မဟုတ်ပါလား။

စန်းကိုးက ...

"ဦးက ဒီနေရာမှာ ပုန်းအောင်းနေတာ ... ဟုတ်လား"

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက ...

"ငါ ဒီမှာနေတာ ဆယ်နှစ်နီးပါးရှိပြီ"

သူသည် အသင့်ခင်းကျင်းထားသော အိပ်ရာပေါ်သို့ လှဲချလိုက်လေသည်။

သူ၏ပုံသဏ္ဌာန်မှာ ဝေဒနာပြင်းအထန် ခံစားနေရသည့်အသွင် ရှိလေသည်။

စန်းကိုး စိုးရိမ်လာလေသည်။

"ဦး သက်သာရဲ့လား"

ဟု မေးလိုက်သည်။ ရှောင်ကျင်းက ...

"မသက်သာဘူးကွ၊ ဓားချက်က အတော်ပြင်းတယ်"



"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"မင်းက ငါ့ကို ဆေးကုပေးချင်လို့လား"

စန်းကိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

ရှောင်ကျင်းက ပြုံးလိုက်သည်။

"မင်းက ငါ့ကို ကူညီချင်တယ်ဆိုရင်တော့"

သူက ဂူနံရံတွင် ချိတ်ထားသော အိတ်ကလေးတစ်လုံးကို သွားယူခိုင်းလေသည်။

ထိုအိတ်ကလေးအတွင်း၌ သစ်ရွက်ခြောက်များနှင့် သစ်မြစ်ခြောက်များ ရှိလေသည်။

ရှောင်ကျင်းက ...

"ဒါဟာ ဆေးဖက်ဝင်တဲ့ ဆေးမြစ်ဆေးရွက်တွေပဲ၊ ဒါတွေကို ထုထောင်းပြီး ကျို့ချက်လိုက်ပါ။ တစ်ဝက်ကိုသောက်ပြီး တစ်ဝက်ကို လိမ်းလိုက်ရင် ငါ သက်သာသွားမှာပါ"

"ကောင်းပါပြီ ခင်ဗျာ"

စန်းကိုးသည် ရှောင်ကျင်း စေခိုင်းသည့်အတိုင်း ပြုလုပ်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသင့်တွေ့ရသော အိုးခွက်အသုံးအဆောင်များနှင့် မီးဖိုကို အသုံးပြုကာ ဆေးကျိုချက်လိုက်လေသည်။

မကြာပါချေ။ ရှောင်ကျင်းအတွက် ဆေးတစ်ခွက်ရလာပေတော့သည်။

✵

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီမှာ ထွက်ပေါ်လာပြီဖြစ်သည်။

တစ်ညတာအချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားသည်။

မကြာမီ နေ့သစ်တစ်နေ့သို့ ကူးပြောင်းရောက်ရှိလာတော့မည် ဖြစ်လေသည်။

စန်းကိုးမှာ ရှောင်ကျင်း၏နံဘေးမှ ထိုင်ကာ ငိုက်မြည်းနေ၏။

ထိုစဉ် ...

"ကျွတ် ကျွတ်"

ရှောင်ကျင်း၏ ညည်းတွားသံများ ထွက်ပေါ်လာသဖြင့်



ဖျတ်ခနဲ နိုးလာလေသည်။

ထိုအခါ ရှောင်ကျင်း ကောင်းစွာ သတိရ ပြီကို တွေ့ရသဖြင့် ဝမ်းသာသွားသည်။

"ဦး သက်သာသွားပြီလားဟင်"

"ငါ နောက်ထပ် ဆေးနှစ်ခွက်လောက် သောက်ရင်တော့ လုံးဝ သက်သာသွားမှာ သေချာပါတယ်"

စန်းကိုးက ...

"ကျွန်တော် ကျိုချက်ပေးမယ်လေ"

"ကျေးဇူးပါပဲကွာ၊ ဒီဆေးမြစ်တွေက တစ်နေ့ကိုတစ်ခွက်လောက်ပဲ သောက်ရတာကွ"

"ဒါဖြင့် နောက်နှစ်ရက်ဆက်ပြီး ကျွန်တော် ဆေးကျိုချက်ပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာကွာ"

ရှောင်ကျင်းက ... ကျေးဇူးတင်ကြောင်း ပြောလိုက်လေ၏။

စန်းကိုးသည် လူဆိုးများ၏အန္တရာယ်မှ ရှောင်တိမ်းရင်း ရှောင်ကျင်းထံ၌ နေထိုင်သွားရန် ဆုံးဖြတ်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် မကောင်းဆိုးဝါးတစ်ကောင် မဟုတ်သော်လည်း တစ်ချိန်က လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့ပြီး တောတောင်ထဲ၌ လာရောက်ပုန်းအောင်းနေသူဖြစ်၏။

သူက စိတ်ကောင်းဝင်နေချိန်၌ မိမိအပေါ် ဘာမှမလုပ်သော်လည်း အကယ်၍ မကောင်းသည့်စိတ်များ ဖြစ်ပေါ်လာလျှင် မိမိအား ဒုက္ခပေးနိုင်သည်ကို စန်းကိုး နားလည်ထား၏။

သို့ပါသော်လည်း ... ယခုလောလောဆယ်တွင် သွားစရာနေရာမရှိသဖြင့် ရှောင်ကျင်းနှင့်နေသွားရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ပေတော့သည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

စန်းကိုးသည် ရှောင်ကျင်းထံတွင် ရောက်ရှိနေသည်မှာ သုံးရက်ရှိပြီ ဖြစ်လေသည်။

ထိုသုံးရက်အတွင်း ပရဆေးရွက်ဆေးမြစ်များကို ကျို့ချက်



ကာ ရှောင်ကျင်းအား တိုက်ကျွေးခဲ့လေသည်။

ပရဆေးများမှာ အစွမ်းထက်လှသည် ဖြစ်ရကား ရှောင်ကျင်းမှာ တစ်စထက်တစ်စ သက်သာလာလေတော့သည်။

ရှောင်ကျင်း ထူထူထောင်ထောင် ဖြစ်လာသောအခါ စန်းကိုးအား ကျေးဇူးတင်စကားပြောလေသည်။

"ကောင်လေး စန်းကိုး၊ မင်းကြောင့် ငါ့ရဲ့ဝေဒနာတွေ သက်သာသွားတာ မင်းကို ငါ ကျေးဇူးတင်တယ်"

စန်းကိုးက ...

"ကိစ္စမရှိပါဘူး ဦးရယ်၊ ကျွန်တော်ကလည်း ကြုံကြိုက်လို့ ကူညီရတာပါ၊ ဦးကသာ လူဆိုးသုံးယောက်ကို မောင်းထုတ်မပစ်လိုက်ဘူးဆိုရင် ကျွန်တော်လည်း ဒုက္ခရောက်သွားမှာပါပဲ"

ရှောင်ကျင်းက ...

"မင်းရဲ့အဖြစ်က ဆွမ်းခံရင်း ငှက်သင့်ရတာပဲ၊ မင်းသာ စာအုပ်ကလေးကို ယူမထားခဲ့ဘူးဆိုရင် ပြဿနာကြုံရမှာ မဟုတ်ဘူး၊ စာအုပ်ကလေးဟာ သူတို့အတွက် အဖော်ကိုအရေးကြီးတဲ့ ပစ္စည်းပဲ ဖြစ်ရမယ်"

စန်းကိုးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း နားမလည်နိုင်တော့ပါဘူးဗျာ"

"ကဲ ... ဘယ်လိုစာအုပ်လေးလဲဆိုတာ ကြည့်ရအောင်၊ ငါ့ကို ပြစမ်းပါ"

"ဟုတ်ကဲ့"

စန်းကိုးက စာအုပ်ကလေးကို ထုတ်ပြလိုက်လေသည်။

ရှောင်ကျင်းက စာအုပ်ကလေးကို ယူကြည့်လိုက်၏။ စာအုပ်ထဲ၌ စာတစ်လုံးမျှ မပါချေ။

အစအဆုံး လူရုပ်ပုံများ ရေးဆွဲထားသော စာအုပ်လေး ဖြစ်လေသည်။

ရှောင်ကျင်းသည် စာအုပ်လေးကို အပြန်ပြန်အလှန်လှန် ကြည့်လိုက်ပြီး ...

"ဒါဟာ သိုင်းကျမ်းစာအုပ်တစ်ခုပဲ"

ဟု ပြောလေသည်။

စန်းကိုးက ...

"သိုင်းကျမ်း ... ဟုတ်လား"

"ဟုတ်တယ် ... မင်းက သိုင်းသမားတွေကို တွေ့ဖူးလား"

ရှောင်ကျင်း၏အမေးစကားကြောင့် စန်းကိုးသည် သူတို့၏



ရွာကလေးသို့ ရံဖန်ရံခါ ရောက်လာဖူးသော သိုင်းသမားကို သတိရလာလေသည်။

ထိုသိုင်းသမားများသည် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားပြီး ခါး၌လည်း လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။

လက်နက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချတတ်ကြပြီး ခြေလက်လှုပ်ရှားမှုများလည်း သာမန်လူတို့ထက် လျင်မြန်ကြသည့်သဘော ရှိပေသည်။

သိုင်းသမားဟူသည် သာမန်လူထက် တိုက်ခိုက်သတ်ပုတ်မှုပညာတွင် ကျွမ်းကျင်သူများဟု စန်းကိုး နားလည်ထားလေတော့သည်။

ရှောင်ကျင်းက ...

"သည်စာအုပ်ထဲက ရုပ်ပုံတွေဟာ သိုင်းပညာရပ်တစ်ခုခုကို အဓိပ္ပာယ်ဖော်ထားတာပဲ၊ သိုင်းကွက်တွေကို လိုချင်လို့ သည်စာအုပ်လေးကို သဲကြီးမဲကြီး ဖြစ်နေတာပဲ ဖြစ်လိမ့်မယ်"

ဟု မှတ်ချက်ပေးလေသည်။ စန်းကိုးက ...

"ဦး စိတ်ဝင်စားတယ်ဆိုရင် ဦးပဲ ယူလိုက်ပါဗျာ"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ငါက သိုင်းပညာကို ဝါသနာမပါဘူးကွ၊ လူကြားထဲ ပြန်ဆင်းဖို့လည်း စိတ်မကူးတော့ဘူး၊ ဘယ်သူနဲ့မှလည်း မပတ်သက်ချင်တော့ဘူး၊ ငါ့ဘာသာ တောထဲတောင်ထဲမှာ တစ်ယောက်ထဲ သွားနေချင်ပြီ"

ဟုပြောကာ စာအုပ်ကလေးကို စန်းကိုးအား ပြန်ပေးလေသည်။

စန်းကိုးက ...

"ဒါထက် ဦးက လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ တကယ်ပဲလား"

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက ...

"ဟုတ်တယ်၊ ငါက လူဆိုးဓားပြတစ်ယောက် ဖြစ်ခဲ့လို့လဲ၊ အခု နောင်တရနေတာပေါ့"

စန်းကိုးက ...

"နောင်တရတယ်ဆိုတာ ကောင်းပါတယ် ခင်ဗျာ"

ဟု ပြောလိုက်လေသည်။



ရှောင်ကျင်းက ...

"ငါဟာ လူကြားထဲကို ဘယ်တော့မှ ပြန်မထွက်တော့ဘူး၊ မင်းအတွက် အန္တရာယ်ကင်းပြီလို့ ယူဆရတဲ့ တစ်နေ့ကျရင် မင်းလည်း သည်နေရာကနေ ထွက်သွားရလိမ့်မယ်"

စန်းကိုး သက်ပြင်းချလိုက်လေသည်။

ရှောင်ကျင်း၏ရုပ်သွင်မှာ မကောင်းဆိုးဝါး တစ်ယောက်နှင့်ပင် တူလှပေသည်။

သို့သော် သူ၏ စိတ်နေသဘောထားကား ထင်သလောက်ဆိုးဝါးခြင်းမရှိကြောင်း စန်းကိုး သတိပြုမိလေသည်။

ထို့ကြောင့် ...

"ဦးဟာ ဘယ်ကဘယ်လို လူဆိုးကြီးတစ်ယောက် ဖြစ်လာရတာလဲ ပြောပြပါဦး"

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက ...

"သည်အကြောင်းတွေကို မပြောချင်တော့ပါဘူးကွာ၊ ဒါပေမဲ့ မင်းသိချင်တယ်ဆိုရင် ငါပြောပြပါ့မယ်"

စန်းကိုးက စိတ်ဝင်စားစွာ နားထောင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ...

"ငါဟာ ပညာမဲ့တစ်ယောက်ဖြစ်တဲ့အတိုင်း စဉ်းစားဆင်ခြင်ဉာဏ် အလွန်နည်းပါးခဲ့တယ်၊ စိတ်ထင်ရာ လုပ်ခဲ့မိတယ်၊ ပြီးတော့ ငါက အရက်သောက်တတ်တော့ ပိုဆိုးတာပေါ့၊ အရက်မူးလာရင် သွေးဆိုးပြီး ပိုဆိုးတော့တာပဲ၊ သည်လိုနဲ့တစ်နေ့မှာ မမျှော်လင့်ဘဲ အမှားကြီးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရတာပေါ့"

သူ၏အကြောင်းကို ပြောပြလိုက်လေတော့သည်။

လသာသော ညတစ်ည ဖြစ်ပါသည်။

ရှောင်ကျင်းသည် အရက်ဆိုင်တစ်ဆိုင်အတွင်း၌ ရှိနေလေ၏။

သူသည် လူဆိုးဓားပြတစ်ယောက်ဖြစ်သော်လည်း နာမည်ကြီးသူတော့ မဟုတ်ပါချေ။

သူကျူးလွန်ခဲ့သော ဖြစ်မှုများမှာ ... အသေးအဖွဲကလေးများသာဖြစ်၍ အာဏာသားများသည် အရေးကျသော အရေးကြီး



ဖြစ်မှုများကို ဦးစားပေးနှိမ်နင်းရသဖြင့် ရှောင်ကျင်း လွတ်မြောက်နေခဲ့ရခြင်း ဖြစ်လေသည်။

ဤသည်ကိုပင် ရှောင်ကျင်းက သူ၏အကြောင်းကို မည်သူမျှ မသိနိုင်ဟု ထင်မှတ်ကာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေခဲ့သည်။

ယနေ့လည်း အရက်တစ်အိုးပြီးတစ်အိုး သောက်ပြီး အတော်ပင် မူးယစ်လာပြီဖြစ်လေသည်။

ရှောင်ကျင်းသည် အရက်မူးလာသည်နှင့် သွေးကြွလာလေတော့၏။

သူ၏မသိစိတ်က မကောင်းမှု ကျူးလွန်ရန် တိုက်တွန်းလာတော့သည်။

ရှောင်ကျင်းသည် အရက်ဆိုင်မှ ထွက်လာပြီးနောက် လမ်းပေါ်သို့ ရောက်လာလျှင် လုယက်တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် ဓားမြှောင်တစ်လက်ကိုင်ကာ လမ်းသေးရှိ အိမ်တစ်အိမ်သို့ ဝင်လိုက်လေသည်။

ထိုအိမ်မှာ တံခါးပိတ်ထားသည်ကို ခြေထောက်ဖြင့် ကန်ကျောက်ဖွင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

အိမ်တံခါး ပွင့်သွားလေသည်။

အိမ်ရှင်မိသားစုသုံးယောက်သည် ညစာစားသောက်နေရာမှ ရှောင်ကျင်းက အိမ်ထဲဝင်ရောက်လာသည်ကို မြင်လျှင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှောင်အမ်းက ...

"ဟေ့လူ ... ဒါ ဘာလုပ်တာလဲ"

ဟု အော်မေးလိုက်သည်။

ရှောင်ကျင်းက ...

"ဘာလုပ်ရမှာလဲ ... ဓားပြတိုက်တာပေါ့၊ ရှိတဲ့ပစ္စည်းတွေ ထုတ်ပေးစမ်း"

ဟု အော်ငေါက်လိုက်လေသည်။

အိမ်ရှင်မှာ ရှောင်ကျင်း အရက်မူးကာ ဒယီးဒယိုင်ဖြစ်နေသည်ကို တွေ့ရလျှင် ကြောက်လန့်ခြင်း မရှိတော့ဘဲ ...

"ဓားပြလာတိုက်တာ ... ဟုတ်လား၊ သေချင်လို့ပဲ"

ခုံတစ်လုံးဆွဲကိုင်ကာ ခုခံဖို့ဟန်ပြင်လိုက်လေသည်။

ရှောင်ကျင်းက ...



"သေစမ်း"

ဟု ငေါက်ကာ လက်ထဲမှ ဓားမြှောင်ဖြင့် ပြစ်ပေါက်လိုက်လေသည်။

အိမ်ရှင်က အသာအယာပင် ရှောင်တိမ်းပေးလိုက်လေသည်။

ထိုအခါ ဓားမြှောင်သည် အိမ်ရှင်ကို မထိဘဲ နောက်ဘက်တွင် ကြောက်ကြောက်လန့်လန့်ဖြင့် ရပ်နေသော ကလေးငယ်ကို ထိမှန်သွားလေတော့သည်။

'ဒုတ်'

"အောင်မယ်လေး"

ကလေးမှာ ကြမ်းပြင်ပေါ်သို့ ခွေခနဲ လဲကျသွားတော့၏။

"အောင်မယ်လေး"

"သားလေး"

အိမ်ရှင်ဇနီးမောင်နှံသည် ကလေးငယ်အား ပြေး၍ ပွေ့ထူလိုက်ကြလေသည်။

ကလေးငယ်အား ချက်ကောင်းမှန်သွားသဖြင့် အသက်ပျောက်သွားပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း မျက်လုံးပြူးသွားသည်။ ချက်ချင်းအမူပြောင်းသွားလေသည်။

သူ မှားသွားပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ထွက်ပြေးသွားလေတော့သည်။

"ဓားပြ ဓားပြ"

"လူသတ်သမား ထွက်ပြေးသွားပြီ ... ဖမ်းကြပါ"

နောက်ဘက်မှ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရှောင်ကျင်းကား ဘာဆိုဘာမှစဉ်းစားမနေတော့ဘဲ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ခြေဦးတည့်ရာ ထွက်ပြေးလာခဲ့တော့သည်။

❁

ရှောင်ကျင်းက ...

"ငါ့အဖြစ်ကတော့ ဒါပါပဲ၊ အဲဒီအချိန်ကစပြီး လူတောထဲမနေရဲတော့ဘဲ တောထဲတောင်ထဲလာပြီး ပုန်းအောင်းနေခဲ့တာ



တောထဲရောက်ခါစက စားစရာမရှိတာနဲ့ ရရာသစ်သီးသစ်သစ်ဥ တွေ ရှာဖွေစားသောက်ရင်း မတည့်တာတွေ စားမိတော့ ငါ့တစ်ကိုယ် လုံး အမွေးတွေ ရှည်ထွက်လာပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရတာပဲ၊ ခုတော့ နေသားကျသွားပါပြီ၊ အသက်ရှင်အောင် ဘယ်လိုနေထိုင် စားသောက်ရမယ်ဆိုတာ ငါနားလည်သွားပါပြီ"

စန်းကိုး သက်ပြင်းချလိုက်လေသည်။ ရှောင်ကျင်း စောစီးစွာ နောင်တရသွားခြင်းကြောင့် ဝမ်းသာမိလေသည်။

သူ့အပေါ်၌လည်း ဒုက္ခပေးမည် မဟုတ်ကြောင်း သဘောပေါက်လိုက်သည်။

ရှောင်ကျင်းက ...

"မင်းက သိုင်းပညာဝါသနာပါတယ်ဆိုရင်တော့ စာအုပ်ထဲမှာ ရေးထားတဲ့ ရုပ်ပုံတွေကိုကြည့်ပြီး လေ့ကျင့်ပေါ့၊ သိုင်းပညာတတ်တော့လည်း တစ်မျိုးကောင်းတာပေါ့၊ အန္တရာယ်ကြုံလာရင် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်နိုင်မယ် မဟုတ်လား"

စန်းကိုး တွေးဝေသွားလေသည်။

သူရရှိထားသော သိုင်းကျမ်းစာအုပ်လေးနှင့်ပတ်သက်၍ နောက်ထပ် မည်သို့သော ပြဿနာရပ်များနှင့် ကြုံတွေ့ရမည်ကို

www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်ပါချေ။

သူက သိုင်းပညာ တတ်မြောက်ထားမည်ဆိုပါလျှင်။

စန်းကိုးသည် သိုင်းပညာသင်ယူလိုစိတ်များ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာလေတော့သည်။

ငါးရက်မြောက်သောနေ့ ...။

ရှောင်ကျင်း၏ဝေဒနာများ လျင်မြန်စွာ သက်သာပျောက်ကင်းသွားပြီ ဖြစ်သည်။

ရှောင်ကျင်းသည် စန်းကိုးအား ကျေးဇူးတင်နေသည့်အပြင် စန်းကိုးအတွက် အန္တရာယ်ရှိနေနိုင်ကြောင်း သဘောပေါက်လာသဖြင့် ပြန်မလွှတ်တော့ပါချေ။

"မင်းက ငါနဲ့ပဲနေဦး၊ အန္တရာယ်ကို စိတ်ချရပြီဆိုမှ ပြန်တာ အကောင်းဆုံးပဲ"

စန်းကိုးလည်း သဘောတူလိုက်လေသည်။

ရက်စက်လှသော လူဆိုးများ၏လက်ချက်ကြောင့် ကျိုးကန်းတို့မြေးအဘိုးနှင့် သူ၏အဒေါ်ဝမ်းကွဲတို့ ဒုက္ခရောက်သွားကြပြီဖြစ်ရာ ရွာသို့ပြန်လည်း အကြောင်းထူးတော့မည် မဟုတ်ကြောင်း သဘောပေါက်ထားပါတော့သည်။



ရှောင်ကျင်းသည် ဝေဒနာသက်သာသွားသည်နှင့် စန်းကိုးအား ကျောက်ဂူထဲ၌ ထားရစ်ခဲ့ကာ စားနပ်ရိက္ခာရှာဖွေရန် ထွက်ခွာသွားလေသည်။

စန်းကိုးသည် ကျောက်ဂူထဲ၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ပျင်းရိလာသလို အမှတ်မထင် သိုင်းကျမ်းစာအုပ်လေးကို ဖတ်ကြည့်မိလေသည်။

ထိုစာအုပ်လေးမှာ မူရင်းစာအုပ်မဟုတ်ဘဲ တစ်စုံတစ်ယောက်က ကူးယူရေးမှတ်ထားသော မှတ်စုတစ်ခုကဲ့သို့ရှိနေကြောင်း သတိပြုမိလာလေသည်။ စာအုပ်ထဲ၌ ရေးကူးထားသော ပုံများကို ကြည့်ရင်း ...

"ဒါတွေဟာ သိုင်းကွက်တွေတဲ့လား"

ဟု ရေရွတ်လိုက်မိသည်။

မည်သို့ဆိုစေ အစွမ်းထက်သော သိုင်းကျမ်းတစ်ခု မဟုတ်ဘဲ မည်သူကမှ သဲကြီးမဲကြီး ဖြစ်နေကြမည် မဟုတ်ပါချေ။

စန်းကိုးသည် ရုပ်ပုံများအတိုင်း ခြေလက်များ ဆန့်တန်းကာ ပြုလုပ်ကြည့်လိုက်လေသည်။

အစပိုင်းတွင် ရုပ်ပုံများအတိုင်း ကိုယ်နေဟန်ထားတူအောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြူလုပ်ရသည်မှာ ခက်ခဲလှပေသည်။

သို့သော် ပြုလုပ်ကြည့်ရင်း တဖြည်းဖြည်း တူညီအောင် ဖြူလုပ်လာနိုင်သည်။

ထိုမျှမကသေး။ ရုပ်ပုံတစ်ခုနှင့်တစ်ခု ဆက်စပ်နေပုံကို လည်း သတိပြုမိလာလေသည်။

စန်းကိုး စိတ်ဝင်စားလာ၏။

ရုပ်ပုံများအတိုင်း သဏ္ဌာန်တူအောင် ပြုလုပ်ရင်း အချိန် ဖြုန်းနေလိုက်လေတော့သည်။

အချိန်မည်မျှကြာသွားမှန်း မသိ ...။

စန်းကိုး လေ့ကျင့်နေစဉ် ချွေးသီးများ ထွက်ပေါ်လာသဖြင့် ရပ်တန့်ပြီး ကဗျာကယာ လှမ်းကြည့်လိုက်သောအခါ ရှောင်ကျင်း ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

စန်းကိုး ဝမ်းသာသွားသည်။

"ဦး ပြန်ရောက်လာပြီလား၊ ကျွန်တော်က စာအုပ်ထဲမှာပါ တဲ့ သိုင်းကွက်တွေကို လေ့ကျင့်နေတာပါ"

ဟု ပြောလိုက်လေသည်။

"မင်း လေ့ကျင့်လို့ကော ရလို့လား"



"ရပါတယ်"

"ဒါဆိုလည်း ကောင်းတာပေါ့ကွာ၊ ဒီနေ့ ငါ သမင်တစ် ကောင် ရလာတယ်၊ ကောင်းကောင်းစားရမှာပေါ့"

သူက စန်းကိုး သိုင်းပညာသင်သည်ကို စိတ်မဝင်စားဘဲ သမင်ကို ဖျက်ကာ အချို့ကို မီးကင်၍၊ အချို့ကို ချက်ပြုတ်လိုက်လေ သည်။

မကြာပါချေ မွှေးကြိုင်သောအနံ့အသက်များ ထွက်ပေါ် လာလေသည်။

ရှောင်ကျန်းက ရယ်မောလိုက်သည်။

"ငါက မင်းနဲ့တွေ့တာ ကံကောင်းသွားတယ်၊ မင်းလည်း ငါနဲ့တွေ့တာ ကံကောင်းသွားတယ်၊ ကဲ ... စားလိုက်ကြရအောင်"

"ဟုတ်ကဲ့"

စန်းကိုးလည်း ဗိုက်ဆာနေပြီဖြစ်ရာ သဘောတူလိုက်လေ သည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ကာ အားရပါးရ စား သောက်လိုက်ကြလေသည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ရေးတစ်မော အိပ်လိုက်ဦးမယ်၊ မင်းက သိုင်းကျင့်တယ်ဆိုရင် ဆက်ပြီး လေ့ကျင့်ပေတော့"

ရှောင်ကျင်းသည် မလှမ်းမကမ်းရှိ ကျောက်ဖျာကြီးတစ်ခုဆီသို့ သွားကာ လှဲချလိုက်လေသည်။

မကြာပါချေ။ တခေါခေါ ဟောက်လျက် အိပ်ပျော်သွားလေတော့သည်။

စန်းကိုးက ဆက်လက်သိုင်းပညာ လေ့ကျင့်နေလိုက်လေတော့သည်။

❁ ❁ ❁



## အခန်း (၅)

## သိုင်းသမားနှင့် အတွင်းအား

နွေ၊ မိုး၊ ဆောင်း ရာသီအလီလီပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။ စန်းကိုးမှာ ရှောင်ကျင်းထံသို့ ရောက်လာခဲ့သည်မှာ သုံးနှစ်ရှိသွားပြီဖြစ်လေသည်။

ထိုသုံးနှစ်အတွင်း သိုင်းကျမ်းစာအုပ်လေး၌ ပါရှိသော သိုင်းကျမ်းများကို အစအဆုံး လေ့ကျင့်တတ်မြောက်သွားခဲ့ပြီး ဖြစ်ပါသည်။

ထိုသိုင်းကျမ်းများကို နေ့စဉ်ရက်ဆက် လေ့ကျင်လာခဲ့သည်။

အကြိမ်ကြိမ်အခါခါ အပြန်ပြန်အလှန်လှန် လေ့ကျင့်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထုံးလိုမွေ့ ရေလိုနှောက်နိုင်သည်အထိ ကျွမ်းကျင်လာခဲ့လေတော့သည်။

ထို့အတူ ...

တောတောင်ထဲတွင် ခက်ထန်ကြမ်းတမ်းစွာ နေထိုင်ခဲ့ရသဖြင့် ခန္ဓာကိုယ် ပိန်လှီနေသော ကောင်လေးတစ်ယောက်ဘဝမှ ထွားကျိုင်းသန်မာသော လူငယ်တစ်ယောက်ဘဝသို့ ကူးပြောင်းသွားခဲ့လေတော့သည်။

စန်းကိုး အရွယ်ရောက်ကြီးပြင်းလာသောတစ်နေ့တွင်။

✵

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်ပါသည်။ တောက်ပသော နေရောင်ခြည်နှင့်အတူ ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

တစ်ညတာ အိပ်စက်အနားယူခဲ့ကြပြီးနောက် ... စန်းကိုးနှင့် ရှောင်ကျင်းတို့ ကျောက်ဂူအပြင်ဘက်သို့ ထွက်လာခဲ့ကြလေသည်။



ကျောက်ဂူအပြင်ဘက်ရောက်လျှင် စန်းကိုးက သန့်ရှင်းလတ်ဆတ်သော နံနက်ခင်းလေပြည်ကို အားရပါးရ ရှူရှိုက်လိုက်သည်။

ရှောင်ကျင်းက သူ့အား ခြေဆုံးခေါင်းဆုံးကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်သည်။

သူ၏အပြုံးကို စန်းကိုးက တွေ့မြင်သွားပြီး ...

"ဦးက ဘာပြုံးတာလဲ"

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက ...

"မင်းဟာ ကောင်လေးတစ်ယောက်မဟုတ်ဘဲ လူပျိုကြီးဖားဖားဖြစ်လာတာကို ကြည့်ပြီး သဘောကျပြီး ပြုံးမိတာပါ"

ဟု ပြောလေသည်။

စန်းကိုး ရှက်သွားပြီး ...

"ဟာ ဦးလေးကလည်း ဒီလိုမပြောပါနဲ့"

ရှောင်ကျင်းက ...

"ငါ တကယ်ပြောတာ၊ မင်းဟာ ကလေးတစ်ယောက်မဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"လူငယ်တစ်ယောက်ရဲ့ဘဝဟာ တက်လမ်းတွေ အများကြီး ရှိပါတယ်၊ တောတောင်ထဲမှာ အချိန်ဖြုန်းမနေသင့်တော့ဘူး၊ မင်းဟာ သိုင်းပညာလည်း တတ်မြောက်ထားပြီးဆိုတော့ လူ့အသိုင်းအဝိုင်းထဲကိုသွားပြီး ကျင်လည်ကျက်စားသင့်တယ်"

"ကျွန်တော်"

"မကြာခင် မင်း ဒီကထွက်သွားရမယ်"

စန်းကိုး မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွားလေ၏။

ရှောင်ကျင်းက ...

"မင်း ... ဘယ်ကိုသွားမလဲ၊ ဘာလုပ်မလဲဆိုတာ နောက်မှ စဉ်းစားတာပေါ့၊ အခုတော့ အမဲလိုက်သွားကြမယ်၊ ငါနဲ့ လိုက်ခဲ့ပါ"

စန်းကိုး သဘောတူလိုက်လေသည်။

"ကောင်းပါပြီဗျာ"

"လာသွားစို့"

ရှောင်ကျင်းသည် စန်းကိုးအား လက်ဆွဲကာ ခေါ်သွားလေသည်။



စန်းကိုးလည်း လိုက်ပါသွားလေတော့သည်။

✹

ကျောက်တောင်ကြီး၏ ပတ်လည် အရပ်လေးမျက်နှာတွင် စိမ်းလန်းသော တောအုပ်များ ဖုံးလွှမ်းနေပါသည်။

တောထဲ၌ သားကောင်ပေါများလှပေသည်။ ရှောင်ကျင်းနှင့် စန်းကိုးတို့ အမဲလိုက်ရန် တောအုပ်ကြီးတစ်ခုအတွင်းသို့ ဝင်ရောက်လာခဲ့ကြလေသည်။

သူတို့သည် သားကောင်ကို လိုက်ရှာဖွေခဲ့ကြသော်လည်း နေမွန်းတည့်ချိန်အထိ သားကောင်တစ်ကောင်တလေမှ မရခဲ့ပါချေ။

ရှောင်ကျင်းက ...

"အံ့ဩစရာတော့ ကောင်းနေပြီ၊ ဒီလောက် သားကောင်ပေါများတဲ့ တောထဲမှာ သားကောင်တစ်ကောင်မှ ရှာမတွေ့တာ တစ်ခါမှ မကြုံဖူးဘူး"

စန်းကိုးက ...

"ကျွန်တော် ပါလာလို့များလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဆိုင်လို့လဲ"

စန်းကိုး ဘာမှမပြောဘဲ နေလိုက်သည်။

ရှောင်ကျင်းက ...

"ဒီဘက်မှာမရရင် ဟိုဘက်မှာ သွားရှာကြမယ်"

တောင်ဘက်တစ်နေရာသို့ ညွှန်ပြကာ ပြောလေသည်။

စန်းကိုးက ...

"ကောင်းပြီလေ ... သွားကြတာပေါ့"

သူတို့သည် တောင်ဘက်အရပ်ဆီသို့ ဦးတည်ကာ ထွက်လာခဲ့ကြ၏။

တောင်အရပ်တွင်ရှိသော တောအုပ်ကြီးကား နက်ရှိုင်းလှသည်။

သစ်ကိုင်းသစ်ရွက်များ ရောယှက်ကာ နေပျောက်မထိုးနိုင်အောင် ရှိနေပါတော့သည်။

ရှောင်ကျင်းက ...

"စန်းကိုး တောအုပ်ထဲဝင်ရင် သတိထား၊ တောနက်တယ်၊ မျက်စိလည်လမ်းမှားသွားမှာကို စိုးရိမ်ရတယ်၊ ပြီးတော့ ကျား၊ ကျားသစ်စတဲ့ သားရဲတိရစ္ဆာန်တွေနဲ့ တွေ့နိုင်တယ် သတိထား"



ဟု သတိပေးလိုက်လေသည်။

စန်းကိုးက ...

"စိတ်ချပါ ... ကျွန်တော်သတိထားပါ့မယ်"

ဟု ပြောလိုက်သည်။

"ဒါဖြင့် ... လာ"

နှစ်ယောက်သား တောနက်ထဲ ဝင်ရောက်သွားကြလေ၏။

မကြာပါချေ။

'ဝေါင်း'

ကျားဟိန်းသံတစ်ချက် ထွက်ပေါ်လာလေသည်။ စန်းကိုး ရင်ထိတ်သွားလေသည်။

"ကျားဟိန်းသံပဲ"

ရှောင်ကျင်းက ...

"ဟုတ်တယ်၊ အဲဒီကျားကို မိအောင်ဖမ်းရမယ်"

စကားဆုံးလျှင် ကျားဟိန်းသံထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ပြေးလွှားသွားလိုက်သည်။

စန်းကိုး ရင်ထိတ်သွားသည်။

"ဦးလေး ... ကျွန်တော့်ကို စောင့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ပြေးလိုက်သွားလေသည်။

သို့သော် ...

အတန်ကြာ ပြေးသွားမိလျှင် ရှောင်ကျင်း မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

စန်းကိုးက ...

"ဦးလေး ဦးလေး"

ဟု အော်ခေါ်လိုက်သော်လည်း ရှောင်ကျင်း၏ အရိပ်အယောင်ကို မတွေ့ရတော့ပါချေ။ စန်းကိုး စိတ်ဓာတ်ကျသွားလေသည်။

"ဒုက္ခပါပဲ ... ဦးလေးရှောင်ကျင်း ဘယ်ရောက်သွားပြီလဲ မသိဘူး"

ဟု ညည်းညူလိုက်မိလေသည်။

ထိုအချိန်မှာပင် ...

'ဝေါင်း'

ကျားဟိန်းသံက နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စန်းကိုး ချာခနဲလှည့်ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌



နီရဲသောမျက်လုံးအစုံနှင့် ကျားကြီးတစ်ကောင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"အောင်မယ်လေး"

စန်းကိုး ငယ်သံပါအောင် အော်လိုက်သည်။

ထို့နောက် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားလေသည်။

'ဝေါင်း ဝေါင်း'

ကျားကြီးကလည်း မာန်ဖီကာ တစ်ဟုန်ထိုး လိုက်လာလေတော့သည်။

❋

စန်းကိုးသည် ဒရောသောပါး ထွက်ပြေးသွားလေသည်။

ကျားကြီးလည်း တစ်ဟုန်ထိုး ပြေးလိုက်လာလေသည်။

စန်းကိုးက ပြေးမလွတ်နိုင်တော့မှန်း သဘောပေါက်လိုက်လေသည်။

သူက ချာခနဲ လှည့်ကြည့်လိုက်စဉ်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



'ဝေါင်း'

ကျားကြီးက မာန်ဖီကာ ခုန်အုပ်လိုက်လေသည်။ စန်းကိုး ကြောက်လန့်သွားလေသည်။

ပြေး၍မလွတ်တော့သဖြင့် ...

"သွားစမ်း"

ဟု အော်ဟစ်ကာ ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်လေသည်။

အမှတ်မထင် စာအုပ်ထဲ၌ ပါရှိသော သိုင်းကွက်တစ်ကွက်ကို အသုံးချလိုက်မိခြင်း ဖြစ်လေသည်။

သူ၏ခြေထောက်သည် ကျားကြီး၏ ဝမ်းဗိုက်ကို တည့်တည့်မတ်မတ် ကန်ကျောက်မိလိုက်လေသည်။

'ဝုန်း'

'ဝေါင်း'

ကျားကြီးမှာ ဘေးသို့ လွင့်စဉ်သွားတော့သည်။

စန်းကိုးသည် ရလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ထွက်ပြေးသွားလေသည်။

ကျားကြီးက မြေပေါ်လူးလိမ့်နေပြီး နာကျင်သွားသဖြင့်



ဆက်၍ လိုက်မလာတော့ဘဲ ထွက်ပြေးသွားလေတော့သည်။

❁

"ဟောဟဲ ဟောဟဲ"

စန်းကိုး မောဟိုက်နေလေသည်။

သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်ချကာ အမောဖြေလိုက်လေသည်။ သူ၏တစ်ကိုယ်လုံး ချွေးများ စို့ရွှဲနေသည်။

ကံကောင်းထောက်မသဖြင့် ကျားကြီး၏လက်တွင်းမှ လွတ်မြောက်လာရသည်ဟု နားလည်မိလေသည်။

သူကသာ ကျားကြီးအား ခြေထောက်ဖြင့် ကန်ကျောက်ပစ်ခြင်း မပြုနိုင်ခဲ့လျှင် ကျားကြီး၏လက်ချက်ဖြင့် သေဆုံးရမည်သာ ဖြစ်လေသည်။

စန်းကိုးသည် သူ၏ခြေထောက်ကို ငုံ့ကြည့်လိုက်မိသည်။

သူက စာအုပ်ထဲမှ သိုင်းကွက်အတိုင်း အသုံးပြုနိုင်ခဲ့သဖြင့် ကျားကြီးအား မောင်းထုတ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

"စာအုပ်ထဲက သိုင်းကွက်တွေက ဘယ်ဆိုးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လိုက်မိလေသည်။

မမျှော်လင့်ဘဲ ထိုသိုင်းကွက်များအပေါ် ယုံကြည်အားကိုးသောစိတ်များ ဖြစ်ပေါ်လာလေသည်။

"ဟုတ်ပြီ ... ဒီသိုင်းကွက်တွေဟာ အတော့်ကို အစွမ်းထက်တာပဲ၊ သူ့နေရာနဲ့သူ အသုံးချနိုင်မယ်ဆိုရင် အန္တရာယ်ကြုံလာတဲ့အခါ ကောင်းကောင်းကြီး ရင်ဆိုင်နိုင်မှာပဲ"

ချက်ချင်းပင် ခုန်ထကာ သိုင်းကွက်များကို လေ့ကျင့်လိုက်လေသည်။

စန်းကိုးသည် ပတ်ဝန်းကျင်ကို မေ့လျော့ကာ သိုင်းပညာလေ့ကျင့်နေလိုက်မိလေတော့သည်။

❋

အချိန်မည်မျှ ကြာသွားမှန်းမသိ ...။

စန်းကိုး သတိဝင်လာသောအခါ ညနေစောင်းအချိန်သို့ပင် ရောက်ရှိနေပြီဖြစ်သည်ကို တွေ့ရလေသည်။

စန်းကိုး အံ့သြသွားလေသည်။



"ညနေစောင်းပါပကောလား၊ ဦးလေးရှောင်ကျင်းလည်း ဘယ်ရောက်နေပြီလဲမသိဘူး"

သူက လာရာလမ်းအတိုင်း လှည့်ပြန်လာခဲ့လေသည်။

သို့သော် သစ်ပင်ချုံနွယ်များက ထူထပ်စွာ ရှိနေသည့်အပြင် အလင်းရောင်လည်း အားနည်းနေပြီဖြစ်ရာ လာရာလမ်းကို မမှတ်မိတော့ပါချေ။

စန်းကိုးမှာ တောအုပ်ထဲ၌ တဝဲလည်လည် ဖြစ်နေပါတော့သည်။

အချိန်များ ထပ်မံကုန်ဆုံးသွားသည်။

အလင်းရောင်သည် လုံးဝပျောက်ကွယ်သွားပြီး အမှောင်ထုက ဖုံးလွှမ်းသွားလေတော့သည်။

"ခက်မှပဲ"

စန်းကိုးသည် စိတ်ပျက်စွာ ညည်းညူရင်း သစ်ပင်တစ်ပင်အောက်၌ ထိုင်ချရန် ဟန်ပြင်လိုက်စဉ်မှာပင် အရှေ့ဘက်တစ်နေရာမှ မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင် ... မီးရောင်ပါလား"

စန်းကိုး ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ထွက်ပေါ်လာရာဆီသို့ ဦးတည်လှမ်းသွားလိုက်၏။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ်ကာ အတန်ကြာ လျှောက်သွားပြီးလျှင် တောအုပ်ထဲမှ လွန်မြောက်သွားတော့သည်။

တောအုပ်အပြင်ထွက်လိုက်လျှင် မြေကွက်လပ်တစ်ခုပေါ်၌ အိမ်ကလေးတစ်လုံးရှိနေသည်ကို တွေ့လိုက်ရလေ၏။

စန်းကိုးက ထိုအိမ်ကလေးသို့ လှမ်းသွားလိုက်သည်။

အိမ်ကလေးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိသွားချိန်မှာပင် ဆိုးရွားသော အနံ့အသက်များကို ရှူရှိုက်လိုက်ရလေ၏။

ထိုအနံ့အသက်များမှာ ဆေးကျိုချက်သည့်အနံ့များ ဖြစ်နေပါတော့သည်။

စန်းကိုး မျက်မှောင်ကြုတ်သွားပြီး ...

"ဒီနားမှာ ဆေးဆရာတစ်ယောက် နေထိုင်တာပဲ ဖြစ်ရမယ်"

ဟု တွေးလိုက်လေသည်။

ဆေးဆရာဟူသည် ဝေဒနာရှင်များအား ကယ်တင်နေသူ ဖြစ်သည်။



သူ့ကိုလည်း ကူညီလိမ့်မည်ဟု ယုံကြည်မိလေသည်။

ထို့ကြောင့် အိမ်ကလေးဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

အိမ်ရှေ့သို့ရောက်လျှင် ...

"ဘယ်သူလဲ"

အိမ်ထဲမှမေးမြန်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စန်းကိုး အံ့သြသွားလေသည်။

"ငါရောက်လာတာကို အိမ်ရှင်က သိနေပါလား"

ဟုတွေးကာ ...

"ကျွန်တော် စန်းကိုးပါ၊ မျက်စိလည်လမ်းမှားပြီး ဒီနေရာကို ရောက်လာပါတယ်၊ ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

ဟု ပြောလိုက်လေသည်။ သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

"ဝင်ခဲ့"

အိမ်ထဲမှ စကားသံထွက်ပေါ်လာ၏။ ထိုအသံသည် အဘိုးသမီးကြီးတစ်ယောက်၏အသံ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းကိုးက တံခါးတွန်း ဖွင့်ကာ အိမ်ထဲဝင်သွားလိုက်သည်။

စိမ်းရွှေရွှေအနံ့အသက်က တစ်အိမ်လုံး ကြိုင်လှိုင်နေပါသည်။

အဘွားအိုတစ်ယောက်သည် ဆေးပုလင်းများဖြင့် အလုပ်ရှုပ်နေသည်ကို တွေ့ရလေသည်။

ထိုအဘွားအိုမှာ စမ်းကိုးအား လှည့်မကြည့်ဘဲ ...

"ထိုင်ပါ"

ဟု ပြောလေသည်။

စမ်းကိုးက အသင့်ရှိနေသော ထိုင်ခုံတစ်လုံး၌ ထိုင်ချလိုက်သည်။

အဘွားအိုသည် ဆေးပုလင်းကြီးတစ်လုံးအတွင်းသို့ တခြားဆေးပုလင်းများမှဆေးရည်များကို အချိန်အဆဖြင့် လောင်းထည့်နေ၏။

ဆေးရည်များက အစိမ်းရောင်၊ အနီရောင်၊ နို့နှစ်ကဲ့သို့ အဖြူရောင် စသည် စသည်ဖြင့် အရောင်အမျိုးမျိုး ရှိ၏။

ထိုဆေးရည်များကို ရောစပ်ပြီးလျှင် လှုပ်ခါလိုက်သောအခါ ဆိုးရွားသော အနံ့အသက်များ ထွက်လာလေသည်။



အဘွားအိုသည် ဆေးပုလင်းကို လှုပ်ပေးပြီး ဆေးရည်များ ရောနှော ပေါင်းစပ်သွားအောင် ပြုလုပ်လိုက်သည်။

ပြီးလျှင် မြေအိုးတစ်လုံးထဲ ခွဲထည့်ကာ ကျိုချက်လိုက်လေ၏။

ဆေးအိုးကို မီးဖိုပေါ် တင်ထားပြီးမှ စမ်းကိုးဘက်သို့ လှည့်လိုက်၏။

စမ်းကိုးကိုမြင်လျှင် မျက်မှောင်ကြုတ်သွားသည်။ သို့သော် ချက်ချင်းပြုံးပြုံးရွှင်ရွှင် ဖြစ်လာလေသည်။

"ကျုပ်က လောကပေါ်မှာ အစွမ်းအထက်ဆုံးဆိုတဲ့ ဆေးတစ်မျိုး ဖော်စပ်နေတာကွဲ့"

ဟု ပြောလာလေသည်။

စမ်းကိုးက ...

"ဘွားဘွားဟာ သမားတော်တစ်ယောက် ... ဟုတ်လား"

ဟု မေးလိုက်လေသည်။ အဘွားအိုက ...

"အင်း ...ငါ့ကို သမားတော်လို့ပြောရင် ရပါတယ်၊ ဒါပေမဲ့ ငါက ဘယ်သူ့ကိုမှ ဆေးကုပေးဖူးတာ မဟုတ်ဘူး"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားများကြောင့် စန်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အဘွားအိုက ...

"ကျုပ်က မမျှော်လင့်ဘဲ အတွင်းအား တိုးတက်စေတဲ့နည်း တစ်ခုကို ရလာခဲ့တယ်လေ၊ ဒါနဲ့ပဲ အဲဒီဆေးနည်းကို အသုံးပြုပြီး အတွင်းအားတိုးဆေး ဖော်စပ်ဖို့ကြိုးစားနေခဲ့တာ ခုဆို သုံးနှစ်တောင် ရှိသွားပြီကွဲ့"

စန်းကိုးက စိတ်ဝင်စားစွာ နားထောင်နေလိုက်သည်။ အဘွားအိုက ...

"ငါက ဖော်စပ်တာ အောင်မြင်ခဲ့ပြီ၊ ဒါပေမဲ့ လက်တွေ့ စမ်းသပ်ကြည့်ရဦးမယ်"

စန်းကိုးက ...

"ကောင်းပါတယ် ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

အဘွားအိုက ...

"လက်တွေ့မစမ်းရသေးဘဲ ငါဖော်စပ်တဲ့ဆေးက အောင်မြင်မှု ရှိ၊မရှိ သိနိုင်မှာ မဟုတ်ဘူးလေ"



"ဒါ မှန်ပါတယ်"

အဘွားအိုက ရေနွေးကြမ်းအိုးနှင့် စားစရာအချို့ကို သွားယူလာပြီး ...

"မင်းလည်း ဗိုက်ဆာနေရောပေါ့၊ စားလိုက်ပါဦးကွယ်"

ဟု ဧည့်ခံကျွေးမွေးလေည်။ စန်းကိုးသည် အမှန်ပင် ဗိုက်ဆာနေပြီဖြစ်လေသည်။

"ကျေးဇူးပါပဲဗျာ"

ဟုပြောကာ စားသောက်လိုက်လေသည်။ အဘွားအိုက သူ့အား ပြုံး၍ကြည့်နေသည်။

စန်းကိုး စားသောက်ပြီး မကြာမီမှာပင် မျက်ခွံများ လေးလံလာလေတော့သည်။

စန်းကိုး ရင်ထိတ်သွားလေ၏။

"ငါ ဘယ်လိုဖြစ်တာပါလိမ့်"

သူ၏ခြေလက်များ လေးလံလာသည်။

စန်းကိုးသည် အခြေအနေမဟန်မှန်းသိသဖြင့် ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

သို့သော် လုံးဝမဟန်နိုင်တော့ဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

လဲကျသွားလေတော့သည်။

သူက ကြမ်းပြင်ပေါ်မှ လူးလိမ့်ထရန် ဟန်ပြင်သော်လည်း မရနိုင်တော့ပါချေ။

အဘွားအိုအား ကြောက်လန့်စွာ ကြည့်လိုက်သောအခါ အဘွားအိုက သူ့အား ပြုံး၍ ကြည့်နေသည်ကို တွေ့ရလေသည်။

ထို့နောက် စန်းကိုး မျက်ခွံများ လေးလံလာပြီး လောကကြီးနှင့် မျက်ခြည်ပြတ်သွားလေတော့သည်။

စန်းကိုး သတိရလာသောအခါ ခုတင်တစ်လုံးပေါ်၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

"ဟင်"

စန်းကိုး ထိတ်လန့်သွားပြီး ကမျာကယာ လူးလိမ့်ထလိုက်သော်လည်း ခြေလက်များ တုပ်နှောင်ခြင်း ခံထားရသဖြင့် ရုန်းမရချေ။



"လွှတ် လွှတ် ... ကျုပ်ကို လွှတ်"

စန်းကိုးက အတင်းရုန်းကန်လိုက်လေသည်။

ထိုစဉ် ...

"ဟင်း ဟင်း ဟင်း"

ရယ်မောသံနှင့်အတူ အဘွားအို အနီးသို့ ရောက်ရှိလာလေသည်။

စန်းကိုး ဒေါ်ပွသွားသည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ကျုပ်ကို အခုချက်ချင်း လွှတ်ပေးပါ"

ဟု အော်ပြောလိုက်လေသည်။

အဘွားအိုက ...

"လွှတ်ပေးစရာမလိုပါဘူးကွယ်၊ မင်းဘာသာ လွှတ်မြောက်အောင် ရုန်းကန်နိုင်ပါတယ်"

"ဘာဗျ"

"ငါက မင်းကို အတွင်းအားတိုးစေတဲ့ဆေးကို တိုက်ကျွေးထားလိုက်ပြီလေ၊ မင်းရဲ့ခန္ဓာကိုယ်ထဲမှာ ကြီးမားတဲ့အင်အားတွေ ဝင်ရောက်နေပြီ၊ ဒါကြောင့် ... မင်း ရုန်းကန်လိုက်ရင် လွှတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



သွားပါလိမ့်မယ်"

စန်းကိုး အံကြိတ်လိုက်လေသည်။

"ကောင်းပြီ"

သူက အားစိုက်ပြီး ရုန်းကန်လိုက်လေသည်။

ရုတ်တရက် သူ၏ခန္ဓာကိုယ်ထဲ၌ ပူနွေးသော ခွန်အားများ ဖြစ်ပေါ်လာလေသည်။

ထိုခွန်အားများသည် တစ်ခဏအတွင်းမှာပင် အရှိန်အဟုန်ကြီးမားစွာ ဖြစ်ပေါ်လာလေသည်။

စန်းကိုးက ရုန်းကန်လိုက်သည်နှင့် ...

'ထောက် ထောက် ထောက်'

ခြေလက်များ၌ချည်နှောင်ထားသော ကြိုးများ အပိုင်းပိုင်း ပြတ်တောက်သွားလေတော့သည်။

'ဝုန်း'

စန်းကိုးမှာ ခုတင်ပေါ်မှ ခုန်ထပြီးသား ဖြစ်သွားတော့သည်။

သူက အဘွားအိုအပေါ်၌ မကျေမနပ်ဖြစ်နေသော်လည်း အဘွားအိုက သဘောကျစွာ ရယ်မောနေလေသည်။



စန်းကိုးက ...

"ခင် ... ခင်ဗျား"

အဘွားအိုက ...

"မင်းက ငါ့ကိုတောင် ကျေးဇူးတင်ရဦးမှာ"

"ဗျာ"

"ခုဆိုရင် မင်းဟာ အတွင်းအားကောင်းတဲ့ လူတစ်ယောက် ဖြစ်နေပြီလေ"

စန်းကိုးက သူ၏ခြေလက်များကို ငုံ့ကြည့်လိုက်လေသည်။

အဘွားအိုက ...

"ဟိုစားပွဲကို လက်ဝါးနဲ့ရိုက်ကြည့်စမ်းပါဦး"

မလှမ်းမကမ်းရှိ စားပွဲတစ်လုံးကို ညွှန်ပြကာ ပြောလေသည်။

စန်းကိုးက ကြောင်အမ်းအမ်းဖြင့် မလှုပ်မယှက် ရပ်နေလိုက်၏။

အဘွားအိုက ...

"ငါပြောသလို လုပ်ကြည့်စမ်းပါ"

သူ ထပ်မံတိုက်တွန်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးက ...

"ကျွန်တော်"

"မင်းဟာ ခွန်အားဘယ်လောက် ကောင်းနေပြီလဲဆိုတာ သိရအောင် လက်တွေ့စမ်းကြည့်လိုက်ပါ"

စန်းကိုးက စားပွဲအနီးသို့ ချဉ်းကပ်သွားပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကျောက်စားပွဲမှာ ထက်ပိုင်းကျိုးသွားလေတော့သည်။

"ဟာ"

စန်းကိုး လွှတ်ခနဲအော်ကာ နောက်ဆုတ်လိုက်လေသည်။

"ငါ ဖော်တဲ့ဆေးလည်း အောင်မြင်သွားပြီ၊ မင်းလည်း ခွန်အားကောင်းတဲ့လူတစ်ယောက် ဖြစ်သွားပြီ၊ ကဲ ... မင်း သွားလိုရာ သွားနိုင်ပါပြီ"

ဟု ပြောလေသည်။

စန်းကိုးက ...

"ကျွန် ကျွန်တော်"



"ဘာလဲ ... ငါက မင်းကို ဒုက္ခပေးမယ် ထင်လို့လား"

စန်းကိုး မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

အဘွားအိုက ...

"ငါက ဘာကြောင့် အတွင်းအားဆေးကို ဖော်စပ်ခဲ့ရတယ်ဆိုတာကော မင်းသိသလား"

ဟု မေးလေသည်။

စန်းကိုးက ...

"ကျွန်တော် မသိပါဘူး ခင်ဗျာ"

"လွန်ခဲ့တဲ့ငါးနှစ်လောက်က ငါ့ရဲ့ ပညာသင်ဘက် ညီမ တစ်ယောက်ဟာ မမျှော်လင့်ဘဲ အတွင်းအားကုန်ခန်းတဲ့ ဝေဒနာတစ်ရပ်ကို ခံစားခဲ့ရတယ်၊ ငါဟာ သူ့ကို ကူညီဖို့ ကြိုးစားတဲ့အနေနဲ့ အတွင်းအား တိုးစေမယ့် ဆေးကို ဖော်စပ်ခဲ့တာပဲ၊ ငါ ဆေးဖော်စပ်တာ အောင်မြင်သွားရင် ပညာသင်ဘက် ညီမကို ကူညီနိုင်လိမ့်မယ်၊ သူ့ရဲ့ သိုင်းပညာဟာ ပြိုင်ဘက်ကင်းတယ်၊ အတွင်းအားပြည့်ဝသွားပြီဆိုရင် သူမဟာ သိုင်းလောကအကျိုး၊ အများအကျိုးကို ပြန်ပြီး ဆောင်ရွက်လာနိုင်မယ် မဟုတ်လား"

စန်းကိုး သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုသည် သူထင်သလို ဆိုးရွားသူတစ်ယောက် မဟုတ်ကြောင်း သဘောပေါက်လာသည်။

အဘွားအိုက ...

"မင်းကို စမ်းသပ်ကြည့်ခဲ့မိတဲ့အတွက် ကျုပ်ကိုခွင့်လွှတ်စေချင်တယ်၊ ကျုပ်ရဲ့ဆေးဟာ အာနိသင် မထက်မြက်ဘူးဆိုရင်တောင် လူကို ဒုက္ခမပေးနိုင်ပါဘူးကွယ်"

စန်းကိုးက ဦးညွှတ်လိုက်လေသည်။

"ကျွန်တော် ဘွားဘွားကို စိတ်မဆိုးပါဘူး၊ မမျှော်လင့်ဘဲ ခွန်အားတိုးလာတဲ့အတွက် ကျေးဇူးတောင်တင်မိပါသေးတယ် ခင်ဗျာ"

အဘွားအိုက ...

"ကိစ္စမရှိပါဘူးကွယ်၊ မင်းရောက်လာတဲ့အတွက် ငါ့ဆန္ဒပြည့်ဝသွားတာမို့ မင်းကိုတောင် ငါက ကျေးဇူးတင်ရဦးမှာပါ၊ ကဲ ... မင်းလိုရာခရီးကို သွားနိုင်ပါပြီကွယ်"

စန်းကိုး ဝမ်းသာသွားလေသည်။

"ကျွန်တော့်နာမည် စန်းကိုးလို့ခေါ်ပါတယ်၊ ဘွားဘွားရဲ့ အမည် ဘယ်လိုခေါ်သလဲဆိုတာ သိပါရစေလား ခင်ဗျာ"



အဘွားအိုက ...

"ငါ့နာမည် ချင်းဟုန်ပါ၊ သိုင်းလောကသားတွေကတော့ မြို့စားကတော်လို့ ခေါ်ကြပါတယ်"

စန်းကိုးက ...

"ကျွန်တော်မှတ်ထားပါ့မယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး ခင်ဗျာ"

"ကောင်းပါပြီကွယ်"

စန်းကိုးသည် ချင်းဟုန်အား နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ပြန်လမ်းမရှိသူ

နက်ရှိုင်းသော တောအုပ်ကြီး။

စန်းကိုးသည် နက်ရှိုင်းသော တောအုပ်ကြီးအား ဖြတ်ကျော်လာနိုင်ခဲ့ပြီ ဖြစ်လေသည်။

ထိုတောအုပ်ကြီးအား သုံးရက်တိုင်တိုင် ဖြတ်ကျော်ပြီးမှ တောအုပ်အပြင်ဘက်သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

တောအုပ်အပြင်ဘက်သို့ ရောက်လာပြီဖြစ်၍ စန်းကိုး ဝမ်းသာသွားသည်။

သူမျက်စိလည်ခဲ့ရသော တောအုပ်ကြီးကို နောက်ချန်ထားနိုင်ခဲ့လျှင် ရှောင်ကျင်းထံသို့ ပြန်ဖို့လမ်းစ တွေ့ရပြီဖြစ်လေသည်။



စန်းကိုးသည် တောလမ်းအတိုင်း လှမ်းလာခဲ့၏။

မကြာပါချေ ....။

ရှောင်ကျင်းနေထိုင်သော ကျောက်တောင်ကြီးကို တွေ့မြင်လိုက်ရလေသည်။

စန်းကိုးမှာ ရှောင်ကျင်းအား တွေ့လိုစိတ် ပြင်းပြလာပြီး တောင်ပေါ်သို့ ပြေးတက်သွားလေသည်။

ကျောက်တောင်ကြီးမှာ မြင့်မားမတ်စောက်လှပေသည်။ ကျောက်တုံး ကျောက်ခဲများ ပေါများလှသည်။

စန်းကိုးက ကျောက်တောင်လမ်းသို့ ပြေးတက်လာခဲ့သော်လည်း မောပန်းနွမ်းနယ်ခြင်း အလျဉ်းမရှိခဲ့ပါချေ။

သူ၏ခန္ဓာကိုယ်မှာ ပေါ့ပါးလန်းဆန်းနေပါပေ‌တော့သည်။

ကျောက်တုံးကျောက်ခဲများကို အနောက်ဘက်တွင် ရိပ်ခနဲ ရိပ်ခနဲ ချန်ရစ်ခဲ့ကာ ပြေးသွားပြီး မကြာမီမှာပင် ရှောင်ကျင်းနေထိုင်သော ကျောက်ဂူကြီးသို့ ရောက်ရှိသွားလေတော့သည်။

"ဦးလေးရှောင်ကျင်း ဦးလေးရှောင်ကျင်း"

စန်းကိုးက ဝမ်းသာအားရ ခေါ်လိုက်လေသည်။ သို့သော် ရှောင်ကျင်း၏ တုံ့ပြန်သံကို မကြားရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးရှောင်ကျင်း"

စန်းကိုးက ကျောက်ဂူထဲသို့ လှမ်းဝင်လိုက်လေသည်။

ဂူထဲသို့ ရောက်သွားလျှင် ညည်းတွားသံသဲ့သဲ့ ကြားလိုက်ရ၏။

ခုတင်ပေါ်တွင် လဲလျောင်းနေသော ရှောင်ကျင်းအား တွေ့မြင်လိုက်ရလေတော့သည်။

စန်းကိုး ထိတ်လန့်သွားသည်။

"ဦးလေးရှောင်ကျင်း ... ဘယ်လိုဖြစ်ရတာလဲဗျာ"

ဟု မချိတင်ကဲ မေးလိုက်လေသည်။

ရှောင်ကျင်းသည် စန်းကိုးအား တွေ့လိုက်ရလျှင် ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

"စန်းကိုး ... မင်း မင်း ပြန်လာပြီနော်"

"ဟုတ်ပါတယ်၊ ဦးလေးနဲ့အတူ အမဲလိုက်သွားရင်း တောထဲမှာ မျက်စိလည်သွားပြီး အဘွားအိုတစ်ယောက် နေထိုင်တဲ့ အိမ်ကလေးတစ်လုံးကို ရောက်သွားခဲ့ပါတယ်"

သူက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ရှင်းပြလိုက်၏။



ရှောင်ကျင်းက ...

"စန်းကိုး ... မင်း တော်တော်ကံကောင်းတာပဲ၊ မင်းသာ ငါနဲ့ လူချင်းကွဲမသွားဘူးဆိုရင် ကောင်းကောင်းကြီး ဒုက္ခရောက်သွားမှာပဲ"

ဟု ပြောလေသည်။

ယခုမှ ရှောင်ကျင်း၏တစ်ကိုယ်လုံး ဒဏ်ရာဗလပွရှိထားသည်ကို စန်းကိုး သတိပြုမိလိုက်လေသည်။

"ဦး ... ဘယ်လိုဖြစ်ရတာလဲဗျာ"

သူ မေးလိုက်လေသည်။

ရှောင်ကျင်းက ...

"ငါက ကျားလိုက်ဖမ်းရင်း မင်းနဲ့လူချင်းကွဲသွားတယ်၊ ကျားကို ဖမ်းလို့တော့ မရဘူး၊ မင်းကို မတွေ့ရတဲ့အဆုံးမှာ သမင်တစ်ကောင်ဖမ်းပြီး ပြန်လာခဲ့တာ တောင်ခြေကိုလည်း ရောက်"

စန်းကိုးက ...

"တောင်ခြေမှာ ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးတွေနဲ့ တွေ့ခဲ့ရတာပေါ့"

"လူဆိုးတွေ"

"ဟုတ်တယ်၊ တစ်ချိန်က မင်းကို လိုက်ဖမ်းခဲ့တဲ့ လူဆိုးတွေပေါ့"

'တောက်'

စန်းကိုး မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။ ရှောင်ကျင်းက ...

"ဒီတစ်ခါ သူတို့က လူအင်အားများတယ်၊ အားလုံး ဆယ်ယောက်လောက်ရှိတယ်၊ ငါ့ကို ဝိုင်းတိုက်တော့ ငါကလည်း ပြန်တိုက်တာပေါ့၊ တိုက်ပွဲ အတော်ပြင်းထန်တယ်၊ သူတို့ဘက်က ခြောက်ယောက်လောက်သေသွားတယ်၊ ငါလည်း မင်းမြင်တဲ့အတိုင်း ခံလိုက်ရတာပဲ"

စန်းကိုး ရင်လေးသွားလေသည်။

လူဆိုးများသည် သိုင်းကျမ်းအတွက် အခဲမကျေဖြစ်ကာ ဒုတိယအကြိမ် လာရောက်ကြခြင်း ဖြစ်လေသည်။

တတိယအကြိမ် မလာဘဲမနေဟု မပြောနိုင်ပါချေ။ တတိယအကြိမ်ရောက်လာပါမူ ရှောင်ကျင်းက ...



"သည်နေရာဟာ မင်းအတွက် မလုံခြုံနိုင်တော့ဘူး"

ဟု ပြောလေသည်။

စန်းကိုးက ...

"ဦး ... ကျွန်တော်တို့ ဒီနေရာက ထွက်သွားကြတာပေါ့"

ရှောင်ကျင်းက ...

"ငါ့ကိုထားခဲ့စမ်းပါ"

"ဟာ ... ဦးကို ထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဦး သက်သာသွားအောင် ဆေးကုရဦးမှာပဲ"

"စန်းကိုး ... မင်းသာ သွားပါတော့"

"ကျွန်တော် မသွားဘူး"

"မင်း"

စန်းကိုးက တည်ကြည်သောမျက်နှာထားဖြင့် ...

"ဦးဆီမှာ ဆေးဖက်ဝင်တဲ့ ဆေးမြစ်တွေ ရှိနေတာပဲ၊ ကျွန်တော် ကျိုချက်ပြီး တိုက်ကျွေးပါ့မယ်"

ဟု ပြောလိုက်သည်။

ထို့နောက် ပရဆေးမြစ်များယူကာ ကျိုချက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း ဘာမှမပြောတော့ပါ။

စန်းကိုးက ရှောင်ကျင်းအား ဂရုတစိုက် ပြုစုလိုက်လေသည်။

သို့သော် ... ယခုတစ်ကြိမ်တွင် ရှောင်ကျင်း၏ဝေဒနာ ပျောက်ကင်းသွားအောင် ပြုစုပေးနိုင်ခြင်း မရှိခဲ့ပါချေ။

ရှောင်ကျင်း၏အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာလေတော့သည်။

✵

ရှောင်ကျင်း၏တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူလောင်နေပါသည်။

ခန္ဓာကိုယ်ပေါ်၌ ရထားသော ဒဏ်ရာများသည်လည်း ပြည်တည်ကာ ယောင်ယမ်းနေ၏။

စန်းကိုးက ပြုစုပေးသော်လည်း သက်သာလာခြင်းမရှိသဖြင့် စိတ်မကောင်းဖြစ်မိလေသည်။

အိပ်ရာထက်၌လဲကာ ညည်း တွားနေသော ရှောင်ကျင်းကို



ကြည့်ရင်း ...

"ငါ ဘာလုပ်ရမလဲ"

ဟု တွေးနေလေသည်။

ရုတ်တရက် သူ့အား အတွင်းအား တိုးစေသည့်ဆေး တိုက်ကျွေးခဲ့သည့် "ချင်းဟုန်" အား သတိရလာလေသည်။

ချင်းဟုန်သည် ရှောင်ကျင်းအား ဆေးကုပေးနိုင်လိမ့်မည်ဟု ယုံကြည်လာလေသည်။ ထို့ကြောင့် ...

"ဦး ဘာမှမပူပါနဲ့၊ ဦးရဲ့ဝေဒနာ သက်သာပျောက်ကင်းသွားအောင် ကျွန်တော်ကြိုးစားပေးပါ့မယ်"

ဟု ပြောလိုက်သည်။

သူက ရှောင်ကျင်းအား ချင်းဟုန်ထံသို့ ခေါ်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ရှောင်ကျင်းက မျက်လုံးဖွင့်ကြည့်လာသည်။

"စန်းကိုး မင်းမသွားသေးဘူးလား"

စန်းကိုးက ...

"ဦးရဲ့ဝေဒနာကို ကုသပေးဖို့ လူတစ်ယောက်ဆီကို ကျွန်တော် ခေါ်သွားမလို့"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ...

"မင်းက"

"ကျွန်တော့်ကို ခွန်အားတိုးအောင်လုပ်ပေးခဲ့တဲ့ ချင်းဟုန်ဆိုတဲ့ အဘွားအိုဆီကို ခေါ်သွားရင် ဦးရဲ့ဝေဒနာတွေ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

ရှောင်ကျင်း ပြုံးလိုက်လေသည်။

"ငါ့ရဲ့အခြေအနေကို ငါသိပါတယ်ကွာ၊ ငါလိုက်နိုင်မှာ မဟုတ်ပါဘူး"

"ဦး ဘာမှမပူပါနဲ့၊ ကျွန်တော် ဦးကို ထမ်းခေါ်သွားမှာပါဗျာ"

"ငါ မလိုက်ဘူး"

"ဦး"

"ငါမလိုက်ဘူး၊ ငါက ဒီနေရာမှာပဲ သေသွားမယ်လို့ ဆုံးဖြတ်ထားတယ်"

စန်းကိုး သက်ပြင်းချလိုက်လေသည်။ ရှောင်ကျင်းက ...

"တကယ်လို့ ငါသေသွားရင် ဂူပေါက်ကို အပြင်ဘက်ကနေ ကျောက်တုံးတွေနဲ့ပိတ်ဆို့ပြီး သင်္ဂြိုဟ်ပေးစေချင်ပါတယ်ကွယ်"



စန်းကိုး၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာ၏။ ရှောင်ကျင်းက ...

"ငါက မင်းနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရတာကို ဝမ်းသာပါတယ်"

စန်းကိုး စကားပင်မပြောနိုင်တော့ပါ။ ရှောင်ကျင်းကို ငေးကြည့်နေမိလေသည်။

ရှောင်ကျင်း၏အခြေအနေမှာ တစ်စထက်တစ်စ ဆိုးရွားလာလေသည်။

သူ၏ဘဝ နေဝင်ချိန်သို့ရောက်ရှိနေပြီဟု စန်းကိုး နားလည်လိုက်သောအခါ ...

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

### မီးနတ်ဂိုဏ်း

လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြလေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်၌ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ အစီအရီ ရှိနေကြလေသည်။

စန်းကိုးသည် ဟိုဟိုသည်သည် ငေးမောရင်း လျှောက်လာခဲ့ရာ မြို့လယ်ပိုင်းသို့ ရောက်လာခဲ့လေသည်။

သူက ရွာမပြန်တော့ပါ။

ရှောင်ကျင်းလည်း သေဆုံးသွားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ခြေဦးတည့်ရာ ထွက်လာရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။



စန်းကိုးသည် စားသောက်ဆိုင်များမှ ထွက်ပေါ်လာသော ဟင်းနံ့များကို ရှူရှိုက်ရင်း ဗိုက်ဆာလောင်လာလေသည်။

ရှောင်ကျင်း မသေမီ ပေးသွားသော ငွေအချို့ သူ့ထံ၌ ရှိနေပါသည်။

ထို့ကြောင့် လောလောဆယ်အချိန်တွင် စားရေးသောက်ရေးအတွက် ပူစရာ မလိုအပ်ပါချေ။

စန်းကိုးသည် ဗိုက်ဆာနေပြီဖြစ်၍ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ဆိုင်လုလင်များထံ၌ စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်လေသည်။

တောထဲတောင်ထဲ၌ နေခဲ့ရသည်နှင့် မတူဘဲ စားသောက်ရသည်မှာ အရသာရှိလှပေသည်။ စန်းကိုး အားရပါးရ စားသောက်လိုက်လေသည်။

ထို့နောက် ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးချေလိုက်လေသည်။ သူက ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

"ဟေ့ ... စားစရာတွေ မြန်မြန်ယူလာစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အော်ဝေါက်သံနှင့်အတူ မိန်းကလေးတစ်ယောက် ဆိုင်ထဲဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီးလျှင် ကျစ်ဆံမြီးရှည် နှစ်ချောင်းအား ကျောပေါ်ချထားလေ၏။

အသက် ဆယ့်ခုနစ်နှစ်နှင့် ဆယ့်ရှစ်နှစ်ခန့်သာ ရှိဦးမည်ထင်ရပြီး ချောမောလှပသူလေး ဖြစ်လေသည်။

စန်းကိုးသည် ထိုမိန်းကလေးကိုမြင်လျှင် ငေးငိုင်သွား၏။ လွှက်မသွားဖြစ်တော့ဘဲ ဆက်၍ ထိုင်နေလိုက်မိလေသည်။

မိန်းကလေး၏အသံကြောင့် ဆိုင်လုလင်များ ပျာယာသလဲ ဖြစ်သွားကြပါသည်။

စားသောက်ဖွယ်ရာများကို ချက်ချင်းယူလာပြီး ချပေးကြလေသည်။

မိန်းကလေးကလည်း ခပ်သွက်သွက်ပင် စားသောက်လိုက်လေသည်။

စန်းကိုးက အကဲခတ်ကြည့်ရင်း ...

"သူ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေပြီထင်တယ်"



ဟု ရေရွတ်လိုက်သည်။

ထိုစဉ် မိန်းကလေးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လျက် စန်းကိုးက သူမအား ကြည့်နေသည်ကို သတိပြုမိသွားသည်။ သူမ မျက်မှောင်ကြုတ်သွားသည်။

ချက်ချင်းပင် ထိုင်ရာမှထကာ စန်းကိုးထံသို့ လှမ်းလာလေသည်။

စန်းကိုးအနီးသို့ရောက်လျှင် ခါးထောက်လိုက်ပြီး ...

"ရှင်က ဘာကြောင့် ကျွန်မကို စိုက်ကြည့်နေရတာလဲ၊ ပြောစမ်း"

ဟု ဝေါက်လိုက်သည်။

"ရှင် အခုမှ ဘာ အူကြောင်ကြောင်လုပ်နေတာလဲ၊ ဘာကြောင့် ကျွန်မကို စိုက်ကြည့်နေရတာလဲ ... ပြောစမ်း"

ဟု ထပ်မံ အော်ဝေါက်လိုက်လေသည်။

စန်းကိုးက ...

"မင်းက နတ်သမီးလေးနဲ့ တူလို့ပါ"

ဟု လွှတ်ခနဲ ပြောလိုက်မိလေသည်။

"ဘာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏မျက်နှာလေး နီမြန်းသွားလေသည်။

"ရှင် ရှင်"

သူမသည် စန်းကိုးအား တိုက်ရိုက်ခြင်းတော့ မပြုပါချေ။ နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်လိုက်ပြီး ...

"ရှင် ... သေချင်ပြီထင်တယ်"

ဟု ဝေါက်လိုက်သည်။

စန်းကိုးက ...

"ကျုပ် တကယ်ပြောတာပါဗျာ"

"ရှင် နော်"

"ကျုပ်"

"တော်ပြီ ... ရှင့်ပါးစပ် ပိတ်ထားလိုက်ပေတော့"

စန်းကိုး ပါးစပ်ပိတ်ထားလိုက်လေသည်။

မိန်းကလေးက ...

"တစ်ယောက်လာစမ်း"

ဆိုင်လုလင်တစ်ယောက်ကို ခေါ်လိုက်လျှင် ဆိုင်လုလင်တစ်ယောက် အပြေးအလွှား ရောက်ရှိလာလေသည်။

မိန်းကလေးက ...



"ရော့ ... ပိုတာ ပြန်မအမ်းနဲ့"

စားသောက်ခ ကျသင့်ငွေအဖြစ် ငွေတုံးကလေးတစ်တုံး ပစ်ပေးလိုက်သည်။

တစ်ဖန် စန်းကိုးအား မျက်စောင်းထိုးကာ ကြည့်လိုက်ပြီး ခြေသံပြင်းပြင်းနင်းကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

✵

စန်းကိုးသည် မင်းလမ်းမကြီးပေါ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

လမ်းပေါ်၌ အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများက ဥဒဟိုသွားလာနေကြဆဲ။

စန်းကိုးက ဟိုဟိုသည်သည်ကြည့်ကာ လျှောက်လာရင်း တစ်နေရာသို့အရောက်တွင် ...

"ကယ်တော်မူကြပါ"

အထိတ်တလန့် အော်ဟစ်သံနှင့်အတူ လူအများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုး ခြေလှမ်းရပ်သွားလေသည်။

"ဘာဖြစ်တာပါလိမ့်"

ဟု တွေးကာ လှမ်းကြည့်လိုက်သည်။

ထိုအခါ ... ဝတ်စုံနက်သုံးယောက်က မိန်းကလေးတစ်ယောက်အား ထမ်းပိုးကာ ပြေးလွှားလာနေကြသည်ကို တွေ့ရလေသည်။

ထိုလူများသည် စန်းကိုးထံသို့ တန်းတန်းမတ်မတ် ပြေးလာသကဲ့သို့ ရှိနေပါသည်။

စန်းကိုး ရင်ထိတ်သွားပြီး ကပျာကယာ ရှောင်တိမ်းပေးလိုက်၏။

ထိုလူများက ...

"မသေချင်ရင် ဘေးဖယ်လိုက်စမ်း"

ဟု အော်ငေါက်လိုက်ကြပြီး လမ်းကြားတစ်ခုအတွင်းသို့ ပြေးဝင်သွားကြလေသည်။

"မပြေးနဲ့"

"ဖမ်းထားလိုက်"

"လိုက်ကြဟေ့"



အသံပေးသံများနှင့်အတူ လူတစ်စုက ပြေးလိုက်လာကြသည်။

ထိုလူစုသည် စန်းကိုးအနီးမှဖြတ်ကာ လမ်းကြားအတွင်းသို့ ပြေးဝင်သွားကြလေသည်။

စန်းကိုး ခေါင်းကုတ်လိုက်သည်။

ထိုစဉ် လူရိပ်တစ်ခုသည် သူ၏အနီးသို့ ရိပ်ခနဲ ရောက်ရှိလာသည်ကို တွေ့လိုက်ရပြီး ...

'ဖြန်း'

မြည်သံတစ်ချက်နှင့်အတူ စန်းကိုး၏ပါးပြင်တစ်ဖက်မှာ ထူပူသွားလေတော့သည်။

စန်းကိုး ရင်ထိတ်ကာ ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

နာကျင်သွားသော ပါးပြင်ကို လက်ဝါးဖြင့် ပွတ်လိုက်လေသည်။

"ဘယ်လိုဖြစ်တာလဲ"

ဟု ရေရွတ်ကာ ပါးပြင်ရိုက်ချလိုက်သူကို ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

"ဟင် ... မင်း မင်း"

အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးအား တွေ့လိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုမိန်းကလေးမှာ စားသောက်ဆိုင်၌ တွေ့ခဲ့ရပြီး သူ့အား ရန်တွေ့သွားသော မိန်းကလေးပင် ဖြစ်နေပါသည်။

ထိုမိန်းကလေးက ...

"ရှင် တော်တော် အသုံးမကျတဲ့လူပဲ"

ဟု ငေါက်လိုက်လေသည်။ စန်းကိုး မကျေမနပ် ဖြစ်သွားလေသည်။

"မင်းက ကျုပ်ကို ဘာကြောင့် ပါးရိုက်ရတာလဲ"

ဟု မေးလိုက်သေလည်း။

မိန်းကလေးက ...

"ရှင် အသုံးမကျလို့ပေါ့"

"ဘာဗျ ... ကျုပ်က ဘာကြောင့် အသုံးမကျရမှာလဲ၊ ကျုပ်ဟာ ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးဘဲ ကိုယ့်လမ်းကိုယ်သွားနေတာ မင်းက ကျုပ်ကို မတရားပါးရိုက်ခဲ့တာ ကျုပ် မကျေနပ်ဘူး"



မိန်းကလေးက ခါးထောက်လိုက်သည်။

"ရှင် ... မကျေနပ်တော့ကော ကျွန်မက ဂရုစိုက်ရမှာလား"

စန်းကိုး မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

"ဟင်း ... ဟင်း"

မိန်းကလေးက ...

"မိန်းကလေးတစ်ယောက် လူဆိုးတွေ ဖမ်းသွားကြတာကို ရှင်က လက်ပိုက်ကြည့်နေခဲ့တာပဲ မဟုတ်လား။ တကယ်ဆိုရင် လမ်းပိတ်ပြီး တားဆီးသင့်တာပေါ့။ ရှင်သာ ဟန့်တားမယ်ဆိုရင် လူဆိုးတွေ ထွက်ပြေးလို့ ဘယ်ရပ့်မလဲ"

စန်းကိုးက ...

"ကျုပ်"

"ရှင် တော်တော်အသုံးမကျတဲ့လူ"

မိန်းကလေးသည် စန်းကိုးအား လုံးဝ ဂရုမစိုက်တော့ဘဲ လမ်းကြားထဲသို့ ပြေးဝင်သွားလေသည်။

စန်းကိုး ခံပြင်းသွားသည်။

သူ့အား တာဝန်မဲ့သူ၊ အသုံးမကျသူဟု ပြောသည်ကို မခံနိုင်အောင် ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

"ကျုပ် အသုံးမကျတဲ့လူတစ်ယောက် မဟုတ်ဘူး"

ဟု စိတ်ထဲမှ ရေရွတ်ကာ မိန်းကလေးနောက်သို့ ပြေးလိုက်သွားလေတော့သည်။

✵

လမ်းကြားလေးအတွင်း၌ ရုတ်ရုတ်သဲသဲဖြစ်နေ၏။ စန်းကိုး ပြေးလိုက်သွားချိန်၌ ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေ၏။

ထို့နောက် ...

"ပြေး ... ပြေး"



အော်ပြောသံများနှင့်အတူ လူတစ်စု ပြန်လည်ပြေးလာကြသည်ကို တွေ့ရလေသည်။

ထိုလူများ ပြေးလာခြင်းကြောင့် စန်းကိုး ကပျာကယာ ရှောင်တိမ်းပေးလိုက်ရလေသည်။

ရှောင်မပေးလျှင် သူ့အား ဝင်တိုက်လိမ့်မည် ဖြစ်လေသည်။

စန်းကိုး ရှောင်တိမ်းကာ လှမ်းကြည့်လိုက်လျှင် လမ်းပေါ်၌ လဲကျနေသူအချို့အား တွေ့လိုက်ရလေသည်။

စန်းကိုးက ကပျာကယာ ပြေးသွားလိုက်၏။

လဲကျနေသူများကား သွေးသံရဲရဲဖြင့် အသက်ပျောက်နေကြပြီ ဖြစ်လေသည်။

အနက်ရောင် ဝတ်ထားသော မိန်းကလေးက အခြေအနေကို စစ်ဆေးကြည့်နေသည်ကို တွေ့ရလေသည်။

စန်းကိုးအနီးသို့ရောက်သွားသောအခါ ...

"ရှင် အသုံးမကျလို့ သည်မှာ ခံလိုက်ကြရပြီ"

စန်းကိုး မျက်လုံးပြူးသွားသည်။

"ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ...

"ရှင်က"

သူမစကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။ သူမသည် စန်းကိုးအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

"အင်းလေ ... ရှင်က ဟန့်တားလိုက်ရင် ရှင့်လည်း သေသွားမှာပဲ"

ဟု ပြောလေသည်။

စန်းကိုး မကျေမနပ်ဖြစ်သွားသည်။

"ကျုပ် ဘာကြောင့်သေရမှာလဲ"

"သြော် ... ရှင်က သူ့ရဲ့ကောင်းကြီးတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေတာပေါ့လေ"

မိန်းကလေးက ခါးထောက်ပြီး ရန်တွေ့လိုက်လေသည်။ စန်းကိုး ပိုပြီး ခံပြင်းသွားသည်။

"လူဆိုးတွေက မိန်းကလေးတစ်ယောက်ကို အဓမ္မဖမ်းဆီးသွားတယ်ဆိုတာ သိခဲ့ရင် ကျုပ်က ဘာကြောင့် လက်ပိုက်ကြည့်နေမှာလဲ၊ ဖြစ်တဲ့နည်းနဲ့ ဟန့်တားမှာပေါ့"



ဟု ပြောလိုက်သည်။ မိန်းကလေး နှာခေါင်းရှုံ့လိုက်လေသည်။

"ဒါဆို ရှင်သေသွားမှာပေါ့၊ ဟိုလူတွေကိုကြည့်ပါလား"

မြေပေါ်၌ လဲကျသေဆုံးနေသူများအား ညွှန်ပြကာ ပြောလိုက်၏။ စန်းကိုးက ...

"ကျုပ် မကြောက်သေးပါဘူးဗျာ"

မိန်းကလေးက ...

"ရှင် တကယ်ပဲ မကြောက်ဘူး ... ဟုတ်လား"

"ဘာဖြစ်လို့ ကြောက်ရမှာလဲ"

"ဒါဖြင့် ရှင်က သူတို့နဲ့ ရင်ဆိုင်ရဲသလား"

"သိပ် ရင်ဆိုင်ရဲတာပေါ့"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ကျွန်မနောက်ကိုလိုက်ခဲ့"

ဟုပြောကာ ပြေးထွက်သွား၏။ စန်းကိုးလည်း လိုက်ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် တစ်လမ်းဝင်တစ်လမ်းထွက်သွားနေ၏။ စန်းကိုးက လိုက်သွားသည်။

သို့ဖြင့် တစ်နေ့တာအချိန်သည် ကုန်မှန်းမသိ ကုန်ဆုံးသွားလေသည်။

ညနေစောင်းအချိန်သို့ ရောက်လာသောအခါ စန်းကိုး မနေနိုင်တော့ပါချေ။ မည်သည့်နေရာသို့ သွားမည်နည်းဟု လှမ်းမေးမြန်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် မိန်းကလေးက ခြေလှမ်းရပ်ကာ ဟိုဟိုသည်သည် ကြည့်လိုက်ပြီး စားသောက်ဆိုင်တစ်ဆိုင်တွင်းသို့ လှမ်းဝင်လိုက်လေ၏။

စန်းကိုးလည်း လိုက်သွားလေသည်။

ထိုစားသောက်ဆိုင်မှာ တည်းခိုခန်းနှင့် တွဲဖက်ဖွင့်လှစ်ထားသော ဆိုင်ဖြစ်လေသည်။

ဆိုင်အပြင်အဆင်မှာ ခမ်းနားထည်ဝါမှု လုံးဝမရှိဘဲ ညစ်ပေပေ မှုန်ကုပ်ကုပ်ဖြစ်နေလေသည်။

ဆိုင်ထဲသို့ လူဝင်လူထွက်ရှိသော်လည်း စန်းကိုးတို့ ရောက်ရှိ



သွားသောအခါ စားသောက်သူတစ်ယောက်စ နှစ်ယောက်စမျှသာ ရှိနေသည်ကို တွေ့ရလေသည်။

မိန်းကလေးနှင့် စန်းကိုးတို့သည် စားပွဲတစ်လုံး၌ နေရာယူလိုက်ကြလေသည်။

စန်းကိုးကပင် ဦးဆောင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။ စားသောက်ဖွယ်ရာများ ရောက်လာလျှင် ...

"ကဲ ... စားလိုက်ပါရှင်"

ဟု မိန်းကလေးက ပြောလေသည်။

စန်းကိုးသည် မိန်းကလေးနောက်သို့ တစ်နေ့လုံးတကောက်ကောက်လိုက်ခဲ့ရသဖြင့် ဗိုက်ပြန်ဆာနေပြီဖြစ်လေသည်။

ထို့ကြောင့် ဘာမှမပြောဘဲ စား သောက်လိုက်လေသည်။

မိန်းကလေးကလည်း စားသောက်ရင်း ...

"ဒီဆိုင်ကို ရှင်ဘယ်လိုမြင်သလဲ"

ဟု မေးလေသည်။ စန်းကိုးက ...

"ကျုပ်က"

"ဆိုင်ထဲကို ဝင်လာတဲ့သူတွေ ရှိတယ်၊ ဒါပေမဲ့ စားသောက်ခန်းမှာ လူမရှိသလောက် ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က တည်းခိုနေသူတွေ မဖြစ်နိုင်ဘူးလား"

မိန်းကလေးက ...

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ တည်းခိုမယ့်သူဆိုရင် အထုပ်အပိုး ပါလာရမယ် မဟုတ်လား"

စန်းကိုးက ...

"ဒါလည်း ဟုတ်တာပဲ"

မိန်းကလေးက ...

"ဒီဆိုင်မှာ ထူးခြားမှုတစ်ခုခုတော့ ရှိလိမ့်မယ်"

ထိုစဉ် ဝတ်ကောင်းစားလှ ဝတ်ထားသူနှစ်ယောက် ဆိုင်ထဲ ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်သည် တည်းခိုခန်းများရှိသောအပေါ်ထပ်သို့ တက်သွားခြင်းမရှိဘဲ ဆိုင်နောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့ရလေသည်။

မိန်းကလေး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

"ကျွန်မ ထင်တဲ့အတိုင်း မှန်နေပြီ"

ဟု ရေရွတ်လိုက်လေသည်။



စန်းကိုးက ...

"မင်းက ဘာတွေထင်နေလို့လဲ"

ဟု မေးလိုက်သည်။

မိန်းကလေးက ...

"ဒီဆိုင်ထဲကို ဝင်လာကြတဲ့လူတွေဟာ အနောက်ဘက်ကို ဝင်သွားကြလို့သာ စားသောက်ခန်းထဲမှာ လူရှင်းနေတာပဲ"

စန်းကိုးက ...

"သူတို့က နောက်ဘက်ကို ဝင်သွားတာ ဘာဖြစ်လို့လဲ"

ထိုအချိန်မှာပင် ဆိုင်အနောက်ဘက်မှ လူသုံးယောက် ထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူသုံးယောက်သည် အကြီးအကျယ် စိတ်ဓာတ်ကျနေဟန်ဖြင့် ခေါင်းငိုက်စိုက်ချကာ ထွက်လာကြခြင်း ဖြစ်လေသည်။

ထိုလူသုံးယောက် ထွက်သွားပြီး မရှေးမနှောင်းမှာပင် လူတစ်ယောက် ထွက်လာပြန်သည်။

ထိုလူသည်ကား မျက်နှာတစ်ခုလုံး ပြုံးရွှင်နေလေသည်။ သူ၏လက်ထဲ၌ ငွေစက္ကူများ ကိုင်ဆောင်ထားရင်း ရေတွက်ကာ ထွက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ...

"လက်စသတ်တော့ အနောက်ဘက်မှာ လောင်းကစားဝိုင်း ရှိနေတာကိုး၊ ကောင်းတယ် ... မီးနတ်ဂိုဏ်းအကြောင်းစုံစမ်းဖို့ သဲလွန်စတော့ ရပြီ၊ ကျွန်မတို့ ဒီဆိုင်ထဲဝင်လာတာ မှန်သွားပြီပေါ့"

ဟု အားရကျေနပ်စွာ ပြောလေသည်။

စန်းကိုးက ...

"မီးနတ်ဂိုဏ်း ... ဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်လေ၊ သည်နယ်တစ်ဝိုက်မှာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ မီးနတ်ဂိုဏ်းအကြောင်း ရှင်မကြားဖူးသေးဘူးလား"

စန်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... မကြားဖူးဘူး"

"ရှင် တော်တော်ညံ့တာပဲ"

စန်းကိုး ပါးစပ်ပိတ်ထားလိုက်လေသည်။ မိန်းကလေးက...

"မီးနတ်ဂိုဏ်းဟာ အယူသီးတဲ့ဂိုဏ်းတစ်ခုပဲ၊ သူတို့ဟာ ဘာသာတရားမဲ့တဲ့ လူတွေဖြစ်တယ်၊ မီးနတ်ရုပ်တုကို ကိုးကွယ်ကြတယ်၊ မိန်းကလေးတွေကို ယဇ်ပူဇော်ရာမှာ အသုံးပြုကြတယ်"



စန်းကိုးက ...

"ဟာ ... အဓိပ္ပာယ် မရှိလိုက်တာ"

မိန်းကလေးက ...

"ဒါကြောင့် သက်ဆိုင်ရာ အာဏာပိုင်တွေကရော၊ သိုင်းလောကသားတွေကရော ဒေသခံတွေကပါ မီးနတ်ဂိုဏ်းကို ချေမှုန်းပစ်ချင်နေကြတာရှင့်"

စန်းကိုး ထောက်ခံလိုက်လေသည်။

"ဒါ မှန်တာပဲ၊ မီးနတ်ဂိုဏ်းလို အယူသီးတဲ့ဂိုဏ်းကို ချေမှုန်းပစ်ရမှာပေါ့"

မိန်းကလေးက ပြုံးလိုက်လေသည်။

"ဒီလိုဆိုတော့လည်း ရှင့်စိတ်ထားက ဘယ်ဆိုးလို့လဲ၊ ရှင့်"

"ဗျာ"

"ရှင်က မတရားတာကို ရွံမုန်းတတ်တာပဲလို့ ပြောတာပါ"

"မတရားတာလုပ်မှတော့ ဘယ်သူက ကြိုက်မှာလဲဗျာ"

"မကောင်းတာလုပ်ရမှ ကျေနပ်သူတွေလည်း ရှိနေကြသေးတယ်ရှင့်"

စန်းကိုးက ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူတွေကို ဆုံးမပေးရမှာပေါ့ဗျာ"

မိန်းကလေးက ...

"ရှင် တကယ်ပြောတာလား"

"တကယ် ပြောတာပေါ့"

"ဒါဖြင့် ရှင်က မီးနတ်ဂိုဏ်းကို ဖြိုခွင်းတဲ့နေရာမှာ ပါဝင်မလား"

"ကျုပ် ပါဝင်ပါ့မယ်ဗျာ"

မိန်းကလေးက ...

"မီးနတ်ဂိုဏ်းဟာ လျှို့ဝှက်တယ်၊ သိုင်းသမားတချို့ ပါဝင်ပတ်သက်နေတယ်၊ တကယ်လို့ သူတို့လက်ချက်နဲ့ ရှင်သေသွားရမယ်ဆိုရင်ကော"

စန်းကိုး ရင်ကော့လိုက်သည်။

"ကျုပ်က သေရမှာ မကြောက်ပါဘူးဗျာ"

မိန်းကလေး သဘောကျသွားလေသည်။

"ကျွန်မနာမည် ချူးလျှံလို့ခေါ်တယ်၊ ရှင့်နာမည်ကကော"

ဟု မေးလေသည်။ စန်းကိုး က သူ၏နာမည်ကို ပြောပြလိုက်လေသည်။



မိန်းကလေး (ဝါ) ချူးလျှံက ...

"မီးနတ်ဂိုဏ်းဟာ ရှေးဟောင်းနတ်ကို ကိုးကွယ်သူတွေက တစ်ဆင့် ဆင်းသက်လာတဲ့ မျိုးနွယ်စုတွေနဲ့ ဖွဲ့စည်းထားတာပဲ၊ ခေတ်တွေ အလီလီပြောင်းလဲလာခဲ့ပေမယ့် သူတို့ရဲ့အယူသီးမှုက ပျောက်ကွယ်မသွားခဲ့သေးဘူး၊ သူတို့ဟာ မကောင်းမှုဒုစရိုက်လုပ်ငန်းတွေ လုပ်ကိုင်ပြီး စီးပွားရှာကြတယ်၊ ချမ်းသာလာကြတယ်၊ ငွေကြေးကို အသုံးပြုပြီး သိုင်းသမားဆိုးတွေကို ငှားရမ်းထားကြတယ်၊ ယဇ်ကောင်အဖြစ် အပျိုစင်မိန်းကလေးတွေကို ဖမ်းဆီးခိုင်းတယ်"

စန်းကိုးမှာ မီးနတ်ဂိုဏ်း၏အကြောင်းကို တဖြည်းဖြည်းနားလည်သဘောပေါက်လာလေသည်။ ချူးလျှံက ...

"ဝတ်ရုံနက်သုံးယောက်က မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်သွားကြတာကို ရှင် တွေ့လိုက်တယ်မဟုတ်လား"

စန်းကိုးက ...

"ဟုတ်တယ် ... တွေ့လိုက်တယ်"

ချူးလျှံက ...

"အဲဒီလူတွေဟာ မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးပြီး မီးနတ်ဂိုဏ်းမှာသွားပြီး ရောင်းစားဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... တော်တော် ရက်စက်တဲ့လူတွေပဲ"

စန်းကိုးက မကျေမနပ်ဖြင့် တောက်ခေါက်လိုက်လေသည်။

ချူးလျှံက ...

"ကျွန်မတို့ ခြေရာခံလိုက်ကြပြီ၊ ကဲ ...လာ ... အနောက်ဘက်ကို ဝင်သွားကြရအောင်"

"ကောင်းပြီ"

စန်းကိုးက ချက်ချင်း သဘောတူလိုက်လေသည်။ ထိုင်ရာမှ ထကာ ချူးလျှံနောက်သို့ လိုက်ပါသွားလေတော့သည်။

❁

စကြ်ာလမ်းကလေးကို ချိုးကွေ့လိုက်သည်နှင့် အဆောင်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

အဆောင်ရှေ့၌ လူသန်ကြီးနှစ်ယောက် ရပ်နေကြ၏။

စန်းကိုးတို့ လှမ်းသွားလိုက်ကြသောအခါ ...

"ရပ်လိုက်စမ်း"

လမ်းပိတ်ဟန့်တားလိုက်လေသည်။



ချူးလျှံက ...

"ကျွန်မတို့ လောင်းကစားဖို့ လာခဲ့ကြတာပါရှင်"

ဟုပြောလိုက်လေသည်။ လူသန်ကြီးတစ်ယောက်က ...

"မင်းတို့မှာ ငွေပါရဲ့လား"

ဟု မေးလေသည်။ ချူးလျှံက ...

"ပါပါတယ်ရှင်"

ငွေလွှဲလက်မှတ်တစ်ထပ်ကို ထုတ်ပြလိုက်လေသည်။

လူသန်ကြီး ကျေနပ်သွားသည်။

"ကောင်းပြီ ... ကျုပ်တို့ကို ဝင်ကြေးပေးပြီး ဝင်နိုင်ပါပြီ"

"ရပါတယ်ရှင်"

ချူးလျှံက တစ်ထောင်တန်ငွေလွှဲလက်မှတ်တစ်စောင်အား ပေးလိုက်လျှင် လူသန်ကြီးများ ရိုရိုသေသေ ဖြစ်သွားကြလေသည်။

"အစ်မလေး အထဲကိုကြွပါ"

လမ်းဖွင့်ပေးလိုက်ကြသည်။

ချူးလျှံနှင့်စန်းကိုးတို့က အဆောင်ထဲသို့ လှမ်းဝင်လိုက်ကြလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## ငွေသာလျှင်

သီးသန့်အဆောင် ...။

သီးသန့်အဆောင်တွင်း၌ လူစည်ကားလျက် ရှိလေသည်။ ဆူဆူညံညံအသံများလည်း ထွက်ပေါ်နေ၏။ လောင်းကစားဝိုင်းများ အစီအရီ ရှိနေသည်။

စန်းကိုးက ...

"မင်း သိပ်တော်တယ်"

ဟု ပြောလိုက်လေသည်။

ချူးလျှံ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ရှင် ဘာပြောတာလဲ"

"ဩော် ... ဆိုင်နောက်ဘက်မှာ လောင်းကစားဝိုင်းရှိနေ



တာကို မင်းက မမြင်ရဘဲ ခန့်မှန်းနိုင်ခဲ့တယ်လေ"

ချူးလျှံ ပြုံးလိုက်လေသည်။

သူမ တစ်ချက်ငေးကြည့်လိုက်ပြီး ...

"ကျွန်မနောက်ကို လိုက်ခဲ့"

ဟုပြောကာ လောင်းကစားဝိုင်းဆီသို့ ခေါ်သွား၏။ စန်းကိုးက လိုက်သွား၏။

သူတို့ ရောက်သွားချိန်တွင် လောင်းကစားသမားတစ်ယောက် ငွေကုန်သွားသဖြင့် နေရာလစ်လပ်သွားရာ သူမက ဝင်ကစားလိုက်လေသည်။

စန်းကိုးမှာ လောင်းကစားမတတ်သဖြင့် နံဘေးမှ ကြည့်နေရလေသည်။

ချူးလျှံက လောင်းကစားမှုကို ကျွမ်းကျင်၍လော၊ ကံကောင်း၍လော မဆိုနိုင်ပါချေ။ ပွဲတိုင်း ဆက်တိုက်အနိုင်ရလေရာ တစ်ခဏအတွင်းမှာပင် သူမ၏ရှေ့၌ ငွေပုံကြီး ဖြစ်သွားလေတော့သည်။

အခြားထိုးသားများ ရှုံးသွားသလို ဒိုင်လုပ်သူမှာလည်း အရှုံးကြီး ရှုံးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ချူးလျှံအား အလျှော်ပေးစရာ ငွေပင်မရှိတော့အောင် ဖြစ်သွားလေသည်။

အခြေအနေမဟန်လျှင် လောင်းကစားဝိုင်းပိုင်ရှင် ရောက်ရှိလာလေသည်။

ပိုင်ရှင်မှာ ... ကုန်သည်ပွဲစားနှင့်တူသော လူဝကြီးတစ်ယောက် ဖြစ်လေသည်။ လူဝကြီးက ချူးလျှံအား ပြုံးပြရင်း ...

"ဒီကနေ့ မိန်းကလေး အတော်ကံကောင်းတာပဲ"

ဟု ပြောလေသည်။ ချူးလျှံက ...

"ကျွန်မက ရည်ရွယ်ချက်တစ်ခုနဲ့ လောင်းကစားခဲ့တာကြောင့် အခုလို အနိုင်ရခဲ့တာပါရှင်"

လူဝကြီးက ...

"မိန်းကလေးမှာ ဘယ်လိုရည်ရွယ်ချက်များ ရှိနေလို့လဲ"

ချူးလျှံက ...

"ကျွန်မက သတင်းကောင်းတစ်ခုကို ဝယ်မလို့၊ ငွေကို ထိုက်ထိုက်တန်တန် ပေးချင်တယ်၊ ကျွန်မ့လိုချင်တဲ့သတင်းကို ဝယ်နိုင်အောင် လောင်းကစားဝိုင်းမှာ အနိုင်ရမှ ဖြစ်မယ်ဆိုတာပါပဲရှင်"

လူဝကြီး မျက်မှောင်ကြုတ်သွားသည်။



"မိန်းကလေးက ဘယ်လိုသတင်းမျိုး ဝယ်ချင်လို့လဲ"

ချူးလျှံသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး

"ကျွန်မတို့ အေးအေးဆေးဆေး စကားပြောကြရင် မကောင်းဘူးလားရှင်"

လူဝကြီး သဘောတူလိုက်သည်။

"ကောင်းပြီ ... ကျုပ်နောက်လိုက်ခဲ့ပါ"

ချူးလျှံနှင့် စန်းကိုးတို့သည် လူဝကြီးနောက်သို့ လိုက်ပါသွားကြလေတော့သည်။

✵

သီးသန့်အခန်း ...။

သီးသန့်အခန်းအတွင်း၌ လူဝကြီးနှင့် သူ၏သက်တော်စောင့် နှစ်ယောက်သာ ရှိလေသည်။ လူဝကြီးသည် ချူးလျှံနှင့်စန်းကိုးတို့အား နေရာထိုင်ခင်းပေးလိုက်ပြီး ...

"ဒီနေရာမှာ ဘယ်လိုကိစ္စမျိုးကိုမဆို လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချူးလွှံက …

"ကျွန်မက မိးနတ်ဂိုဏ်းရဲ့သတင်းကို သိချင်တယ်"

ထိုစကားကြားလျှင် လူဝကြီး မျက်နှာပျက်သွားလေ၏။

"မိးနတ်ဂိုဏ်း … ဟုတ်လား"

ချူးလွှံက …

"ဟုတ်ပါတယ်ရှင်၊ မိးနတ်ဂိုဏ်းအကြောင်းကို သိရမယ်ဆိုရင် ငွေ ဘယ်လောက်ကုန်ကုန် ကျွန်မ မမှုပါဘူး"

လူဝကြီး ခေါင်းခါယမ်းလိုက်သည်။

"မိန်းကလေး ဘာတွေပြောနေတာလဲ … ကျုပ် ဘာမှ နား မလည်ပါလား"

ချူးလွှံက ရယ်မောလိုက်သည်။

"ဒီအရပ်ဒေသမှာ မိးနတ်ဂိုဏ်းအကြောင်းကို လူတိုင်းသိကြပါတယ်၊ ရှင် မသိဘူးဆိုတာ အတော့်ကို ရယ်စရာကောင်းနေပါပြီ"

လူဝကြီး သက်ပြင်းချလိုက်လေသည်။ ချူးလွှံအား စိုက်ကြည့်လိုက်ပြီး …

"မိးနတ်ဂိုဏ်းအကြောင်း စုံစမ်းတာ ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ မိန်းကလေးသိရဲ့လား"



ချူးလွှံက …

"ရှင်လိုချင်သလောက် ပေးနိုင်ပါတယ်"

လူဝကြီး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

"မိန်းကလေး လောင်းကစားဝိုင်းမှာ အနိုင်ရထားတဲ့ငွေတွေ အားလုံး ပေးနိုင်ပါ့မလား"

ချူးလွှံက …

"ရှင့်ရဲ့သတင်းသာ မှန်ပါစေ … ကျွန်မ ပေးပါ့မယ်"

လူဝကြီးက …

"ဒါဆိုရင်တော့ မိးနတ်ဂိုဏ်းအကြောင်းကို မိန်းကလေး သိရပါလိမ့်မယ်"

သူသည် ငွေသာလျှင် အဓိကထားသူတစ်ယောက် ဖြစ်ကြောင်း ထင်ရှားလေသည်။ ငွေရလျှင် မိမိ၏ သွေးသားအရင်းကိုပင် ရောင်းစားဝံ့သူ ဖြစ်လေသည်။

လူဝကြီးက မိးနတ်ဂိုဏ်းအကြောင်း ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ကောင်းကင်ပေါ်တွင် လခြမ်းပဲ့ကလေးသာ ရှိ၏။

ကြယ်ကလေးများက မှိတ်တုတ်မှိတ်တုတ် တောက်ပနေကြသည်။

မသဲမကွဲ ကြယ်ရောင် လရောင်အောက်တွင် စန်းကိုးနှင့်ချူးလျှံတို့သည် အရှေ့စူးစူးသို့ ဦးတည်ကာ ခရီးနှင်နေကြလေသည်။

သူတို့သည် လောင်းကစားဝိုင်းပိုင်ရှင် လူဝကြီးထံမှ မီးနတ်ဂိုဏ်း တည်ရှိသည့်နေရာကို သိခဲ့ရပြီ ဖြစ်လေသည်။

မီးနတ်ဂိုဏ်းသို့ အချိန်မီလိုက်သွားနိုင်မှ အဖမ်းခံထားရသော မိန်းကလေး၏အသက်ကို ကယ်တင်နိုင်လိမ့်မည်ဟု နားလည်ထားကြလေသည်။

နှစ်ယောက်သား ခရီးပြင်းနှင်လာခဲ့ကြရာ ညသန်းခေါင်မတိုင်မီ တောအုပ်တစ်ခုသို့ ရောက်ရှိလာခဲ့ကြလေသည်။

တောအုပ်ထဲသို့ ဝင်လိုက်သည်နှင့် အရှေ့ဘက်၌ မီးရောင်များထွက်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။



စန်းကိုးတို့ စမ်းသာသွားကြလေသည်။ ချူးလျှံက ...

"မြန်မြန်လာ"

စန်းကိုး၏လက်ကိုဆွဲကာ ပြေးသွားလေသည်။

မကြာပါချေ ...။ တောအုပ်အလယ်တွင် ခြံဝင်းကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုခြံဝင်းအတွင်း၌ မီးလင်းနေသော အဆောက်အအုံကြီး တစ်ခု ရှိနေ၏။

အဆောက်အအုံရှေ့တွင် သွားလာလှုပ်ရှားနေသူများကို မီးရောင်ဖြင့် တွေ့မြင်ရလေသည်။

ချူးလျှံနှင့်စန်းကိုးတို့သည် အမှောင်ရိပ်ထဲမှနေ၍ အကဲခတ်ကြည့်လိုက်ကြလေသည်။ ချူးလျှံက ...

"အထဲကိုဝင်ရင် အန္တရာယ်များလိမ့်မယ်၊ ရှင် အပြင်မှာပဲ နေခဲ့ပါ"

စန်းကိုးက ...

"ကိစ္စမရှိပါဘူး ... ကျုပ်လည်း လိုက်ခဲ့မယ်"

"ရှင် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချူးလှျံက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကောင်းပြီလေ ... သွားကြတာပေါ့"

သူတို့သည် အမှောင်ရိပ်များကို အကာအကွယ်ယူပြီး ခြံဝင်း အတွင်းသို့ ဝင်သွားကြလေသည်။

ခြံဝင်းထဲသို့ရောက်သွားလျှင် ဓား လှံ လက်နက်ကိုယ်စီ ဆောင်ထားသော သိုင်းသမားများက စောင့်ကြပ်နေပြီး အနီရောင် ဝတ်ရုံဝတ်ကာ အနီရောင်ခေါင်းစွပ် စွပ်ထားသူများက ဟိုမှသည်မှ ထွက်ပေါ်လာပြီး နှစ်ယောက်တစ်တွဲတွဲကာ အဆောက်အအုံအတွင်း သို့ စီတန်း၍ဝင်သွားနေကြသည်ကို တွေ့လေသည်။ ချူးလှျံက ...

"ရှင် ဒီမှာ ခဏစောင့်နေပါ"

စန်းကိုးအား အမှောင်ရိပ်ထဲ၌ စောင့်ခိုင်းထားပြီး လှစ်ခနဲ ပြေးထွက်သွားလေသည်။

မကြာပါချေ ...။ သူမ ပြန်လည်ရောက်ရှိလာသောအခါ ဝတ်ရုံနီနှစ်ခု ပါလာသည်ကို တွေ့ရလေသည်။

ချူးလှျံက ဝတ်ရုံနီတစ်ထည်အား စန်းကိုးကို လှမ်းပေးလိုက် ပြီး ကျန်တစ်ထည်ကို ဝတ်ဆင်လိုက်လေသည်။

စန်းကိုးကလည်း ကပျာကယာ ဝတ်ဆင်လိုက်သည်။



တစ်ခဏအတွင်းမှာပင် သူတို့နှစ်ယောက်၏အသွင်သဏ္ဌာန် ပြောင်းသွားလေတော့သည်။

သူတို့သည် အခြားသော ဝတ်ရုံနီဝတ်သူများနှင့်အတူ ရော နှောကာ အဆောက်အအုံအတွင်းသို့ ဝင်ရောက်သွားကြလေသည်။

အဆောက်အအုံအတွင်းသို့ ရောက်သောအခါ ကျယ်ဝန်း သော ဧည့်ခန်းကြီးအတွင်း၌ ဝတ်ရုံနီများ တိတ်ဆိတ်ငြိမ်သက်စွာ စုရုံးနေကြသည်ကို တွေ့ရလေသည်။

ခန်းမဆောင်တစ်ဖက်တွင် စင်မြင့်တစ်ခု ရှိလေသည်။

ထိုစင်မြင့်ပေါ်၌ လက်ခြောက်ချောင်းရှိသည့် မီးတုတ်များ ကိုင်ဆောင်ထားသော ကြောက်မက်ဖွယ်ရာ နတ်ရုပ်တုကြီးတစ်ခု ရှိနေ၏။

ထိုနတ်ရုပ်တုကြီးရှေ့တွင် မိန်းကလေးတစ်ယောက်အား ကြိုးများဖြင့် ချည်နှောင်ထားလေသည်။

မိန်းကလေး၏အနီးတွင် ဝတ်ရုံနီနှစ်ယောက်က ဓားရှည် များကိုင်ကာ ရပ်နေကြလေသည်။

စန်းကိုးနှင့်ချူးလှျံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးက ...

"သူတို့ဟာ မိန်းကလေးကို ယဇ်ပူဇော်ကြတော့မယ်"

ချူးလျှံက ...

"ဟုတ်တယ်၊ ကျွန်မက သူ့ကိုဝင်ကယ်မယ်၊ ရှင်က ကျန်တဲ့လူတွေကို ထိန်းထားပါ"

"စိတ်ချ"

စန်းကိုး သဘောတူလိုက်လေသည်။

သူတို့ လှုပ်ရှားရန် ဟန်ပြင်လိုက်ကြစဉ် စင်မြင့်တစ်ဖက်မှ လူတစ်စု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုအား ရွှေရောင်ဝတ်စုံနှင့်လူက ဦးဆောင်လာလေသည်။ ထိုလူကိုမြင်လျှင် ...

"နတ်ထိန်းကြီး သက်တော်ရာကျော် ရှည်ပါစေ"

ဝတ်ရုံနီများက ကြွေးကြော်လိုက်ကြလေသည်။

မီးနတ်ဂိုဏ်းအား ဦးဆောင်သူ ရောက်ရှိလာသည်ဖြစ်၍ စန်းကိုးတို့က အခြေအနေ စောင့်ကြည့်နေလိုက်ကြလေသည်။

ရွှေရောင်ဝတ်စုံနှင့်လူသည် မိန်းကလေးအနီးသို့ လှမ်းသွားလိုက်သည်။



တစ်ဖန် လက်နှစ်ဖက် အပေါ်မြှောက်ကာ စန်းကိုးတို့ နားမလည်နိုင်သော ထူးဆန်းသောစကားများကို ရွတ်ဆိုလိုက်လေသည်။

ထိုလူ၏ရွတ်ဆိုသံအဆုံးတွင် ဝတ်ရုံနီအားလုံးက ဒူးထောက်ချလိုက်ကြလေသည်။ ဤတွင် စန်းကိုးနှင့်ချူးလျှံတို့မှာ မတ်တတ်ရပ်လျက် အထင်းသား ပေါ်လွင်ကျန်ရစ်ခဲ့တော့သည်။

ရွှေရောင်ဝတ်စုံနှင့်လူမှာ ဖမ်းထားသော မိန်းကလေးအား နတ်ရုပ်တုရှေ့တွင် ယဇ်ပူဇော်ရန် အမိန့်ပေးမည်ပြုပြီးမှ အထင်းသားရပ်နေသည့် စန်းကိုးတို့အား တွေ့မြင်သွားရာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟေ့ ... မင်းတို့က ဘယ်သူတွေလဲ"

ဟု မေးလိုက်လေသည်။ ဤတွင် အခြေအနေ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

ချူးလျှံက အခြေအနေမဟန်မှန်းသိလျှင် ...

"ယား"

ဗြသံပေးကာ စင်မြင့်ပေါ်သို့ ခုန်တက်သွားသည်။ ရွှေရောင် ဝတ်ဆင်ထားသူမှာ ချက်ချင်းထွက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လူများက ချူးလျံအား ဆီးကြိုတိုက်ခိုက်ကြလေသည်။ ချူးလျံကလည်း တိုက်ခိုက်လိုက်သည်ဖြစ်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

ရှုးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

ဝတ်ရုံနီများသည် ချူးလျံအား မယှဉ်နိုင်ဘဲ ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ထို့အတူ စန်းကိုးကလည်း လက်လှမ်းမီရာ တိုက်ခိုက်သည် ဖြစ်ရာ ...

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

ခန်းမဆောင်အတွင်း၌ ရှိနေသော ဝတ်ရုံနီများ ကြောက်



လန့်တကြား ထွက်ပြေးသွားကြလေသည်။

မီးနတ်ဂိုဏ်း (ဝါ) မိစ္ဆာဂိုဏ်းသားများမှာ သိုင်းပညာတတ်သူများ မဟုတ်ကြပါ။ သူတို့သည် မကောင်းမှုဖြင့် စီးပွားရှာပြီး ချမ်းသာကြွယ်ဝသူများ ဖြစ်လေသည်။

သူတို့သည် မိစ္ဆာဒိဋ္ဌိအယူဝါဒကို မစွန့်လွှတ်နိုင်ဘဲ ကြေးစား သိုင်းသမားများကို ငှားရမ်းပြီး မိန်းမပျိုလေးများအား ဖမ်းဆီးပြီး ယဇ်ပူဇော်ကြသည်။

သူတို့အား တိုက်ခိုက်မည့်သူများ ပေါ်လာသောအခါ ကြောက်လန့်ပြီး ထွက်ပြေးသွားကြလေတော့သည်။

စန်းကိုးနှင့် ချူးလျံတို့သည် မီးနတ်ဂိုဏ်း၏လုပ်ရပ်များကို ရွံရှာမုန်းတီးနေကြသည့်အလျောက် မီးနတ်ရုပ်တုအား ဖျက်ဆီးပစ်လိုက်ကြလေသည်။

ထို့နောက် အဖမ်းခံထားရသော မိန်းကလေးအား ကယ်တင်ကာ အဆောက်အအုံထဲမှ ထွက်လာခဲ့ကြလေသည်။

သူတို့ ဖျက်ဆီးခဲ့သော မီးနတ်ရုပ်တု ကိုင်ဆောင်ထားသော မီးတုတ်များကြောင့် အဆောက်အအုံကြီးမှာ မီးစွဲလောင်ကာ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးတို့ အပြင်ဘက်သို့ရောက်ရှိလာသောအခါ ကြေးစားသိုင်းသမားများ၏ ဝိုင်းရံထားမှုကို ခံလိုက်ရလေသည်။

ချူးလျှံက ...

"ရှင်တို့ကို ငွေပေးမယ့်လူတွေ မရှိတော့ဘူး၊ ထွက်ပြေးသွားကြပြီ၊ ရှင်တို့ဘာလုပ်နေကြတာလဲ"

ကြေးစားများ တွေဝေသွားကြသည်။

ထို့နောက် အဆောက်အအုံအတွင်းသို့ ပြေးဝင်သွားကြလေသည်။ သူတို့သည် အဖိုးတန်ပစ္စည်းဟူသမျှကို လုယက်ယူငင်ကြတော့မည် ဖြစ်လေသည်။

မီးနတ်ဂိုဏ်းသားများသည် သူတို့မွေးခဲ့သည့်မီး သူတို့အား ပြန်လည်လောင်မြိုက်ခြင်း ခံရတော့မည် ဖြစ်လေသည်။

စန်းကိုးတို့သည် အဖမ်းခံထားရသောမိန်းကလေးအား ကယ်တင်ကာ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

❋ ❋ ❋



## အခန်း (၉)

### ရန်ငြိုး

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီမှာ ထွက်ပေါ်လာပြီ ဖြစ်သည်။

စန်းကိုးနှင့် ချူးလျှံတို့သည် နံနက်စောစောဖွင့်သော လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်၌ ရောက်ရှိနေကြလေသည်။

သူတို့သည် အဖမ်းခံခဲ့ရသော မိန်းကလေးအား အိမ်တိုင်ယာရောက် လိုက်လံပို့ဆောင်ခဲ့ပြီး ဖြစ်လေသည်။

မီးနတ်ဂိုဏ်းနှင့် ကြေးစားသိုင်းသမားများအား ထိရောက်စွာ အရေးယူလိမ့်မည် ဖြစ်သည်။ ချူးလျှံက ...

"မီးနတ်ဂိုဏ်းဟာ ခေါင်းထောင်ရဲတော့မှာ မဟုတ်ဘူး၊ ရှင် ဘယ်ကိုသွားမလဲ ... ရှင့်မှာ အရေးတကြီး သွားစရာမရှိဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ လိုက်ခဲ့ပါလား"

စန်းကိုး စိတ်ဝင်စားသွားသည်။

"မင်းက ဘယ်ကိုသွားမလို့လဲ"

ချူးလျှံက ...

"ကျွန်မက ကျန်းနန်နယ်ကို သွားမလို့ပါရှင်"

ကျန်းနန်နယ်သည် အလွန်သာယာလှသော နယ်တစ်နယ် ဖြစ်လေသည်။

စန်းကိုး ပြုံးလိုက်သည်။

"ကျန်းနန်နယ်ဟာ အလွန်သာယာလှပတဲ့ နယ်တစ်နယ်လို့ ကျုပ် ကြားဖူးခဲ့တာ ကြာပါပြီ၊ ကျန်းနန်နယ်ကို သွားမယ်ဆိုရင်တော့ ကျုပ်လည်း လိုက်ခဲ့ချင်ပါတယ်"

ချူးလျှံက ...

"ဒါဖြင့် ကျွန်မတို့ အတူတူသွားကြတာပေါ့"

ထိုစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ အဘိုးအိုတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုသည် ဟိုဟိုသည်သည်ကြည့်လိုက်ပြီး စန်းကိုးတို့ထံသို့ လှမ်းလာလေ၏။



စန်းကိုးနှင့် ချူးလျှံတို့ အကဲခတ်ကြည့်နေလိုက်သည်။

အဘိုးအိုသည် အနီးသို့ရောက်ရှိလာပြီးလျှင် ...

"မီးနတ်ဂိုဏ်းကို ဖျက်ဆီးခဲ့တာ မင်းတို့နှစ်ယောက်လား"

ဟု မေးလေသည်။ စန်းကိုးက ...

"ဟုတ်ပါတယ်ဗျာ"

ဟုပြောလိုက်သည်။ ချူးလျှံက ...

"ဘာကိစ္စများ ရှိလို့လဲရှင့်"

ဟု မေးလိုက်သည်။ အဘိုးအိုက ...

"မင်းတို့ကို သတိပေးချင်လို့ပါ"

"ဗျာ"

"ဒီနယ်မှာ တိတ်တဆိတ်လှုပ်ရှားနေတဲ့ မီးနတ်ဂိုဏ်းဟာ မကြာမီ ပျက်စီးသွားတော့မှာပါ၊ ဒါပေမဲ့ မင်းတို့ဟာ ပြီးပြတ်အောင် ချေမှုန်းနိုင်ခဲ့ကြတာ မဟုတ်ပါဘူး"

ချူးလျှံက ...

"ဦးက ဘာကိုဆိုလိုတာလဲရှင့်"

အဘိုးအိုက ...

"မီးနတ်ဂိုဏ်းကိုတူထောင်တဲ့ ခေါင်းဆောင် လွတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ် မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မြို့တော်ဝန်က သူ့ကို မိအောင်ဖမ်းမှာပါ"

ချူးလျှံက ပေါ့ပေါ့တန်တန်ပင် ပြောလိုက်လေသည်။ အဘိုးအိုက ...

"မီးနတ်ဂိုဏ်းခေါင်းဆောင် 'မီးတမန်' ဘယ်တော့မှ အဖမ်းခံမှာ မဟုတ်ဘူး၊ သူ့မှာ ငွေတွေ သုံးမကုန်နိုင်အောင် ရှိနေတယ်၊ အဲဒီငွေတွေကို သုံးပြီး မင်းတို့ ဒုက္ခရောက်အောင် လုပ်လိမ့်မယ်"

ချူးလျှံက ရယ်မောလိုက်သည်။

"ကျွန်မ သူ့ကို မကြောက်သေးပါဘူးရှင့်"

အဘိုးအိုက ...

"မိန်းကလေးကို ကျုပ်သတိပေးတာပါ ... သူဟာ ဘယ်လောက်အဆက်အသွယ်ကောင်းသလဲဆိုတာလည်း မိန်းကလေး သိရပါလိမ့်မယ်၊ မိန်းကလေးတို့ သူ့ကိုနှောင့်ယှက်ခဲ့တာ နေ့မကူးသေးပါဘူး၊ ဒါပေမဲ့ သူဟာ မိန်းကလေးရဲ့အကြောင်းကို သိနေပါပြီ"

ချူးလျှံ မျက်မှောင်ကြုတ်သွားလေသည်။

"ကျွန်မအကြောင်းကို သူသိနေပြီ ... ဟုတ်လား"



"ဟုတ်ပါတယ်"

ချူးလျှံက မဲ့ပြုံးပြုံးလိုက်သည်။

"နေပါဦး ... သူက ဘာတွေများ သိနေလဲဆိုတာ ပြောစမ်းပါဦးရှင့်"

အဘိုးအိုသည် တည်ကြည်သော မျက်နှာထားဖြင့် ...

"မိန်းကလေးဟာ ချူးဂေဟာက သခင်မလေးတစ်ယောက်ဖြစ်ပြီး မိဘတွေမသိအောင် သိုင်းလောကထဲကို တိတ်တဆိတ် ထွက်လာခဲ့တယ်ဆိုတာ သူသိထားပါတယ်"

ဟု ပြောလေသည်။

"ဟင်"

ချူးလျှံ အံ့သြသွားလေသည်။ အဘိုးအိုက ...

"မီးတမန်က ချူးဂေဟာကို အချိန်မရွေး ဒုက္ခပေးနိုင်တယ်ဆိုတာ မှတ်ထားပါ"

ချူးလျှံ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မအဖေက အညတရတစ်ယောက်မှ မဟုတ်တာ၊ ဖေဖေ့ကိုဒုက္ခပေးရင် မှားသွားမှာပေါ့၊ မီးတမန် သေချင်နေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ...

"မိန်းကလေးက ဒီလိုမပြောပါနဲ့၊ မီးတမန်ဟာ မိန်းကလေးကို စိတ်ဆိုးနေပေမယ့် အခွင့်အရေးတစ်ခုတော့ ပေးလိုက်ပါတယ်"

"ပြောပါဦးရှင်"

"မိန်းကလေးဟာ မီးတမန်ကို လက်ထပ်ပြီး မီးနတ်သခင်မ လုပ်မယ်ဆိုရင်တော့ အပြစ်တွေအားလုံးကို ခွင့်လွှတ်ပါလိမ့်မယ်"

ချူးလျှံ၏မျက်နှာ နီရဲသွားလေသည်။

"တောက် ... မီးတမန်က တော်တော်စော်ကားပါလား၊ ကျွန်မ သူ့ကို သုတ်သင်ပစ်မယ်လို့ ပြောလိုက်ပါ"

အဘိုးအိုက ...

"မိန်းကလေးဟာ မီးတမန်ရဲ့တောင်းဆိုချက်ကို လက်ခံရပါလိမ့်မယ်"

"ရှင် သေချင်ပြီထင်တယ်"

ချူးလျှံက အော်ငေါက်ရင်း ခုန်ထလိုက်လေသည်။

"ညီမ ခဏနေပါဦး"

စန်းကိုးက ဟန့်တားလိုက်လေသည်။ စန်းကိုးက အဘိုးအိုအား စိုက်ကြည့်လိုက်ပြီး ...



"မီးတမန် သိပ်စွမ်းတယ်ဆိုရင် ကျုပ် ဘယ်သူလဲဆိုတာ သူသိရမှာပေါ့"

ဟု ပြောလိုက်လေသည်။ အဘိုးအို ခေါင်းညိတ်လိုက်သည်။

"မီးတမန်က သိမှာပါ"

စန်းကိုးက ...

"ဒါပေါ့ ... ကျုပ် ဘယ်သူလဲဆိုတာ ပြောစမ်းပါ"

အဘိုးအိုက ...

"မင်းရဲ့အကြောင်းကို သူက ဘာမှမပြောလိုက်ပါဘူး၊ သူက မင်းထက်စာရင် ချူးလျှံကို ပိုပြီးအလိုရှိနေပါတယ်"

ချူးလျှံ ဒေါသမထိန်းနိုင်တော့ဘဲ ...

"မီးတမန်ကို မဆုံးမသေးခင် ရှင့်ကို အရင်ဆုံး ဆုံးမရမှာပေါ့"

စကားဆုံးလျှင် အဘိုးအိုထံ လျှပ်တစ်ပြက် ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။ အဘိုးအိုက ...

"ကျုပ် ပြောစရာစကား ကုန်ပြီမို့ ကျုပ်ကို သွားခွင့်ပြုပါဦး"

စကားဆုံးလျှင် ဆိုင်အပြင်ဘက်သို့ ခုန်ထွက်သွားသည်။

"မပြေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးနှင့်ချူးလှျံတို့ အော်ငေါက်ကာ ပြေးလိုက်သွားကြချေ၏၊ နှစ်ယောက်သား ဆိုင်အပြင်ဘက် ရောက်ရှိသွားသောအခါတွင် အဘိုးအိုအား မတွေ့ရတော့ချေ။

အဘိုးအိုမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေတော့သည်။

စန်းကိုးနှင့်ချူးလှျံတို့ မကျေမနပ် ဖြစ်နေကြလေသည်။ ချူးလှျံက ...

"မိုးတမန်ကို ပေါ့ပေါ့တန်တန် သဘောထားလို့မရဘူး၊ သူဟာ နေ့မကူးခင် ကျွန်မအကြောင်းကို တိတိကျကျ စုံစမ်းသိရှိသွားခဲ့တယ်၊ သူ့မှာ အဆက်အသွယ် ကောင်းတယ်ဆိုတာ ငြင်းလို့မရဘူး"

စန်းကိုးက ...

"ဒါဖြင့် သူက ဘာကြောင့် ကျုပ်ရဲ့အကြောင်းကို မသိရတာလဲ"

"ရှင်ဟာ သိုင်းလောကသားတစ်ယောက် မဟုတ်လို့ ဖြစ်မှာပေါ့ရှင်"



"သိုင်းလောကသားမှ သူက သိမယ်ဆိုရင် သူဟာ သိုင်းလောကမှာ အတော့်ကိုနှံ့စပ်တဲ့လူ ဖြစ်ရမှာပေါ့"

"ဖြစ်နိုင်ပါတယ်ရှင်"

စန်းကိုးက ...

"သူ့ရဲ့ပတ်ဝန်းကျင်မှာ ရှိနေတဲ့လူတွေဟာ သိုင်းလောကသားတွေဆိုရင် သိပ်တော့ မကောင်းဘူး"

ချူးလှျံက ...

"သူက ကြေးစားတွေကိုပဲ ငွေပေးပြီး ခိုင်းလို့ရမှာပါ"

စန်းကိုးက ...

"ကျုပ်တို့ ဘယ်လိုလုပ်မလဲ၊ မိုးတမန်ကို ဆက်ပြီး ဆုံးမကြမလား"

ဟု မေးလိုက်လေသည်။ ချူးလှျံအနည်းငယ်စဉ်းစားလိုက်ပြီး ...

"ဟို အဘိုးအိုပြောတော့ ကျွန်မ အတော်လေး စိတ်ဆိုးသွားတယ်၊ ဒါပေမဲ့ ဒီကိစ္စကို မြို့တော်ဝန်က ဆက်ပြီး ဆောင်ရွက်မှာမို့ ကျွန်မတို့ မှုစရာမလိုတော့ပါဘူး၊ မိုးတမန်ငှားရမ်းထားတဲ့ကြေး

www.burmeseclassic.com

www.burmeseclassic.com



စားတွေတောင်မှပဲ အခြေအနေမဟန်တာနဲ့ မီးတမန်ရဲ့ပစ္စည်းတွေကို ပြန်ပြီး လုယူခဲ့ကြသေးတာပဲ မဟုတ်လား"

စန်းကိုးက ...

"ဟုတ်တယ်၊ မီးတမန်က ငွေပေးပြီး လူတကာကို လျှောက်ခိုင်းမှာပဲ၊ သူဟာ အရှုံးကြီးတစ်ပေါက်လို ဖြစ်နေပေမယ့် ငွေမပေးရင် သူ့ကို ဘယ်သူကမှ ဂရုစိုက်ကြမှာ မဟုတ်ပါဘူး၊ ကျုပ်တို့လည်း သွားစရာရှိတာ ဆက်သွားကြတာပေါ့"

ချူးလျှံ သဘောတူလိုက်လေသည်။

ထို့နောက် သူတို့သည် မီးတမန်ထွက်ပေါ်လာရာ မြို့ကလေးမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

✵

သုံးရက် ...။

သုံးရက်မြောက်သောနေ့တွင် ချူးလျှံနှင့် စန်းကိုးတို့သည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြလေသည်။

ထိုမြို့ကလေးသို့ ရောက်သည်နှင့် မြို့ထဲ၌ ရုတ်ရုတ်သဲသဲ



ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဘာဖြစ်တာပါလိမ့်"

ချူးလျှံက ရေရွတ်လိုက်သည်။ စန်းကိုးက ...

"ကျုပ်တို့သွားကြည့်ရအောင်"

"ကောင်းပြီ"

သူတို့သည် လူစုလူဝေး ဖြစ်ပေါ်နေသော နေရာဆီသို့ လှမ်းသွားလိုက်ကြလေသည်။

လူအများသည် လမ်းလေးခွဆုံရှိ သစ်ပင်တစ်ပင်အောက်၌ စုရုံးနေကြခြင်းဖြစ်သည်။

ထိုသစ်ပင်ကြီးအောက်တွင် မိန်းကလေးတစ်ယောက် ရှိနေပါ၏။

ထိုမိန်းကလေးမှာ အဖြူရောင်ဝတ်ရုံ လွှမ်းခြုံထားပြီး သူမ၏ခန္ဓာကိုယ်ပေါ်၌ သံကြိုးများဖြင့် တုပ်နှောင်ထားလေသည်။

သူမ၏လက်နှစ်ဖက်ကို ကြိုးများဖြင့် ချည်နှောင်ထားကာ အရုပ်လက်လေးဖက် တပ်ဆင်ထားလေသည်။

သူမ၏မျက်နှာတွင် ကြက်ခြေခတ် မားဒဏ်ရာကြီးက အထင်းသားရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမှာ သေဆုံးနေပြီဖြစ်၏။ ချူးလျှံမျက်နှာ ပျက်သွားသည်။

"ရက်စက်လိုက်တာ"

ဟု ရေရွတ်လိုက်သည်။ စန်းကိုး အံကြိတ်လိုက်သည်။

"ဒါ တို့ကယ်တင်ခဲ့တဲ့ မိန်းကလေးပဲ"

"ဟင်"

ချူးလျှံ အံ့သြသွားသည်။

သေဆုံးသွားသောမိန်းကလေးမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေခြင်းကြောင့် ရုတ်တရက် မမှတ်မိခြင်း ဖြစ်သည်။

စန်းကိုးက ပြောလိုက်တော့မှ မှတ်မိသွားခြင်း ဖြစ်ပေတော့သည်။

သူမ သေသေချာချာ ကြည့်လိုက်ပြီး ...

"သူ့ရဲ့မိဘတွေရဲ့လက်ထဲ ကျွန်မတို့ကိုယ်တိုင် အပ်နှံခဲ့တာပဲ မဟုတ်လား၊ ဘာကြောင့် ဒီမြို့မှာလာပြီး သေဆုံးနေရတာလဲ"

ဟု ရေရွတ်လိုက်လေသည်။ စန်းကိုးက ...

"မီးတမန်ကတော့ ကျုပ်တို့ကို ပညာပြနေပြီထင်တယ်"

ချူးလျှံက ...



"မီးတမန်ရဲ့လက်ချက်ဆိုရင်တော့ ကျွန်မ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

သူတို့သည် ဝိုင်းအုံကြည့်ရှုနေသူများထံ၌ စုံစမ်းကြည့်လိုက်လေသည်။ ဝိုင်းကြည့်နေသူများအနက် အချို့က ...

"ဒီမိန်းကလေးဟာ ကျုပ်တို့မြို့က မဟုတ်ဘူးဗျ"

"မီးနတ်ဂိုဏ်း လှုပ်ရှားနေတယ်ဆိုတဲ့ 'ကျို့ရှမ်' မြို့မှာ ပြဿနာတွေ အတော်ဖြစ်ပေါ်နေတယ်"

"ဘာတွေများ ဖြစ်ပေါ်နေလို့လဲ ... ပြောပါဦးရှင်"

"မြို့တော်ဝန်ရဲ့တပ်ဖွဲ့တွေနဲ့ မီးနတ်ဂိုဏ်းသားတွေ အပြင်းအထန်တိုက်ခိုက်ပြီး မီးနတ်ဂိုဏ်း ပျက်စီးသွားခဲ့တယ်၊ မီးနတ်ဂိုဏ်းက ဖမ်းရမ်းထားတဲ့ ကြေးစားသိုင်းသမားတွေလည်း အရေးနိမ့်သွားတယ်"

"ဒါ ကောင်းတဲ့သတင်းပဲရှင့်"

ချူးလျှံက ပြောလိုက်လေသည်။ စန်းကိုးက ...

"ဒါနဲ့ ဘယ်လိုပြဿနာတွေ ပေါ်လာတယ်ဆိုတာ ပြောပါဦးဗျာ"

ဟု မေးလိုက်လေသည်။ ထိုလူက ...

www.burmeseclassic.com

www.burmeseclassic.com



"မြို့တော်ဝန်ဟာ မီးနတ်ဂိုဏ်းကို အပြီးတိုင် ချေမှုန်းပြီး အပြန်လမ်းမှာ မြင်းလှည်းမှောက်လို့ သေသွားခဲ့တယ်"

"ဟင်"

"ဟာ"

စန်းကိုးနှင့် ချူးလျှံတို့ ရင်ထိတ်သွားကြလေသည်။ ထိုလူက

"မီးနတ်ဂိုဏ်းကို ဖြိုခွဲရာမှာ ပါဝင်ခဲ့ကြသူတွေဟာ ကျိူ့ရှမ်မြို့ကို ပြန်ရောက်လာပြီး မကြာပါဘူး ... တစ်ယောက်ပြီးတစ်ယောက် ထူးဆန်းစွာ သေဆုံးသွားကြတယ်"

စန်းကိုးနှင့် ချူးလျှံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ နှစ်ယောက်သား ခံပြင်းလာကြသည်။

ထိုလူက ...

"မီးနတ်ဟာ အတော့်ကို အစွမ်းထက်တယ်လို့ အားလုံးက ယုံကြည်နေကြတယ်၊ ခုလည်း ကျိူ့ရှမ်မြို့ကမိန်းကလေးတစ်ယောက် ဒီမှာလာပြီး လုပ်ကြံခံရတာကြောင့် ကျုပ်တို့မြို့ကို အန္တရာယ်တွေ ကူးစက်လာတော့မယ်ဆိုပြီး အားလုံးက ထိတ်လန့်နေကြတယ်"

ထိုစဉ် ...

"မီးဗျို့ ... မီး မီး"



အဝေးမှ အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စန်းကိုးတို့ လှမ်းကြည့်လိုက်ကြသောအခါ မြို့လယ်ပိုင်းမှ မီးတောက်မီးလျှံများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လူအများသည် မီးတောက်မီးလျှံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်ပြေးလွှားသွားကြလေတော့သည်။

* * *

စားသောက်ဆိုင်ထဲ၌ လူရှင်းနေသည်။

စန်းကိုးနှင့်ချူးလျှံတို့သည် စားသောက်ဆိုင်၏ ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ထိုင်ကာ ငိုင်နေကြလေသည်။

သူတို့သည် စားစရာများ မှာကြားထားကြသော်လည်း လက်ဖျားနှင့်ပင် မတို့ကြချေ။ ချူးလျှံ မကျေမနပ် ဖြစ်နေ၏။

"မီးတမန်က တန်ခိုးကြီးတာမဟုတ်ဘူး၊ သူ့မှာ ဒဲ့မကုန်

www.burmeseclassic.com

www.burmeseclassic.com



အောင် ချမ်းသာကြွယ်ဝနေတာကြောင့် ငွေကို ရေလိုသုံးပြီး လူတကာကို ဒုက္ခပေးနေတာ၊ ငွေရရင် ဘာမဆိုလုပ်မယ်ဆိုတဲ့ လူတွေ ရှိနေလို့ ခက်နေတာပေါ့"

စန်းကိုးက ...

"ဟုတ်တယ်၊ ကြေးစားတွေကို ပြတ်ပြတ်သားသား နှိမ်နင်းဖစ်ရမယ်"

"ကျုပ်ပြောတာကို မင်းတို့မှ လက်မခံတာကိုး"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ စန်းကိုးနှင့် ချူးလျှံတို့ ကပျာကယာ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ မလှမ်းမကမ်း၌ စားပွဲတစ်လုံး၌ထိုင်ကာ ရေနွေးကြမ်းသောက်နေသည့် အဘိုးအိုတစ်ယောက်အား တွေ့လိုက်ရ၏။ မီးတမန် စေလွှတ်လိုက်သော အဘိုးအိုပင် ဖြစ်ပါတော့၏။

"ရှင် ရှင်"

ချူးလျှံ ခေါ်ပွသွားလေသည်။ ထိုအဘိုးအိုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ အဘိုးအိုက လက်ကာပြလိုက်၏။

"ကျုပ်က ပြောစရာရှိလို့ လာခဲ့တာပါ"



စန်းကိုးက ...

"ပြောပါ"

အဘိုးအိုက ...

"မီးတမန်ဟာ ချူးလျှံကို လက်ထပ်ချင်နေပါတယ်၊ ချူးလျှံသာ မီးနတ်သမီးဘဝကို ရယူမယ်ဆိုရင် ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ပါလိမ့်မယ်"

စန်းကိုးက ...

"ခင်ဗျားက ဒီစကားမျိုး နောက်ထပ်တစ်ခါ ထပ်ပြောရင် ကျုပ် ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်ဘူး"

အဘိုးအိုက ...

"မီးတမန်လိုလားတဲ့အကြောင်းကိစ္စကို ကျုပ်က အံ့လေးအနက်ထားပြီး ပြောနေတာပါ။ မင်းတို့က လက်မခံဘူးဆိုရင် ဝမ်းနည်းကြေကွဲစရာဖြစ်ရပ်တွေနဲ့ ကြုံတွေ့ရပါလိမ့်မယ်"

စန်းကိုးက ...

"ခင်ဗျား ဒီဆိုင်ထဲက ထွက်သွားနိုင်အောင်ပဲ ကြိုးစားကြည့်ပါဦး"

စကားဆုံးလျှင် ကြမ်းပြင်ပေါ်မှ ခြေဆောင့်ကာ ရှေ့ပိုတစ်

www.burmeseclassic.com

www.burmeseclassic.com



ပြက် ခုန်ထွက်ရင်း အဘိုးအိုအား တိုက်ခိုက်လိုက်လေ၏။

အဘိုးအို ထိုင်ရာမှ ထလိုက်သည်။

သူက ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် စန်းကိုး၏တိုက်ကွက်ကို ရှောင်တိမ်းပြီးသား ဖြစ်သွားလေသည်။ သူက ...

"မိုးတမန်က မင်းကို ရှင်းပစ်ဖို့ ကျုပ်ကို တာဝန်ပေးလိုက်တယ်"

ဟု ပြောကာ တိုက်ခိုက်လိုက်လေသည်။

စန်းကိုးကလည်း သူရခဲ့သည့်စာအုပ်မှပါရှိသော သိုင်းကွက်များကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်မိသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

စန်းကိုးက မလှုပ်မယှက် ရပ်နေသော်လည်း အဘိုးအိုမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

ခြေသုံးလေးလှမ်းအထိ ဆုတ်သွားပြီးမှ စန်းကိုးအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"မင်း မင်း ဘယ်လိုသိုင်းပညာကို အသုံးပြုလိုက်တာလဲ"



မယုံနိုင်သောလေသံဖြင့် မေးလေသည်။ စန်းကိုးက ...

"ခင်ဗျားကို မိုးတမန်က ပြောမပြလိုက်ဘူးလား"

"မင်း မင်း"

စန်းကိုးက ...

"ကျုပ် ခင်ဗျားကို ခွင့်မလွှတ်ဘူး၊ မိုးတမန်အကြောင်း ကျုပ်ကို ပြောပြရမယ်၊ ကဲ ... သတိသာထား"

ဟု ကြုံးဝါးကာ အဘိုးအိုထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင် ...

'ဝုန်း'

"အား"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

အဘိုးအို မှာ အဝေးသို့ လွင့်စဉ်သွားလေသည်။ ဆိုင်နံရံနှင့် ဝင်ဆောင့်မိပြီးမှ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသွားလေသည်။

အဘိုးအိုသည် ကြမ်းပြင်ပေါ်မှ ကပျာကယာ လူးလိမ့်ထလိုက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ထွက်ပြေးသွားပြီ ဖြစ်လေသည်။

စန်းကိုးက လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ...

"လိုက်မသွားပါနဲ့တော့ရှင်"

ချူးလျှံက ဟန့်တားလိုက်လေသည်။ စန်းကိုးက ...

"သူက"

"သူ နောက်နောင် ဘယ်တော့မှ လာပြီးနှောင့်ယှက်ရဲတော့မှာ မဟုတ်ပါဘူး"

စန်းကိုး သက်ပြင်းချလိုက်လေသည်။

ချူးလျှံအနီးသို့ ပြန်လည်လှမ်းသွားလိုက်သည်။

ချူးလျှံသည် စန်းကိုးအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး...

"ရှင့်ရဲ့သိုင်းပညာ သိပ်တော်တာပဲ"

ဟု ချီးကျူးလိုက်လေသည်။ စန်းကိုး ပြုံးလိုက်သည်။

"ဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ"

ချူးလျှံက ...

"ကျွန်မတကယ်ပြောတာ၊ ရှင့်ရဲ့သိုင်းပညာဟာ အတော့်ကို



ထက်မြက်နေတယ်၊ ရှင့်ကို ယှဉ်နိုင်မယ့်လူ ရှားလိမ့်မယ်"

စန်းကိုးက ...

"ခုလိုချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ချူးလျှံက ...

"ရှင်က ဒီလောက်တောင် သိုင်းတော်နေမှတော့ မီးတမန်ကို ရင်ဆိုင်ဖို့ ကျွန်မ မမှုတော့ပါဘူးရှင်"

စန်းကိုးက ...

"ကျုပ်ကတော့ မီးတမန်ကို ပြတ်ပြတ်သားသား ဆုံးမလိုက်ချင်တယ်"

ချူးလျှံ ရယ်မောလိုက်သည်။

"ကျွန်မကတော့ သူ့ကို လုံးဝ ဂရုမစိုက်တော့ဘူး"

"ဟင်"

"သူ့ကို ဂရုမစိုက်ရင် သူက ကျွန်မတို့နောက်ကို လိုက်လိမ့်မယ်၊ သူနဲ့ ရင်ဆိုင်ချင်ဟယ်ဆိုရင် သူလိုက်လာတဲ့ အချိန်ကို စောင့်နေလိုက်ရုံပဲ"

စန်းကိုး သက်ပြင်းချလိုက်သည်။

"ညီမ သဘောပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ ချူးလျှံက ...

"ကဲ ... ကျွန်မတို့ သွားကြတာပေါ့"

"ကောင်းပြီ"

သူတို့သည် လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းပေးကာ ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

❁ ❁ ❁



## အခန်း (၁၀)

## ရွှေရုပ်လွှာ

ကျန်းနန်နယ် ...။

ကျန်းနန်နယ်သည် အလွန်သာယာလှပသော နယ်တစ်နယ် ဖြစ်သည်။

ချူးလျှံနှင့်စန်းကိုးတို့သည် ကျန်းနန်နယ်သို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ဝန်းကျင်တစ်လုံး ချောင်စုံပန်းများ ဖုံးလွှမ်းထား၏။

ကျင်းနန်နယ်၏ စီးဂူအနောက်ကန်သည် အကျော်ကြားဆုံး ရေကန်ကြီးတစ်ခု ဖြစ်လေသည်။

စန်းကိုးနှင့်ချူးလျှံတို့သည် စီးဂူကန်သို့ ရောက်ရှိလာကြပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချူးလျှံသည် ကလေးတစ်ယောက်ပမာ ပျော်ရွှင်နေ၏။

"စီးဝူကန့်ဟာ အတော့်ကို သာယာလှပတာပဲနော်၊ ကျွန်မဖြင့် နာမည်ကြားဖူးတာကြာပြီ၊ ခုမှပဲ ရောက်တော့တယ်"

ဟု ပြောလေသည်။

စန်းကိုးက ...

"ကျုပ်လည်း ခုမှရောက်ဖူးတာပါ၊ ဒါထက် ညီမဟာ ချူးဂေဟာက သခင်မလေး ... ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ချူးဂေဟာဆိုတာ"

"ချူးဂေဟာဆိုတာ လုရန့်မြို့မှာ ရှိပါတယ်၊ ကျွန်မဖေဖေ ချူးချူးတင်းရီကို သိုင်းလောကသားအတော်များများ သိကြပါတယ်၊ ဖေဖေဟာ သိုင်းလောကအကျိုး၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်နေတဲ့ သိုင်းသမားကြီးတစ်ယောက်ပါရှင်"

စန်းကိုးက ...

"ညီမက မိဘတွေမသိအောင် ထွက်ပြေးလာခဲ့တာ မဟုတ်လား"

ချူးလျှံက ...



"ရှင်က ဘာကြောင့် ကျွန်မအကြောင်းကို ဒီလောက် စိတ်ဝင်စားနေရတာလဲ"

စန်းကိုးက တည်ကြည်သော မျက်နှာထားဖြင့် ...

"ခုချိန်မှာ ကျုပ်တို့နှစ်ယောက်ဟာ ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေ ဖြစ်နေကြပြီဆိုတော့ တစ်ယောက်အကြောင်းကိုတစ်ယောက် သိထားသင့်တယ် ထင်လို့ပါ"

ဟု ပြောလိုက်လေသည်။

ချူးလျှံက သက်ပြင်းချလိုက်လေသည်။

"ဟုတ်ပါတယ်လေ၊ ကျွန်မ အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်မဟာ မိဘတွေမသိရအောင် အိမ်ကနေ တိတ်တဆိတ် ထွက်ပြေးလာခဲ့တာ အမှန်ပါပဲရှင်"

ဟု ဝန်ခံလိုက်လေသည်။

စန်းကိုးက ...

"ညီမ ဘာကြောင့် ထွက်ပြေးလာရတာလဲ"

ဟု မေးလိုက်ပြန်သည်။

ချူးလျှံက ...

"အိမ်မှာနေရတာ ပျင်းလို့ပေါ့ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဖေဖေက တစ်ဦးတည်းသောသမီးလေးဖြစ်လို့ ကျွန်မကို ဘယ်တော့မှ စိတ်မချဘူး။ ကလေးလေးတစ်ယောက်လို အမြဲတမ်း သဘောထားခဲ့တယ်၊ ကျွန်မကလည်း ဟိုသွားချင် ဒီသွားချင်နဲ့ဆို တော့ နောက်ဆုံး မထူးဘူးဆိုပြီး ကိုယ့်သဘောနဲ့ကိုယ် ထွက်လာခဲ့ တာပဲ"

စန်းကိုးက ...

"ဒီလိုလုပ်တာတော့ မကောင်းပါဘူး။ ညီမ အိမ်ကိုပြန်သင့် ပါတယ်"

ဟု ပြောလိုက်လေသည်။

ချူးလျှံ ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း ... ကျွန်မ မပြန်ဘူး"

"ညီမရယ်"

စန်းကိုးက ညည်းညူလိုက်လေသည်။

ချူးလျှံက ...

"သိုင်းလောကထဲမှာ ကျွန်မစိတ်ကြိုက် လည်ပတ်ပြီးရင် အိမ်ကို ပြန်ပါ့မယ်ရှင်"



သူမအား မည်သို့မျှ ဖျောင်းဖျ၍ရမည်မဟုတ်ကြောင်း စန်း ကိုး ရိပ်မိလိုက်လေသည်။

ထိုစဉ် အဝေးတစ်နေရာမှ ချိုလွင်သာယာသော စောင်းသံ များ လွင့်ပျံလာသည်ကို ကြားလိုက်ရလေသည်။

စန်းကိုးနှင့်ချူးလျှံတို့ နားစွင့်လိုက်ကြသည်။

ချူးလျှံက ...

"နားထောင်လို့ ကောင်းလိုက်တာ"

ဟု ရေရွတ်လိုက်လေသည်။

စန်းကိုးက ...

"စောင်းသံရှင်ဟာ ဝမ်းနည်းကြေကွဲစရာကိစ္စတစ်ခုနဲ့ ကြုံ တွေ့နေရမယ်ထင်တယ်"

သူ၏စကားကြောင့် ချူးလျှံ အံ့သြသွားသည်။

"ရှင်က ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ဟု မေးလေသည်။

စန်းကိုးက ...

"စောင်းသံကို သေသေချာချာ နားထောင်ကြည့်ပါလား"

ချူးလျှံက သေသေချာချာ နားထောင်လိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



စောင်းသံတွင် ဝမ်းနည်းကြေကွဲဖွယ်သံစဉ်များ ရောပြွမ်းနေကြောင်း သတိပြုမိသွားလေသည်။

ချူးလျှံက ...

"စောင်းသံရှင်မှာ ဘယ်လိုအခက်အခဲတွေများ ရှိနေသလဲ မသိဘူး၊ ကျွန်မတို့ သွားကြည့်ရအောင်"

ဟုပြောကာ ထွက်သွားလေသည်။

စန်းကိုးလည်း လိုက်သွားလေသည်။

မကြာပါချေ။ စီးဂူရေကန်စပ်သို့ ရောက်ရှိသွားလေသည်။

ကမ်းစပ်တွင် ပေါင်းမိုးပါသော လှေကလေးတစ်စင်း ရပ်ထားပါသည်။

စောင်းသံသည် ထိုလှေကလေးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

စန်းကိုးနှင့် ချူးလျှံတို့သည် လှေကလေးကို အကဲခတ်ကြည့်လိုက်ကြ၏။

ချူးလျှံက ...

"စောင်းတီးခတ်တဲ့လူဟာ မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မယ်"



ဟု မှတ်ချက်ချလိုက်လေသည်။

စန်းကိုးက လှေကလေးကို သေသေချာချာကြည့်ပြီး ...

"ချမ်းသာကြွယ်ဝတဲ့အသိုင်းအဝိုင်းက ဆင်းသက်ပေါက်ဖွားလာတဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်"

ထိုစဉ် ...

'ဟူး'

အဝတ်အစားလေတိုးသံ ထွက်ပေါ်လာပြီး လှေပေါ်မှ လူရိပ်တစ်ခု ထွက်ပေါ်လာကာ စန်းကိုးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာ၏။

အသက်နှစ်ဆယ့်သုံးနှစ်ခန့်ရှိသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ထိုမိန်းကလေးသည် အိမ်ဖော်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခက်ထန်တင်းမာသော အသွင်ရှိလေသည်။

အိမ်ဖော်မလေးသည် စန်းကိုးနှင့် ချူးလျှံတို့အား ဝေ့ကြည့်လိုက်ပြီး ...

"ရှင်တို့ ဒီနေရာက အမြန်ဆုံး ထွက်သွားရင်ကောင်းမယ်"

ဟု အော်ငေါက်မောင်းထုတ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ချူးလှုံ့လည်း မကျေနပ် ဖြစ် သွားပြီး ...

"ဒီနေရာကို ဘယ်သူမဆို လာလို့ရတာပဲ၊ ဘာကြောင့် ထွက်သွားရမှာလဲ"

ဟု ပြောလိုက်၏။

အိမ်ဖော်မလေးက ...

"ရှင်တို့ ထွက်မသွားရင်တော့ ကျွန်မက မောင်းထုတ်ပစ်ရမှာပဲရှင့်"

ဟုပြောကာ ရှေ့တိုးလာသည်။

ချူးလှုံ့ ရင်ကော့လိုက်သည်။

"ကောင်းပြီ ... မင်းက မောင်းထုတ်နိုင်တယ်ဆိုရင် ငါတို့ ထွက်သွားပါ့မယ်"

ဟု ပြောလိုက်လေသည်။

အိမ်ဖော်မလေးက ...

"သိကြသေးတာပေါ့"

ဟု ကြုံးဝါးကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...



"လင်းလင်း ... နောက်ဆုတ်လိုက်စမ်း"

ချိုလွင်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာလေသည်။

စန်းကိုးတို့ လှမ်းကြည့်လိုက်ကြသောအခါ လှေပေါင်းမိုးထဲမှနေ၍ လှပချောမောသော မိန်းကလေးတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးသည် အသက် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ခန့်သာ ရှိဦးမည်ထင်ရသည်။

အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားကာ နတ်မိမယ်လေးအလား ချောမောလှပနေသူလေး ဖြစ်ပါတော့သည်။

စန်းကိုးမှာ ထိုမိန်းကလေးအား ငေးကြည့်နေမိတော့သည်။

ချူးလှုံ့သည် စန်းကိုးက ထိုမိန်းကလေးအား ငေးကြည့်နေသည်ကို တွေ့ရလျှင် မကျေမနပ်ဖြစ်သွားပြီး စန်းကိုးအား တံတောင်ဖြင့် တွက်လိုက်လေသည်။

"အင့်"

စန်းကိုး မသိမသာ နောက်ဆုတ်လိုက်ရလေသည်။

အိမ်ဖော်မလေး လင်းလင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး … သူတို့ သခင်မလေး စောင်းတီးနေတာကို လာပြီး အနှောင့်အယှက်ပေးနေကြတာပဲ"

ဟု ပြောလေသည်။

ချူးလျှံက …

"ဒီနေရာကို ဘယ်သူမဆို လာနိုင်ကြတာပဲ မဟုတ်လား၊ စောင်းသံက နားထောင်လို့ကောင်းလို့ လာခဲ့ကြတာ အပြစ်လား"

ဟု မကျေမနပ်ဖြင့် ပြောလိုက်လေသည်။

သခင်မလေးက …

"မှန်ပါတယ် … ဒီနေရာကို ဘယ်သူမဆို လာလို့ရပါတယ်၊ စောင်းသံကိုလည်း ဘယ်သူမဆို နားထောင်လို့ရပါတယ်ရှင်"

ဟု ပြောလေသည်။

ချူးလျှံ ကျေနပ်သွားသည်။

"ကျွန်မတို့က နှောင့်ယှက်ဖို့ လာခဲ့တာမဟုတ်ပါဘူး၊ စောင်းသံမှာ ကြေကွဲဝမ်းနည်းမှုတွေ ပါဝင်နေလို့ ဘယ်လိုအခက်အခဲ ကြုံနေရသလဲ၊ ဘယ်လိုကူညီရမလဲဆိုတာ တွေးပြီး လာခဲ့ကြတာပါ"

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

သခင်မလေးက …



"ခုလိုကြားသိရတာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျေးဇူးပြုပြီး လှေပေါ်သို့ ကြွခဲ့ကြပါလား"

ဟု ဖိတ်ခေါ်လေသည်။

"ကောင်းပါပြီဗျာ"

စန်းကိုးက ချက်ချင်း သဘောတူလိုက်သဖြင့် ချူးလျှံက သူ့အား မျက်စောင်းထိုးလိုက်လေသည်။

မည်သို့ဆိုစေ နှစ်ယောက်သား လှေပေါ်သို့ လိုက်သွားကြ၏။

လှေကလေးမှာ လှပသပ်ရပ်စွာ ပြင်ဆင်ထားသည်။

ပေါင်းမိုးအောက်၌ ကျယ်ကျယ်ဝန်းဝန်းရှိပြီး သခင်မလေးက စန်းကိုးတို့အား နေရာထိုင်ခင်းပေးသည်။

အိမ်ဖော်မလေးကလည်း ရေနွေးကြမ်း၊ မုန့်များ လာရောက်ချပေးလေသည်။

သခင်မလေးက …

"ကျွန်မနာမည် ကျင်းမေလို့ ခေါ်ပါတယ်၊ ရွှေရပ်လျှာစံအိမ်ကပါရှင်"

ဟု ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးနှင့် ချူးလှံ့တို့ကလည်း မိမိတို့၏အမည်များကို ပြောပြလိုက်ကြလေသည်။

ကျင်းမေက ...

"ကျွန်မက စိတ်ညစ်လို့ အိမ်ကထွက်လာခဲ့ပြီး ဒီနေရာကို ရောက်လာတဲ့အခါ ရင်ထဲ ဝမ်းနည်းကြေကွဲလာတာနဲ့ ခုလို စောင်းတီးခတ်နေမိတာပါရှင်"

ဟုပြောလေသည်။

စန်းကိုးက ...

"သခင်မလေးမှာ ဘယ်လိုအခက်အခဲများ ကြုံတွေ့နေရလို့လဲ ... သိပါရစေဗျာ"

ကျင်းမေက ...

"ကျွန်မရဲ့မိခင်ဟာ အားအင်ကုန်ခန်းတဲ့ ရောဂါဝေဒနာမျိုးကို ခံစားနေရတာ နှစ်ပေါင်းအတော်ကြာပါပြီ၊ သမားတော်ကြီးတွေ အမျိုးမျိုး ပြောင်းလဲကုသပေးခဲ့ပေမယ့် ခုချိန်ထိ သက်သာမလာပါဘူး။ မေမေဟာ တဖြည်းဖြည်း လုံးပါးပါးပြီး သေဆုံးရတော့မှာမို့ ကျွန်မက မေမေ့အတွက် ကျန်းနန်မြင်းဖြူဘုံကျောင်းမှာ ဆုတောင်းပေးဖို့ ထွက်လာခဲ့တာပါ"



ချူးလှံ့ သက်ပြင်းချလိုက်လေသည်။

"ဒါဆိုရင်တော့ ကျွန်မတို့လည်း ဘယ်လိုမှ မကူညီနိုင်တဲ့ ကိစ္စ ဖြစ်နေတယ်၊ ဝမ်းနည်းပါတယ်ရှင်"

ဟု တောင်းပန်လိုက်လေသည်။

ကျင်းမေက ...

"သမားတော်ကြီးတွေတောင် မတတ်နိုင်ကြတာ ကိစ္စမရှိပါဘူးရှင်"

စန်းကိုး မျက်မှောင်ကြုတ်သွားလေသည်။

"အားအင်ကုန်ခန်းတဲ့ ရောဂါဝေဒနာတွေကို ခံစားနေရတာ ... ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒါဆို ဘာမှမပူနဲ့ ... ကုသပေးနိုင်တဲ့ လူတစ်ယောက် ရှိပါတယ်"

ကျင်းမေ ဝမ်းသာသွားလေသည်။

"ဘယ်သူများပါလိမ့်"

စန်းကိုးက ...

"သူ့နာမည် ချင်းဟုန်လို့ခေါ်တယ်၊ သိုင်းလောကသားတွေ

www.burmeseclassic.com

www.burmeseclassic.com



တ မြို့စားကတော်လို့လည်း ခေါ်ကြတယ်”

သူ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ရှင်းပြလိုက်၏။ ကျောင်းမေက ...

“လက်စသတ်တော့ ရှင်ဟာ ဒေါ်လေးချင်းဟုန်နဲ့ တွေ့ခဲ့ရတာကိုး”

စန်းကိုးက ...

“သခင်မလေးက သူ့ကိုသိလို့လား”

ကျောင်းမေက ...

“ဒေါ်လေးနဲ့မေမေဟာ တစ်ချိန်က ပညာသင်ဘက် ညီအစ်မတွေ ဖြစ်ခဲ့ကြပါတယ်၊ မေမေ နေကောင်းစဉ်က ဒေါ်လေးဟာ မကြာခဏ အလည်အပတ် ရောက်လာတတ်ပါတယ်၊ မေမေ နေမကောင်းဖြစ်ပြီးတဲ့နောက်ပိုင်း ဒေါ်လေးဟာ တစ်ခေါက်ရောက်လာပြီး မေမေရဲ့ဝေဒနာကို သက်သာအောင် ကြိုးစားမယ်ဆိုပြီး ထွက်သွားတာ ခုထိ မတွေ့ရတော့ဘူး”

စန်းကိုးက ...

“သူက ခွန်အားတိုးစေတဲ့ဆေးကို ဖော်စပ်ထားတာ အောင်မြင်သွားပါပြီ၊ သခင်မလေးတို့စံအိမ်ကို ရောက်လာပါလိမ့်မယ်”



ကျောင်းမေက ...

“ခုလိုကြားရတာ ကျွန်မ ဝမ်းသာလိုက်တာရှင်၊ ဒါဆိုရင်တော့ ကျွန်မလည်း အိမ်ကို အမြန်ဆုံးပြန်မှပဲ၊ ရှင်တို့လည်း လိုက်ခဲ့ကြပါလားရှင်”

ဟု ဖိတ်ခေါ်လိုက်လေသည်။

စန်းကိုးက ...

“ကျုပ်ကလည်း အဒေါ်ကြီးချင်းဟုန်နဲ့ တွေ့ချင်နေတာနဲ့ အတော်ပဲဗျ”

ချူးလျှံက ...

“ဘာလဲ ... ရှင်လိုက်သွားမလို့လား”

“ကျုပ်က”

“ရှင်လိုက်ချင်ရင် လိုက်သွားလေ၊ ကျွန်မကတော့ ကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်”

စကားဆုံးလျှင် ထိုင်ရာမှထကာ လှေပေါင်းမိုးထဲမှ ခုန်ထွက်သွားလေသည်။

စန်းကိုးက ...

“ချူးလျှံ ... မင်း ဘယ်သွားမလို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟု အေဝ်မေးလိုက်သည်။

ချူးလျှံက ...

"ကျွန်မ ဘယ်သွားသွား ... ရှင့်အပူမပါဘူး"

ဟုပြောရင်း တစ်ဟုန်ထိုး ပြေးထွက်သွားရာ သစ်ပင်များကြားသို့ ဝင်ရောက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

စန်းကိုး သက်ပြင်းချလိုက်သည်။

ချူးလျှံတစ်ယောက် စိတ်လိုက်မာန်ပါထွက်သွားလျှင် အန္တရာယ်ကြုံတွေ့ရနိုင်ကြောင်း နားလည်ထားသဖြင့် ...

"ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

ကျင်းမေကို ခွင့်တောင်းလိုက်သည်။

ထို့နောက် ကမ်းပေါ်သို့ ခုန်တက်ကာ ချူးလျှံနောက်သို့ လိုက်သွားရလေတော့သည်။

❋ ❋ ❋



## အခန်း (၁၁)

### အရိပ်ပမာ

ချူးလျှံကား စိတ်ဆိုးမာန်ဆိုးနှင့် ထွက်သွားပြီဖြစ်သည်။

စန်းကိုးက လိုက်သွားသော်လည်း စီးဂူရေကန်အနီးတစ်ဝိုက်၌ လုံးဝ မတွေ့ရတော့ချေ။

ထို့ကြောင့် ...

"ကျင်းလိမ်မြို့ထဲသို့ ပြန်သွားပြီးထင်ပါရဲ့"

ဟုတွေးကာ ပြန်လာခဲ့၏။

ကျင်းလိမ်မြို့၏ တည်းခိုခန်းတစ်ခုတွင် သူတို့ တည်းခိုနေခဲ့ကြသည် မဟုတ်ပါလား။

တည်းခိုခန်းသို့ ရောက်လာသော်လည်း ချူးလျှံကို မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အခန်းတံခါး ပိတ်ထား၏။

ထို့ကြောင့် ဆိုင်လုလင်များထံ၌ စုံစမ်းကြည့်သောအခါ ...

"အစ်မလေး စောစောကပဲ ပြန်လာပါတယ်၊ သူ့ရဲ့ပစ္စည်းတွေကို သိမ်းပြီး မြင်းလှည်းတစ်စီးနဲ့ ထွက်သွားတာကို တွေ့လိုက်ရပါတယ်"

ဟု ပြောပြကြလေသည်။

စန်းကိုး ထိတ်လန့်သွားသည်။

ချူးလျှံသည် အမှန်ပင် စိတ်ဆိုးကာ ထွက်သွားပြီဖြစ်လေသည်။

မီးတမန်က သူမအား ရန်ငြိုးထားနေမည်ဖြစ်ရာ တစ်ယောက်တည်းသွားခြင်းဖြင့် အန္တရာယ်များလှသည်ဟု တွေးပြီး တည်းခိုခန်းထဲမှ ကပျာကယာ ပြေးထွက်လာခဲ့လေသည်။

ချူးလျှံ ထွက်သွားရာဘက်သို့ ပြေးလိုက်သွားသော်လည်း အရိပ်အယောင်ပင် မတွေ့ရတော့ပါချေ။

စန်းကိုး စိတ်ဓာတ်ကျသွားလေတော့သည်။

"အင်း ... သူက ငါ့ကိုစိတ်ဆိုးပြီး အိမ်ပြန်သွားရင်လည်း ကောင်းတာပဲ"



ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ် ...

"မင်းက ဘယ်သူ့ကို လိုက်ရှာနေတာလဲ"

မေးမြန်းသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရ၏။

စန်းကိုး လှည့်ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ အဖြူရောင်ဝတ်ထားသော အဘိုးအိုကို တွေ့ရလေသည်။

"ခင် ခင်ဗျား"

စန်းကိုး ရင်ထိတ်သွား၏။

ထိုအဘိုးအိုသည် မီးတမန်၏လူ ဖြစ်နေသည် မဟုတ်ပါလား။

အဘိုးအိုက ...

"မင်းရဲ့သိုင်းပညာ တော်တော်ထက်မြက်တာပဲ၊ မီးတမန်က သူ့ဆီမှာ အမှုတော်ထမ်းမယ်ဆိုရင် မင်းတော ချူးလျှံပါ ဘေးမသီ ရန်မခစေရဘူးလို့ အာမခံလိုက်တယ်"

စန်းကိုး ဒေါသထွက်သွားပြီး ...

"ထွီ"

မြေပေါ် တံတွေးထွေးချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ...

"မင်း ခေါင်းမာနေမယ်ဆိုရင်တော့ ချူးလျှံ အရင်ဆုံး ဒုက္ခရောက်သွားလိမ့်မယ်"

"ချူးလျှံ ... ဟုတ်လား၊ ချူးလျှံ ဘယ်မှာလဲ"

"သူဟာ ကျုပ်တို့လက်ထဲမှာ ရောက်နေပါပြီ"

"ခင် ခင်ဗျား"

စန်းကိုးသည် အဘိုးအိုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

အဘိုးအိုက လက်ကာပြလိုက်လေသည်။

"မင်း စိတ်လိုက်မာန်ပါလုပ်ရင် ချူးလျှံ အရင်ဆုံး သေသွားလိမ့်မယ်"

စန်းကိုး ခြေလှမ်းရပ်လိုက်ရလေတော့သည်။

အဘိုးအိုက ...

"ကျို့ရှမ်မြို့မှာ မီးနတ်ဂိုဏ်း ပျက်စီးသွားခဲ့တာကြောင့် မီးနတ်ဂိုဏ်း ပြန်လည်ထူထောင်ရာမှာ မင်းက အကူအညီပေးရလိမ့်မယ်"

"ကျုပ်"

"မီးနတ်ရုပ်တုကို မင်းတို့ပဲ ဖျက်ဆီးခဲ့ကြတာ မဟုတ်လား"



စန်းကိုး ပါးစပ်ပိတ်ထားလိုက်လေသည်။

အဘိုးအိုက ...

"မင်းတို့ ကျူးလွန်ခဲ့တဲ့ အပြစ်အတွက် မင်းတို့ပြန်ပြီး ပေးဆပ်ရလိမ့်မယ်၊ မီးနတ်ရုပ်တုကို ပြန်လည်တည်ဆောက်နိုင်အောင် ခင်းကူညီရမယ်၊ ဒါပေမဲ့ မင်းအတွက် အကျိုးမယုတ်စေရပါဘူး၊ ထိုက်သင့်တဲ့ငွေကြေးကို မင်း ခံစားရမှာပါ"

စန်းကိုး ငိုင်နေသည်။

ရှုးသွပ်မိုက်မဲသော မိစ္ဆာဒိဋ္ဌိအယူစွဲသူတစ်ယောက်သည် ကောင်းမှု ဒုစရိုက်လုပ်ငန်းများမှ ငွေကြေးအမြောက်အမြား ရထားပြီး ထင်ရာစိုင်းနေ၏။

ထိုလူစေခိုင်းသည့်အတိုင်း ပြုလုပ်ရမည်လော။

အဘိုးအိုက လက်ခုတ်တစ်ချက်တီးလိုက်သည်။

'ဖြောင်း'

ဝတ်ရုံနီ ဝတ်ဆင်ထားသူနှစ်ယောက် ထွက်ပေါ်လာ၏။

ထိုလူနှစ်ယောက်သည် သေတ္တာတစ်လုံးကို ကိုင်ဆောင်လာပြီး စန်းကိုး၏ရှေ့တွင် ချပေးလိုက်ကြလေသည်။

အဘိုးအိုက ...

www.burmeseclassic.com

www.burmeseclassic.com



“သေတ္တာထဲမှာ ရွှေဒင်္ဂါးအပြည့်ပါတယ်၊ မိုးနတ်ရုပ်တုကို ပြန်လည်တည်ဆောက်တဲ့နေရာမှာ လိုအပ်တဲ့ပစ္စည်းတွေဝယ်ယူဖို့ တစ်ဝက်ကို အသုံးချပါ၊ ကျန်တစ်ဝက်ကတော့ မင်းအတွက်ပါပဲ”

ဟု ပြောလေသည်။

စန်းကိုးက ...

“ကျုပ်က လက်မခံဘူး ဆိုရင်ကော”

အဘိုးအိုက ...

“ကျုပ် ပြောပြီးပါပြီ၊ ချူးလှျံ အရင်ဆုံး သေသွားရပါလိမ့်မယ်”

စန်းကိုးက ...

“သူဟာ ခင်ဗျားတို့လက်ထဲမှာ ရောက်နေတယ်ဆိုတာ တကယ်ပဲလား၊ သူ ဘေးမသီရန်မခ ရှိနေတယ်ဆိုတာ ဘယ်လို့ သက်သေပြမလဲ”

ဟု မေးလိုက်လေသည်။ အဘိုးအိုက ပဝါနီလေးတစ်ထည် အား ထုတ်ပြလေသည်။

“ဒီပဝါလေးကို မင်းသိမှာပေါ့”

စန်းကိုး မျက်နှာပျက်သွားလေသည်။



ထိုပဝါနီလေးသည် ချူးလှျံ၏ပဝါလေးဖြစ်ကြောင်း သိထားခြင်းကြောင့် ဖြစ်လေသည်။

အဘိုးအိုက ...

“ကဲ ဘယ်လိုလဲ ... မင်း မိုးတမန်ရဲ့အမိန့်ကို နာခံတော့မလား”

ဟု မေးလေသည်။

စန်းကိုးက ...

“ကျုပ်က ဘာလုပ်ပေးရမလဲ ... ပြောပါ”

အဘိုးအိုက ...

“မင်းက မိုးနတ်ရုပ်တု ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် မြေနေရာ ဝယ်ပေးရမယ်”

“ကောင်းပြီ၊ ဘယ်နေရာကို ဝယ်ပေးရမလဲ ... ပြောပါ”

“ဒီတစ်ခါတော့ မိုးတမန်က တောထဲတောင်ထဲမှာ မနေတော့ဘူး၊ လူသိရှင်ကြားနေရာမှာ တည်ဆောက်လိမ့်မယ်”

“ဘယ်နေရာလဲပြောပါ”

“နဂါးတောင်ကုန်းပါ”

ဆိုစကားကြားလျှင် စန်းကိုး ပါးစပ်အဟောင်းသား ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

နဂါးတောင်ကုန်း ...။

နဂါးတောင်ကုန်းသည် သိုင်းလောက၌ အစဉ်အလာကြီးမားသော တောင်ကုန်းတစ်ခု ဖြစ်လေသည်။

နဂါးတောင်ကုန်းတွင် သိုင်းလောက၏အထင်ကရ နဂါးသိုင်းသမားကြီးသည် သိုင်းလောက၌လည်းကောင်း၊ အများပြည်သူများကြား၌လည်းကောင်း ထင်ရှားခဲ့သော သိုင်းသမားကြီးတစ်ယောက် ဖြစ်သည်။

နယ်ချဲ့မန်ချူးများနှင့် မိစ္ဆာဒိဋ္ဌိများကို တိုက်ခိုက်နှိမ်နင်းခဲ့သည့် တိုက်ပွဲများတွင် အထူးကျော်ကြားခဲ့ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်သွားခဲ့သူ ဖြစ်သည်။

နဂါးတောင်ကုန်းပေါ်တွင် နဂါးသိုင်းဆရာကြီး၏ အုတ်ဂူကို တည်ထားပြီး အားလုံးက အထွတ်အမြတ် ထားကြလေသည်။

နဂါးတောင်ကုန်းအား သိမ်းပိုက်ကာ မီးနတ်ရုပ်တု တည်ဆောက်မည် ဆိုပါလျှင် ...။

✵



စန်းကိုး ငေးငိုင်နေသည်။

အဖြူရောင်ဝတ်အဘိုးအိုနှင့် အနီရောင်ဝတ်ထားသူများ ထွက်သွားကြပြီဖြစ်လေသည်။

နဂါးတောင်ကုန်းအား ဝယ်ယူရမည်ဆိုသည်မှာ လုံးဝမဖြစ်နိုင်သော ကိစ္စဖြစ် သည်။

စန်းကိုးက သေတ္တာနီလေးကို ငုံ့ကြည့်လိုက်၏။

ထိုသေတ္တာနီလေးအတွင်း၌ အဖိုးများစွာတန်သည့် ရွှေအင်္ဂါးများ ရှိနေပါသည်။

ရွှေဒင်္ဂါးများအပေါ် မက်မောသူများ ရှိကြပေလိမ့်မည်။

လုံးဝမမက်မောဘဲ လျစ်လျူရှုထားခဲ့သူများလည်း ရှိကြပေလိမ့်မည်။

စန်းကိုး ချူးလျှံကို သတိရလာသည်။

ချူးလျှံသည် စိတ်လိုက်မာန်ပါလုပ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ပြဿနာများ ဖြစ်ပေါ်လာသည် မဟုတ်ပါလား။

"ချူးလျှံရယ်"

စန်းကိုးက ညည်းတွားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ကျုပ် ဘာကူညီရမလဲဗျာ"

မေးမြန်းသံနှင့်အတူ လူတစ်ယောက် အနီးသို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

✿

အပြာရောင် ဝတ်ဆင်ထားသူ တစ်ယောက်အနီးသို့ ရောက်ရှိလာလေသည်။

ထိုလူသည် အသက်သုံးဆယ်ခန့်ရှိပြီး ပြုံးရွှင်သော မျက်နှာထားပိုင်ရှင် ဖြစ်လေသည်။

စန်းကိုးကို ပြုံးပြရင်း ...

"ညီလေး ... ကျုပ် ဘာကူညီရမလဲ ပြောပါ"

ဟု မေးလာလေသည်။ စန်းကိုးက ...

"ကိစ္စမရှိပါဘူး ခင်ဗျာ ... ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်သည်။ ထိုလူက ...

"ညီလေး ... အနည်းဆုံးတော့ ဒီသေတ္တာလေးကို သယ်



ပေးဖို့ လူတစ်ယောက်လိုတယ် မဟုတ်လား"

သေတ္တာနီလေးကို ညွှန်ပြကာ ပြောလေသည်။

စန်းကိုး ရင်ထိတ်သွားသည်။

ထိုလူက ...

"ကျုပ်ကို ဘာမှ အားနာစရာမလိုပါဘူး။ ကျုပ် ကူပြီးသယ်ပေးပါ့မယ်"

စကားဆုံးလျှင် သေတ္တာနီလေးကို ဖျတ်ခနဲ ဆွဲယူကာ ပခုံးပေါ် ထမ်းလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ပြေးထွက်သွားတော့သည်။

စန်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ဟေ့ ဟေ့လူ ... ဒါ ဘာလုပ်တာလဲ"

ဟု အော်ပြောကာ ပြေးလိုက်သွားလေသည်။

ထိုလူက လမ်းကြားလေးတစ်ခုအတွင်းသို့ ပြေးဝင်သွားခြင်း ဖြစ်သည်။

"ရပ်လိုက်စမ်း"

စန်းကိုးသည် အော်ဟစ်ရင်း ပြေးလိုက်သွားသည်။

လမ်းကြားလေးအတွင်းသို့ ရောက်ရှိသွားသောအခါ လူ[illegible] လမ်းပိတ်ရပ်ထားသည်ကို တွေ့ရ၏။

www.burmeseclassic.com



သေတ္တာထမ်းပြေးသူနောက်သို့ လိုက်သွားဖို့ မဖြစ်နိုင်ပါတော့ချေ။ စန်းကိုးက ...

"လမ်းဖယ်လိုက်ကြပါဗျာ"

ဟု ပြောလိုက်သည်။ ထိုလူများက ...

"မင်း နောက်ကြောင်းလှည့်ပြန်ရင် ပိုကောင်းမယ်"

"ဘာဗျ"

"မင်း ထွက်သွားမလား ငါတို့ မောင်းထုတ်ရမလားဆိုတာ ပြောပါ"

စန်းကိုး ဒေါပွသွားသည်။

"ကောင်းပြီလေ ... ကျုပ်ကို မောင်းထုတ်နိုင်ရင် ကျုပ် ထွက်သွားပါ့မယ်ဗျာ"

ဟု စိန်ခေါ်လိုက်လေသည်။ ထိုလူများသည် စန်းကိုးအား ချက်ချင်း ဝိုင်းရံထားလိုက်ကြပြီး ...

"သေပေတော့"

ဟု ကြွေးကြော်ကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

စန်းကိုးသည် သူတတ်မြောက်ထားသည့် သိုင်းကွက်များကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်သည်။



လမ်းကြားလေးအတွင်း၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာတော့သည်။ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ဝိုင်းရံတိုက်ခိုက်ကြသူများသည် ဖရိုဖရဲ လွင့်စဉ်သွားကြလေတော့သည်။

စန်းကိုးက ထပ်မံတိုက်ခိုက်လိုက်လျှင် ဆက်လက်ဟန့်တားခြင်း မပြုဝံ့ကြတော့ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြလေတော့သည်။

စန်းကိုးက ဟန့်တားသူများအား မောင်းထုတ်နိုင်ခဲ့ပါသည်။ သို့သော် သေတ္တာနီလေးအား ခိုးယူသွားသူကား လွတ်မြောက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ တစ်စထက်တစ်စ ရှုပ်ထွေးလာလေ၏။

စန်းကိုး အကြီးအကျယ် စိတ်ဓာတ်ကျနေသည်။ မမျှော်လင့်ဘဲ အခက်အခဲ ဒုက္ခများနှင့် ကြုံတွေ့လာရပြီ မဟုတ်ပါလား။

"ဒုက္ခပါပဲ ... ငါ ဘာလုပ်ရမလဲ"

ဟု တွေးတောနေစဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီး လမ်းကြားအတွင်းသို့ ဝင်ရောက်လာသည်။ ထိုမြင်းလှည်းသည် စန်းကိုးနှင့် မလှမ်းမကမ်းတွင် ရပ်တန့်သွား၏။

မြင်းလှည်းသမားသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး မြင်းလှည်းတံခါးကို ဖွင့်လိုက်သည်။ ပြီးလျှင် ...

"မိတ်ဆွေ ... မြင်းလှည်းပေါ်ကိုကြွပါ"

ဟု ဖိတ်ခေါ်လာလေသည်။ စန်းကိုးက ...

"ခင်ဗျားကို ဘယ်သူလွှတ်လိုက်တာလဲ"

ဟု မေးလိုက်လေသည်။ မြင်းလှည်းသမားက ...

"ဘဘရှမ်း လွှတ်လိုက်တာပါ"

"ဘဘရှမ်းဆိုတာက အပြုံးရောင်ဝတ်ထားတဲ့အဘိုးအိုကို



ပြောတာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

စန်းကိုးသည် သေတ္တာနီလေးအား ဆုံးရှုံးလိုက်ရသည့်ကိစ္စနှင့်ပတ်သက်ပြီး အပြုံးရောင်ဝတ်အဘိုးအို (ဝါ) ဘဘရှမ်းနှင့် တွေ့ဆုံရန်လိုအပ်သည်ဟု သဘောပိုက်ကာ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ ... ကျုပ်လိုက်ခဲ့ပါ့မယ်"

သူက မြင်းလှည်းပေါ် တက်လိုက်လေသည်။ မြင်းလှည်းသမားက တံခါးပြန်ပိတ်လိုက်သည်။ ထို့နောက် မြင်းလှည်းမောင်းသူနေရာသို့ ခုန်တက်ကာ မောင်းနှင်သွားလေတော့သည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေ၏။

စန်းကိုးသည် မြင်းလှည်းအိမ်ထဲ၌ ငြိမ်သက်စွာ ထိုင်ရင်းသိုက်ဝါသွားလေသည်။

မြင်းလှည်းသည် ရပ်နားခြင်းမပြုဘဲ မောင်းနှင်သွားသည်။

သို့ဖြင့် နှစ်ရက်လုံးလုံး မောင်းနှင်သွားပြီး နောက်မှရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးက မြင်းလှည်းပေါ်မှ ဆင်းလိုက်သောအခါ ခမ်းနားထည်ဝါလှသော အိမ်တစ်အိမ်ရှေ့သို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

မြင်းလှည်းသမားက ...

"အိမ်ထဲကို ကြွပါခင်ဗျာ"

အဆောက်အအုံအတွင်းသို့ ခေါ်ဆောင်သွားလေသည်။ စန်းကိုးသည် လိုက်သွားလေသည်။

ဧည့်ခန်းအတွင်းသို့ ရောက်သွားလျှင် အဖြူရောင်ဝတ် အဘိုးအိုက အသင့်ထိုင်စောင့်နေသည်ကို တွေ့ရလေသည်။

ထိုအဘိုးအိုက ပြုံးရွှင်သောမျက်နှာထားဖြင့် ဆီးကြိုလိုက်၏။

"ထိုင်ပါ"

စန်းကိုးက မထိုင်သေးဘဲ ...

"ခင်ဗျားရဲ့ရွှေဒင်္ဂါးအပြည့်ပါတဲ့ သေတ္တာလေးဟာ ကျွန်တော် အသုံးမကျတာကြောင့် သူတစ်ပါးလက်ထဲ ပါသွားပြီ"

ဟု ပြောလိုက်လေသည်။

အဘိုးအို (ဝါ) ဘဘရှမ်းက ...



"ကျုပ် သိပြီးပါပြီ၊ ထိုင်ပါဦး ... အေးအေးဆေးဆေးပေါ့"

စန်းကိုးက ထိုင်ချလိုက်လေသည်။ ဘဘရှမ်းက ...

"နဂါးတောင်ကုန်းကို ရအောင်ယူဖို့ မင်းကို တာဝန်ထပ်ပေးလို့ မဖြစ်တော့ဘူးဆိုတာ ကျုပ်နားလည်လိုက်ပါပြီ၊ ဒါကြောင့် အခြားတာဝန်တစ်ခု ပြောင်းလွှဲပြီး ပေးချင်လို့ ခေါ်လိုက်တာပါ"

စန်းကိုးက ...

"ကျွန်တော် ဘာလုပ်ပေးရမလဲ ပြောပါ"

ဟု မေးလိုက်လေသည်။ ဘဘရှမ်းက ...

"မိုးနတ်ဂိုဏ်း ပြန်ပြီးထူထောင်မှာကို မလိုလားတဲ့ သိုင်းသမားတွေ ရှိနေကြတယ်၊ သူတို့ကို မင်း တားဆီးပေးရလိမ့်မယ်"

"ဗျာ"

စန်းကိုး မကျေမနပ် ဖြစ်သွားလေသည်။ သူ့အား မတရားအကြပ်ကိုင်ပြီး ခိုင်းစေလာသည် မဟုတ်ပါလား။

"မင်းဟာ သိုင်းပညာတော်တဲ့ လူငယ်လေးတစ်ယောက်ဆိုတာ မိုးတမန်သိသွားပြီ၊ ဒါကြောင့် မင်းဟာ သူ့အပေါ် ကျရောက်သမယ့် အန္တရာယ်တွေကို တားဆီးကာကွယ်ပေးရလိမ့်မယ်"

စန်းကိုး ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်ဗျာ ... ကျုပ်မလုပ်နိုင်ပါဘူး"

ဘဘရှမ်းက ...

"ဒါဆို မင်းက ချူးလျှံသေသွားတာကို လက်ပိုက်ကြည့်နေမယ်ပေါ့ ... ဟုတ်လား"

"ကျုပ်က"

"မင်း ငြင်းဆန်လိုက်တာနဲ့ ချူးလျှံ သေဆုံးသွားရလိမ့်မယ်"

စန်းကိုး အံကြိတ်လိုက်သည်။ မီးတမန်နိုင်းစေသမျှကို သူက လုပ်ကိုင်ပေးရမည်ဆိုပါလျှင် သိုင်းသမားဆိုးတစ်ယောက် ဖြစ်သွားမည်မှာ သေချာလှပေတော့သည်။

သူက လူဆိုးတစ်ယောက်အဖြစ် ဘဝတစ်သက်တာ ခံယူသွားမည်လော။ မကောင်းမှု ဒုစရိုက်မှုများကို သူသည် လွန်စွာမုန်းတီးခဲ့ပါသည်။ မည်သည့်နည်းနှင့်မျှ လူဆိုးတစ်ယောက်အဖြစ် မခံနိုင်ပါ။ ထို့ကြောင့် ...

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် လက်မခံနိုင်ပါဘူးဗျာ"

ဟု ပြောလိုက်လေသည်။ ဤတွင် ...

"မင်း တော်တော်ခေါင်းမာပါလား၊ ကောင်းပြီလေ၊ ချူးလျှံကို ရှင်းပစ်ရတာပေါ့"



ဘဘရှမ်း ဒေါပွသွားလေတော့သည်။ သူက လက်ခုပ်တစ်ချက်တီးလိုက်လျှင် အနီရောင်ဝတ်ဆင်ထားသူနှစ်ယောက်သည် မိန်းကလေးတစ်ယောက်အား ခေါ်ဆောင်လာကြ၏။

ထိုမိန်းကလေးမှာ ချူးလျှံ ဖြစ်လေသည်။

ချူးလျှံကိုမြင်လိုက်ရလျှင် စန်းကိုး ရင်ထိတ်သွားပြီး ...

"ညီမချူးလျှံ"

ဟု ခေါ်လိုက်လေသည်။ ချူးလျှံက ...

"အစ်ကို ... ကျွန်မကို ကယ်ပါဦး"

သနားစဖွယ် ပြောလာလေသည်။

စန်းကိုး စိတ်မကောင်းဖြစ်သွားလေသည်။

"သူ့ကို လွှတ်လိုက်ပါဗျာ"

ဟု ဘဘရှမ်းကို ပြောလိုက်၏။ ဘဘရှမ်းက ...

"သူ့ကို လွှတ်ပေးလိုက်ချင်ပါတယ်၊ ဒါပေမဲ့ မင်းက ကျုပ်ခိုင်းတဲ့အတိုင်း လုပ်ပေးမှ လွှတ်နိုင်မယ်"

စန်းကိုးက ...

"ကျုပ်က လုပ်မပေးနိုင်ဘူး ဆိုရင်ကော"

ဘဘရှမ်းက ...

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို သတ်ပစ်ရုံပဲ ရှိတော့တာပေါ့"

ရုတ်တရက် ချူးလျှံ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

"ရက်စက်လိုက်တာ အစ်ကိုရယ်"

ဟု ညည်းတွားလိုက်လေသည်။ စန်းကိုး စိတ်မကောင်းဖြစ်သွားသည်။

"ညီမ"

ချူးလျှံက ...

"အစ်ကို ကျွန်မအပေါ် တကယ်ပဲ ရက်စက်တော့မှာလား ရှင်"

"ကျုပ် ကျုပ်"

ချူးလျှံ အံကြိတ်လိုက်သည်။

"ကောင်းပြီ ... ကျွန်မကို သတ်ပစ်လိုက်ပါတော့ရှင်"

ဟု ပြောလိုက်လေသည်။ ဘဘရှမ်းက ...

"စန်းကိုး ... မင်းကို နောက်ဆုံးအခွင့်အရေးပေးမယ်၊ သေသေချာချာ စဉ်းစားပါ"

စန်းကိုး ဘာမှမပြောဘဲ နေလိုက်လေသည်။



ဘဘရှမ်းက ...

"ကောင်းပြီ ... သူ့ကို သတ်ပစ်လိုက်ပေတော့"

ဟု အမိန့်ပေးလိုက်[illegible]

"[illegible]"

အနီရောင်ဝတ်ဆင်ထားသူနှစ်ယောက်က ဓားများဆွဲထုတ်လိုက်ကြလေတော့သည်။ စန်းကိုးက ...

"ချူးလျှံ တစ်ခုခုဖြစ်သွားရင် ခင်ဗျားတို့လည်း တစ်ယောက်မှ အသက်ရှင်မနေခဲ့စေနဲ့လို့ ကျုပ်ကတိပေးတယ်"

ဟုပြောလိုက်သောအခါ [illegible] အနီရောင်ဝတ်ထားသောသူ နှစ်ယောက်သား ဓားကိုင်ထားသော လက်များကို အပေါ်မြှောက်လိုက်ကြပြီး ဖြစ်လေသည်။ ထိုစဉ် ...

"နေဦး"

ချူးလျှံက ဟန့်တားလိုက်လေသည်။ ဘဘရှမ်းက ...

"မင်း ဘာပြောချင်သေးလို့လဲ"

ချူးလျှံက ...

"ကျွန်မ သူ့ကို မေးပါရစေဦးရှင်"

ဘဘရှမ်းက ခွင့်ပြုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... မေးပါ"

ချူးလျှံက စန်းကိုးအား လှမ်းကြည့်လိုက်ပြီး ...

"ကျွန်မသေသွားမယ်ဆိုရင် ရှင်က လက်ပိုက်ကြည့်နေမှာလား"

ဟု မေးလိုက်လေသည်။ စန်းကိုးက ...

"ကျုပ်က မင်းအတွက် သူတို့ကို သုတ်သင်ရှင်းလင်းပစ်လိုက်မှာပါ"

ချူးလျှံက ...

"ကျွန်မအတွက် သူတို့ခိုင်းတာကို ရှင် လုပ်မပေးနိုင်ဘူးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင် ရှင်"

"ကျုပ်ဟာ မကောင်းတဲ့လူတွေ စေခိုင်းသမျှ မလုပ်နိုင်လို့ပါ"

"ရှင်က သူရဲကောင်းတစ်ယောက်ဖြစ်ချင်တာနဲ့ ကျွန်မကိုတောင် အဆုံးရှုံးခံနိုင်တယ်ပေါ့ ... ဟုတ်လား"

စန်းကိုး ခေါင်းခါယမ်းလိုက်သည်။



"ဒီလိုတော့မဟုတ်ပါဘူး၊ ကျုပ်ဟာ ဘယ်တော့မှ သူရဲကောင်းတစ်ယောက် မဖြစ်ချင်ပါဘူး"

ချူးလျှံက ...

"ဘာပဲဖြစ်ဖြစ် ရှင်ဟာ ကျွန်မသေသွားရမယ်ဆိုရင်တောင် လက်ပိုက်ကြည့်နေမယ့် လူတစ်ယောက်ဆိုတာ ကျွန်မ နားလည်ပါပြီရှင်"

သူမသည် မျက်ရည်များကို သုတ်ပစ်လိုက်လေသည်။

ဤတွင် ...

'ဝုန်း ဝုန်း'

အနီရောင်ဝတ်ထားသူနှစ်ယောက်မှာ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။ ချူးလျှံသည် ဘာဘရှမ်းအား တိုက်ခိုက်ခြင်းမပြုဘဲ ပြတင်းပေါက်ဆီသို့ တစ်ဟုန်ထိုးပြေးသွားပြီး အပြင်ဘက်ခုန်ထွက်လိုက်လေသည်။ စန်းကိုး ရင်ထိတ်သွားသည်။

"ညီမ နေဦး"

ဟု အော်ပြောကာ ချူးလျှံနောက်သို့ ပြေးလိုက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## မိန်းကလေးအမှန်း

စည်ကားသိုက်မြိုက်နေသော လမ်းပေါ်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။ စန်းကိုးက ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ ချူးလှုံသည် လမ်းသွားလမ်းလာများကြားမှ တိုးဝှေ့ကာ ခပ်သွက်သွက် သွားနေသည်ကို တွေ့လိုက်ရလေသည်။ စန်းကိုးက ...

"ချူးလှုံ"

ဟု အော်ခေါ်ကာ ပြေးလိုက်သွားလေသည်။ ဤတွင် လမ်းသွား လမ်းလာများနှင့် တိုးမိလိုက်လေတော့သည်။

"ဟေ့လူ ... ဘယ်လိုဖြစ်တာလဲ"

"ဒီမှာ မှောက်ကုန်ပြီ"

"ဒီလူတော့ ခက်တာပဲ"



မကျေမနပ် ပြောဆိုအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ စန်းကိုးကား အမှုမထားနိုင်ပါချေ။

"ညီမ ချူးလှုံ"

ဟု အော်ခေါ်ကာ ပြေးလိုက်သွားလေသည်။ ချူးလှုံကား ရှေ့သို့ ခပ်သုတ်သုတ်သွားနေပြီး လူရှင်းသောတစ်နေရာသို့ရောက်မှ ခြေလှမ်းရပ်လိုက်လေသည်။ စန်းကိုးက ...

"ညီမရယ်"

ချူးလှုံအနီးသို့ ချဉ်းကပ်သွားရန် ဟန်ပြင်လိုက်သည်။

"ရှေ့မတိုးနဲ့ ... ရပ်လိုက်"

ချူးလှုံက ဟန့်တားလိုက်သည်။ စန်းကိုး ခြေလှမ်းရပ်သွားသည်။

"ချူးလှုံ ... ညီမ ကျူပ်က"

"တော်ပါ ... ရှင် ဘာမှမပြောပါနဲ့"

စန်းကိုး သက်ပြင်းချလိုက်သည်။ ချူးလှုံကား အကြီးအကျယ် စိတ်ဆိုးနေပါသည်။

"ကျွန်မ သေသွားမှာကိုတောင် ရှင်က ဂရုမစိုက်ဘဲ ဘာကြောင့် ကျွန်မနောက်ကိုလိုက်လာရတာလဲ ... ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ကျုပ်က"

ချူးလျှံသည် အံတင်းတင်းကြိတ်လိုက်ပြီး ...

"လောကပေါ်မှာ ကျွန်မအမုန်းဆုံးလူဟာ ရှင်ပဲဆိုတာ ခုချိန်ကစပြီး မှတ်ထားလိုက်ပါ"

ဟု ပြတ်သားစွာ ပြောလေသည်။ စန်းကိုး၏ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်။ ချူးလျှံက

"ကျွန်မတို့လမ်းခွဲပြီးတာနဲ့ ရန်သူတွေ ဖြစ်သွားကြပြီဆိုတာ မှတ်ထားလိုက်ပါရှင်"

ဟု ပြောလေသည်။ စန်းကိုးက ...

"ကျုပ် ရှင်းပြပါရစေ ညီမရယ်"

ဟု ပြောကာ ရှေ့သို့ လှမ်းသွားလိုက်လျှင် ...

"သေပေတော့"

ချူးလျှံက စတင်တိုက်ခိုက်လေသည်။ စန်းကိုးက ...

"မလုပ်နဲ့ ... ညီမမှားမယ်"

ဟု ဟန့်တားရင်း ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်၏။ ဒေါသထွက်နေသော ချူးလျှံမှာ ဘာဆိုဘာမှ မမြင်နိုင်



တော့ဘဲ တရကြမ်း လိုက်လံတိုက်ခိုက်လေတော့သည်။

"ညီမ မလုပ်နဲ့"

စန်းကိုးက ဟန့်တားနေသည့်ကြားမှပင် ချူးလျှံက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။ သူမသည် စန်းကိုးအနီးသို့ ခိုပ်ခနဲ ရောက်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

စန်းကိုး ရင်ထိတ်ကာ လက်ဝါးတစ်ဖက်ဖြင့် ခုခံကာကွယ်လိုက်၏။ ဤတွင် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။ ချူးလျှံက ကပျာကယာ နောက်ဆုတ်သွားရလေသည်။ စန်းကိုးက ...

"ညီမ"

ကပျာကယာ လိုက်သွားလေသည်။ ချူးလျှံ အံကြိတ်လိုက်ပြီး ...

"ရှင့်ကို သတ်ရမှ ကျေနပ်မယ်"

ဟု ကြုံးဝါးကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လေသည်။ စန်းကိုးသည် သူ့အပေါ် အထင်လွဲသွားမည်က တစ်ကြောင်း၊ ချူးလျှံ ထိခိုက်မိမည်ကို စိုးရိမ်သည်က တစ်ကြောင်းမို့ ပြန်လည်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း မပြုဘဲ နောက်ဆုတ်လိုက်လေသည်။ ချူးလှုံက ...

"ရှင် ပြေးလို့ လွတ်မယ်ထင်သလား"

ဟု ကြုံးဝါးကာ တရကြမ်း လိုက်လံတိုက်ခိုက်လေသည်။ စန်းကိုးက ခုခံခြင်းမပြုဘဲ ရှောင်တိမ်းနေရာ ကြာသော် လွတ်အောင် မရှောင်နိုင်တော့ချေ။

ချူးလှုံ၏လက်ဝါးရိုက်ချက်တစ်ချက် ခံလိုက်ရလေတော့သည်။

'ဝုန်း'

"အား"

စူးရှသော အော်ဟစ်သံနှင့်အတူ စန်းကိုးမှာ ဘေးသို့ လွင့်စဉ်သွားလေတော့သည်။

✹

စန်းကိုး အဝေးသို့ လွင့်စဉ်သွားသည်။ ကပျာကယာ လူးလိမ့်ထလိုက်သည်။ သူ၏ရင်ဝ၌ အောင့်သက်သက်ဖြစ်လာပြီး ...

'ဝေါ့'



ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။ ချူးလှုံ၏ လက်ချက်ဖြင့် ဒဏ်ရာရသွားပြီ ဖြစ်သည်။

စန်းကိုးက ချူးလှုံကို လှမ်းကြည့်လိုက်ပြီး ...

"ညီမ မကျေနပ်ရင် ကျုပ်ကို သတ်ပစ်လိုက်ပါ"

ဟု ပြောလေသည်။ ချူးလှုံက ...

"စိတ်ချ ... ရှင့်ကိုသတ်ပစ်ရမှ ကျေနပ်မယ်"

သူမသည် စန်းကိုးအား ထပ်မံ တိုက်ခိုက်လိုက်လေသည်။

စန်းကိုး ကပျာကယာ ရှောင်တိမ်းလိုက်သည့်တိုင် ချူးလှုံ၏ ခြေထောက်ကန်ချက် ထိမှန်သွားသည်ဖြစ်ရာ ...

'ဝုန်း'

"အား"

အဝေးသို့ လွင့်စဉ်သွားပြန်လေတော့သည်။ ချူးလှုံက ခါးထောက်လိုက်သည်။

"ခုတော့ ရှင် ဘာတတ်နိုင်သေးသလဲ"

ဟုငေါက်လိုက်သည်။ စန်းကိုးက မြေပေါ်တွင် လူးလိမ့်ကာ အလိုက်သည်။ သူ၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေသည်။

ချူးလှုံကို အံ့သြစွာ ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးလျှံသည် အဘယ်ကြောင့် သူ့အားမုန်းတီးသွားရပါသနည်း။ အဘယ်ကြောင့် သူ့အား ရက်ရက်စက်စက် တိုက်ခိုက်ရပါသနည်း။ ချူးလျှံက ...

"ရှင် ခုတော့ ဘာတတ်နိုင်သေးလဲ"

ဟု ခနဲ့လေသည်။ စန်းကိုးက ခေါင်းခါယမ်းလိုက်သည်။

"မင်းက ကျုပ်ကို သတ်ပစ်လိုက်မယ်ဆိုရင်တောင် ကျုပ်က မင်းကို မတုံ့ပြန်ပါဘူး"

ဟု ပြောလိုက်သည်။ ချူးလျှံက ...

"ကောင်းတာပေါ့ရှင်၊ ကျွန်မက ရှင့်ရဲ့မျက်နှာကို ဖျက်ဆီးပစ်မယ်လို့ စိတ်ကူးထားတယ်"

"ဘာ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် စန်းကိုး လန့်သွားလေသည်။

"မင်း မင်း ဘာကြောင့် ဒီလောက်တောင် ရက်စက်ချင်ရတာလဲ။ ကျုပ်တော့ နားမလည်နိုင်တော့ဘူး"

ဟု ပြောလိုက်သည်။ ချူးလျှံက ...

"ရှင့်မျက်နှာကို ဖျက်ဆီးပစ်လိုက်ရင် ရှင့်ကို ဘယ် မိန်း



ကလေးကမှ စိတ်ဝင်စားနိုင်မှာမဟုတ်တော့ဘူးပေါ့"

"ဟင် ... မင်း မင်း"

"ကဲ ... ရှင် သတိထားပေတော့"

ချူးလျှံက ဓားတစ်လက် ဆွဲထုတ်လိုက်လေသည်။ စန်းကိုး ငိုင်သွားသည်။ သူက ရင်ဆိုင်ခုခံရမည်လော၊ သို့မဟုတ် ချူးလျှံ ရက်စက်သမျှ ခေါင်းငုံ့ခံနေရမည်လော။ ထိုစဉ် ...

'ဒေါင် ဒေါင် ဒေါင် ဒင်'

ချိုလွင်သာယာသော စောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✵

စောင်းသံများ ထွက်ပေါ်လာလေသည်။ ထိုစောင်းသံသည် ချွှေ့ပ်လျှာဂေဟာမှ သခင်မလေးကျင်းမေ၏ စောင်းသံဖြစ်ကြောင်း စန်းကိုးနှင့် ချူးလျှံတို့ နားလည်လိုက်ကြ၏။

ချူးလျှံ ဒေါပွသွားသည်။

"လက်စသတ်တော့ ရှင်ဟာ သူတို့နဲ့ အရိုတ်အဆက် လုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားတာကိုး”

ဟု စွပ်စွဲပြောဆိုလိုက်လေသည်။ စန်းကိုးက ...

“ကျုပ် ဘာမှမသိရပါဘူးဗျာ”

ဟု ငြင်းလိုက်လေသည်။ ချူးလှံ့က ...

“စိတ်ချ ... ရွှေရုပ်လှသခင်မလေး ရောက်လာတဲ့အခါမှာ ရှင်ဟာ လောကပေါ်မှာ အရုပ်အဆိုးဆုံးလူတစ်ယောက် ဖြစ်နေတာကို တွေ့ရလိမ့်မယ်”

ဟု ကြုံးဝါးလိုက်သည်။ စန်းကိုးက အံကြိတ်လိုက်သည်။

“ကောင်းပြီ ... မင်းကြိုက်သလိုသာလုပ်ပေတော့”

ဟုပြောကာ မျက်နှာကို မော့ပစ်လိုက်လေသည်။ ထိုတခဏ အချိန်လေးအတွင်းမှာပင် ...

“ရပ်လိုက်”

အော်ငေါက်သံနှင့်အတူ လူရိပ်တစ်ခု ရောက်ရှိလာပြီး ချူးလှံ့အား ဟန့်တားလိုက်လေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း(တတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

စန်းကိုးသည် မျှော်လင့်မထားသောဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရသဖြင့် အထိတ်တလန့် ဖြစ်သွားလေသည်။

ချူးလျှံသည် သူ့ အပေါ်အမှန်တကယ် ရက်စက်တော့မည် မဟုတ်ပါလား။

သူမ အဘယ်ကြောင့် ရန်လိုနေသည်ဟု နားမလည်နိုင်ပါချေ။

စန်းကိုးက အထိတ်တလန့်ဖြင့် ...

"ချူးလျှံ မလုပ်နဲ့"

ထိုစဉ် လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာပြီး ချူးလျှံအား တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးလျှံ အဝိုက်မိပြီး လွင့်စဉ်သွားသည်။ သူမ ကပျာကယာ လူးလိမ့်ထကာ ကြည့်လိုက်သောအခါ ...

"လက်စသတ်တော့ ညည်းကိုး"

ရောက်ရှိလာသူမှာ ကျင်းမေ ဖြစ်လေသည်။

ကျင်းမေက ဘာမှမပြောဘဲ ထပ်မံတိုက်ခိုက်လိုက်သည်။ ချူးလျှံကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်သည် ရန်သူတော်ကြီးသဖွယ် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြလေတော့သည်။

စန်းကိုးသည် တိုက်ပွဲကိုကြည့်ရင်း ခေါင်းထဲ မူးနောက်လာလေသည်။ မျက်လုံးများပြာဝေလာသည်။

ထို့နောက်တွင် ...

❁

အချိန်မည်မျှကြာသွားမှန်းမသိ စန်းကိုး သတိရလာသောအခါ လှပစွာပြင်ဆင်ထားသော အခန်းတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့မြင်ရလေသည်။



"ငါ ငါ ဘယ်ရောက်နေတာပါလိမ့်"

ကပျာကယာ လူးလိမ့်ထလိုက်သည်။

ထိုစဉ် ...

"ရှင် သတိရနေပြီကိုး"

ချိုလွင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုမိန်းကလေးမှာ အိမ်ဖော်မလေး လင်းလင်းဖြစ်ပါသည်။

လင်းလင်းကိုတွေ့မြင်လိုက်ရသည်နှင့် မိမိသည် သခင်မလေး ကျင်းမေထံတွင် ရောက်ရှိနေပြီဖြစ်ကြောင်း စန်းကိုး သတိပြုမိလိုက်လေတော့သည်။

လင်းလင်းက ဦးညွှတ်လိုက်သည်။

"သခင်မလေး စောင့်နေပါတယ်၊ ကျွန်မနောက် လိုက်ခဲ့ပါရှင်"

စန်းကိုးက ...

"ကောင်းပါပြီဗျာ"

လင်းလင်း လမ်းပြခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ …။ ခမ်းနားထည်ဝါလှသော ဧည့်ခန်းတစ်ခု အတွင်းသို့ ရောက်ရှိသွားကြသည်။

အခန်းထဲသို့ဝင်လိုက်သည်နှင့် ချိုလွင်သာယာသော စောင်းသံများကို ကြားလိုက်ရလေသည်။

သခင်မလေးကျင်းမေ စောင်းတီးခတ်နေခြင်းဖြစ်သည်။

သူမသည် စန်းကိုးရောက်လာသည်ကိုမြင်လျှင် အပြုံးဖြင့် ဆီးကြိုလိုက်လေသည်။

"ရှင် ရောက်လာပြီကိုး … ထိုင်ပါရှင်"

စန်းကိုးအား နေရာထိုင်ခင်းပေးကာ ဧည့်ခံလေသည်။

စားသောက်ဖွယ်ရာများ၊ အရက်များ အသင့်ပြင်ထားသည်။

စန်းကိုးက စိတ်မဝင်စားပါချေ။ သူ စိတ်ဝင်စားသည်မှာ ချူးလျှံ ဖြစ်လေသည်။

သူမ မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

ချူးလျှံနှင့် ကျင်းမေတို့ တိုက်ပွဲအခြေအနေ မည်သို့ရှိပါသနည်း။

ကျင်းမေသည် စန်းကိုး၏အတွေးကို သိနေသည့်အလား…



"သူထွက်သွားပါပြီ၊ ကျွန်မကို အတော်လေး စိတ်ဆိုးသွားတယ်"

စန်းကိုး သက်ပြင်းချလိုက်သည်။

ယခုအတိုင်းဆိုလျှင် ချူးလျှံအတွက် စိုးရိမ်စရာမရှိကြောင်း နားလည်လိုက်လေသည်။

ကျင်းမေက …

"သူက ဘာကြောင့် ရှင့်ကို သူ ရန်မူခဲ့ရသလဲဆိုတာ ရှင် သိသလား"

စန်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း မပြောတတ်ဘူး"

ကျင်းမေ ပြုံးလိုက်သည်။

သူမ၏အပြုံးမှာ အဓိပ္ပာယ်ရှိလှပေသည်။ အမှန်တော့ ချူးလျှံသည် စန်းကိုးအပေါ်တွင် တစ်ဖက်သတ် မေတ္တာသက်ဝင်နေကြောင်း သူမနားလည်ထားသည်။

ထို့ပြင် စန်းကိုးက သူမအား မေတ္တာရှိသွားမည်ကို စိုးရိမ်နေကြောင်း ထင်ရှားလေသည်။

သို့သော် ထိုအကြောင်းများကို သူမက စန်းကိုးအား ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည် မဟုတ်ချေ။

"ကျွန်မအနေနဲ့ ရှင့်ကို အရေးကြီးတဲ့စကားတစ်ခု ပြောချင်ပါတယ်"

စန်းကိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ပြောပါဗျာ"

ကျင်းမေက ...

"ရှင်ဟာ ရွှေရုပ်လွှာသိုင်းကျမ်းနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ သိချင်လို့ပါ"

စန်းကိုး သက်ပြင်းချလိုက်လေသည်။

ကျင်းမေက ...

"ကျွန်မကို စိတ်မဆိုးပါနဲ့ရှင်၊ ရှင် သတိမေ့နေတုန်း ကျွန်မ မမျှော်လင့်ဘဲ တွေ့ခဲ့ရလို့ပါ"

စန်းကိုးက ...

"အမှန်တော့ ကျုပ်လည်း မမျှော်လင့်ဘဲ ရခဲ့တာပါ"

သူက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ကျင်းမေက စိတ်ဝင်စားစွာ နားထောင်နေသည်။



စန်းကိုး၏စကား ဆုံးသွားတော့မှ ...

"ရှင့်အဖြစ်က အတော့်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဒါနဲ့ ရွှေရုပ်လွှာသိုင်းကျမ်းရဲ့ပိုင်ရှင် အစစ်အမှန် ဘယ်သူလဲဆိုတာကို ရှင်သိသလား"

စန်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိပါဘူး"

ကျင်းမေ ပြုံးလိုက်သည်။

"ဒီနေရာဟာ ရွှေရုပ်လွှာစံအိမ်ဆိုတာကိုတော့ ရှင်သိမှာပေါ့နော်"

စန်းကိုး၏ ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်လှုပ်သွားလေသည်။

"ဒါ ဒါဖြင့်"

ကျင်းမေက ...

"ရွှေရုပ်လွှာသိုင်းကျမ်းဟာ ကျွန်မအဖေ တီထွင်ထားတဲ့ သိုင်းကျမ်းဖြစ်ပါတယ်ရှင်"

စန်းကိုး ဝမ်းသာသွားလေသည်။

"ကျုပ်က တစ်နေ့ကျရင် ပိုင်ရှင့်လက်ထဲ ရောက်အောင် ပို့ဆောင်ပေးဖို့ ဆုံးဖြတ်ထားပါတယ်၊ သခင်မလေးဟာ ပိုင်ရှင်အစစ်

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဖြစ်တယ်ဆိုရင်တော့ သခင်မလေးပဲ ပြန်ယူလိုက်ပါ"

ကျင်းမေ ရယ်မောလိုက်လေသည်။

"တကယ်လို့တစ်ယောက်ယောက်က သက်သေအထောက်အထားမပြဘဲ သူတို့ပိုင်ဆိုင်တဲ့ပစ္စည်းလို့ ပြောလာရင်ကော ရှင်က ပေးမှာလား"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် စန်းကိုး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကျင်းမေက ...

"ကျွန်မ မေးတာ ဖြေပါဦးရှင်"

စန်းကိုး အဖြေမပေးနိုင်ပါ။ မည်သို့ ဖြေရမှန်းလည်း မသိပါ။

ကျင်းမေစကားက သဘာဝကျလှသည် မဟုတ်ပါလား။

ကျင်းမေက တည်ကြည်သောမျက်နှာထားဖြင့် ...

"ရွှေရုပ်လွှာသိုင်းကျမ်းဟာ ကျွန်မအဖေ တီထွင်ခဲ့တဲ့ သိုင်းကျမ်းဆိုတာ အမှန်ပါ။ ကျွန်မ သက်သေပြပါ့မယ်၊ ရှင့်ရဲ့စိတ်ထဲမှာ လက်ခံနိုင်မယ်လို့သေချာမှ ကျွန်မလက်ထဲအပ်ပါ"



စန်းကိုး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ သခင်မလေးတို့ ပိုင်ဆိုင်ကဲ့ပစ္စည်း ဆိုတာ ကျုပ် ယုံကြည်ပါတယ်၊ ဒါပေမဲ့ သက်သေပြမယ်ဆိုတော့ ပိုကောင်းတာပေါ့"

ကျင်းမေက ထိုင်ရာမှ ထလိုက်သည်။

"ကျွန်မနောက်ကို လိုက်ခဲ့ပါရှင်"

"ကောင်းပါပြီဗျာ"

စန်းကိုးသည် ကျင်းမေခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

စင်္ကြံလမ်းကလေးအတိုင်း ဖြတ်သန်းသွားကြပြီး မကြာမီ ဟောင်းနွမ်းနေပြီဖြစ်သော အဆောင်တစ်ခုသို့ ရောက်ရှိသွားကြလေသည်။

ထိုအဆောင်သည် အသုံးမပြုဘဲ စွန့်ပစ်ထားသောအဆောင်တစ်ခု ဖြစ်ပုံရသည်။

အဆောင်အတွင်း၌ လူ့အသုံးအဆောင်ပရိဘောဂများ သူ့နေရာနှင့်သူ ရှိနေသည်။

များသောအားဖြင့် ကျိုးပဲ့ပျက်စီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူပိုးမျှင်အိမ်များကလည်း နေရာယူထားသည်။

စန်းကိုး အံ့သြသွားလေသည်။

"ဒီနေရာဟာ တစ်ချိန်က အင်မတန်ခမ်းနားထည်ဝါခဲ့တဲ့ ခန်းမဆောင်ကြီးတစ်ခု ဖြစ်ရမယ်၊ အကြောင်းတစ်ခုခုကြောင့် လုံးဝ အသုံးမပြုတော့ဘဲ ပစ်ထားလိုက်တာ ဖြစ်ရမယ်"

တွေးရင်း အဆောင်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်လေသည်။

နံရံများပေါ်တွင် ဟောင်းနွမ်းကာ အရောင်အဆင်းမှေးမှိန်နေသော ပန်းချီကားများ ချိတ်ဆွဲထားသည်။

ထို့အပြင် လူတစ်ရပ်နီးပါးရှိ ပုံတူပန်းချီကားချပ် နှစ်ချပ်လည်း ရှိလေသည်။

စန်းကိုး၏ ခြေလှမ်းများသည် ထိုပန်းချီကား နှစ်ချပ်ရှိရာသို့ အလိုလို လှမ်းသွားမိလိုက်လေသည်။

ထိုပန်းချီကားမှာလည်း အရောင်မှေးမှိန်နေပြီဖြစ်သလို ပင့်ကူအိမ်များရှိသလို ဖုန်အလိမ်းလိမ်း တက်နေသည်။

သို့တိုင် ပန်းချီကားထဲမှ လူနှစ်ယောက်၏ရုပ်သွင်ကို ကောင်းစွာ တွေ့မြင်နိုင်ပါသေးသည်။



အသက်လေးဆယ်ခန့်ရှိ ဥပမိရုပ် အလွန်ကောင်းသူ တစ်ယောက်နှင့် အသက်နှစ်ဆယ်ခန့်ရှိ နတ်မိမယ်တမျှ ချောမောလှပသော မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြလေသည်။

စန်းကိုးက စိတ်ဝင်စားစွာ ငေးကြည့်နေစဉ်မှာပင် ...

"ဒါဟာ ကျွန်မမိဘနှစ်ပါးရဲ့ ပုံတူပန်းချီကားပေါ့ရှင်"

နောက်ကျောဘက်မှနေ၍ ကျင်းမေ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စန်းကိုး အံ့သြသွားသည်။

"ဒါ တကယ်ပဲလား"

ကျင်းမေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

စန်းကိုးက ...

"အတော့်ကို အံ့သြဖို့ကောင်းတယ်၊ သခင်မလေးရဲ့အဖေက ထားပါတော့၊ အမေဆိုတာက"

"သူဟာ ရွှေရုပ်လွှာသိုင်းကျမ်းကို လေ့ကျင့်ခဲ့တာကြောင့် သူ့ရဲ့ရုပ်သွင်ဟာ ထာဝစဉ် နုပျိုနေခဲ့တာပေါ့ရှင်၊ ဒါကြောင့်လည်း ကျွန်မတို့မိသားစုဟာ အန္တရာယ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုး စိတ်ဝင်စားသွားသည်။ ကျင်းမေ၏မျက်နှာ ညှိုးငယ်နေလေသည်။

"ဒီအဆောင်ဟာ ကျွန်မတို့ အိမ်ဂေဟာရဲ့ အဓိကကျတဲ့ ညှိခန်းမဆောင်ကြီး ဖြစ်ခဲ့ပါတယ်၊ ဒီနေရာမှာပဲ ဝမ်းနည်းစရာ အဖြစ်ဆိုးတွေ ကြုံတွေ့ခဲ့ရတယ်၊ ဒါကြောင့် ဒီအဆောင်ကို ပိတ်ထားခဲ့ရ... ဆယ်နှစ်မကတော့ဘူး"

စန်းကိုးက ...

"ဘယ်လိုဖြစ်ရတယ်ဆိုတာ ကျုပ်ကိုပြောပြနိုင်မလားဗျ"

လွှတ်ခနဲ မေးလိုက်ပြီးမှ သတိဝင်ကာ ...

"ကျုပ် ဒီလိုမေးမိတာကို စိတ်မဆိုးပါနဲ့ဗျာ"

ဟု တောင်းပန်လိုက်သေးသည်။

ကျင်းမေ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မကိုယ်တိုင်က ပြောပြချင်လို့ ခေါ်လာခဲ့တာပါ"

"ဪ"

ကျင်းမေက ...

"ကျွန်မရဲ့ဖေဖေဟာ မေမေ့ကို အင်မတန် ချစ်မြတ်နိုးပါ



တယ်၊ ဒါကြောင့် မေမေ့အတွက် ရည်ရွယ်ပြီး ရွှေရုပ်လျှာ သိုင်းကျမ်းကို တီထွင်ခဲ့ပါတယ်"

"ရွှေရုပ်လျှာသိုင်းကျမ်းရဲ့ အစွမ်းသတ္တိဟာ ယောကျ်ားတွေ ထက်စာရင် အမျိုးသမီးတွေအပေါ်မှာ ပိုပြီးထိရောက်မှု ရှိပါတယ်၊ အမျိုးသမီးတွေ လေ့ကျင့်အောင်မြင်သွားရင် ဘယ်တော့မှ အိုမင်းမသွားဘဲ သက်တမ်းကုန်လို့ သေဆုံးသွားရတဲ့အချိန်အထိ မိန်းမပျိုလေးတစ်ယောက်လို၊ နတ်သမီးလေးတစ်ပါးလို ချောမောလှပနေမယ် ဆိုတာပါပဲ"

စန်းကိုး ရင်ထိတ်သွားသည်။

"ယောကျ်ားတွေ လေ့ကျင့်မယ်ဆိုရင်တော့"

ကျင်းမေက ...

"သိုင်းပညာအရတော့ အစွမ်းမပြပါဘူး၊ ရုပ်ဆင်းအင်္ဂါကတော့ အမျိုးသမီးတွေလို ထိန်းသိမ်းနိုင်မှာ မဟုတ်ပါဘူး၊ တခြားဘာမှ ထိခိုက်နစ်နာစရာအကြောင်းလည်း မရှိပါဘူးရှင်"

စန်းကိုး ပင့်သက်ရှိုက်လိုက်လေသည်။

သူက ရွှေရုပ်လျှာ သိုင်းကျမ်းအား လေ့ကျင့်ခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေက ရှင်းပြ လိုက်သည်။

"အမျိုးသမီးတွေဟာ အမျိုးသားတွေထက် ပိုပြီး နွဲ့နှောင်းတဲ့သဘော ရှိပါတယ်၊ ဒါကြောင့် အမျိုးသားတစ်ယောက်က လေ့ကျင့်မယ်ဆိုရင် သိုင်းကွက်တိုင်းမှာ ခွန်အားကိုနှစ်ခါတိုးပြီး အသုံးပြုဖို့ လိုလိမ့်မယ်၊ ဒါမှ ထိရောက်မှုရှိပါလိမ့်မယ်ရှင်"

စန်းကိုး သေသေချာချာ မှတ်သားထားလိုက်လေသည်။

ကျောင်းမေက ဆက်ပြောလိုက်လေသည်။

"မေမေဟာ ဖေဖေစီရင်ပေးတဲ့ ရွှေရုပ်လှသိုင်းကို လေ့ကျင့်အောင်မြင်ပြီးတဲ့နောက်မှာ ငယ်ရွယ်နုပျိုပြီး နုတ်သမီးလေး တစ်ပါးလို ချောမောလှပတဲ့အသွင် ပြောင်းလဲသွားခဲ့တယ်၊ အကြောင်းမသိရင် အပျိုစင်လေးတစ်ယောက်လို့တောင် ထင်မှတ်မှားရတယ်၊

တစ်နေ့မှာ မေမေရဲ့အဖေတစ်ယောက် ကွယ်လွန်အနိစ္စရောက်သွားလို့ ချင်းတိုင်ခရိုင်ကို သွားခဲ့ကြတယ်၊ နာရေးကိစ္စပြီးလို့ ပြန်လာကြတဲ့အခါ လမ်းမှာ ..."

❁ ❁ ❁



## အခန်း (၁၄)

### တာတိရုပ်

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံ မှန်မှန်ထွက်ပေါ်နေသည်။

လှပသော မြင်းလှည်းတစ်စီးသည် ချင်းတိုင်ခရိုင်မှ စွဝမ်နယ်သို့သွားသောလမ်းအတိုင်း ခရီးနှင်နေသည်။

မြင်းလှည်းသမားမှာ အသက်သုံးဆယ်ကျော် လေးဆယ်ခန့် ရှိသည်။

တိကျပြတ်သားပြီး သံမဏိစိတ်ဓာတ်ရှိသူတစ်ယောက်၏ အသွင်မျိုး ဖြစ်လေသည်။

သူ၏မျက်လုံးများကိုကြည့်ရုံဖြင့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုလူမှာ ဝမ်းဖုံးဖြစ်သည်။

ရွှေရုပ်လွှာစံအိမ်ပိုင်ရှင် ကျင်းလီ၏ညာလက်ရုံး သိုင်းသမား ဖြစ်လေသည်။

ဝမ်းဖုံးသည် အလွန်ဆိုးသွမ်းသောင်းကျန်းခဲ့သော ဓားပြကြီးတစ်ဦး ဖြစ်ခဲ့သည်။

ဝမ်းဖုံးအား သုတ်သင်ရှင်းလင်းပစ်ရန် ကြိုးစားခဲ့ကြလေသည်။

ဝမ်းဖုံးသည် အဖြူရောင်သိုင်းသမားနှင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရသည်။

တိုက်ပွဲ၌ ဝမ်းဖုံး၏လက်ချက်ဖြင့် အဖြူရောင်သိုင်းသမားများ အထိနာခဲ့ကြသည်။

ဝမ်းဖုံးမှာ ဆက်လက်လွတ်မြောက်နေခဲ့သည်။

သို့သော် တစ်နေ့တွင် အဖြူရောင်သိုင်းသမားများ၏ ဝိရိသေသပ်သော ထောင်ချောက်အတွင်းသို့ သက်ဆင်းရပြီး ဝမ်းဖုံး ဒုက္ခရောက်ရလေသည်။

ဒဏ်ရာပြင်းထန်စွာ ရရှိသွားကာ အသက်လု၍ ထွက်ပြေးခဲ့ရသည်။



လူသူဝေးလံခေါင်းပါးလှသော တောအုပ်တစ်ခုအတွင်းမှ ဘုံကျောင်းပျက်ထဲတွင် ပုန်းအောင်းနေခဲ့ရသည်။

ဆေးကုသနိုင်ခြင်း မရှိဘဲ သေလုမျောပါး ဖြစ်နေချိန်တွင် ခရီးသွားရင်း မျက်စိလည်လမ်းမှားလာသော သခင်ကြီးကျင်းလီနှင့် တွေ့ဆုံမိကြလေသည်။

ကျင်းလီသည် လူလူချင်းစာနာထောက်ထားသည့် အနေဖြင့် ဝမ်းဖုံးအား ဆေးကုပေးခဲ့သည်။

ကျင်းလီကြောင့် ဝမ်းဖုံး အသက်ရှင်ခဲ့ရလေသည်။

နောက်ပိုင်းတွင် ဝမ်းဖုံးမှာ လူဆိုးကြီးဖြစ်ကြောင်း ကျင်းလီ သိရှိသွားခဲ့ရသည်။

သူ၏ဆုံးမဖျောင်းဖျမှုကြောင့် ဝမ်းဖုံးမှာ နောင်တရကာ လူကောင်းတစ်ယောက် ဖြစ်လာခဲ့ရသည်။

အသက်သခင် ကျေးဇူးရှင်ဖြစ်သော ကျင်းလီထံတွင် သစ္စာရှိစွာ အမှုထမ်းခဲ့လေသည်။

ဝမ်းဖုံးသည် ကျင်းလီအတွက် အလွန်အားထားရသူ တစ်ယောက် ဖြစ်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုံးက မြင်းလှည်းကို ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနှင်လေသည်။

မြင်းလှည်းအိမ်အတွင်း၌ ကျင်းလီနှင့် ဇနီးသည်ပုရှမ်းတို့ လိုက်ပါလာကြလေသည်။

သခင်ကြီးကျင်းလီမှာ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိပြီဖြစ်သည်။

ဇနီးသည်ပုရှမ်းမှာ အသက်သုံးဆယ့်ငါးနှစ်ခန့် ရှိသည်။

သို့သော် ပုရှမ်းသည် ရွှေရုပ်လှသိုင်းကျမ်းကို လေ့ကျင့်ထားသဖြင့် အသက်နှစ်ဆယ်ခန့်သာ ရှိမည်ဟု ထင်ရသည်။

နတ်သမီးပမာ ချောမောလှပနေပေတော့သည်။

သူတို့နှစ်ယောက်အား ရုတ်တရက်ကြည့်လျှင် ဇနီးမောင်နှံဟု မထင်ရဘဲ သားအဖဟု ထင်ရမည်ဖြစ်လေသည်။

ပုရှမ်းသည် အစ်မဖြစ်သူ၏နာရေးကြောင့် စိတ်ထိခိုက်နေသော်လည်း သူမ၏အလှမှာ ပျက်ပြယ်သွားခြင်း မရှိပါချေ။

ဇနီးမောင်နှံနှစ်ယောက်မှာ စကားမပြောကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လိုက်ပါလာခဲ့ကြရာမှ ...



"ဟော့ ... ရပ်လိုက်"

ဝမ်းဖုံး၏ ကျယ်လောင်သော အော်ဟစ်သံနှင့်အတူ မြင်းလှည်း ရပ်တန့်သွားသဖြင့် အံ့သြသွားကြလေသည်။

ပုရှမ်းက ...

"ဘာဖြစ်တာလဲ မသိဘူး"

ဟု ရေရွတ်လိုက်သည်။ ကျင်းလီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... တစ်ခုခုပဲ"

ထိုစဉ် ...

"မိတ်ဆွေတို့က ဘယ်လိုသဘောနဲ့ လမ်းပိတ်ထားတယ်ဆိုတာ ပြောပါ"

ဝမ်းဖုံး၏အသံ ထွက်ပေါ်လာသည်။

ပုရှမ်းက မြင်းလှည်းတံခါးကိုဖွင့်ရန် ဟန်ပြင်လိုက်သည်။ ကျင်းလီ ဟန့်တားလိုက်လေသည်။

"နေဦး ... အခြေအနေ စောင့်ကြည့်ကြသေးတာပေါ့"

ထိုအခါမှ ပုရှမ်းက အသာငြိမ်နေလိုက်သည်။

သူတို့သည် မြင်းလှည်းပြတင်းပေါက်၌ ကာရံထားသော ခန်းဆီးကို အသာပင့်ကာ အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြင်းလှည်းအား လူတစ်စုကလမ်းပိတ်ထားသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများသည် ကြမ်းတမ်းခက်ထန်သော ရုပ်သွင်ရှိကြပြီး ဓား၊ လှံ၊ လက်နက်များ ကိုယ်စီကိုင်ဆောင်ထားကြသည်။

လုယက်တိုက်ခိုက်မည့်သူများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ကျင်းလီ ပြုံးလိုက်သည်။

"နေပါစေ ... ဝမ်းဖုံး ကြည့်ရှင်းလိမ့်မယ်"

သူတို့သည် ခပ်အေးအေးပင် နေလိုက်ကြသည်။

ဝမ်းဖုံးက မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်။

လမ်းပိတ်ထားသူများထံသို့ လှမ်းသွားပြီး ရင်ဆိုင်လိုက်သည်။

"ခင်ဗျားတို့ လမ်းဖယ်ပေးလိုက်ကြရင် ကောင်းမယ်"

သူ၏အသံသည် မိုးခြိမ်းသံဖမာ ကျယ်လောင်စွာ ထွက်လာလေသည်။

လမ်းပိတ်ထားသူများ အနည်းငယ် နောက်တွန့်သွားကြသည်။



သို့သော် လူသန်ကြီးတစ်ယောက် ရှေ့တိုးလာသည်။

ထိုလူသည် ဝမ်းဖုံးနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး ...

"မင်းတို့မသေချင်ရင် ရှိသမျှပစ္စည်း အကုန်ထားပြီး ထွက်သွားကြ"

"လက်စသတ်တော့ ဓားပြတိုက်နေတာကိုး"

"ဟုတ်တယ် ... မြန်မြန်ထွက်သွား"

ဝမ်းဖုံးက ...

"ကျုပ်က မသွားဘူးဆိုရင်ကော"

"မင်း သေချင်ပြီထင်တယ်"

ဝမ်းဖုံးက ...

"မင်းကကော ဘာများတတ်နိုင်မှာမို့လဲ"

လူသန်ကြီးက ...

"သိကြသေးတာပေါ့"

စကားဆုံးလျှင် တစ်ဟုန်ထိုးပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဝမ်းဖုံးက မလှုပ်မယှက် ရပ်နေသည်။

လူသန်ကြီး အနီးသို့ ရောက်လာတော့မှ ညာလက်ကို ဆန့်

www.burmeseclassic.com

www.burmeseclassic.com



တန်းကာ ရိုက်ထုတ်လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့် ...

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ လူသန်ကြီးမှာ အရုပ်ကလေးတစ်ရုပ်ပမာ အဝေးသို့ လွင့်စဉ်သွားလေသည်။

"ဟင်"

"ဟာ"

လူသန်ကြီး၏အဖော်များ အထိတ်တလန့် ဖြစ်သွားကြသည်။

လူသန်ကြီးသည် လဲကျသွားရာမှ လူးလိမ့်ထလာပြီး ...

"ဟိတ် ... ဘာလုပ်နေတာလဲ၊ ဝိုင်းတိုက်ကြပါတော့လား"

ဟု ဒေါသတကြီး အော်ပြောလိုက်လေသည်။

ဤတွင် ကြောင်အမ်းအမ်းဖြစ်နေကြသော ဓားပြများသည် သတိဝင်လာကြသဖြင့် ...

"ယား"

"တိုက်ကြဟေ့"



"သေပေတော့"

ဗြာသံပေးကာ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

ဝမ်းဖိုးကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဓားပြများမှာ ဒဏ်ရာအသီးသီးရရှိကာ နောက်ဆုတ်သွားကြလေသည်။

သူတို့၏ ယာဘက်လက်မောင်းတွင် ဒဏ်ရာရသွားကြသည်မှာ လူတိုင်းကိုယ်စီ ဖြစ်လေသည်။

ဝမ်းဖိုးက ဓားကို ဝဲလက်ဖြင့် ကိုင်ထားသည်။

ထိုစဉ် ...

"လက်ဝဲဓား ဝမ်းဖိုး"

www.burmeseclassic.com

www.burmeseclassic.com



ဓားပြတစ်ယောက်၏ အထိတ်တလန့် အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

လမ်းဓားပြများသည် တစ္ဆေသရဲတစ်ကောင်အား တွေ့မြင်လိုက်ရသည့်အလား ကြောက်လန့်သွားကြပြီး တစ်ဟုန်ထိုး ထွက်ပြေးသွားကြလေတော့သည်။

❁

လမ်းဓားပြများ ထွက်ပြေးသွားပြီ ဖြစ်လေသည်။

မြင်းလှည်းအိမ်အတွင်းမှ ကျင်းလီနှင့် ပုရှမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့အပေါ် ကျရောက်လာမည့် အခက်အခဲအန္တရာယ်များကို ဝမ်းဖုံးက ဖြေရှင်းပေးလိုက်သည် မဟုတ်ပါလား။

ဝမ်းဖုံးသည် သူတို့အတွက် အားထားရသူ တစ်ယောက်ဖြစ်နေ၏။

နှစ်ယောက်သား မြင်းလှည်းတံခါးဖွင့်ကာ အောက်သို့ ဆင်းလိုက်ကြသည်။



ဝမ်းဖုံးသည် သူတို့ထံသို့ လှမ်းလာပြီး ဒူးထောက်ချလိုက်လေသည်။

"သခင်ကြီး ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ် သွားပါရစေတော့"

သူ၏စကားကြောင့် ပုရှမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဆရာဝမ်းဖုံး … ဘာဖြစ်လို့လဲ"

ကျင်းလီက လက်ကာပြလိုက်သည်။

"ညီမ … ဒီကိစ္စကို ကျုပ် ဖြေရှင်းပါရစေ"

ပုရှမ်းသည် အလိုက်သိစွာဖြင့် နောက်ဆုတ်သွားလေသည်။ ကျင်းလီသည် ရှေ့သို့ လှမ်းထွက်လိုက်ပြီး …

"ဝမ်းဖုံး … မင်း ဘယ်ကိုမှ မသွားရဘူး"

ဝမ်းဖုံးမျက်နှာ ပျက်သွားသည်။

"သခင်ကြီး … ကျုပ်ကိုသိတဲ့ လူတစ်ယောက်ရှိနေပြီ၊ ကျုပ်ဟာ သူတို့ကို အမြန်ဆုံး မောင်းထုတ်ချင်တာကြောင့် ကျုပ်ရဲ့ ဓားပညာကို ထုတ်သုံးမိလိုက်တာ မှားသွားပြီ"

ကျင်းလီက …

"မင်းမမှားပါဘူး၊ တစ်နေ့မဟုတ် တစ်နေ့ အသက်ရှင်နေ

www.burmeseclassic.com

www.burmeseclassic.com



သေ..တယ်ဆိုတာရယ်, ကျုပ်ဆီကို ရောက်နေတယ်ဆိုတာကို လူတွေ သိသွားကြမှာပါ"

ဝမ်းဖိုးက ...

"ကျုပ်အတွက် သခင်ကြီး နာမည်ပျက်မယ့်အဖြစ်မျိုးကို မလိုလားပါဘူး၊ ဒါကြောင့် ကျုပ်ကို သွားခွင့်ပြုပါတော့"

ကျင်းလီက ...

"မင်း ဆုံးဖြတ်ပြီးပြီလား"

ဝမ်းဖိုး ခေါင်းညိတ်လိုက်သည်။

"ဆုံးဖြတ်ပြီးပါပြီ"

ကျင်းလီက ...

"ကောင်းပြီ ... မင်းရဲ့အသက်ကို ကယ်ခဲ့တဲ့ ကျုပ်ရဲ့ကျေးဇူးကို မထောက်ထားဘူးဆိုရင် မင်းသွားနိုင်ပါတယ်"

ဝမ်းဖိုး မျက်နှာပျက်သွားလေသည်။

သူသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်ပြီးမှ မပြောဘဲ နေလိုက်သည်။

သူသည် ခြေလှမ်းကျဲကျဲဖြင့် မြင်းလှည်းထံသို့ လှမ်းသွားလိုက်လေသည်။



ထို့နောက် မြင်းလှည်းမောင်းသူနေရာတွင် ခုန်တက်ကာ နေရာယူလိုက်သည်။

သူ ထွက်သွားတော့မည် မဟုတ်ပါ။

ကျင်းလီနှင့် ပုရှမ်းတို့က မြင်းလှည်းပေါ်သို့ တက်လိုက်ကြသည်။

ဝမ်းဖိုးက မြင်းလှည်းကို စတင်မောင်းနှင်းလိုက်သည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများထွက်ပေါ်လာသည်။

မြင်းလှည်းသည် ဖြည်းဖြည်းမှန်မှန်ဖြင့် ရှေ့ခရီး ဆက်သွားလေသည်။

မြင်းလှည်းမောင်းနှင်သော ဝမ်းဖိုး၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေလေသည်။

မကောင်းသော အတိတ်နိမိတ်များကိုလည်း ခံစားနေရသည်။

လမ်းဘေးပြများအတွင်း၌ သူ့အား သိရှိသူတစ်ယောက် ပါဝင်နေသဖြင့် ထိုလူမှတစ်ဆင့် သူ၏အကြောင်းကို သိုင်းလောကသားများ သိရှိသွားကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ...

❁

စုကျူးမြို့ ...။

စုကျူးမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

ဝမ်းဖုံးတို့သည် စုကျူးမြို့သို့ ရောက်ရှိလာသောအခါ နေဝင်ဆည်းဆာအချိန်သို့ ရောက်ရှိနေပြီဖြစ်၍ တစ်ညတာအနားယူရန် ဆုံးဖြတ်လိုက်ကြသည်။

စုကျူးမြို့တွင် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးဖြစ်သော ခွေချစ်လိုစားသောက်ဆိုင်၌ တည်းခိုလိုက်ကြခြင်း ဖြစ်၏။

ခွေချစ်လိုစားသောက်ဆိုင်သည် တည်းခိုခန်းနှင့် တွဲလျက်ဖွင့်လှစ်ထားလေသည်။

ရပ်နီးရပ်ဝေးမှ ရောက်ရှိလာသူအားလုံးအတွက် စားသောက်နေထိုင်ရေး အဆင်အပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်သော ဆိုင်အဖြစ်လည်း သတင်းကြီးလေသည်။



ကျင်းလီတို့မှာ အခန်းတစ်ခန်းငှားရမ်းကာ တည်းခိုလိုက်ကြသည်။

ဝမ်းဖုံးကမူ ထုံးစံအတိုင်း မြင်းလှည်းပေါ်၌သာ အိပ်စက်မည် ဖြစ်သည်။

သို့ဖြင့် ညအချိန်သို့ ရောက်ရှိလာလေတော့သည်။

စားသောက်ခန်းမအတွင်း၌ လူစည်ကားနေ၏။

ဝမ်းဖုံးသည် သူ့အတွက် စားသောက်စရာများကို မြင်းလှည်းအိမ်ပေါ်၌သာ ယူ၍ စားသောက်လိုက်သည်။

ကျင်းလီနှင့်ပုရှမ်းတို့မှာမူ စားသောက်ခန်းမအတွင်း၌ နေရာယူကာ စားသောက်ခဲ့ကြလေသည်။

❁

ဤတွင် စားသောက်ခန်းမအတွင်း၌ လူစည်ကားနေသည်။

စကားသံသာများလည်း ပျံ့လွင့်နေ၏။

ကချေသည်မလေး လိပ်ပြာသည် တေးသီချင်း သီဆိုရင်း လှပစွာ ကပြအသုံးတော်ခံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွေချစ်လိုစားသောက်ဆိုင်၏ ကျော်ကြားသောအကြောင်းရင်းများအနက် ကချေသည်မလေး လိပ်ပြာမှာ အဓိကနေရာမှ ပါဝင်လေ၏။

သူမ၏အလှ၊ သာယာသောတေးသံသာများဖြင့် ရင်သပ်ရှုမောဖွယ်ရာ ကပြအသုံးတော်ခံမှုကို လူတိုင်း နှစ်သက်စွဲလမ်းကြသည်။

အချို့က စားသောက်ဖို့သက်သက်မဟုတ်ဘဲ လိပ်ပြာ၏အကကို ကြည့်ရှုရန်၊ တေးသံသာများကို နားဆင်လို၍ သက်သက်လာရောက်ကြခြင်း ဖြစ်လေသည်။

ယနေ့တွင်မူ လိပ်ပြာ၏အကနှင့် တေးသံသာများအား နားဆင်ရန် လာခဲ့ကြသူများသည် အခြားတစ်နေရာသို့ ရောက်ရှိနေပါတော့သည်။

လူတိုင်းလူတိုင်းသည် မသိမသာတစ်မျိုး သိသိသာသာတစ်မျိုးဖြင့် အာရုံရောက်နေခြင်း ဖြစ်သည်။

မည်သို့ဆိုစေ အားလုံး၏ တူညီသောအာရုံစိုက်ခြင်းကို ခံရသူမှာ ပုရှမ်းဖြစ်လေသည်။

❋



ကျင်းလီသည် ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်သလိုအတွေ့အကြုံ ရင့်ကျက်သူတစ်ဦးလည်း ဖြစ်လေသည်။

အားလုံးက သူ၏ဖနီးသည်အပေါ် အာရုံစိုက်နေကြသည်ကို ကောင်းစွာ သတိပြုမိလာလေသည်။

သို့သော် သူ၏စိတ်ထဲ၌ သဝန်တိုမှု လုံးဝမဖြစ်ခဲ့ချေ။

သူတီထွင်ထားသော ရွှေရုပ်လွှာသိုင်းကျမ်း၏ အောင်မြင်မှုအပေါ်၌သာ ကျေနပ်နှစ်သိမ့်နေလေသည်။

သူ၏ဖနီးသည်မှာ အသက်အရွယ် ရလာပြီဖြစ်သော်လည်း သိုင်းကျမ်း၏အစွမ်းကြောင့် နတ်မိမယ်လေးအလား ချောမောလှပနေသည် မဟုတ်ပါလား။

သူတို့နှစ်ယောက်သည် ယှဉ်တွဲထိုင်နေကြသောအခါ ဖနီးမောင်နှံဟုတ်မည်ဟု ထင်မှတ်ကြမည် မဟုတ်ချေ။ သားအဖဟုသာ ထင်မှတ်ကြမည် ဖြစ်လေသည်။

ထို့ကြောင့်လည်း ပုရှမ်းအား ဝိုင်းကြည့်နေကြခြင်း မဟုတ်ပါလား။

ကျင်းလီသည် သဝန်မတိုသည့်အပြင် အကျေနပ်ကြီး ကျေ

www.burmeseclassic.com

www.burmeseclassic.com



နပ်နေပါတော့သည်။

ထိုစဉ် စားသောက်ဆိုင်ရှေ့မှ ဖြတ်သွားသူတစ်ယောက်အား အမှတ်မထင်သတိပြုမိလိုက်သဖြင့် ကျင်းလီ မျက်မှောင်ကြုတ်သွားလေသည်။

"ဟင်"

လွှတ်ခနဲ ရေရွတ်လိုက်သည်။

လိပ်ပြာ၏အကကို စိတ်ဝင်စားနေသော ပုရှမ်းမှာ သတိမပြုမိလိုက်ပါချေ။

ကျင်းလီက ...

"ညီမ ခဏလေးနော် ... အစ်ကို အပြင်ထွက်လိုက်ဦးမယ်၊ ချက်ချင်း ပြန်လာခဲ့မယ်"

ပုရှမ်းသည် ကျင်းလီမှာ မြင်းလှည်းပေါ်ရှိ ဝမ်းဖုံးထဲသို့ သွားသည်ဟု ထင်မှတ်ကာ ငြိမ်နေလိုက်လေသည်။

"ကောင်းပါပြီ အစ်ကို"

ကျင်းလီက ခပ်သွက်သွက် ထွက်သွားလေသည်။



ကျင်းလီ ထွက်သွားပြီဖြစ်သည်။

ပုရှမ်းက လိပ်ပြာ၏အကကို ငေးကြည့်နေသည်။

ထိုစဉ် ...

"ကျုပ်ကို ဒီမှာ ထိုင်ခွင့်ပြုပါဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပုရှမ်း သတိဝင်လာသည်။

ကြည့်လိုက်သောအခါ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

အခြားသော စားပွဲများတွင် လူများ ပြည့်လျှက်နေသောကြောင့်၏။

ထို့ကြောင့် ...

"ထိုင်ပါရှင်"

ပုရှမ်းက ခွင့်ပြုလိုက်သည်။

လူငယ်သည် ပုရှမ်းနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်၏။ တစ်ဖန် ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာများ မှာကြားလိုက်လေသည်။

တစ်ခဏအတွင်းမှာပင် စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ ပြည့်သွားလေသည်။

လူရွယ်က ပြုံးပြုံးရွှင်ရွှင်ဖြင့် ...

"ကျုပ်နာမည် ဆားချိုလို့ ခေါ်ပါတယ်၊ ကျုပ်တို့ဟာ ရှေးရေစက်ကြောင့် အခုလိုလာပြီး ဆုံတွေ့မိကြတယ်လို့ ထင်ပါတယ်၊ ဒီတော့ မိတ်ဖြစ်ဆွေဖြစ် ကျုပ်က ကျွေးမွေးဧည့်ခံပါရစေဗျာ"

ပုရှမ်း အားတုံ့အားနာ ဖြစ်သွားလေသည်။

"အို ... အားနာစရာရှင်၊ ကျွန်မ စားလို့ပြီးခါနီးပါပြီ"

ဆားချိုက ...

"အားနာစရာ မလိုပါဘူးဗျာ၊ ကျုပ်တို့တွေဟာ အခုမှ ဆုံတွေ့ကြတာ ဖြစ်ပေမယ့် ကျုပ်ကို မိတ်ဆွေရင်းချာတစ်ယောက်လို သဘောထားနိုင်ပါတယ်၊ ဒါထက် ညီမရဲ့နာမည် ဘယ်လိုခေါ်သလဲ ဆိုတာ ပြောပြပါဗျာ"

ညီမဟူသော စကားကိုကြားရလျှင် ပုရှမ်း ထိတ်ခနဲ ဖြစ်သွားလေသည်။ မိန်းမသားပီပီ ဆားချိုက အဘယ့်ကြောင့် သူမအား ချဉ်းကပ်လာသည်ကိုလည်း ရိပ်မိလိုက်လေသည်။



သူမအား ယော်ရွယ်သူအပျိုစင်မိန်းကလေးတစ်ယောက်ဟု ဆားချို ထင်မှတ်နေသည် မဟုတ်ပါလား။

ဆားချိုက ...

"ညီမရဲ့နာမည်လေးကို တစ်ဆိတ်လောက် သိခွင့်မရနိုင်ဘူးလားဗျာ"

ဟု ထပ်မေးလာလေသည်။ သူ၏မျက်နှာ ပြုံးနေသည်။

သူ၏မျက်လုံးများက တစ်ခုခုကစ်ခုအား မျှော်လင့်နေကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ပုရှမ်း ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားလိုက်ရလေသည်။

အဖြစ်မှန်ကိုမသိဘဲ မိန်းကလေးလှလှမြင်လျှင် အရောတဝင်နေလိုသော ဆားချိုအား နောက်ပြောင်ကျီစယ်လိုစိတ်များ ဖြစ်ပေါ်လာ လေသည်။

ထို့ကြောင့် ...

"ကျွန်မနာမည် ရှမ်းရှမ်းလို့ ခေါ်ပါတယ်ရှင်"

ဟု ပြောလိုက်လေသည်။ ဆားချိုက ...

"ဟာ ... နာမည်လေးက လှလိုက်တာဗျာ၊ ကျွန်တော် တစ်

www.burmeseclassic.com



သက်လုံးကို စွဲစွဲမြဲမြဲ မှတ်မိနေတော့မှာပဲ"

ပုရှမ်းက ရယ်မောလိုက်လေသည်။

ဆားချိုက ...

"ညီမလေး ရှမ်းရှမ်း ... ဘယ်ကလာလို့ ဘယ်ကိုသွားမလို့ ဆိုတာကိုကော သိခွင့်မရဘူးလားဗျာ"

ဟု တစ်ဆင့်တက်ကာ မေးလာလေသည်။

ပုရှမ်းက ...

"ကျွန်မက အိမ်မှာနေရတာပျင်းလို့ စိတ်ပြေလက်ပျောက် အလည်အပတ် ထွက်လာခဲ့တာပါ"

"ဪ"

ဆားချို ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

တစ်ဖန် ...

"ဒါထက် စောစောကလူကြီး"

ပုရှမ်းက ...

"ကျွန်မရဲ့ အိမ်ထိန်းကြီးပါရှင်"

ဆားချိုက ...

"ညီမက အလည်အပတ် ထွက်လာတယ်ဆိုရင် ဒီမြို့မှာ



ထင်ရှားတဲ့နေရာတွေ ရှိပါတယ်၊ ကျုပ်လိုက်ပို့ပါရစေလား"

ပုရှမ်းက ...

"အို ... အားနာစရာကြီးရှင်၊ ကျွန်မတို့က မနက်ဖြန်မနက် မိုး လင်းဟာနဲ့ ခရီးဆက်ကြတော့မလို့"

ဆားချိုက ...

"ညီမရယ် ... မြို့ကိုရောက်လာပြီးမှ အနည်းဆုံး ငှက်ဖြူ ဘုံ ကျောင်းကို မရောက်ဖူးဘူးဆိုရင် ပြောစရာဖြစ်တော့မှာပေါ့၊ အဲဒီကို သွားပြီးမှ ခရီးဆက်ရင်လည်း နောက်မကျနိုင်ပါဘူး"

ငှက်ဖြူဘုံကျောင်းသည် အရှေ့ဘက်မြို့ပြင်ရှိ သာယာ လှပသော တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိလေသည်။

ပုရှမ်းက သုံးလေးကြိမ်မက ရောက်ခဲ့ဖူးပေသည်။ သို့သော် သူမသည် မသိချင်ဟန် ဟန်ဆောင်နေလိုက်ပြီး ...

"ကျွန်မရဲ့အိမ်ထိန်းကြီးကို မေးကြည့်ပါဦးမယ်"

သူမ၏စကားသည် ဆားချိုအား မျှော်လင့်ချက်ပေးလိုက် သလို ဖြစ်နေပါသည်။ ဆားချို အားတက်သွားသည်။

"ညီမတို့က ဒီမှာပဲ တည်းခိုကြမှာမဟုတ်လား၊ မနက်ဖြန် ကျုပ် တစ်ခေါက်လာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပုရှမ်း ရယ်မောလိုက်သည်။

"ကျွန်မက အအိပ်ကြီးတယ်ရှင့်၊ နေမြင့်မှ အိပ်ရာက ထတတ်တာ၊ ပြီးတော့ ကျွန်မအလှပြင်တာ အတော်ကြာတာ"

ဆားချိုက ရယ်မောလိုက်လေသည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်က မွန်းတည့်ချိန်မှလာခဲ့ပါ့မယ်"

"ကောင်းပါပြီရှင်၊ ကျွန်မ စောင့်နေပါ့မယ်"

ဆားချိုသည် ဝမ်းသာအားရဖြင့် နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

❁

ညဉ့်နက်နေပြီဖြစ်သည်။

ပုရှမ်းသည် ငှားရမ်းထားသော အခန်းတွင်းသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

သူမသည် ဆားချိုအား အရူးလုပ်နိုင်ခဲ့သည်ဟု တွေးပြီးကျေနပ်နေလေသည်။

ကျင်းလီကား ပြန်ရောက်မလာသေးပါ။



သို့သော် ...

ပုရှမ်း စိတ်မပူမိချေ။ ကျင်းလီအပေါ်တွင် သူမ ယုံကြည်စိတ်ချထားသည်။

အကြောင်းတစ်ခုခုရှိ၍သာ ဝမ်းဖုံးကိုခေါ်၍ ထွက်သွားခြင်းဖြစ်သည်ဟု ယုံကြည်ထားလေသည်။

သူမသည် ပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ အိပ်စက်ရန် ခုတင်ပေါ်သို့ လှဲချလိုက်သည်။

ထိုစဉ် ...

'ဒေါက် ဒေါက်'

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

❁

ပုရှမ်းက တံခါးဖွင့်ပေးလိုက်သောအခါ အပြင်ဘက်၌ ချောမောလှပသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုရှမ်း အံ့သြသွားသည်။

ထိုမိန်းကလေးမှာ ကချေသည်မလေး လိပ်ပြာဖြစ်နေသည် မဟုတ်ပါလား။

"ဟင်"

ပုရှမ်း လွှတ်ခနဲ ရေရွတ်လိုက်သည်။ လိပ်ပြာက ဦးညွှတ်လိုက်သည်။

"ညီမလေးကို စကားနည်းနည်းပြောစရာရှိလို့ အထဲကို ဝင်ခွင့်ပြုပါလား"

ပုရှမ်းက ...

"ဝင်ပါ"

လိပ်ပြာသည် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ ပုရှမ်းက နေရာထိုင်ခင်း ပေးလိုက်သည်။

နှစ်ယောက်သားမျက်နှာ ချင်းဆိုင် ထိုင်မိလိုက်ကြလျှင် လိပ်ပြာက ...

"ကျွန်မက ဆားချိုရဲ့အကြောင်းကို ပြောပြချင်လို့ လာခဲ့တာပါ"

"ပြော်"



"ဆားချိုဟာ အတော့်ကိုကောက်ကျစ်စဉ်းလဲပြီး ကြောက်စရာလည်းကောင်းတဲ့ လူတစ်ယောက်ပါ ညီမလေးရယ်"

ပုရှမ်း ရယ်ချင်လာပြန်သည်။

သူမထက် အသက်ငယ်သော လိပ်ပြာသည် သူမအား ညီမလေးဟု ခေါ်နေသည် မဟုတ်ပါလား။

သူမက အလိုက်သင့်ပင် ...

"မမနဲ့ဆားချိုတို့က ပတ်သက်နေကြမယ် ထင်တယ်"

ဟု မေးလိုက်လေသည်။

လိပ်ပြာက ...

"ဟုတ်ပါတယ်ရှင်၊ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ကျွန်မဟာ လူတကာရဲ့ အသုံးတော်ခံ ကချေသည်ဘဝ ရောက်ခဲ့ရတာဟာ ဆားချိုကြောင့်ပါ"

သူမသည် အလွန်ဝမ်းနည်းကြေကွဲပုံရလေသည်။ ပုရှမ်း စိတ်ဝင်စားသွားလေသည်။

ဆက်ပြောလာသည့် လိပ်ပြာမ၏စကားကို နားစွင့်နေလိုက်လေသည်။

လိပ်ပြာက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဟာ ဒီမြို့နဲ့ သုံးမိုင်လောက်ဝေးကွာတဲ့ တောရွာလေး တစ်ရွာကပါ။ ဆားချိုဟာ ကျွန်မတို့ရွာကိုကို ရောက်လာရင်း ကျွန်မကို တွေ့တဲ့အခါ အတည်တကျ လက်ထပ်ယူပါမယ်လို့ လူကြီးမိဘတွေဆီမှာ ခွင့်တောင်းပြီး ခေါ်လာခဲ့ပါတယ်၊ ဒီကိုရောက်တော့ အကြောင်းအမျိုးမျိုးပြပြီး ကျွန်မကို လက်မထပ်တော့ပါဘူး၊ သူ ဖျက်ဆီးခဲ့လို့ ကျွန်မဟာ ခုလို ကချေသည်ဘဝကို ရောက်လာခဲ့ရတာပါပဲရှင်"

သူမပြောပြသည့် အကြောင်းအရာမှာ ပြည့်စုံခြင်းမရှိပါ။

သို့သော် ပုရှမ်းသည် အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်လိုက်လေသည်။

လိပ်ပြာက ...

"ဆားချိုဟာ ဒီနယ်မှာ ဩဇာကြီးမားတဲ့ ဒုစရိုက်ဂိုဏ်းတစ်ခုရဲ့ သခင်လေးပါ၊ သူနဲ့ပတ်သက်ပြီး ညီမလေး ဒုက္ခရောက်မှာစိုးရိမ်လို့ မမလာပြီး သတိပေးတာပါ"

ပုရှမ်းက ...

"မမကို ကျေးဇူးတင်ပါတယ်၊ ကျွန်မ သတိထားပါ့မယ်"

လိပ်ပြာက ...



"ကျွန်မ ခုလိုလာပြောတာကိုသာ ဆားချို သိသွားရင် မလွယ်ဘူး။ ကဲ ... ကျွန်မသွားတော့မယ်"

"ကောင်းပါပြီရှင်"

လိပ်ပြာသည် ပုရှမ်းအား နှုတ်ဆက်ကာ တိတ်တဆိတ် ထွက်ခွာသွားလေတော့သည်။

ထိုည ပုရှမ်းသည် ဆားချိုအကြောင်းကိုတွေးရင်း အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

## ရာဇဝင်ရှိတဲ့လူ

ကျင်းလီသည် စားသောက်ဆိုင်အပြင်ဘက်သို့ ရောက်ရှိလာသောအခါ ဝမ်းဖုံးက မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်။

ကျင်းလီအား ဦးညွှတ်လိုက်ပြီး ...

"သခင်ကြီး စန်းမင်းကို တွေ့လို့ ထွက်လာခဲ့တာ မဟုတ်လားဗျာ"

ဟု မေးလာလေသည်။

ကျင်းလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... စန်းမင်း ဆိုင်ရှေ့က ဖြတ်သွားတာ တွေ့လိုက်သလားလို့"

ဝမ်းဖုံးက ...



"ဟုတ်တယ် သခင်ကြီး ... စောစောကဖြတ်သွားတာ စန်းမင်းပဲ၊ ကျုပ်လည်းတွေ့လိုက်တယ်"

ကျင်းလီက ...

"တို့ လိုက်သွားကြရအောင်"

"ကောင်းပါပြီ သခင်ကြီး"

သူတို့သည် လမ်းပေါ်သို့ ခပ်သွက်သွက် ပြေးထွက်သွားကြလေသည်။

လမ်းပေါ်၌ သွားလာလှုပ်ရှားသူများဖြင့် စည်ကား သိုက်မြိုက်နေလေသည်။

ကျင်းလီနှင့်ဝမ်းဖုံးတို့ ဟိုဟိုသည်သည် ကြည့်လိုက်၏။

မကြာပါချေ၊ လမ်းကြားလေးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားသော အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ဝမ်းဖုံးက ...

"ဟိုမှာ"

လက်ညှိုးညွှန်ကာ ပြောလိုက်လေသည်။

ကျင်းလီက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

နှစ်ယောက်သား ခပ်သွက်သွက် လှမ်းသွားလိုက်ကြလေသည်။

လမ်းကြားအတွင်းသို့ ရောက်သွားသောအခါ အနက်ရောင်ဝတ်ထားသူသည် ခြံဝင်းတစ်ခုရှေ့သို့ ရောက်နေသည်ကို တွေ့ရလေသည်။

ကျင်းလီက ...

"စန်းမင်းကို သေသွားပြီလို့ လူတွေအားလုံးက ထင်မှတ်ခဲ့ကြတာ၊ ခုတော့ သူ အသက်ရှင်လျက် ရှိနေသေးတယ်၊ အကြောင်းတစ်ခုခုတော့ ရှိနေပြီ"

ထိုစဉ် အနက်ရောင်ဝတ်ထားသူသည် ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားသည်ကို တွေ့လိုက်ရလေသည်။

ကျင်းလီနှင့်ဝမ်းဖုံးတို့ ခြံဝင်းရှေ့သို့ ရောက်သွားကြသောအခါ အနက်ရောင်ဝတ်ထားသူ၏ အရိပ်အရောင်ပင် မတွေ့ရတော့ပါချေ။

ခြံဝင်းအတွင်း၌ မီးထိန်ထိန်လင်းနေသော အဆောက်အအုံကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။



ခြံဝင်းမှာ ကျယ်ဝန်းပြီး အဆောက်အအုံမှာ ခမ်းနားထည်ဝါလှပေသည်။

ချမ်းသာကြွယ်ဝပြီး ဂုဏ်သရေရှိသူများ နေထိုင်သည့်နေရာတစ်ခုဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဝမ်းဖုံးနှင့်ကျင်းလီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

တစ်ဖန် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြ၏။

မလှမ်းမကမ်း၌ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် ရှိနေသည်ကို တွေ့ရလေသည်။

ကျင်းလီက ...

"လာ ... လက်ဖက်ရည်ဆိုင်လေးကိုသွားပြီး သတင်းစုံစမ်းကြည့်ရအောင်"

ဟုပြောကာ ဦးဆောင်၍ခေါ်သွားလေသည်။ ဝမ်းဖုံးလည်း လိုက်ပါသွားသည်။

လက်ဖက်ရည်ဆိုင်လေးသို့ ရောက်သွားကြသောအခါ လူရှင်းနေသည်ကို တွေ့ရလေသည်။

ဆိုင်ရှင်နှင့်ဆိုင်လုလင်တစ်ယောက်သည် ပျင်းရိလေးတွဲစွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှိနေကြသည်ကို တွေ့ရလေသည်။

ကျင်းလီတို့ ရောက်လာသောအခါ သူတို့ ဝမ်းသာအားရ ဖြစ်ကာ ကြိုဆိုကြလေသည်။

ကျင်းလီက လက်ဖက်ရည် မှာကြားလိုက်ပြီး ဆိုင်လုလင်အား မေးလိုက်သည်။

ဆိုင်လုလင်က …

"ဩော် … ဒါလား။ ဒါဟာ လူတိုင်းသိကြတဲ့ 'ရွှေနဂါး' ဂိုဏ်းရဲ့ ဌာနချုပ်ခြံဝင်းပါ။ ဦးတို့က ဒီမြို့ကို ခုမှရောက်လာကြတာ ထင်တယ်"

ကျင်းလီ အံ့ဩသွားလေသည်။

"ရွှေနဂါးဂိုဏ်း … ဟုတ်လား၊ အရင်က မထင်မရှား သိုင်းအဖွဲ့လေးတစ်ခုပါ။ ခုတော့ အံ့ဩစရာကောင်းအောင် တိုးတက်ပြောင်းလဲနေပြီကိုး"

ဆိုင်လုလင်က …

"ဦးလေးပြောတာ မှန်ပါတယ်၊ ရွှေနဂါးဂိုဏ်းဟာ အရင်က မထင်မရှားပါ။ ဒါပေမဲ့ သုံးလေးနှစ်အတွင်းမှာ တိုးတက်ကြီးပွားလာပါတယ်၊ အဖွဲ့ဝင်အင်အား တောင့်တင်းလာသလို ငွေကိုလည်း ရေလို



သုံးလာနိုင်ပါတယ်၊ ရွှေနဂါးဂိုဏ်းဟာ နောက်ကွယ်မှာ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေ လုပ်ကိုင်နေကြတယ်လို့တောင် ပြောကြပါတယ်"

ထိုစဉ် …

"အဟမ်း"

ချောင်းဟန့်သံနှင့်အတူ ဆိုင်ရှင် ရောက်ရှိလာလေသည်။ ဆိုင်ရှင်သည် ဆိုင်လုလင်အား ငေါက်လိုက်သည်။

"ဟေ့ … မင်းလုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ် ဟုတ်ကဲ့"

ဆိုင်လုလင် ခပ်ကုပ်ကုပ်လေးထွက်သွားလေသည်။ ဆိုင်ရှင်က ကျင်းလီအား ပြုံးပြလိုက်ပြီး …

"ဒီကောင်မလေးက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဘုမသိ ဘမသိ ဝင်ပြောတတ်တဲ့ အကျင့်ဆိုးလေးရှိတာကို ခွင့်လွှတ်ပါဗျာ၊ ရွှေနဂါးဂိုဏ်း တိုးတက်လာတာဟာ ဂိုဏ်းချုပ်ဆားမိရဲ့ ဦးဆောင်မှု ကောင်းလို့ပါ၊ သူ့ရဲ့လက်အောက်က လက်ရုံးသိုင်းသမားတွေက လည်း စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ကြလို့ အခုလိုအောင်မြင်လာခဲ့ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေသည်။ ဆိုင်လုလင်က စကားကျွံသွားသည်မို့ အဆင်ပြေအောင် ပြောလာခြင်းဖြစ်လေသည်။ ကျင်းလီ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ သိုင်းအဖွဲ့တစ်ခု အချိန်တိုတိုနဲ့ တိုးတက်အောင်မြင်လာတော့လည်း သို့လော သို့လော ပြောစရာတွေ ဖြစ်လာတာပေါ့ဗျာ"

ဆိုင်ရှင် ကျေနပ်သွားတော့သည်။ ကျင်းလီနှင့်ဝမ်းဖုံးတို့သည် လက်ဖက်ရည်သောက်ပြီး ကျသင့်ငွေ ပေးချေကာ ထွက်လာခဲ့ကြလေတော့သည်။

✵

ဝမ်းဖုံးနှင့်ကျင်းလီတို့သည် ရွှေနဂါးအာမခံဌာနချုပ်နှင့် မလှမ်းမကမ်းသို့ ပြန်လည်ရောက်ရှိလာကြပြီဖြစ်သည်။

နှစ်ယောက်သား အမှောင်ရိပ်ထဲမှနေ၍ ရွှေနဂါးဂိုဏ်းမှ အဆောက်အအုံများကို အကဲခတ်ကြည့်လိုက်ကြသည်။

ဝမ်းဖုံးက ...



"သိုင်းအဖွဲ့တစ်ခု ခုလိုအချိန်တိုအတွင်းမှာ အောင်မြင် တိုးတက်လာတယ်ဆိုတာ ဖြစ်နိုင်တဲ့သာဓကတွေရှိပါတယ်၊ ဒါပေမဲ့ ငွေကို ရေလိုသုံးစွဲနိုင်တယ်ဆိုတာကတော့ သိပ်သဘာဝမကျဘူး"

ဟု ပြောလေသည်။

ကျင်းလီက ...

"ဆားမိဟော် ဒီလောက်အရည်အချင်းရှိတဲ့လူတစ်ယောက်မဟုတ်ဘူး၊ သူဟာ ဒုစရိုက်သမားအချို့နဲ့ ပေါင်းသင်းဆက်ဆံဖူးတဲ့လူတစ်ယောက် ဖြစ်တယ်ဆိုတာလည်း ကျုပ်ကြားဖူးတယ်"

ဝမ်းဖုံးက ...

"ဒါဖြင့် တစ်ခုခု မှားယွင်းနေတာ သေချာနေပြီပေါ့"

ကျင်းလီက ...

"သူတို့ မကောင်းမှုလုပ်တယ်ဆိုတာ သေချာရင် ကျုပ်တို့မှာ တာဝန်ရှိနေပြီ၊ ဘာကြောင့်လဲဆိုတော့ စန်းမင်းလိုလူစားမျိုးဟာ ရွှေနဂါးဂိုဏ်းရဲ့ ခြံဝင်းထဲကို ဝင်သွားနိုင်တယ်ဆိုတာ အန္တရာယ်ကြီးလှတယ်"

ဝမ်းဖုံး သက်ပြင်းချလိုက်လေသည်။

"စန်းမင်း ... စန်းမင်း"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ရေရွတ်လိုက်လေသည်။

စန်းမင်းအား ကျင်းလီကော ဝမ်းဖုံးပါ သိထားကြ၏။ သိုင်းလောကသားများလည်း သိထားကြလေသည်။

စန်းမင်းသည် အလွန်ကြောက်စရာကောင်းသော ကြေးစားလူသတ်သမား တစ်ယောက် ဖြစ်လေသည်။

စန်းမင်း၏လက်ချက်ကြောင့် အသက်ဆုံးရှုံးသွားခဲ့ရသော အဖြူရောင်သိုင်းသမားများက မနည်းပေ။

ဒုစရိုက်နယ်ပယ်တွင် ကျင်လည်ကျက်စားခဲ့ဖူးသော ဝမ်းဖုံးသည် စန်းမင်း၏ ကောက်ကျစ်စဉ်းလဲပုံနှင့် ရက်စက်ကြမ်းကြုတ်ပုံကို ကောင်းစွာသိထားလေသည်။

စန်းမင်းအား အဖြူရောင်သိုင်းသမားများက ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြရာတွင် စန်းမင်းသည် ရေထဲကျသွားပြီး သေဆုံးသွားခဲ့သည် ဟု သတင်းများ ဖြစ်ပေါ်လာခဲ့လေသည်။

ထို့နောက် စန်းမင်းပျောက်ကွယ်သွားပြီ ယခုမှ ပြန်လည်ရောက်လာခြင်း ဖြစ်လေသည်။

စန်းမင်းကဲ့သို့သောလူစားမျိုး ရွှေနဂါးဂိုဏ်းမှာ ရှိနေခြင်းသည် ကောင်းသောလက္ခဏာတစ်ရပ် မဟုတ်ပါချေ။



ဝမ်းဖုံးက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကျုပ်က စန်းမင်းအတွက် တာဝန်ယူပါစေ"

ဟု ပြောလိုက်လေသည်။

ကျင်းလီ သက်ပြင်းချလိုက်သည်။

"ဒီကိစ္စကို မင်းတစ်ယောက်တည်း ဖြေရှင်းမှာကို ကျုပ် ခွင့်မပြုနိုင်ဘူး၊ ကျုပ်ကိုယ်တိုင် ဦးဆောင်မယ်၊ ရွှေနဂါးဂိုဏ်းကို သည်အတိုင်း လွှတ်ထားလို့ မဖြစ်တော့ဘူးဆိုတာ ကျုပ်သိတယ်"

ဝမ်းဖုံးက ...

"သခင်ကြီးဟာ"

သူ၏စကား မဆုံးမီ ကျင်းလီက ကြားဖြတ်ပြောလိုက်လေသည်။

"ကျုပ်ကိုယ်တိုင် ဦးစီးဆောင်ရွက်ရမှာပဲ"

ဝမ်းဖုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျင်းလီက ...

"တို့ခြံဝင်းထဲဝင်ပြီး အကဲခတ်ကြည့်ရအောင်"

ဟု ပြောလေသည်။ ဝမ်းဖုံးလည်း သဘောတူလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့နောက် ...

ရွှေနဂါးဂိုဏ်းဌာနချုပ်မှ ထွက်ပေါ်လာသော မီးရောင်များက ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်နေပါတော့သည်။

သို့သော် ခြံဝင်းအတွင်း၌ စိုက်ပျိုးထားသော သစ်ပင်များက မှောင် ရိပ်များကို ဖြစ်ပေါ်စေပါသည်။

ကျင်းလီနှင့် ဝမ်းဖုံးတို့သည် အမှောင်ရိပ်ခိုကာ ခြံဝင်း အတွင်းသို့ ဝင်ရောက်လာခဲ့ကြလေသည်။

သူတို့သည် ကိုယ်ဖော့ပညာ အသုံးပြုကာ အဆောက်အအုံ အနီးသို့ ချဉ်းကပ်လာစဉ်မှာပင် ...

"ဘယ်သူလဲ"

"ရပ်လိုက်"

ဟန့်တားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မီးရောင်များ ဟိုမှသည်မှ ထွက်ပေါ်လာသည်။



ခြေသံများလည်း ထွက်ပေါ်လာသည်။

ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်သွားလေသည်။

ရွှေနဂါးဂိုဏ်းသားများသည် ကျင်းလီနှင့် ဝမ်းဖုံးတို့အား တစ်ခဏအတွင်းမှာပင် ဝိုင်းရံပြီးသား ဖြစ်သွားတော့၏။

ကျင်းလီနှင့်ဝမ်းဖုံးတို့ ခြေလှမ်းရပ်လိုက်ကြလေသည်။ သူတို့သည် တစ်စက်ကလေး မှပင် ကြောက်ရွံ့စိတ်မရှိကြပါချေ။

ရွှေနဂါးဂိုဏ်းသားတစ်ယောက်က ...

"ခင်များတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ဒီနေရာကို ကျူးကျော် ဝင်လာရတာလဲ"

ဟု အော်ငေါက်လိုက်လေသည်။

ကျင်းလီက ...

"ကျုပ်က စန်းမင်းကို တွေ့ချင်လို့ လာခဲ့တာ"

ဟု ပြောလိုက်လေသည်။

ဝမ်းဖုံးက ...

"တအောက်ကန်းစန်းမင်း ဘယ်မှာလဲ၊ သူ့ကိုခေါ်လိုက်ပါ၊ သူက ကျုပ်တို့ကို သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ ရွှေနဂါးဝိုက်းသားများ တွေဝေသွားကြလေသည်။

အချင်းချင်း တီးတိုးတိုင်ပင်လိုက်ကြသည်။ ထို့နောက် လူတစ်ယောက်က ...

"[illegible] ... ကျုပ်နောက် လိုက်ခဲ့ပါ"

ဟု [illegible] ဖိတ်ခေါ်လိုက်လေသည်။

ကျင်းလီ[illegible]တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ရင်ကော့ပြီး ရွှေနဂါးဝိုက်းသားများနောက် လိုက်သွားကြသည်။

မကြာပါချေ။ [illegible]ယောက်သား ရွှေနဂါးဝိုက်း၏ အဆောက်အအုံ[illegible]အတွင်းသို့ ရောက်ရှိသွားကြလေတော့သည်။

❖

ရွှေနဂါးဝိုက်း၏ အဆောက်အအုံမှာ ကြီးကျယ်ခမ်းနားလှပေသည်။



ညှိခန်းမဆောင်ကြီးမှာလည်း ကျယ်ဝန်းခွဲညားလွန်းလှသည်။

ရွှေနဂါးဝိုက်းသားများသည် ကျင်းလီတို့အား ဖိတ်ခေါ်သွားပြီး နေရာထိုင်ခင်း ပေးလိုက်ကြလေသည်။

ကျင်းလီတို့က အေးအေးဆေးဆေးပင် ထိုင်စောင့်နေလိုက်ကြသည်။

မကြာပါချေ။ ရွှေဝါရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ခန့်ရှိသူတစ်ယောက်မှာ အခြွေအရံများနှင့် အတူ ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ကျင်းလီ စိတ်ပျက်သွားလေသည်။

သူတွေ့လိုသော စန်း မင်းကို မတွေ့ရဘဲ ရွှေနဂါးဂိုဏ်းချုပ်ဆားမိနှင့် တွေ့နေရပြီ မဟုတ်ပါလား။

ဝမ်းဖုံးက ...

"သခင်ကြီးစန်းမင်းက ဘယ်တော့မှ ထွက်လာမှာမဟုတ်ဘူး"

ဟု မကျေနပ်သောလေသံဖြင့် တီးတိုးပြောလေသည်။ ကျင်းလီ သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးစဉ်ကြည့်ကကြတာပေါ့လေ၊ ဆားမိရဲ့ဘေးမှာပါလာတဲ့ လူနှစ်ယောက်ဟာ မခေဘူး၊ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ကျားညီနောင်ပဲ၊ သူတို့ကို ရှောင်လင် ဂူတန်စတဲ့ သိုင်းဂိုဏ်းကြီးတွေ ကတောင် လေးစားရတယ်"

ဝမ်းဖုံး မျက်နှာပျက်သွား၏။

ကျားညီနောင်သည် ဒုစရိုက်သမားများအား ဆုံးမရာ၌ သတင်းကြီးနေသူများ မဟုတ်ပါလား။

ရွှေနဂါးဂိုဏ်းချုပ်ဆားမိကသာ ကျားညီနောင်အား စည်းရုံး သိမ်းသွင်းထားနိုင်သည်ဆိုလျှင် စန်းမင်းအား မည်သို့မျှ ဖော်ထုတ် ဆုံးမ၍ ရနိုင်တော့မည် မဟုတ်ပါချေ။

ရွှေနဂါးဂိုဏ်းချုပ် ဆားမိသည် ကျင်းလီကို တွေ့လျှင် ...

"ဘယ်သူများလဲမှတ်တယ် ... ရွှေရုပ်လွှာစံအိမ်ပိုင်ရှင်ကြီး ကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဘယ်လိုလုပ်ပြီး ညအချိန်မ တော် ရွှေနဂါးဂိုဏ်းကို ရောက်လာတယ်ဆိုတာ အမိန့်ရှိပါဗျာ"

ဟု ... ဝမ်းသာအားရ နှုတ်ဆက်ကာ လာရင်းကိစ္စကိုမေး ၏။

ကျင်းလီက ...



"ကျုပ်က သိုင်းလောကမှာ သေသွားပြီလို့ သတင်းကြီးနေ တဲ့ တဖောက်ကန်းစန်းမင်းက ဒီခြံဝင်းထဲ ဝင်သွားတာကို တွေ့ရလို့ လိုက်လာခဲ့တာပါဗျာ"

ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ရွှေနဂါးဂိုဏ်းချုပ် ဆားမိသည် ကျင်းလီလောက် နာမည် ကြီး လူသိများသူ မဟုတ်ချေ။

ကျင်းလီသည် ဆားမိထက် ပို၍ ကျော်ကြားသူ ဖြစ်သလို ကျားညီနောင်နှင့် ပခုံးချင်းယှဉ်နိုင်သည့်အဆင့်တွင် ရှိသူဖြစ်လေ သည်။

ဆားမိက လူကိုတွေ့သည်နှင့် မှတ်မိသွားပြီး တန်းတူရည် တူ ဆက်ဆံလာခြင်းကြောင့် ကျင်းလီမှာ သိုင်းသမားမာန ဖြစ်ပေါ် လာကာ စန်းမင်းအား လာရောက်ရှာဖွေခြင်းဖြစ်သည်ဟု ပြော လိုက်ခြင်းလည်း ဖြစ်ပေတော့သည်။

"ဟား ဟဲား ဟား"

ဆားမိက ဟားတိုက်ရယ်မောလိုက်လေသည်။ ကျင်းလီ မျက်နှာတည်သွားလေသည်။

ဝမ်းဖုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့သခင်က ရယ်စရာပြောနေတာ မဟုတ်ဘူးဗျ။ ဒီခြံဝင်းထဲကို စန်းမင်း ဝင်လာတာ ကျုပ်တို့မျက်စိနဲ့ တပ်အပ်မြင်တာဗျ"

ဟု ပြောလိုက်လေသည်။

ဆားမိက ...

"နေပါဦး ... တခေါက်ကန်း စန်းမင်းဟာ သိုင်းလောကသားတွေရဲ့လက်ချက်ကြောင့် သေဆုံးသွားပြီဆိုတာ သိုင်းလောကတစ်ခုလုံး သိကြတာပဲ၊ ခင်ဗျားတို့ ဘာတွေလာပြီး အိပ်မက်မက်နေကြတာလဲ"

ကျင်းလီက ...

"ဒီနေရာကို စန်းမင်းဝင်လာတာ မဟုတ်ဘူးပေါ့"

ဆားမိက ...

"ဘယ်ကဟုတ်ရမှာလဲ၊ တကယ်တမ်း ခွင့်မတောင်းဘဲ ဝင်လာခဲ့ကြတာက ခင်ဗျားတို့ ဆရာတပည့် နှစ်ယောက်ပဲ ရှိပါတယ်ဗျာ"

ကျင်းလီတို့ကိုပင် ပြန်လည်အပြစ်တင်လိုက်လေသည်။

ဝမ်းဖုံးက ...

"ခင်ဗျား စကားကြည့်ပြောပါ၊ ကျုပ်တို့က ..."



သူ၏စကားမဆုံးမီ ကျင်းလီက ဟန့်တားလိုက်လေသည်။

"ဝမ်းဖုံး ဘာမှမပြောနဲ့တော့"

ဝမ်းဖုံး ပါးစပ်ပိတ်ထားလိုက်လေသည်။ ကျင်းလီက ဆားမိကို ဦးညွှတ်လိုက်ပြီး ...

"ကျုပ်တို့က အထင်လွဲမှားပြီး ဝင်လာမိကြတယ်ဆိုရင် တောင်းပန်ပါတယ်ဗျာ၊ ကဲ ... ကျုပ်တို့ကို ခွင့်ပြုပါဦး"

ဆားမိက ...

"ကောင်းပါပြီဗျာ၊ မိတ်ဆွေကြီးကျင်းလီကို ကျုပ်က လေးစားပါတယ်၊ ကျုပ်တို့ ရွှေနဂါးဂိုဏ်းကို အချိန်မရွေး ဝင်နိုင်ပါတယ်၊ အလည်လာဖို့ဖိတ်ခေါ်ပါတယ်ဗျာ၊ ကျုပ်တို့ဟာ သခင်ကြီးကို ထာဝရမိတ်ဆွေတစ်ယောက်အဖြစ် လေးစားဆက်ဆံသွားမှာပါ"

ကျင်းလီက ...

"ကျေးဇူးပါပဲဗျာ"

ဝမ်းဖုံးကိုခေါ်ကာ ထွက်လာခဲ့လေတော့သည်။ ကျင်းလီနှင့် ဝမ်းဖုံးတို့ ထွက်သွားကြပြီ ဖြစ်လေသည်။

ဆားမိ သက်ပြင်းချလိုက်သည်။ ကျားညီနောင်ဘက်သို့ လှည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ရှေးရုပ်လွှာစံအိမ်က သခင်ကြီးကို လေးစားပါတယ်၊ ဒါပေမဲ့ ဒီလူက စိတ်သိပ်မမှန်ဘူးထင်တယ်၊ ဘယ်နှယ်ဗျာ --- သေသွားတဲ့ တခေါက်ကန်းစန်းမင်းဟာ ကျုပ်ရဲ့ခြံဝင်းထဲ ဝင်လာတာ တွေ့တယ်လို့ ... ဟား ဟား ဟား"

ကျင်းလီနှင့်ပတ်သက်ပြီး ရယ်ပွဲဖွဲ့လိုက်လေသည်။

ကျားညီနောင်က ရယ်မောခြင်း မရှိပါချေ။ သူတို့၏မျက်နှာ တည်ကြည်လေးနက်နေသည်။

ထို့ကြောင့် ...

ဆားမိ၏ရယ်မောသံတစ်ခဏအတွင်း ပျောက်ကွယ်သွားလေတော့သည်။

အမှန်ကတော့ ကျားညီနောင်သည် ခရီးသွားရင်း ဤမြို့သို့ ရောက်လာခဲ့ကြခြင်း ဖြစ်လေသည်။ ကျားညီနောင်အနက် ကျားကြီးက ...

"နေဦး ... ကျင်းလီက သူနဲ့ပါလာတဲ့လူကို ဝမ်းဖုံးလို့ ခေါ်လိုက်တာကို ကြားတယ်မဟုတ်လား"

ဟု ပြောလေသည်။

ကျားလေးက ...



"ဟုတ်တယ်၊ လမ်းဓားပြ ဝမ်းဖုံးကို ကျင်းလီက ကယ်ဟင်ခဲ့တယ်လို့ ကျုပ် သတင်းသဲ့သဲ့ ကြားပါတယ်"

ထိုစကားများကြားလျှင် ဆားမိ ဝမ်းသာသွားလေသည်။

"ကျင်းလီနဲ့ပါလာတာ လမ်းဓားပြ ဝမ်းဖုံးလား၊ ဒါဆိုရင်တော့ ကျုပ်က သူ့ကို မိတ်ဆွေအဖြစ် ဆက်ဆံနိုင်မှာ မဟုတ်တော့ဘူး"

ကျားကြီးက လက်ကာပြလိုက်လေသည်။

"နေဦး --- ကျုပ်တို့မှာ သွားစရာကိစ္စလေးတစ်ခု ရှိနေသေးတယ်၊ ကျုပ်တို့ပြန်လာမှ ဒီကိစ္စကို ဖြေရှင်းကြတာပေါ့။ ဂိုဏ်းချုပ်ကြီးက သည်းခံပြီး ကျုပ်တို့ပြန်ရောက်လာတဲ့အထိ စောင့်ဆိုင်းစေချင်တယ်"

ဆားမိ ရင်ကော့လိုက်လေသည်။

"ကျုပ်က မတရားမှုကို လက်တွေ့ဖြေရှင်းရမှ၊ မိတ်ဆွေတို့က ကူညီမယ်ဆိုရင် ကျုပ် သည်းခံပြီး စောင့်နေပါ့မယ်ဗျာ"

ကျားညီနောင် ကျေနပ်သွားလေသည်။

"ဂိုဏ်းချုပ်ကြီးကို ကျေးဇူးတင်ပါတယ်ဗျာ၊ မကြာခင် ကျုပ်တို့ ပြန်လာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျင်းလီနှင့် ဝမ်းဖုံး၏အကြောင်းကို စုံစမ်းဖော်ထုတ်ရန် သန္နိဋ္ဌာန် ချလိုက်ကြလေသည်။

ဆားမိမှာ ကျင်းလီဘက်သို့ မြားဦးပြန်လှည့်သွားသဖြင့် အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

❁ ❁ ❁



## အခန်း (၁၆)

## ထောင်ချောက်

မိုးလင်းတော့မည် ဖြစ်လေသည်။ ကျင်းလီ၊ ဝမ်းဖုံးနှင့် ပုရှမ်းတို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြလေသည်။

ကျင်းလီတို့သည် ညဥ့်နက်မှ ရောက်ရှိလာခြင်းဖြစ်လေသည်။

ကျင်းလီတို့နှင့် အတူ ပြဿနာတစ်ရပ်ပါလာသဖြင့် ပုရှမ်းဆက်၍မအိပ်နိုင်ပါတော့ချေ။

ကျင်းလီ၏မျက်နှာ တည်ကြည်လေးနက်နေလေသည်။ ဝမ်းဖုံးကား မကျေမနပ် ဖြစ်နေသည်။

ပုရှမ်းသည် သူတို့နှစ်ယောက်အား အကဲခတ်ကြည့်လိုက်ပြီးမှ ကျင်းလီကို ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့က စန်းမင်းကို ခြေရာခံဖော်ထုတ်ချင်တယ်ဆိုရင် ကျွန်မ ကူညီနိုင်ပါတယ်"

"ညီမမှာ အကြံရှိလို့လား"

ပုရှမ်းက ...

"ရှိပါတယ်၊ ဆားမိရဲ့သား ဆားချိုဟာ ခုဆိုရင် ကျွန်မနဲ့ ခင်မင်ရင်းနှီးသူ ဖြစ်နေပါပြီ"

သူမသည် ဆားချိုနှင့်ပတ်သက်ခဲ့သည့်အကြောင်းချင်းရာများကို ပြောပြလိုက်လေသည်။

သူမ၏စကားအဆုံးတွင် ...

"ဟား ဟား ဟား"

ကျင်းလီ ဟားတိုက်ရယ်မောလိုက်လေသည်။

"အားလုံးက ညီမကို တကယ့် ငယ်ရွယ်နုပျိုတဲ့ အပျိုစင်လေး တစ်ယောက်လို ထင်မှတ်နေကြတာကိုး"

ပုရှမ်းက ...

"ဟုတ်ပါတယ်၊ ဆားချိုက ကျွန်မကို ချဉ်းကပ်လာပါတယ်၊ သူ့ကို စည်းရုံးသိမ်းသွင်းပြီး စန်းမင်းရဲ့အကြောင်းကို စုံစမ်းဖော်ထုတ်ဖို့ အခွင့်အရေး ရလာနိုင်တယ်လို့ ကျွန်မ ယူဆမိပါတယ်"



ဝမ်းဖိုးက လက်မခံပါချေ။

"ဒါဟာ အန္တရာယ်များတဲ့ အလုပ်တစ်ခုပဲ"

ဟု ကန့်ကွက်လိုက်လေသည်။

ကျင်းလီကမူ ...

"ကောင်းတယ် ... ညီမရဲ့ အကြံကောင်းတယ်"

ဟု သဘောတူလိုက်လေသည်။

ပုရှမ်းက ...

"ဒါဖြင့် မနက်ဖြန်မနက် ကျွန်မ ဆားချိုနဲ့ တွေ့လိုက်မယ်"

"ကောင်းပြီ ... ညီမ ဘာလုပ်ရမလဲဆိုရင်"

ကျင်းလီက သူ၏ သဘောထားကို ပြောပြလိုက်လေသည်။ ပုရှမ်းကလည်း သူ၏သဘောထားကို တင်ပြသည်။

သူတို့သည် စန်းမင်းအား ဖော်ထုတ်ရန် တိုင်ပင်ဆွေးနွေးကြသည်။

ဝမ်းဖိုးက ရယ်မောစွာဖြင့် စောင့်ကြည့်နေခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ဖြူဘုံကျောင်း ...။

ငှက်ဖြူဘုံကျောင်းသည် သာယာလှပသော တောင်ကုန်းတစ်ခုပေါ်၌ တည်ရှိလေသည်။

ဘုံကျောင်းသို့ လာရောက်သူများ ရှိသော်လည်း ယနေ့တွင် လူရှင်းနေလေသည်။

ပုရှမ်းနှင့်ဆားချိုတို့သည် ငှက်ဖြူဘုံကျောင်းသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။ ဆားချိုက ...

"ငှက်ဖြူဘုံကျောင်းဟာ သာယာလှပတဲ့အပြင် ဆုတောင်းပြည့် ဘုံကျောင်းတစ်ခုလည်းဖြစ်တယ်၊ ဘုံကျောင်းရှေ့က နတ်ရုပ်တုရှေ့မှာ ဆုတောင်းရင် ကောင်းတဲ့ဆု ပြည့်ဝတယ် ညီမရဲ့"

ဟု ပြောလေသည်။

မိမိအား စည်းရုံးသိမ်းသွင်းနေခြင်းဖြစ်ကြောင်း ပုရှမ်း ကောင်းစွာ နားလည်ထားလေသည်။

ဆားချိုသည် သူမအား ရင်းနှီးမှုရယူပြီး လိပ်ပြာကဲ့သို့ ဖျက်ဆီးရန် ကြိုးစားမည်ဖြစ်ကြောင်းလည်း သဘောပေါက်ထားလေသည်။



သူမသည် ဆားချိုအား လွန်စွာမုပင် ရှုံမုန်းလေသည်။

သို့သော် စန်းမင်းအကြောင်း ဖော်ထုတ်ရမည်ဖြစ်ရာ သည်းခံပြီး ဆက်ဆံနေရခြင်း ဖြစ်လေသည်။

ဆားချိုက ...

"လာ ညီမ ... နတ်ရုပ်ရှေ့ကို သွားကြရအောင်"

ပြောပြောဆိုဆို ပုရှမ်း၏လက်ကို လှမ်းဆွဲလိုက်၏။

ပုရှမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သူမ မရုန်းနိုင်မီ ဆားချို၏ဆွဲခေါ်သွားခြင်း ခံရကာ နတ်ရုပ်ရှေ့သို့ ရောက်သွားလေတော့သည်။

"ကဲ ညီမ ... ဆုတောင်းကြရအောင်"

ဆားချိုသည် နတ်ရုပ်တုရှေ့၌ ဒူးထောက်ချကာ ဦးညွတ်၍ မျက်လုံးမှိတ်ကာ ဆုတောင်းလိုက်လေသည်။

ပုရှမ်းကလည်း ဟန်ဆောင်နေရသည်ဖြစ်၍ ဒူးထောက်ချကာ ဆုတောင်းလိုက်လေသည်။

ပြီးလျှင် ...

"ညီမက ဘာတွေ ဆုတောင်းသလဲဟင်"

ဟု ဆားချိုက မေးလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုရှမ်းက ...

"ရှင်ကော"

ဆားချိုက ...

"ကျုပ်က ညီမရဲ့မေတ္တာကို ရယူပိုင်ဆိုင်နိုင်တဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းလိုက်တယ်လေ"

ဟု မျက်နှာပြောင်တိုက်ကာ ပြောလေသည်။ ပုရှမ်းက ရယ်မောလိုက်သည်။

ဆားချိုက ...

"တကယ်ပြောတာပါကွယ် ... ကျုပ်က ညီမကို မြင်မြင်ချင်း မေတ္တာသက်ဝင်မိပါတယ်၊ ကျုပ်ရဲ့အဖေဟာ စုကျူးမြို့မှာ ဩဇာအရှိန်အဝါ အကြီးမားဆုံး ရွှေနဂါးဂိုဏ်းချုပ်ပါ၊ ညီမကို ကျုပ်က မိသားဖသားဝိဝိ လက်ထပ်ယူပါ့မယ်လို့ ကတိပေးပါတယ်"

ပုရှမ်းက ရယ်မောလိုက်ပြန်လေသည်။

ဆားချိုက ...

"ညီမရယ်"

သူက ရှေ့တိုးလာသည်။

ပုရှမ်းက လက်ကာပြလိုက်ပြီး...



"နေဦးလေ ... ကျွန်မ ဘာကိုဆုတောင်းသလဲဆိုတာ ရှင်မသိချင်ဘူးလား"

ဟု မေးလိုက်သည်။

ဆားချို ခြေလှမ်းရပ်လိုက်ပြီး ...

"ညီမက ဘာတွေဆုတောင်းခဲ့လို့လဲ"

ပုရှမ်းက ...

"ကျွန်မဟာ ရန်သူတစ်ယောက်ကို လိုက်ရှာနေတာပါ၊ ကျွန်မရဲ့ရန်သူကို ရှာဖွေတွေ့ရှိနိုင်ပါစေလို့ ဆုတောင်းခဲ့ပါတယ်ရှင်"

ဆားချို မျက်မှောင်ကြုတ်သွားလေသည်။

"ညီမမှာ ရန်သူရှိတယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ... ကျွန်မရဲ့မိဘတွေကို သတ်ဖြတ်သွားတဲ့ ရန်သူကို ကျွန်မ လိုက်ရှာနေတာပါ"

သူမက လိမ်ပြောလိုက်သော်လည်း ဆားချိုက ယုံကြည်သွားလေသည်။

"ညီမရဲ့ရန်သူဟာ ကျုပ်ရဲ့ရန်သူပဲပေါ့၊ ကျုပ်က ဝိုင်းဝန်းကူညီပြီး ရှာဖွေပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ ဆင်ထားသောအကွက်ထဲသို့ ဝင်လာသည်ဖြစ်၍ ပုရှမ်း ဝမ်းသာသွားလေသည်။

"အစ်ကို ... တကယ်ပြောတာနော်"

"တကယ်ပေါ့ ညီမရယ်"

"ဝမ်းသာလိုက်တာရှင်"

ဆားချိုက ပုရှမ်းလက်မောင်းကို ဆုပ်ကိုင်လိုက်လေ၏။ ပုရှမ်းက ရှန်းထွက်လိုက်ပြီး ...

"ကျွန်မရဲ့ရန်သူ ဘယ်သူဘယ်ဝါဆိုတာကို မမေးတော့ဘူးလားရှင်"

ဟု ပြောလိုက်သည်။ ဆားချိုက ...

"ဘယ်သူများလဲ"

"တခေါက်ကန်း စန်းမင်းပါ"

"ဟင်"

မမျှော်လင့်သောစကား ကြားလိုက်ရသည့် ဆားချို ပါးစပ် အဟောင်းသား ဖြစ်သွားလေသည်။ ပုရှမ်းအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"စန်းမင်း ဟုတ်လား"



"ဟုတ်ပါတယ်ရှင်၊ သူ ဒီမြို့မှာ ရောက်နေတယ်လို့ သတင်းကြားရပါတယ်"

"ဒါ ... ဒါ"

"ရှင်က သူ့အကြောင်းသိလို့လား"

ဆားချို ငိုင်သွားလေသည်။

ပုရှမ်းက ...

"ရှင်က ကျွန်မကို ကူညီမယ်ဆိုရင် ရှင့်ရဲ့ကျေးဇူးကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူးရှင်"

ဟု ပြောလိုက်လေသည်။ ဆားချိုက ပုရှမ်းကို စိုက်ကြည့်လိုက်ပြီး ...

"ကောင်းပြီ၊ ကျုပ် ကူညီမယ်၊ ဒါပေမဲ့ ညီမက ကျုပ်နောက်ကို လိုက်ခဲ့ရလိမ့်မယ်"

ပုရှမ်းက ...

"ရှင် ဘယ်လိုကူညီမယ်ဆိုတာ ပြောဦးမှပေါ့ရှင့်"

ဆားချိုက ...

"ညီမတွေ့ချင်တဲ့ စန်းမင်းကို တွေ့ရစေမယ်၊ ကျုပ် တာဝန်ယူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် တကယ်ပြောတာလား"

"ကောင်းပြီ ... စန်းမင်းဟာ ကျုပ်တို့ ရွှေနဂါးဂိုဏ်းမှာ ရောက်နေတာကြာပြီ၊ သူဟာ ဖေဖေရဲ့အရှိန်အဝါကို အသုံးပြုပြီး ပုန်းကွယ်နေနိုင်ခဲ့တာပဲ"

"ဟင်"

ပုရှမ်းက အံ့ဩဟန်ဆောင်လိုက်လေသည်။

ဆားချိုက ...

"စန်းမင်းကို တွေ့ချင်ရင် ကျုပ်က ဥပါယ်တံမျဉ်နဲ့ ခေါ်လာပေးမယ်၊ ညီမ ဘယ်လိုသဘောရလဲ"

ပုရှမ်း ဝမ်းသာသွားလေသည်။

"သိပ်ကောင်းတာပေါ့၊ ဒီည ... မြို့ပြင်တောအုပ်ထဲမှာ ကျွန်မ စောင့်နေမယ်၊ ရှင်က သူ့ကိုခေါ်လာခဲ့ပေါ့"

ဆားချိုက ...

"ညီမရဲ့ကိစ္စ ပြီးပြတ်သွားရင် ကတိမဖျက်ရဘူးနော်"

"စိတ်ချပါရှင်"

"ဟား ဟား ဟား"

ဆားချိုက ပုရှမ်းအ... စိုက်ကြည့်ကာ ဟားတိုက်ရယ်မော



လိုက်လေတော့သည်။

❋

ည ...။

ကောင်းကင်ပေါ်၌လည်း လဝန်းက ထိန်ထိန်သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပေသည်။ မြို့ပြင်တောအုပ်ထဲ၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

သို့သော် ...

တောအုပ်ထဲ၌ ပုန်းအောင်းနေသူ သုံးယောက်ရှိ နေပါသေး၏။

ပုရှမ်း၊ ကျင်းလီနှင့်ဝမ်းဖုံးတို့ ဖြစ်လေသည်။ အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ည၏ ပိုးကောင် မွှားကောင်လေးများ၏ အော်မြည်သံများ ထွက်ပေါ်နေသည်။

ကျင်းလီသည် စောင့်ဆိုင်းနေရခြင်းကို စိတ်မရှည်နိုင်အောင် ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

"ညီမ သူတို့လာမှ သေချာရဲ့လား"

ဟု ပုရှမ်းအား တီးတိုးမေးလိုက်လေသည်။

ပုရှမ်းက ...

"စိတ်ချပါ ... ဆက်ဆက်လာမှာပါ"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပုရှမ်းက ...

"သူတို့လာကြပြီ"

ဟု ရေရွတ်လိုက်လေသည်။ မှန်ပေသည်။

တောအုပ်ထဲသို့ လူနှစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ဆားချိုနှင့်စန်းမင်းတို့ ရောက်ရှိလာကြခြင်း ဖြစ်ပေတော့သည်။

ကျင်းလီ ပြုံးလိုက်သည်။



"နောက်ဆုံးတော့ တို့ရဲ့ထောင်ချောက်ထဲကို ရောက်လာရတာပဲ မဟုတ်လား"

ဟု ရေရွတ်ကာ ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်လေသည်။ သမ်းဖုံးကလည်း ခုန်ထွက်လိုက်လေသည်။

ဆားချိုနှင့်စန်းမင်းတို့သည် ကျင်းလီတို့အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ဆားချိုက ...

"ခင် ခင်ဗျားတို့ ဘယ်သူတွေလဲ"

ဟု မေးလိုက်လေသည်။

စန်းမင်း သက်ပြင်းချကာ ...

"သခင်လေး မေးမနေနဲ့တော့၊ သူ့ကို ကျုပ်သိတယ်၊ သူဟာ ရွှေရုပ်လွှာစံအိမ်ပိုင်ရှင် ကျင်းလီပဲ"

ဟု ပြောလေသည်။ ဆားချိုက ကျင်းလီအား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ဘာကြောင့် ဒီနေရာကို ရောက်နေရတာလဲ"

ဟု မေးလိုက်လေသည်။

ကျင်းလီက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ မင်းနဲ့မဆိုင်ဘူး ဘေးဖယ်လိုက်ပါ။ ကျုပ်က စန်းမင်းနဲ့ စာရင်းရှင်းစရာရှိတယ်"

ဆားချိုက ...

"အံမယ် ခင်ဗျားလုပ်ချင်တိုင်း လုပ်လို့ရမယ်များ မှတ်နေသလား၊ ခင်ဗျာ ဘယ်သူပဲဖြစ်ဖြစ် ကျုပ်ကမကြောက်သေးဘူးဆိုတာ မှတ်ထားပါ"

စကားအဆုံးတွင် ကျင်းလီထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။ သို့သော် သူက ကျင်းလီထံသို့ မရောက်မီ ဝမ်းဖုံး၏ ကြားဖြတ်တိုက်ခိုက်ခြင်း ခံလိုက်ရလေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြသည်နှင့် ...

'ဝုန်း'

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ဆားချိုမှာ ဝမ်းဖုံးအား မယှဉ်နိုင်တော့ဘဲ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

"အောင်မယ်လေး"



စန်းမင်း ရှေ့တိုးလာလေသည်။ ကျင်းလီက ရင်ဆိုင်လိုက်လေသည်။

စန်းမင်း ခြေလှမ်းရပ်သွားသည်။ ကျင်းလီကို မကျေမနပ်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ"

ဟု မေးလိုက်လေသည်။ ကျင်းလီ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က ဒုက္ခပေးနေတာ မဟုတ်ဘူး၊ မင်း အသက်ရှင်နေသမျှ အပြစ်မရှိတဲ့လူတွေ ဒုက္ခရောက်ကြမှာကိုသိလို့ မင်းကို ဟန့်တားချင်တာပါပဲ"

စန်းမင်း အံကြိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားကို ကြောက်မယ်များထင်သလား"

ဟု ကြိုးဝါးကာ စတင်တိုက်ခိုက်လေသည်။

ကျင်းလီကလည်း တိုက်ခိုက်လိုက်သည်။ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလီသည် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ထို့အတူ စန်းမင်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ရာဇဝင်လူဆိုးတစ်ယောက် ဖြစ်လေသည်။

သူတို့နှစ်ယောက် ရင်ဆိုင်တွေ့ဆုံလိုက်သည့် တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

သူတို့သည် ဦးစွာပထမ လက်ဝါးချင်း ယှဉ်ပြိုင်လိုက်ကြသည်။ တစ်ဖန် ...

'ခြိမ် ခြိမ်'

ဓားများ ဆွဲထုတ်ကာ ယှဉ်ပြိုင်လိုက်ကြလေသည်။

ဝမ်းဖုံးက ဆားချိအား အနိုင်ယူလိုက်ပြီး ကျင်းလီတို့၏ တိုက်ပွဲကို အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိုက်လေတော့သည်။ ဆားချိကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

ထိုစဉ် နှာခေါင်းထဲသို့ မွှေးကြိုင်သော ကိုယ်သင်းရနံ့တစ်ခု တိုးဝင်လာသည် လှည့်ကြည့်လိုက်သောအခါ ပုရှမ်းအား တွေ့လိုက်ရသဖြင့် အလန့်တကြား ဖြစ်သွားလေသည်။



"ဟင် ... မင်း မင်း"

ပုရှမ်း ရယ်မောလိုက်သည်။

"ကျွန်မဟာ ရွှေရုပ်လွှာစံအိမ်က သခင်ကြီး[illegible]ရဲ့ဇနီး ပုရှမ်းဆိုတာကို ရှင် မသိခဲ့တာ အတော့်ကို ဝမ်းနည်း[illegible]တာပဲ"

ဟု ပြောလိုက်လေသည်။ ဆားချိ ခံပြင်း[illegible]လေသည်။

"ရွှေရုပ်လွှာစံအိမ်ဆိုတဲ့အမည်ကို ကြားတာနဲ့ ခင်ဗျားဟာ ဘာကြောင့် ဒီလောက်တောင်နှုတ်ပိတ်နေရတယ်ဆိုတာ ကျုပ်သိပြီ၊ ကျုပ်အလှည့်စားခံလိုက်ရတာပဲ"

ပုရှမ်းက ...

"မင်းဟာ မိန်းကလေးလှလှမြင်တိုင်း [illegible]တာကြောင့် တစ်နေ့ဒုက္ခရောက်ရတာပဲ၊ လိုက်ပြောကို[illegible]ခဲ့တဲ့ အတွက် မင်းကို ခွင့်မလွှတ်နိုင်ဘူး"

"ခင် ... ခင်ဗျား"

ပုရှမ်းက တိုက်ခိုက်လာသဖြင့် ဆားချိ [illegible] ကွယ်လိုက်ရလေသည်။

သို့သော် ပုရှမ်းသည် ကျင်းလီ၏ ရွှေရုပ်လွှာ[illegible]ကို

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ထားသဖြင့် မည်သို့မျှ မယှဉ်နိုင်တော့ဘဲ အရေးနိမ့်သွားလေတော့သည်။

'ဝုန်း'

"အား"

ရူးရကျယ်လောင်သောအသံများ ထွက်ပေါ်လာလေ၏။

ဆားချို လဲကျသွားသည်ကို တွေ့ရလျှင် ကျင်းလီနှင့် ရင်ဆိုင်နေသည့် စန်းမင်း ကပျာကယာ နောက်ဆုတ်လိုက်လေ၏။

ကျင်းလီက အလွတ်မပေးဘဲ ...

"မင်း ဘာတတ်နိုင်မှာမို့လဲ"

ဟု အော်ငေါက်ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

စန်းမင်း ကပျာကယာ ခုခံလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့် ...

'ဝုန်း'

"အား"

စန်းမင်း မြေပေါ်လဲကျသွားလေတော့သည်။

❋ ❋ ❋



အခန်း (၁၇)

ရန်မီး

အေးစိမ့်သောလေများသည် နှစ်ပေါင်းများစွာ အသုံးမပြုဘဲ ပစ်ထားသော ညှို့ခန်းဆောင်အတွင်းသို့ တိုးဝင်တိုက်ခတ်လာ၏။

ဖုန်မှုန့်များ ပလူပျံသွားသည်။ အောက်သိုးသိုး အနံ့အသက်များ ထွက်ပေါ်လာလေသည်။

စန်းကိုးသည် နှာခေါင်းကို ကပျာကယာ ပိတ်ထားလိုက်ရလေသည်။ ကျင်းမေ သက်ပြင်းချလိုက်သည်။

"ဖေဖေနဲ့မေမေ ရွှေနဂါးဂိုဏ်းနောက်ကွယ်မှာပြုလုပ်နေတဲ့ ကောင်းမှုတွေကို ဖြိုခွဲနိုင်ခဲ့ကြတယ်၊ ဒါပေမဲ့ ... ဦးလေးဝမ်းဖုံးနဲ့ တတ်သက်ပြီး ကျွန်မတို့လည်း ကြမ္မာဆိုးဝင်ခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးက ...

"ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပါဦးဗျာ"

ဟုမေးလိုက်လေသည်။ ကျင်းမေက ...

"ကျားညီနောင်ဟာ ဦးလေးဝမ်းအတွက်နဲ့ အိမ်ကိုရောက်လာခဲ့ကြတယ်၊ ဖေဖေက ဦးလေးဝမ်းဖုံးဟာ တစ်ချိန်က လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့ပေမယ့် ခုချိန်မှာတော့ နောင်တရပြီး လူကောင်းတစ်ယောက် ဖြစ်နေပြီဆိုတဲ့ အကြောင်းကို ရှင်းပြခဲ့တယ်၊ ဒါပေမဲ့ ကျားညီနောင်က လက်မခံခဲ့ကြဘူး"

စန်းကိုးက ...

"ရွှေနဂါးဂိုဏ်း ချေမှုန်းခံလိုက်ရတာကြောင့် သူတို့က မကျေမနပ် ဖြစ်နေကြတာလား"

ဟုမေးလိုက်သည်။ ကျင်းမေက ...

"ရွှေနဂါးဂိုဏ်းနဲ့တော့မဆိုင်ပါဘူး၊ သူတို့ဟာ ဦးလေးဝမ်းဖုံးကို ခွင့်လွှတ်ရမယ်ဆိုရင် ဖေဖေက စန်းမင်းကို ဘာကြောင့် ခွင့်မလွှတ်နိုင်ရသလဲလို့ စောဒက တက်ကြတယ်၊ ပြီးတော့ ဖေဖေရဲ့ ရွှေရုပ်လွှာ သိုင်းကျမ်းရဲ့ အစွမ်းကို လက်တွေ့စမ်းသပ်ကြည့်ချင်ကြတယ်လေ"



စန်းကိုး သက်ပြင်းချလို[illegible]ခဲ့လေသည်။

"ကျားညီနောင်က ရွှေရုပ်လွှာစံအိမ်ကို ဖျက်ဆီးပစ်လိုက်တာပေါ့ ... ဟုတ်လား"

"ကျားညီနောင်ဟာ ဒီလောက်ထိအောင် မတတ်နိုင်ကြပါဘူး၊ မိုးနတ်ဂိုဏ်းက ပါဝင်ပတ်သက်လာလို့ပါ"

"မိုးနတ်ဂိုဏ်း"

စန်းကိုး အလန့်တကြား ဖြစ်သွားလေသည်။

ကျင်းမေက ...

"မိုးနတ်ဂိုဏ်းဟာ မိစ္ဆာဂိုဏ်းတစ်ဂိုဏ်း ဖြစ်ပါတယ်၊ သူတို့ရဲ့ ခေါင်းဆောင်ဟာ အင်မတန် အရုပ်ဆိုးအကျည်းတန်တဲ့ အဘွားအို တစ်ယောက် ဖြစ်တယ်၊ သူမဟာ ရွှေရုပ်လွှာသိုင်းကျမ်းကို လေ့ကျင့် အောင်မြင်ရင် ရုပ်ချောလှပတယ်လို့ ခံယူပြီး ရယူဖို့ ကြိုးစားခဲ့တာကြောင့်ပါပဲ"

သူမသည် ရွှေရုပ်လွှာစံအိမ် ဖျက်ဆီးခံလိုက်ရသည့် အကြောင်းကို ပြောပြလိုက်ပြန်လေတော့သည်။

www.burmeseclassic.com

ကျားညီနောင် ...။

ကျားညီနောင်သည် ဧည့်ခန်းအတွင်း၌ ရောက်ရှိနေကြ၏။ ကျင်းလီက လိုလေသေးမရှိ ဧည့်ခံပြုစုခဲ့လေ သည်။

စားပွဲပေါ် စားသောက်ဖွယ်ရာများ၊ အရက်များ အလျှံပယ် ရှိနေ၏။ ကျင်းလီက ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"ကဲ မိတ်ဆွေတို့ ... စားလိုက်ကြပါဦးဗျာ"

ဟု ဧည့်ခံလိုက်သည်။ ကျားကြီးက မျက်နှာထားတင်းတင်း ဖြင့် ...

"ကျုပ်တို့က စားသောက်ဖို့လာခဲ့ကြတာ မဟုတ်ဘူးဆိုတာ ခင်ဗျားသိပါတယ်"

ကျင်းလီ သက်ပြင်းချလိုက်လေသည်။

ကျားလေးက ...

"စန်းမင်းဟာ လူဆိုးတစ်ယောက် ဖြစ်တယ်၊ သူ့ကို ရွှေနဂါး ဂိုဏ်းက အကာအကွယ်ပေးခဲ့တယ်၊ စန်းမင်းတို့လို ဒုစရိုက်သမားတွေ ကို အသုံးချပြီး နောက်ကွယ်မှာ မကောင်းမှုတွေ လုပ်ခဲ့ကြတဲ့အတွက် ရွှေနဂါးဂိုဏ်းဟာ အချိန်တိုတိုနဲ့ ချမ်းသာကြွယ်ဝလာတယ်၊ ဂိုဏ်း အင်အားကို တိုးချဲ့နိုင်ခဲ့တယ်၊ ဒါကြောင့် စန်းမင်းကို ဆုံးမတာကော



ရွှေနဂါးဂိုဏ်းကို ဖြိုခွင်းလိုက်တာရော မှန်ကန်တယ်လို့ ကျုပ်တို့ ယူဆပါတယ်၊ ခင်ဗျားရဲ့လုပ်ရပ်ကို ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့"

သူ၏စကားကို တစ်ပိုင်းတစ်စဖြင့်ရပ်ကာ ကျင်းလီအား စိုက်ကြည့်လိုက်လေသည်။

ကျင်းလီက ဘာမှမပြောဘဲ ငြိမ်နေ၏။ ကျားလေးက ဆက် ပြောလိုက်လေသည်။

"ဝမ်းဖုံးဟာ ဆိုးသွမ်းသောင်းကျန်းခဲ့တဲ့ လူတစ်ယောက် ဆိုတာ အားလုံးသိကြပါတယ်၊ ခင်ဗျားက သူ့ကို အကာအကွယ်ပေး ထားတာက သဘာဝမကျဘူးထင်ပါတယ်"

ကျင်းလီ သက်ပြင်းချလိုက်ပြန်သည်။

"စန်းမင်းနဲ့ဝမ်းဖုံးဟာ လူဆိုးတွေ ဖြစ်ခဲ့ကျပေမယ့် သူတို့ရဲ့ ရပ်တည်ချက်ခြင်း မတူကြပါဘူး၊ စန်းမင်းဟာ ခုချိန်ထိ ဆက်ပြီး ဆိုးသွမ်းသောင်းကျန်းနေခဲ့ပါတယ်၊ ဝမ်းဖုံးကတော့ နောင်တတရား ရပြီး လူကောင်းတစ်ယောက် ဖြစ်နေပါပြီ"

ကျားလေးက ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ...ခင်ဗျားက ကိုယ့်ငါးချဉ် ကိုယ်ချဉ်တဲ့ သဘော ဖြစ်မနေဘူးလားဗျ"

www.burmeseclassic.com



"ဒါကတော့"

"ကျုပ်တို့က ဝမ်းဖုံးကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး ဆိုရင်ကောဗျာ"

ကျားလေးက ခပ်ပြတ်ပြတ် ပြောလိုက်သဖြင့် ကျင်းလီမှာ မည်သို့ဆက်ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ထိုစဉ် ...

"ကျုပ်က ခင်ဗျားတို့နဲ့ ဖြေရှင်းပါ့မယ်"

စကားသံတစ်ချက် ထွက်ပေါ်လာသည်။ ဝမ်းဖုံးက ဧည့်ခန်းအတွင်းသို့ ဝင်ရောက်လာသည်။

ကျင်းလီ မျက်နှာပျက်သွားပြီး ...

"ဝမ်းဖုံး ... မင်း မြန်မြန်ထွက်သွားစမ်း"

ဟု ငေါက်လိုက်လေသည်။ ဝမ်းဖုံးက ...

"ဝမ်းနည်းပါတယ် သခင်ကြီး၊ ကျုပ် မသွားနိုင်ပါဘူး။ ကျုပ်ကိစ္စကို ကျုပ်ပဲ ဖြေရှင်းပါရစေတော့၊ ကျုပ်အတွက် သခင်ကြီး နာမည်အပျက်မခံပါနဲ့တော့"

"မင်း"

ကျင်းလီ မည်သို့ပြောရမှန်းမသိဖြစ်သွားလေသည်။



ဝမ်းဖုံးက ကျားညီနောင်ကိုကြည့်ကာ ...

"ခင်ဗျားတို့နှစ်ယောက်ရှေ့မှာ ကျုပ်ရောက်နေပါပြီ၊ ကဲ ... ခင်ဗျားတို့ ဘာလုပ်ချင်ကြသလဲဆိုတာသာပြောပါ"

ဟု ခပ်ပြတ်ပြတ် မေးလိုက်သည်။ ကျားညီနောင်သည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကြပြီး ...

"ခင်ဗျားကို ဆုံးမရမယ်"

"သေဖို့သာပြင်ပေတော့"

ဟုကြုံးဝါးကာ ဝင်တိုက်ခိုက်လိုက်ကြလေသည်။ ခမ်းနားထည်ဝါသော ရွှေရုပ်လွှာစံအိမ်၏ ဧည့်ခန်းမဆောင်အတွင်း၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။ ကျားညီနောင်သည် ဝမ်းဖုံးအား တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ကြလေသည်။

ဝမ်းဖုံးက ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ရှောင်ဖယ်မိန်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားညီနောင်က ...

"မင်းရှောင်နေလို့ လွတ်မယ်မထင်နဲ့"

"မင်းကို ဘယ်နည်းနဲ့မှ ချမ်းသာမပေးနိုင်ဘူး"

ဟု ကြုံးဝါးကာ တရကြမ်း တိုက်ခိုက်ကြလေသည်။ ဝမ်းဖုံးက ရှောင်တိမ်းနေသည့်တိုင် ကြာကြာမရှောင်နိုင်တော့ချေ။

ကျားညီနောင်က ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လာသဖြင့် ကျားကြီး၏လက်သီးတစ်လုံးမှာ ဝမ်းဖုံးအား ထိမှန်သွားလေတော့သည်။

'ဝုန်း'

"အား"

ဝမ်းဖုံး အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ရပ်လိုက်"

❁

ကျင်းလီသည် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာပြီဖြစ်သည်။ ကျားညီနောင် အကြိုက်တွေ့သွားကြလေသည်။



သူတို့သည် ကျင်းလီ၏ 'ရွှေရုပ်လွှာ' သိုင်းအား လက်တွေ့စမ်းသပ်လိုနေကြသည် မဟုတ်ပါလား။

ကျားညီနောင်သည် ဝမ်းဖုံးအား အမှုမထားတော့ဘဲ ကျင်းလီအား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေသည်။

ထိပ်သီးသိုင်းသမားကြီးများပီပီ သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

ကျင်းလီက အသက်ပြင်းပြင်းရှူရှိုက်လိုက်သည်။ လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းလိုက်သည်။

ထို့နောက် ...

"ယား"

ဖြာသံပေးကာ လက်နှစ်ဖက်ကို ဝှေ့ယမ်းပြီး တိုက်ခိုက်ပစ်လိုက်လေသည်။

'ဟူး ဟူး ဟူး'

ပြင်းထန်သောလေတိုးသံများ ထွက်ပေါ်လာလေသည်။ သက်ဝါးရိပ်များသည် ကျားညီနောင်ထံသို့ တိုးဝင်သွားလေသည်။ ကျားညီနောင်က ပြန်လည်ရင်ဆိုင်လိုက်သည့်တိုင် ...

'ဝုန်း ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောအသံများ ထွက်ပေါ်လာပြီး ကျားညီနောင်မှာ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

✲

တိုက်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်။ ကျားညီနောင်သည် ဒယီးဒယိုင်ဖြင့် လူးလိမ့်ထလာသည်။

ကျင်းလီအား မကျေမနပ်ဖြင့် ကြည့်နေကြလေသည်။ ကျားကြီးက ...

"ခင်ဗျားက လူဆိုးဓားပြတစ်ယောက်ကို အကာအကွယ်ပေးထားတဲ့အပြင် ကျုပ်တို့ကိုပါ တိုက်ခိုက်ခဲ့တယ်၊ ခင်ဗျားဟာ အဖြူရောင်သိုင်းသမားတစ်ယောက်လို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲ"

ကျားလေးက ...

"ခင်ဗျားကိုယ်တိုင် လူဆိုးတစ်ယောက်ဖြစ်နေပြီ"

ကျင်းလီ မှဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကို ကြိုက်သလိုပြောနိုင်တယ်၊ ဒါပေမဲ့



ကျုပ် အိမ်ထဲမှာလာပြီးတော့ စော်ကားတာကိုတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

ကျားညီနောင်က ကျင်းလီအား မုန်းတီးစက်ဆုတ်စွာ ကြည့်လိုက်ပြီး ...

"ဒီကနေ့ကိစ္စအတွက် ကျုပ်တို့ တစ်နေ့ စာရင်းရှင်းကြသေးတာပေါ့"

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားကြလေသည်။ ကျင်းလီက ဟန့်တားခြင်းမပြုပါ။ ကျားညီနောင်မှာ ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

✲

ကျားညီနောင် ထွက်သွားကြပြီဖြစ်သည်။ သို့သော် သူတို့သည် အဝေးသို့ ထွက်သွားကြခြင်း မဟုတ်ပါ။

သူတို့သည် ရွှေရုပ်လွှာဂေဟာနှင့် မလှမ်းမကမ်းသို့ ရောက်လျှင် ခြေလှမ်းများ ရုပ်တန့်လိုက်ကြလေသည်။ ကျားကြီးက မကျေမနပ်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းလီကို ငါ ဘယ်တော့မှ မကျေဘူး"

ဟု ကြုံးဝါးလိုက်သည်။ ကျားလေးက ...

"ငါလည်း မကျေဘူး"

"တို့နှစ်ယောက်တည်းနဲ့ ရင်ဆိုင်ဖို့ မလွယ်ဘူး"

ကျားလေးက ထောက်ခံလိုက်သည်။

"ဟုတ်တယ်"

သူတို့သည် အကူအညီ ပေးနိုင်မည့်သူအား စဉ်းစားမိလိုက်ကြသည်။

သို့သော် အတန်ကြာသည်အထိ စဉ်းစားမရဘဲ ဖြစ်နေကြ၏။

ထိုစဉ် ...

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။ လျင်မြန်စွာ ပြေးလွှားလာနေသော လူရိပ်များကို တွေ့မြင်လိုက်သည်။

ကျားညီနောင်သည် အခြေအနေ ထူးခြားမှန်း သဘောပေါက်လိုက်သဖြင့် လမ်းဘေးရှိ သစ်ပင်တစ်ပင်နောက်ကွယ်၌ ကပျာ



ကယာ ပုန်းကွယ်နေလိုက်ကြလေ၏။

သူတို့ အကဲခတ်ကြည့်လိုက်ကြသောအခါ အနက်ရောင်ဝတ်ဆင်ထားသူတစ်စု ဟိုမှသည်မှ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများသည် ရွှေရုပ်လွှာစံအိမ်သို့ ဦးတည်ကာ သွားနေကြခြင်း ဖြစ်လေသည်။

ကျားကြီး မျက်မှောင်ကြုတ်သွားသည်။

"ထူးဆန်းတယ်ဟေ့"

ဟု ရေရွတ်လိုက်လေသည်။ ကျားလေးက ...

"အဲဒါ ဘယ်သူတွေလဲဆိုတာ အစ်ကိုကြီး သိသလား"

ကျားကြီး ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး၊ ဒါပေမဲ့"

ကျားလေးက ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ကျားကြီးက အနည်းငယ်စဉ်းစားလိုက်သည်။

"ကျုပ် သတင်းတစ်ခုကြားမိတယ်"

"ဘာများလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မီးနတ်ဂိုဏ်းချုပ်ဟာ ရွှေရုပ်လွှာသိုင်းကျမ်းကို လိုချင်နေတယ်၊ သူတို့ဟာ ရွှေရုပ်လွှာစံအိမ်ကို စီးနင်းဖို့ စိုင်းပြင်းနေတယ်ဆိုပဲ"

ကျားလေးက ...

"ဒါဖြင့် အခုရောက်လာတဲ့သူတွေဟာ မီးနတ်ဂိုဏ်းကလူတွေ ဖြစ်နိုင်တာပေါ့"

ကျားကြီးက ...

"ဖြစ်နိုင်တယ်"

သူတို့ သေသေချာချာ အကဲခတ်ကြည့်လိုက်သောအခါ ထိုအနက်ရောင် ဝတ်ဆင်ထားသူများသည် မျက်နှာတွင် ကြောက်မက်ဖွယ်ရာကောင်းသော မျက်နှာဖုံးစွပ်များ စွပ်ထားကြသည်ကို တွေ့လိုက်ရလေသည်။

ကျားကြီးက ...

"သေချာပြီ ... သူတို့ဟာ မီးနတ်ဂိုဏ်းက လူတွေပဲ"

ကျားလေး ဝမ်းသာသွားသည်။

"ဒါဖြင့် ကျုပ်တို့ ပွဲကြီးပွဲကောင်း ကြည့်ရတော့မှာပေါ့"

ကျားကြီးက ခပ်အုပ်အုပ် ရယ်မောလိုက်သည်။ ထို့နောက်



"လာ၊ သူတို့နောက် လိုက်သွားကြရအောင်"

သူတို့သည် မီးနတ်ဂိုဏ်းသားများနောက်သို့ တိတ်တဆိတ်လိုက်သွားကြလေသည်။

❁

အနက်ရောင်ဝတ်ဆင်ကာ ကြောက်မက်ဖွယ်ရာ မျက်နှာဖုံး စွပ်ထားသူများမှာ အနက်ရောင် သိုင်းလောကတွင် ဟျှမ်းလျှမ်းတောက် ကျော်ကြားနေသော မီးနတ်ဂိုဏ်းသားများ ဖြစ်ကြလေသည်။

အားလုံးသည် အနက်ရောင်ဝတ်ဆင်ထားကြသော်လည်း ဦးဆောင်လာသူမှာ အဖြူရောင်ဝတ်ဆင်ထားလေသည်။ သူတို့သည် ရွှေရုပ်လွှာဂေဟာအနီးသို့ရောက်လျှင် ခြေလှမ်းရပ်လိုက်ကြလေသည်။

ခေါင်းဆောင်အဘိုးအိုက လက်ဗွေ့ယမ်းပြလိုက်သောအခါ အနက်ရောင် ဝတ်ဆင်ထားကြသူများသည် နှစ်ဖေနံ့ရှိသော မီးတုတ်ငယ်များကို ထုတ်ယူကာ မီးထွန်းညှိလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသောမီးရောင်မှာ စိမ်းဖန့်ဖန့်အရောင် ဖြစ်နေသည်။

ထို့ကြောင့် ဝန်းကျင်တစ်ခုလုံး ထူးဆန်းသော စိမ်းဖန့်ဖန့်အရောင်များ လွှမ်းမိုးသွားလေသည်။

ထိုမျှမကသေး၊ ထွက်ပေါ်လာသော မီးခိုးငွေ့များသည် အလွန်မွှေးကြိုင်သော ရနံ့တစ်မျိုးကို ဖြစ်ပေါ်စေခဲ့လေသည်။

ထိုအမွှေးနံ့သည် ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။ တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေသော ကျားညီနောင်မှာ အထိတ်တလန့် ဖြစ်သွားကြလေသည်။ ကျားကြီးက ...

"ဒါဟာ မီးနတ်ဂိုဏ်းရဲ့ မေ့ဆေးမီးငွေ့ပဲ"

ဟု ရေရွတ်လိုက်သည်။ ကျားလေးက ...

"ဒါဆို မဖြစ်ဘူး၊ ကျုပ်တို့ ကျားမင်းဆေးကို အရင်ဆုံးသောက်ထားမှဖြစ်မယ်"

သူတို့၏ ကျားမင်းဆေးသည် အဆိပ်ဟူသမျှကို ကာကွယ်နိုင်သည့် အစွမ်းရှိလေသည်။ နှစ်ယောက်သား ဆေးတစ်လုံးစီ သောက်လိုက်ကြသည်။

ကျားမင်းဆေးကို သောက်လိုက်ရသည့်အတွက် မီးနတ်



ဂိုဏ်း၏မေ့ဆေးငွေ့ကို မှုစရာမလိုတော့ချေ။

နှစ်ယောက်သား အခြေအနေ စောင့်ကြည့်နေလိုက်ကြလေသည်။ မကြာပါချေ။

"ဘယ်ကမိတ်ဆွေတွေများ ရောက်လာကြတာလဲဗျာ"

ကျင်းလီ၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

❋

ကျင်းလီက ဂေဟာအတွင်းမှ လှမ်းထွက်လာသည်။

သူသည် ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်သော်လည်း ရွှေရုပ်လွှာသိုင်းကျမ်းအား တီထွင်ကြံဆရင်း အချိန်ကုန်ခဲ့သဖြင့် မီးနတ်ဂိုဏ်း၏ အမည်ကို ကြားဖူးထားသည့်တိုင် မေ့ဆေးငွေ့အကြောင်းကို အမှတ်တမဲ့ ဖြစ်နေခဲ့လေသည်။

မီးနတ်ဂိုဏ်းသားများအား ဦးဆောင်လာသော အဖြူရောင်ဝတ်ဆင်ထားသည့် အဘိုးအိုက ...

"ရွှေရုပ်လွှာစံအိမ်သခင်ကို လေးစားပါတယ်ဗျာ၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းလွေက ဂါရဝပြုပါတယ်”

ဟူ၍ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်လေသည်။

ကျင်းလီ မျက်မှောင်ကြုတ်သွားသည်။ ရှမ်းလွေနှင့် အနက်ရောင် ဝတ်ဆင်ထားကြသူများ၏ အသွင်သဏ္ဌာန်ကို ကြည့်လိုက်ပြီး ...

“ခင်ဗျားတို့ဟာ မီးနတ်ဂိုဏ်းကလူတွေများလား”

ဟု မေးလိုက်လေသည်။ ရှမ်းလွေက ...

“ဟုတ်ပါတယ် ခင်ဗျာ”

ကျင်းလီ မျက်နှာပျက်သွားသည်။

“ခင်ဗျားတို့ ဒီနေရာကို ရောက်လာကြတာ”

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။ ရှမ်းလွေက ...

“ကျုပ်တို့ဟာ မီးနတ်ဂိုဏ်းချုပ်ရဲ့အမိန့်နဲ့ မိတ်ဆွေဆီမှာ အကူအညီတောင်းဖို့ လာခဲ့ကြတာပါ”

ကျင်းလီ ဘဝင်မကျ ဖြစ်သွားသည်။ မီးနတ်ဂိုဏ်း၏ မကောင်းသတင်းကို သူ ကြားသိထားသည် မဟုတ်ပါလား။



မည်သို့ဆိုစေ သူ့ထံသို့ အဘယ်ကြောင့် ရောက်ရှိလာကြသည်ကို သိလိုသဖြင့် မေးလိုက်လေသည်။

“ကောင်းပြီ၊ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ ပြောပါဦး”

ရှမ်းလွေက ...

“ဟုတ်ပါတယ်ခင်ဗျာ”

ကျင်းလီ မျက်နှာပျက်သွားသည်။

“ခင်ဗျားတို့ ဒီနေရာကို ရောက်လာကြတာ”

သူက စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။ ရှမ်းလွေက ...

“ကျုပ်တို့ဟာ မီးနတ်ဂိုဏ်းချုပ်ရဲ့အမိန့်နဲ့ မိတ်ဆွေဆီမှာ အကူအညီတောင်းဖို့ လာခဲ့ကြတာပါ”

ကျင်းလီ ဘဝင်မကျ ဖြစ်သွားသည်။

မီးနတ်ဂိုဏ်း၏မကောင်းသတင်းကို သူ ကြားသိထားသည် မဟုတ်ပါလား။

မည်သို့ဆိုစေ သူ့ထံသို့ အဘယ်ကြောင့် ရောက်ရှိလာကြသည်ကို သိလိုသဖြင့် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ ပြောပါဦး"

ရှမ်းလေ့က ...

"ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ဟာ မိတ်ဆွေရဲ့ ရွှေရုပ်လွှာသိုင်းကျမ်းကို လေ့လာချင်လို့ ငှားရမ်းခိုင်းလိုက်လို့ပါ"

"ဘာ"

ကျင်းလိ မကျေမနပ် ဖြစ်သွားလေသည်။

ရှမ်းလေ့က ...

"မိတ်ဆွေအနေနဲ့ ရွှေရုပ်လွှာသိုင်းကျမ်းကို ငှားရမ်းဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"

ရုတ်တရက် ...

"ဟား ဟား ဟား"

ကျင်းလိက ဟားတိုက်ရယ်မောလိုက်လေသည်။ ရှမ်းလေ့၏ မျက်နှာထား တင်းမာသွားသည်။

"ကျုပ်က ရယ်စရာပြောနေတာ မဟုတ်ဘူးဆိုတာ ... မိတ်ဆွေ နားလည်ထားစေချင်ပါတယ်"

ကျင်းလိက ပိုပြီး ရယ်မောလိုက်သည်။



"မီးနတ်ဂိုဏ်းချုပ်ဟာ လောကပေါ်မှာ အကျည်းတန် အရုပ်ဆိုးဆုံး အမျိုးသမီး ဖြစ်တယ်ဆိုတာ ကျုပ်သိထားပါတယ်၊ ကျုပ်ရဲ့ ရွှေရုပ်လွှာသိုင်းကျမ်းကိုရရင် သူဟာ အချောဆုံးအလှဆုံး အမျိုးသမီးတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ယူဆထားပုံရတယ်၊ ဒါပေမဲ့ သူ့ရဲ့ဆန္ဒ ဘယ်တော့မှ ပြည့်ဝနိုင်မှာမဟုတ်ပါဘူး"

ရှမ်းလေ့က ...

"ခင်ဗျားဟာ ကျုပ်တို့ ဂိုဏ်းချုပ်ရဲ့ဆန္ဒကို မလိုက်လျောဘူးဆိုတဲ့ သဘောလား"

ကျင်းလိ ခေါင်းညိတ်လိုက်သည်။

"ဒါက အမှန်ပဲ"

ရှမ်းလေ့၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"ကျုပ်တို့ဟာ ဂိုဏ်းချုပ်ရဲ့ အမိန့်အတိုင်း ဆောင်ရွက်ကြရမှာပဲ"

ဟု ပြတ်သားစွာပြောလေသည်။ ကျင်းလိက အမှုမထားပါချေ။

"ကောင်းပြီလေ ... ခင်ဗျားတို့အနေနဲ့ လွယ်လွယ်လေးနဲ့ ရမယ်ဆိုရင် ကြိုးစားကြည့်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းလွေ လက်ဝှေ့ယမ်းကာ ...

"တိုက်ကြ"

ဟု အော်ဟစ် အမိန့်ပေးလိုက်လေသည်။

❁

ရှမ်းလွေသည် တိုက်ပွဲစတင်ရန် အမိန့်ပေးလိုက်ပြီး ဖြစ်လေသည်။ မိုးနတ်ဂိုဏ်းသားများသည် ...

"ယား"

ဗြသံပေးကာ ကျင်းလီထံသို့ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။ ကျင်းလီ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က မိုးနတ်ဂိုဏ်းကို ကြောက်နေရမှာလား"

ဟု ကြုံးဝါးကာ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။ ထိုစဉ် ...

"သခင်ကြီး"

ဝမ်းဖုံးက အိမ်ထဲမှ ခုန်ထွက်လာသည်။

"အစ်ကို"



ပုရှမ်းကလည်း ပြေးထွက်လာသည်။ သူတို့သည် တိုက်ပွဲအတွင်းသို့ ပါဝင်တိုက်ခိုက်လိုက်ကြလေသည်။

ရွှေရုပ်လွှာစံအိမ်ရှေ့၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။ မိုးနတ်ဂိုဏ်းသားများမှာ အင်အားငါးဆယ်ခန့် ရှိလေသည်။ အလွန်ရက်စက်ကြမ်းကြုတ် သော လူသတ်သမားများလည်း ဖြစ်ကြသည်။

ထက်ဝက်ခန့်က ကျင်းလီတို့အား ဝိုင်းဝန်းတိုက်ခိုက်နေကြပြီး ဆက်ဝက်ခန့်က မီးတုတ်များ ကိုင်ဆောင်ကာ အသင့်စောင့်နေကြလေသည်။

အမှန်အတိုင်းဆိုလျှင် မိုးနတ်ဂိုဏ်းသားများ အင်အားကောင်းသော်လည်း ကျင်းလီတို့အား အနိုင်ရဖို့ မလွယ်ပါချေ။

သူတို့က မေ့ဆေးငွေ့ကို တိတ်တဆိတ် အသုံးပြုလိုက်ကြသောအခါ ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ ကျင်းလီ၏လက်ချက်ဖြင့် မီးနတ်ဂိုဏ်းသားအချို့မှာ အဝေးသို့ လွင့်စဉ်သွားကြလေသည်။

ကျင်းလီသည် မီးနတ်ဂိုဏ်းသားများအား အနိုင်ယူနိုင်ခဲ့သော်လည်း သူ၏စိတ်ထဲ၌ ဘဝင်မကျနိုင်အောင် ဖြစ်သွားလေသည်။

အကြောင်းမှာ သူ၏ခြေလက်များ လေးလံလာသလို ခွန်အားများလည်း ဆုတ်ယုတ်လာသည်ဟု ခံစားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။ ထိုစဉ် ...

"သခင်ကြီး ... သူတို့ဟာ မေ့ဆေးငွေ့ကို အသုံးပြုနေကြတယ်၊ သတိထားပါ"

ဝမ်းဖုံး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကျင်းလီက ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်၏။

"အစ်ကို"

ပုရှမ်းသည် ကျင်းလီအနီးသို့ ရောက်ရှိလာသည်။ ဝမ်းဖုံးက

"သခင်မ သခင်ကြီးကို မြန်မြန်ခေါ်သွားပါ"

သူသည် မီးနတ်ဂိုဏ်းသားများအား ပြင်းထန်စွာ တိုက်ခိုက်



လိုက်လေသည်။ ဝမ်းဖုံး၏လက်ထဲ၌ ဓားတစ်လက်ပါလာသည်။

သူက လက်ဝဲဓားကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။ ဝမ်းဖုံး၏ လက်ဝဲဓားသိုင်းမှာ အလွန်ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်သော ဓားသိုင်းတစ်မျိုး ဖြစ်လေသည်။

ထိုဓားသိုင်းအား အသုံးမပြုရန် ကျင်းလီကိုယ်တိုင် ဟန့်တားထားခဲ့လေသည်။ ထို့ကြောင့် ဝမ်းဖုံးကစွန့်လွှတ်ထားခဲ့သည်မှာ ကြာပြီဖြစ်လေသည်။

ယခုတော့ ဝမ်းဖုံးသည် ကျင်းလီကို ကာကွယ်နိုင်ရန်အလို့ငှာ လက်ဝဲဓားသိုင်းကို ထုတ်ဖော်အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ဝမ်းဖုံးက ဓားကို ဝှေ့ယမ်းလိုက်သည်နှင့် ဝင်းလက်တောက်ပသောအလင်းရောင်များ ထွက်ပေါ်လာလေသည်။ မရှေးမနှောင်းခင် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

ရူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ မီးနတ်ဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ရှမ်းလွေသည် မီးနတ်ဂိုဏ်းသားများ ခံလိုက်ရသည်ကိုမြင်လျှင် မကျေမနပ် ဖြစ်သွားလေသည်။

"သိကြသေးတာပေါ့"

ဟု ကြုံးဝါးကာ ဝမ်းဖုံးထံ ခုန်ဝင်သွားလေသည်။ ဝမ်းဖုံးမှဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားကိုယ်တိုင် ဝင်လာတော့ သိပ်ကောင်းတာပေါ့၊ သတိထားပေတော့"

ဓားကို ဝေ့ယမ်းကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။ ရှင်းလွေသည် အရိုးခေါင်းပုံပါရှိသော သံမဏိတောင်ဝှေးတစ်လက်ဖြင့် တိုက်ခိုက်ခြင်း ဖြစ်လေသည်။ ရှမ်းလွေနှင့် ဝမ်းဖုံးတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင် မီးနတ်ဂိုဏ်းသားများသည် ...

"ယား"

အသံပေးကာ ကျင်းလီတို့ ဖနီးမောင်နှံထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။ ကျင်းလီမှာ မေ့ဆေးငွေ့ မိထားသည်ဖြစ်၍ အားအင်ကုန်ခန်းနေပြီဖြစ်သည်။ ပုရှမ်းက ...

"အစ်ကို နောက်ဆုတ်လိုက်"

ကျင်းလီကို နောက်ဆုတ်နိုင်းပြီး သူမကိုယ်တိုင် ရှေ့ထွက်



ကာ တိုက်ခိုက်လိုက်လေသည်။ ပုရှမ်းသည်လည်း ခေသူတစ်ယောက် မဟုတ်ပါချေ။

သူမသည် လက်နက်ကိုယ်စီကိုင်ဆောင်ထားသော မီးနတ်ဂိုဏ်းသားများအား ထိပ်တိုက်ရင်ဆိုင်လိုက်ပြီးလျှင် မီးနတ်ဂိုဏ်းသားတစ်ယောက်ထံမှ ဓားတစ်လက်ကို လုယူလိုက်ပြီး ...

"သွားကြစမ်း"

ဟု အော်ငေါက်ကာ ဓားကို ဝေ့ယမ်းတိုက်ခိုက်လိုက်လေသည်။ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ မီးနတ်ဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားပြန်လေသည်။ ထိုအချိန်မှာပင် ...

'ရွှမ်း'

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ ဝမ်းဖုံးနှင့် ရှမ်းလေ့ဝတို့ ထိပ်တိုက်ရင်ဆိုင်နေကြရာမှ နှစ်ယောက်သား နောက်သို့ ပြိုင်တူဆုတ်လိုက်ကြရသည်ကို တွေ့ရလေသည်။ ရှမ်းလေ့ မျက်နှာပျက်နေပါသည်။ ဝမ်းဖုံးအား မကျေမနပ် ကြည့်လိုက်ပြီး ...

"ကျူပ်က မင်းကို ဒီနေရာမှာ ရှိနေလိမ့်မယ်လို့ မမျှော်လင့်ဘူး၊ မင်းရှိနေမှန်းသိရင် ကျူပ်က တစ်မျိုးစီစဉ်မှာပဲ၊ ဒါပေမဲ့ မီးနတ်ဂိုဏ်းရဲ့ ဖြေဆေးမရဘဲ ကျင်းလီဟာ ဘယ်တော့မှ လူကောင်း တစ်ယောက် ဖြစ်မလာနိုင်တော့ဘူးဆိုတာ မှတ်ထားပါ"

ဟု ကြုံးဝါးလိုက်သည်။ ထို့နောက် ...

"သွားစို့"

သူ၏လူများကို လက်ဖြေယမ်းပြလိုက်ပြီး ပြေးလွှားသွားလေသည်။ မီးနတ်ဂိုဏ်းသားများလည်း လိုက်သွားကြသည်။ တိုက်ပွဲမှာ တစ်ခဏအတွင်း ပြီးဆုံးသွားလေတော့သည်။

✹ ✹ ✹



## အခန်း (၁၈)

### မှာတမ်း

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။ မီးနတ်ဂိုဏ်းသားများ ထွက်သွားကြပြီး ဖြစ်သည်။ ဝမ်းဖုံးသည် ကျင်းလီထံသို့ လှမ်းသွားလိုက်သည်။ ကျင်းလီက ဒယီးဒယိုင် ဖြစ်နေသည်။

"သခင်ကြီး"

ဝမ်းဖုံး ကပျာကယာ ဖေးမလိုက်သည်။

"အစ်ကို"

ပုရှမ်းလည်း အနီးသို့ ရောက်ရှိလာလေသည်။ သူတို့သည် ကျင်းလီကို ဝဲယာ တစ်ဖက်တစ်ချက်မှ ဖေးမကာ အိမ်ထဲသို့ ခေါ်ဆောင်သွားကြလေသည်။

ကျင်းလီအား ဧည့်ခန်းအတွင်းရှိ ထိုင်ခုံတစ်လုံးပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



သက်သောင့်သက်သာထိုင်စေသည်။ ကျင်းလီ မောဟိုက်နေသည်။

"ညီမ ... မီးနတ်ဂိုဏ်းဟာ အတော်ကြောက်စရာ ကောင်းတယ်၊ သူတို့လိုချင်တာမရသေးတော့ ကျေနပ်မှာမဟုတ်ဘူး၊ နောက်တစ်ခေါက် ပြန်လာကြဦးမှာ သေချာတယ်"

ပုရှမ်း အံကြိတ်လိုက်သည်။

"သူတို့ ပြန်လာတော့ကော ဘာဖြစ်သလဲ၊ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်တာပေါ့"

ကျင်းလီက ...

"ညီမ သူတို့ကို အထင်သေးလို့ မရဘူး၊ သူတို့ဟာ ရန်သူနဲ့ ရင်ဆိုင်တော့မယ်ဆိုရင် သေသေချာချာ တွက်ချက်ပြီးမှ ရင်ဆိုင်လေ့ရှိကြတယ်၊ ခုလည်း ကျုပ်တို့နှစ်ယောက်တည်းဆိုရင် သူတို့ အနိုင်ယူသွားကြမှာပဲ၊ ဝမ်းဖုံး ရှိနေလို့ တော်သေးတာပေါ့"

ထိုစကားကြားလျှင် ဝမ်းဖုံး၏ရင်ထဲ၌ ဖော်မပြနိုင်လောက်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။ ကျင်းလီက ...

"ညီမ ... ကျုပ်တို့ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး၊ မီးနတ်ဂိုဏ်းသားတွေ နောက်တစ်ခေါက် ပြန်မလာခင် ဒီက ထွက်သွားမှ ဖြစ်မယ်"



ပုရှမ်း မကျေမနပ် ဖြစ်သွားလေသည်။

"ကျွန်မတို့က သူတို့ကို ကြောက်နေရမှာလား၊ ရှောင်သွားစရာမလိုဘူးလို့ ကျွန်မထင်ပါတယ်၊ သူတို့ကို ကျွန်မကိုယ်တိုင် မောင်းထုတ်လိုက်ပါ့မယ်"

ဝမ်းဖုံးက ...

"သခင်မ ... သခင်ကြီးဟာ မီးနတ်ဂိုဏ်းရဲ့ မှော်ဆေးမိထားတယ်၊ ဒါကြောင့် ဆေးကုသပြီး အတွင်းအားပြည့်ဝလာအောင် အနားယူဖို့ လိုပါတယ်၊ ရန်သူကို အချိန်မရွေး ရင်ဆိုင်လို့ ရပါတယ်၊ အခုအချိန်မှာတော့ ရှောင်နေလိုက်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်"

ဟု တောင်းပန်လိုက်လေသည်။ ပုရှမ်း ဘာမှမပြောတော့။ ကျင်းလီက ...

"တို့တစ်တွေ သမီးရှိနေတဲ့ ဂူမတောင်ကို သွားကြမယ်"

ဟု ပြောလေသည်။ ပုရှမ်းက ယခုမှ သဘောတူလိုက်သည်။

"သမီးဆီကိုသွားမယ်ဆိုရင် ကျွန်မ သဘောတူပါတယ်"

ကျင်းလီ ကျေနပ်သွားလေသည်။ ဝမ်းဖုံးက ...

"ခရီးထွက်ဖို့ ကျုပ်သွားပြီး ပြင်ဆင်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ...

"ခင်ဗျားတို့ ထွက်သွားလို့ မရတော့ပါဘူး"

စကားသံနှင့်အတူ လူနှစ်ယောက် လှမ်းဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။ ကျားညီနောင် ရောက်လာကြပြန်ပြီ ဖြစ်လေသည်။

❁

ကျားညီနောင်သည် ဒုတိယအကြိမ်မြောက် ပြန်လည်ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ဝမ်းဖိုး ဒေါသထွက်သွားသည်။

"ခင်ဗျားတို့ သေချင်လို့ ပြန်လာခဲ့ကြတာပဲ"

ဟု ငေါက်လိုက်သည်။

"ဟား ဟား ဟား ဟား"

ကျားညီနောင်က ဟားတိုက်ရယ်မောလိုက်သည်။ တစ်ဖန် ကျားကြီးက ...



"မင်းတို့သုံးယောက်စလုံး မိုးနတ်ဂိုဏ်းရဲ့ အတွင်းအား ကုန်ခန်းစေတဲ့ မှေ့ဆေးမိထားကြပြီး မင်းတို့ ဘာတတ်နိုင်ဦးမှာလဲ"

ဟု ပြောလေသည်။ ဝမ်းဖိုးက ...

"ကျုပ်က ခင်ဗျားတို့နှစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်နိုင်လောက်အောင် တတ်နိုင်ပါသေးတယ်ဗျာ"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ရုတ်တရက် ဝမ်းဖိုး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ ဝမ်းဖိုး မျက်နှာ ဖျက်သွား၏။

မိုးနတ်ဂိုဏ်း၏ မှေ့ဆေးကို သတိထားနေသည့်ကြားမှ မသိမသာ မှေ့ဆေးငွေ့များကို ရှူရှိုက်မိခဲ့သည် မဟုတ်ပါလား။ ပုရှမ်းအား လှမ်းကြည့်လိုက်သောအခါ သူမကလည်း မျက်နှာပျက်နေသည်ကို တွေ့ရလေသည်။

ပုရှမ်းသည်လည်း တိုက်ပွဲဝင်ရင်း မှေ့ဆေးငွေ့အနည်းငယ် ရှူရှိုက်မိခဲ့ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

မည်သို့ဆိုစေ မိမိနှင့် ပုရှမ်းသည် ကျင်းလီလောက် အခြေအနေမဆိုးသေးကြောင်း ဝမ်းဖိုး တွက်ဆမိလိုက်လေသည်။ ကျားကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အတွက် အသက်ကယ်ဆေးကို ကျုပ်တို့ပေးနိုင်တယ်၊ ဒါပေမဲ့ ရွှေရုပ်လှသိုင်းကျမ်းကို ကျုပ်တို့ကို ပေးရမယ်"

ဟု တောင်းဆိုလာလေသည်။ ဝမ်းဖုံးက ...

"အသက်ကယ်ဆေး ... ဟုတ်လား"

"ဟုတ်တယ်"

ကျားကြီးက ဆေးပုလင်းတစ်လုံးကို ထုတ်ယူကာ ပြလိုက်လေသည်။ ထိုဆေးပုလင်းလေးအတွင်း၌ အနီရောင် ဆေးလုံးလေးများ ရှိနေပါသည်။ ဝမ်းဖုံးက ...

"ကောင်းပြီ ... မင်းတို့ လိုချင်တာ ရစေရမယ်"

ဟု ပြောကာ ရှေ့တိုးသွားလေသည်။ ကျားကြီး မျက်နှာပျက်သွားသည်။

"ဒါက ဘာသဘောလဲ"

ဟု မေးလိုက်သည်။

'ချွမ်'

ဝမ်းဖုံးက ဓားဆွဲထုတ်လိုက်လေသည်။ ကျားကြီး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ ဝမ်းဖုံးက ...

"အသက်ကယ်ဆေးပေးစမ်း"



ဟု တောင်းလိုက်သည်။ ကျားကြီးက ...

"မင်းက အပေးအယူမလုပ်ဘဲ လုယူမယ်ဆိုတဲ့ သဘောလား"

"ဟား ဟား ဟား"

ဝမ်းဖုံးက ရယ်မောလိုက်လေသည်။

"ကျုပ်ဟာ ဓားပြတစ်ယောက်ဆိုတာ လူတိုင်းသိကြတာပဲ၊ ထဲ ... အသက်ကယ်ဆေး ပေးမလား၊ အသက်အသေခံမလား၊ ကြိုက်တဲ့လမ်း ရွေးပါ"

ဟု ပြောလိုက်သည်။ ကျားညီနောင် ဒေါပွသွားကြလေသည်။

"ဝမ်းဖုံး ... မင်းဟာ မှေ့ဆေးငွေ့ကို ရှူရှိုက်ခဲ့ရတာပဲ၊ မင်းဆို ကြောက်နေရမှာလား"

သူတို့ လှချင်းခွဲလိုက်ကြသည်။ ဝမ်းဖုံးအားဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ကာ တိုက်ခိုက်ကြလေသည်။ သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

"သတိထား"

ကျင်းလီက လှမ်းပြီး သတိပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုရှမ်းကလည်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ဝမ်းဖုံးက ကြောက်ရွံ့တုန်လှုပ်ခြင်း အလျဉ်းမရှိပါချေ။

"သေပေတော့"

ဟု ကြုံးဝါးကာ ဓားဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေသည်။

"ယား"

ကျားညီနောင်ကလည်း ဩသံပေးကာ တိုက်ခိုက်ကြလေသည်။ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။ ဝမ်းဖုံးနှင့် ကျားညီနောင်တို့ ထိပ်တိုက်ရင်ဆိုင်မိကြ၏။

'ချွမ်း ချွမ်း ချွမ်း'

သံသံချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံများ ထွက်ပေါ်လာလေသည်။ ကျားညီနောင် ချက်ချင်း နောက်ဆုတ်လိုက်ကြရလေသည်။ ဝမ်းဖုံးက ...

"မင်းတို့ ပြေးလို့ လွတ်မယ်မထင်နဲ့"

ဟု ကြုံးဝါးကာ တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပြန်လေသည်။ သူ၏ တိုက်ခိုက်မှုမှာ ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်လှပေသည်။ ကျားညီနောင် မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်ကြပါတော့ချေ။ ထပ်မံ တိပ်တိုက်ရင်ဆိုင်မိကြသောအခါ ...



'ဝုန်း

"အား"

ကျားကြီးမှာ ဝမ်းဖုံး၏ ဓားချက်မိကာ လဲကျသွားလေတော့သည်။ ကျားလေး ထိတ်လန့်သွားသည်။ ဆက်လက်တိုက်ခိုက်ရန် မဝံ့ရဲတော့ဘဲ ကပျာကယာ ထွက်ပြေးသွားလေသည်။ ဝမ်းဖုံးက

"လွတ်အောင်ပြေးစမ်း"

ဟု အော်ငေါက်ကာ ဓားဖြင့် ပစ်ပေါက်လိုက်၏။

'ဝှီး'

ဓားရှည်သည် မြားတစ်စင်းပမာ လွင့်သွားကာ ကျားလေး၏ နောက်ကျောသို့ တည့်မတ်စွာ စိုက်ဝင်သွားလေ၏။

"အား"

ကျားလေး မှောက်လျက် လဲကျသွားတော့သည်။ ဝမ်းဖုံးသည် ကျားညီနောင်ကို ဆုံးမကာ အသက်ကယ်ဆေးကို ရယူလိုက်လေသည်။ ထို့နောက် ကျင်းလီနှင့်ပုရှမ်းတို့အား တိုက်ကျွေးလိုက်လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။ မြင်းလှည်းတစ်စီးသည် ဝူမေတောင်သို့သွားသော လမ်းအတိုင်း ခရီးနှင်နေလေသည်။

မြင်းလှည်းမောင်းသူမှာ ဝမ်းဖိုးဖြစ်သည်။ ကျင်းလီနှင့် ပုရှမ်းတို့က မြင်းလှည်းအိမ်ထဲ၌ သက်သောင့်သက်သာ လိုက်ပါလာကြလေသည်။

သူတို့သည် ဝူမေတောင်သို့ ဦးတည်ခရီးနှင်နေကြခြင်း ဖြစ်သည်။ ဝူမေတောင်ပေါ်တွင် သီလရှင်ကျောင်းတစ်ခုရှိလေသည်။

ထိုသီလရှင်ကျောင်း၏ အကြီးအကဲ ဝူမေသီလရှင်မှာ ပုရှမ်းနှင့် ညီအစ်မတော်စပ်သူ ဖြစ်လေသည်။

ဝူမေသီလရှင်သည် အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက် ဖြစ်ပြီး ကျင်းလီနှင့်ပုရှမ်းတို့၏သမီး ကျင်းမေကို ငယ်စဉ်ကပင် ခေါ်ယူကာ မွေးစားထားခဲ့လေသည်။

ဝူမေ သီလရှင်ထံသို့ရောက်လျှင် ရန်သူအပေါင်းကို မှုစရာ လိုတော့မည် မဟုတ်သဖြင့် ကျင်းလီတို့ အားတက်နေကြ၏။ ယခု



အချိန်တွင် သူတို့သည် ခွန်အားများ ဆုတ်ယုတ်ကာ သိုင်းစွမ်းရည် ကျဆင်းနေသည် မဟုတ်ပါလား။

ကျားညီနောင်ထံမှ အသက်ကယ်ဆေးသာ မရခဲ့လျှင် သူတို့၏ အခြေအနေ ပိုမိုဆိုးရွားသွားမည်မှာ သေချာလှပါတော့သည်။

ဝူမေတောင်သို့ ဦးတည်ခရီးနှင်ရင်း လမ်းဆုံလမ်းခုတစ်ခုသို့ ရောက်လာကြလေသည်။

ထိုလမ်းဆုံလမ်းခွတွင် စားသောက်ဆိုင် ဈေးဆိုင်များဖြင့် စည်ကားသိုက်မြိုက်နေလေသည်။

လမ်းသွားလမ်းလာများ၊ ခရီးသည်များလည်း ရှုပ်ထွေးနေသဖြင့် ဝမ်းဖိုးက မြင်းလှည်းကို အရှိန် လျှော့ချလိုက်ရလေသည်။

ထိုစဉ် ...

"ဝမ်းဖိုး ... တို့ ဒီမှာ ခဏနားပြီး စားသောက်ကြမယ်"

ကျင်းလီ၏စကားသံ ထွက်ပေါ်လာလေသည်။ ဝမ်းဖိုးက...

"သခင်ကြီး ... ဝူမေတောင်ကိုရောက်ဖို့ ဘာမှမလိုတော့ပါဘူး၊ ကျုပ်တို့ ဝူမေတောင်ကို ရောက်မှ အနားယူကြရင် မကောင်းဘူးလား"

ဟု လျှောက်တင်လိုက်လေသည်။ ကျင်းလီက ...

www.burmeseclassic.com

www.burmeseclassic.com



“ကိစ္စမရှိပါဘူး။ ငူမေတောင်နဲ့နီးနေပြီဆိုတော့ ကျုပ်တို့ကို ဘယ်သူမှ ဒုက္ခပေးရဲကြမှာ မဟုတ်ပါဘူး”

ဝမ်းဖုံး မတတ်သာတော့ပါချေ။

“ကောင်းပါပြီ သခင်ကြီး”

ဟုပြောကာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။ ကျင်းလီနှင့်ပုရှမ်းတို့ မြင်းလှည်းပေါ်မှ ဆင်းလာကြ၏။

သူတို့သည် စားသောက်ဆိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်သွားကြလေသည်။ ဝမ်းဖုံးက ဆိုင်လုလင်တစ်ယောက်ထံ၌ အကူအညီတောင်းကာ မြင်းများကို အစာရေစာ ကျွေးမွေးနေလိုက်လေ၏။

သူ၏စိတ်ထဲ၌ စားသောက်လိုစိတ် မရှိသဖြင့် ဆိုင်ထဲသို့ လိုက်မသွားဘဲ နေလိုက်လေသည်။

သူက လိုက်မလာလျှင် စားသောက်လိုစိတ် မရှိ၍ဖြစ်ကြောင်း ကျင်းလီတို့ နားလည်ထားကြလိမ့်မည် ဖြစ်လေသည်။

ဝမ်းဖုံး လိုက်မသွားခြင်းကြောင့် လည်းကောင်း၊ အနားမယူဘဲ ခရီးဆက်ဖို့ ပြေဇသည်ကို လက်မခံခြင်းကြောင့်လည်းကောင်း



ဆိုးရွားသော အဖြစ်အပျက်များ ပေါ်ပေါက်လာရလေတော့သည်။

✲

ဆိုင်ထဲ၌ လူရှင်းနေပါသည်။ စားပွဲ အလုံးနှစ်ဆယ်ခန့်ရှိသော်လည်း စားပွဲသုံးလုံး၌သာလျှင် စားသောက်နေကြသူများ ရှိနေပါသည်။

စားပွဲတစ်လုံး၌ သူတော်စင်တစ်ယောက်က စားသောက်နေ၏။ ထိုသူတော်စင်သည် သက်သတ်လွတ် မစားဘဲ အရက်နှင့် အမဲသား ပြုတ်ကြော်များကို စားသောက်နေခြင်း ဖြစ်သည်။

နောက် စားပွဲတစ်လုံး၌ အရုပ်ဆိုးအကျည်းတန်လှသော အဘွားအိုတစ်ယောက်က ထိုင်ကာ စားသောက်နေသည်။

တတိယစားပွဲတွင် အနီရောင်ဝတ်ထားသူသုံးယောက်က ထိုင်ကာ အရက်သောက်နေကြလေသည်။

ကျင်းလီနှင့်ပုရှမ်းတို့ ဆိုင်ထဲဝင်လာသည်ကို သူတို့ အမှုမထားပါချေ။ ဆိုင်လုလင်များက ပျာပျာသလဲ ကြိုဆိုကာ နေရာထိုင်ခင်း ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလီတို့ မှာကြားသည့် စားသောက်ဖွယ်ရာများကို ချက်ချင်းယူလာပေးကြလေသည်။ ကျင်းလီက အရက်တစ်ခွက် သောက်လိုက်ပြီး ...

"ဝမ်းဖုံးက လိုက်မလာရင် သူမစားချင်လို့ဘဲ ဖြစ်မယ်"

ဟု ပြောလိုက်သည်။ ပုရှမ်းက ...

"သူ့အတွက် တစ်ခုခု ဝယ်သွားကြတာပေါ့၊ ဂူမတောင်ကို ရောက်ဖို့က တစ်နေ့ခရီးလောက် လိုသေးတယ်ဆိုတော့ လမ်းမှာ ဆာချင်ဆာမှာပေါ့"

ကျင်းလီက ...

"ဟုတ်တယ် ... တစ်ခုခု ဝယ်သွားကြတာပေါ့"

သူတို့သည် စားသောက်ဖွယ်ရာများကို မြိန်ရည်ရှက်ရည် စားသောက်ကြလေသည်။ ထိုစဉ် ဆိုင်လုလင်တစ်ယောက်သည် အနီးသို့ ရောက်လာပြီး ...

"ဆရာကြီးတို့ စားလို့ကောင်းကြရဲ့လားဗျာ"

ဟု မေးလိုက်လေသည်။ ပုရှမ်း မျက်မှောင်ကြုတ်သွား သည်။ ဆိုင်လုလင်များအနေနှင့် ထိုသို့ မေးမြန်းခြင်းမရှိသဖြင့် အံ့ဩ သွားခြင်းဖြစ်လေသည်။



ထိုဆိုင်လုလင်က အဘယ်ကြောင့် ယခုကဲ့သို့ မေးနေရပါ သနည်း။ ကျင်းလီနှင့်ပုရှမ်းတို့က ဆိုင်လုလင်ကို ကြည့်ပြီး မျက်မှောင် ကြုတ်သွားလေသည်။

ကျင်းလီ သက်ပြင်းချလိုက်သည်။ ဆိုင်လုလင်ကို ပြုံးပြ လိုက်ပြီး ...

"သိပ်စားလို့ ကောင်းတာပေါ့ကွာ၊ မင်းတို့ဆိုင်က အတော့် ကို လက်ရာကောင်းတာပဲ"

ဟု ချီးကျူးလိုက်လေသည်။ ဆိုင်လုလင်က ရယ်မောလိုက် လေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဆရာကြီးတို့အတွက် သီးသန့် ချက်ပြုတ်ပေးထားတာပါ၊ အဆိပ်ပါတဲ့ ဟင်းလျာတွေဟာ တခြား ဟင်းတွေထက် ပိုပြီး အရသာရှိတတ်တယ် မဟုတ်လား"

ကျင်းလီက ...

"ဪ ... ကျုပ်တို့စားသောက်ခဲ့တဲ့ စားစရာတွေထဲမှာ အဆိပ်ခတ်ထားတယ်ပေါ့ ... ဟုတ်လား"

ဆိုင်လုလင်က ...

"ဟုတ်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလီက ...

"ကောင်းပြီ ... ဘယ်သူက အဆိပ်ခတ်နိုင်းတာလဲ ... ပြောစမ်းပါဦး"

ဟု မေးလိုက်သည်။ ဆိုင်လုလင်က ...

"ဟိုလူပါ"

မလှမ်းမကမ်း၌ စားသောက်နေသော သူတော်စင်ကို ညွှန်ပြကာ ပြောလိုက်သည်။ ကျင်းလီတို့ လှမ်းကြည့်လိုက်ကြသောအခါ သူတော်စင်က ပြုံးပြနေသည်ကို တွေ့ရလေသည်။ ကျင်းလီက ပြုံးပြလိုက်သည်။

"မိတ်ဆွေက ကျုပ်တို့ကို အဆိပ်ခတ်တာ ဘယ်လိုသဘောများကြောင့်လဲဗျာ"

ဟု မေးလိုက်လေသည်။ သူတော်စင်က ...

"လူတစ်ယောက်က နိုင်းလို့ပါဗျာ"

ကျင်းလီက ...

"ဘယ်သူလဲဗျ"

သူတော်က ...

"မီးနတ်ဂိုဏ်းချုပ်ပါ"



"သြော်"

ကျင်းလီ သက်ပြင်းချလိုက်ပြန်သည်။ ပုရှမ်းက ...

"မီးနတ်ဂိုဏ်းချုပ်က ကျွန်မတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတာပဲကိုး"

ဟု မကျေမနပ် ရေရွတ်လိုက်လေသည်။ ကျင်းလီက ...

"ညီမ ... သူတို့ပြောသလို အဆိပ်မိတယ်, မမိဘူးဆိုတာ စမ်း ကြည့်ပါ"

ဟု တီးတိုးပြောလိုက်လေသည်။ ပုရှမ်းက ...

"ကောင်းပြီ"

သူမသည် အတွင်းအား ထုတ်ဖော်ကာ စမ်းသပ်ကြည့်လိုက်လေသည်။ ကျင်းလီကိုယ်တိုင်လည်း စမ်းသပ်ကြည့်လိုက်လေသည်။ သို့သော် အဆိပ်မိသည့် အရိပ်အယောင် တစ်စက်ကလေးမျှ မတွေ့ရပါချေ။ ကျင်းလီက ...

"ညီမ ဘယ်လိုနေသလဲ"

ဟု မေးလိုက်သည်။ ပုရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတော့ ဘာမှမဖြစ်ဘူးထင်တာပဲ၊ အစ်ကိုကော"

ကျင်းလီက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း ဘာမှမဖြစ်ဘူး"

"ဒါဆို သူတို့လိမ်ပြောတာလား"

"မပြောနိုင်သေးဘူး၊ မီးနတ်ဂိုဏ်းချုပ်ဟာ အဆိပ်ပညာမှာ တစ်ဖက်ကမ်းခတ်တော်တဲ့ လူတစ်ယောက်ပဲ၊ တချို့လူတွေဟာ သူ့ကြောင့် အဆိပ်မိတာတောင် မိမှန်းမသိဘဲ သေသွားကြတဲ့ သာဓကတွေ ရှိခဲ့ဖူးတယ်၊ ကျုပ်တို့ သတိထားမှဖြစ်မယ်"

ပုရှမ်းက ...

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကို ဒုက္ခပေးချင်တယ်ဆိုရင် လက်ပိုက်ကြည့်မနေနိုင်ဘူး"

ကျင်းလီက ...

"စိတ်ချ ... ကျုပ် သူ့ကို ဆုံးမလိုက်ပါ့မယ်"

စကားဆုံးလျှင် ထိုင်ရာမှထလိုက်သည်။ သူတော်စင်ထံသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ...

'ဝှစ်'

ဆိုင်လုလင်သည် ဇုက်ထားသော ဓားတစ်လက်ကို ထုတ်ကာ ကျင်းလီ၏နောက်ကျောသို့ ထိုးသွင်းလိုက်တော့သည်။ ပုရှမ်း ရင်ထိတ်သွားလေသည်။



"အစ်ကို သတိထား"

ဟု အော်ပြောရင်း စားပွဲပေါ်၌ ရှိနေသော ပန်းကန်တစ်ချပ်ကို ယူကာ ပစ်လွှင့်ပစ်လိုက်လေသည်။

'ဗိုး'

ပန်းကန်သည် အရှိန်ပြင်းစွာ ပစ်လွှင့်သွားပြီး ဆိုင်လုလင်၏ ဓားကိုင်ထားသောလက်ကို ထိမှန်သွားလေသည်။

'ချွမ်း'

ဆိုင်လုလင်၏လက်ထဲမှ ဓားမြှောင်မှာ ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားတော့သည်။ ကျင်းလီကလည်း ...

"သွားစမ်း"

ဟု ဝေါက်ကာ လက်ပြန်ရိုက်ချလိုက်ရာ ...

'ဝုန်း'

"အား"

ဆိုင်လုလင်မှာ အဝေးသို့ လွင့်စဉ်သွားလေသည်။ ထိုအချိန်မှာပင် သူတော်စင်က ခုန်ထလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုံးက မြင်းများကို အစာရေစာကျွေးမွေးပြီး အနားယူနေလိုက်လေသည်။ ထိုစဉ်မှာပင် ...

"ဟီး ဟီး ဟီး"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ မြင်းစီးသမားတစ်ယောက်က ဆိုင်ရှေ့သို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူစီးလာသော မြင်းမှာ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော မြင်းဖြူကြီးတစ်ကောင်ဖြစ်လေသည်။ မြင်းဖြူရှင်သည် ဝမ်းဖုံး၏ မြင်းလှည်းရှေ့၌ လမ်းပိတ်ကာ ရပ်လိုက်သည်။

တစ်ဖန် ...

"ဝမ်းဖုံး ... ကျုပ်တို့ မတွေ့ရတာ တော်တော်ကြာသွားပြီပဲနော်"

ဟု နှုတ်ဆက်လာလေသည်။ ဝမ်းဖုံး မျက်မှောင်ကြုတ်သွားလေသည်။

"ချန်စန်း"

ဟု တီးတိုး ရေရွတ်လိုက်လေသည်။ ထိုလူမှာ အနက်ရောင်



သိုင်းလောကတွင် မြင်းဖြူချန်စန်းဟု နာမည်ကြီးခဲ့သည့် လူဆိုးကြီးတစ်ယောက် ဖြစ်လေသည်။ ချန်စန်းနှင့် ဝမ်းဖုံးတို့သည် ယခင်က သိကျွမ်းခဲ့ဖူးကြသည်။

ချန်စန်းမှာ အလွန်ကောက်ကျစ်စဉ်းလဲပြီး ဉာဏ်များသူ ဖြစ်ကြောင်း ဝမ်းဖုံး ကောင်းစွာသိရှိထားပါသည်။ ချန်စန်းက ...

"ဝမ်းဖုံး မင်းကငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

ဟု မေးလေသည်။ ဝမ်းဖုံး သက်ပြင်းချလိုက်သည်။

"မင်းကို မမှတ်မိစရာအကြောင်း မရှိပါဘူး၊ ဒီနေရာမှာ တွေ့ရလို့ အံ့သြနေတာပါ။ မင်းလည်း သိုင်းလောက က ပျောက်နေတာ အတော်ကြီးကြာနေပြီ မဟုတ်လား"

ချန်စန်းက ...

"အမှန်တိုင်းပြောရရင် ကျုပ်က မင်းအတွက် သိုင်းလောကထဲကို ပြန်ဝင်လာခဲ့ရတာပေါ့"

"ကျုပ်အတွက် ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး၊ ကျုပ်တို့က ဘာများပတ်သက်စရာအကြောင်းရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ချန်စန်းက ရယ်မောလိုက်လေသည်။ ဝမ်းဖုံးက ...

"ကေန္တ မင်းကို တစ်ယောက်ယောက်က မက်မောစရာ ကောင်းလောက်အောင် ငွေပေးလိုက်ပြီထင်တယ်"

ချန်စန်းက ...

"သိပ်မှန်တာပေါ့ကွာ"

ဝမ်းဖုံးက ...

"ဘာလဲ ... ငါ့ကို ရှင်းပစ်မလို့လား"

"ဟုတ်တာပေါ့"

"ဟား ဟား ဟား"

ဝမ်းဖုံးလည်း ရယ်မောလိုက်လေသည်။ ချန်စန်းက ...

"မင်းဟာ သိုင်းလောက,က ပျောက်သွားပေမယ့် သိုင်းပညာတော့ လျော့ကျမသွားဘူးဆိုတာ သိရတယ်၊ ဒါ တကယ်ပဲလားဆိုတာ ကျုပ် သိချင်သေးတယ်"

ဝမ်းဖုံးက ...

"သိချင်ရင် လွယ်ပါတယ်"

သူ၏လက်သည် ခါးမှ ဓားဆီသို့ ရောက်သွားလေသည်။



ချန်စန်းက ...

"ဒီနေရာမှာ လူရှုပ်တယ်၊ လူရှင်းတဲ့တစ်နေရာကို သွားကြရင် မကောင်းဘူးလား"

ဝမ်းဖုံး သဘောတူလိုက်လေသည်။

"ကောင်းပြီလေ"

"ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့ပါ"

ချန်စန်းက ဦးဆောင်ခေါ်သွားလေသည်။ ဝမ်းဖုံး စကားတစ်လုံးမှ မပြောဘဲ လိုက်ပါသွားလေတော့သည်။

❀

လမ်းဆုံလမ်းခွမှ စားသောက်ဆိုင်များနှင့် မလှမ်းမကမ်းတွင် တောအုပ်တစ်ခု ရှိလေသည်။ တောအုပ်အတွင်းသို့ ဝင်လိုက်သောအခါ မြေကွက်လပ်တစ်ခုကို တွေ့ရလေသည်။ ချန်စန်းက ခြေလှမ်းရပ်လိုက်၏။

ဝမ်းဖုံးလည်း ခြေလှမ်းရပ်လိုက်သည်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်လေသည်။ ချန်စန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းဖုံး ... မင်းက ဘာကြောင့် အခွင့်အရေးတစ်ခုကို လက်လွှတ်ချင်ရတာလဲ"

ဟု ပြောလေသည်။ ဝမ်းဖုံးက ...

"မင်း ဘာကိုဆိုလိုတာလဲ"

ချန်စန်းက ...

"မင်း ဘာလိုချင်တယ်ဆိုရင် ငွေပုံကြီးတစ်ခုဟာ မင်းရဲ့ရှေ့ကို ချက်ချင်း ရောက်လာလိမ့်မယ်"

"ငွေ ... ဟုတ်လား"

"ဘယ်သူက ပေးမှာလဲ ... ဘာကြောင့်လဲ"

ဝမ်းဖုံးက မေးလိုက်သည်။ ချင်စန်းက ...

"မိုးနတ်ဂိုဏ်းချုပ်က ပေးမှာပေါ့"

"ဩော်"

ဝမ်းဖုံး သဘောပေါက်သွားလေသည်။

"မင်းက မိုးနတ်ဂိုဏ်းအတွက် အလုပ်လုပ်နေတာကိုး"

"ဟုတ်တယ် ... သူတို့ဟာ ကျင်းလီဆီက သိုင်းကျမ်းကို လိုချင်နေကြတယ်"

"မဖြစ်နိုင်ဘူး ... သူတို့ ဘယ်တော့မှ ရမှာမဟုတ်ဘူး"



ချန်စန်းက လက်ကာပြလိုက်သည်။

"မိုးနတ်ဂိုဏ်းချုပ်ဟာ လိုချင်တာကို ရအောင် လုပ်ယူနိုင်စွမ်းရှိတယ်၊ အမှောင်လောကမှာ သူဟာ ခေါင်းဆောင်ဖြစ်နေပြီဆိုတာ မင်း လက်ခံသင့်တယ်"

ဝမ်းဖုံးက ...

"ကျုပ်ဟာ အမှောင်လောကက လူတစ်ယောက်တော့ မဟုတ်ဘူးလေ"

"ဘာပဲဖြစ်ဖြစ် ကျုပ်က မင်းနဲ့ ပြေလည်တာကိုပဲ လိုချင်တယ်၊ အချင်းချင်း ရန်မဖြစ်ချင်ဘူး"

ဝမ်းဖုံးက ...

"မင်းက မိုးနတ်ဂိုဏ်းနိုင်းတာကို လုပ်မယ်ဆိုရင် ငါတို့ဟာ ရန်သူတွေ ဖြစ်သွားမှာပဲ"

ချန်စန်းက ...

"မင်းက မလိုက်လျောနိုင်ဘူးပေါ့"

ဝမ်းဖုံးက ...

"သခင်ကြီးကျင်းလီဟာ ငါ့ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှိနေတယ်၊ ငါက သူ့ကို ဘယ်တော့မှ သစ္စာဖောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

ချန်စန်း သက်ပြင်းချလိုက်သည်။

"ဒါဆိုရင်လည်း မင်းရဲ့ဓားကို ထုတ်လိုက်ပါတော့"

"ကောင်းပြီ"

ဝမ်းဖုံးက ဓားကို ချွင်ခနဲမြည်အောင် ဆွဲထုတ်လိုက်၏။

❁

ဝမ်းဖုံးက ဘယ်လက်ဖြင့် ဓားကို ကိုင်ထားလေသည်။ ချန်စန်း၏လက်ထဲ၌လည်း ဓားတစ်လက် ရောက်ရှိလာပြီး ဖြစ်လေသည်။ သူတို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

နှစ်ယောက်စလုံး၏ မျက်လုံးအစုံတွင် လူသတ်လိုသော အရိပ်အငွေ့များ ထွက်ပေါ်နေလေသည်။

ချန်စန်းသည် ဝမ်းဖုံးနှင့် ခင်မင်ရင်းနှီးခဲ့ပြီး နှစ်ယောက်အတူ လက်တွဲကာ မကောင်းမှုဒုစရိုက်လုပ်ငန်းများစွာ လုပ်ကိုင်ခဲ့ကြဖူးလေသည်။ သူတို့သည် တစ်ယောက်အကြောင်း တစ်ယောက် သိထားကြသဖြင့် ရုတ်တရက် တိုက်ခိုက်ဖို့ မဝံ့မရဲ ဖြစ်နေ၏။



မည်သို့ဆိုစေ မလွှဲမရှောင်သာဘဲ ထိပ်တိုက်ရင်ဆိုင်ကြရတော့မည် ဖြစ်လေသည်။

လေငွေ့ယမ်း တိုက်ခိုက်လာသည်။ သစ်ရွက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျလာသည်။ ငှက်ကလေးတစ်ကောင်သည် အဝေးမှ ပျံသန်းလာပြီး သစ်ပင်တစ်ပင်၌ ရပ်နားလိုက်၏။

သို့သော် မကောင်းသည့် အတိတ်နိမိတ်များကို ခံစားလိုက်ရသည့်အလား ချက်ချင်း ထပျံသွားလေသည်။ ရုတ်တရက် ...

"ယား"

ကြုံးဝါးသံပေးသံများ ထွက်ပေါ်လာသည်။ ဝမ်းဖုံးနှင့်ချန်စန်း တို့ပြိုင်တူ အသံပေးလိုက်ကြသည်။ သူတို့သည် ဓားများကို ဝှေ့ယမ်းကာ တိုက်ခိုက်ကြလေသည်။

ဝမ်းဖုံးသည် လည်းကောင်း၊ ချန်စန်းသည် လည်းကောင်း ကြောက်စရာကောင်းသော လူသတ်သမားများ ဖြစ်ခဲ့ကြလေသည်။ ယခု နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်ကြပြီး ဖြစ်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။ ဝမ်းဖုံးနှင့်ချန်စန်းတို့ လှုပ်ရှားပုံးကပ်ကာ လှုရိပ်များ ရောထွေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ချွမ် ချွမ် ချွမ်'

ဓား ဓားချင်း ပြင်းထန်စွာ ထိတွေ့သောအသံများလည်း ထွက်ပေါ်လာလေသည်။

ထို့နောက်တွင် ...

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။ တစ်ယောက်က အော်လိုက်ခြင်းလော၊ သို့မဟုတ် နှစ်ယောက်စလုံးက အော်ဟစ်လိုက်ခြင်းလော ခွဲခြားလို့ မရပါချေ။ ဝမ်းဖုံးသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

"ဟား ဟား ဟား"

ချန်စန်း၏ ရယ်မောသံ ထွက်ပေါ်လာသည်။ ဝမ်းဖုံး၏ရင်ဝ၌ ဓားဒဏ်ရာတစ်ချက် ရရှိထားပြီး သွေးများ စီးကျနေလေသည်။

"ဝမ်းဖုံး ... မင်းဟာ သိုင်းလောကနဲ့ အဆက်ပြတ်နေတာတောင် မင်းရဲ့သိုင်းပညာဟာ ယုတ်လျော့သွားမသွားတဲ့အပြင် တိုးတက်လာပါလား"

ဟု ပြောလေသည်။

ဝမ်းဖုံးက ...



"သခင်ကြီးကျင်းလီက ငါ့ရဲ့ဓားပညာကို ပြုပြင်ပေးထားတယ်၊ ပျော့ကက်ဟာကွက်တွေကို ထောက်ပြထားတယ်လေ၊ ဒါကြောင့် ငါ့ရဲ့ဓားပညာဟာ အရင်ကထက်စာရင် တိုးတက်လာတာပေါ့"

ချန်းစန်းက ...

"ဝမ်းဖုံး ... မင်းက ဘာကြောင့် ကျင်းလီအပေါ်မှာ ဒီလောက်တောင် သစ္စာရှိနေရတာလဲ"

ဟု မေးလေသည်။ ဝမ်းဖုံးက ...

"အေး ငါကိုယ်ငါလည်း အံ့သြမိတယ်၊ ဒါပေမဲ့ ကျေးဇူးအရေးကို ငါလည်း သဘောပေါက်ပြီလို့ ထင်မိတာပဲ"

ချန်းစန်းက ...

"မင်းဟာ ကျင်းလီကို ကာကွယ်နိုင်မှာ မဟုတ်ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ သူတို့ကို လုပ်ကြံဖို့ မိုးနတ်ဂိုဏ်းချုပ်က သေသေချာချာ စီစဉ်ထားပြီးပြီ"

ဝမ်းဖုံးရင်ထဲ လေးလံလာလေသည်။ ဘာမှမပြောတော့ဘဲ ဓားခနဲလှည့်ထွက်လာခဲ့လေသည်။ မလှမ်းမကမ်းသို့ရောက်လျှင် ...

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်သို့ လဲပြီးကျသွားသောအသံကို ကြားလိုက်ရလေသည်။ ချန်စန်းက ဝမ်းဖုံး ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ခဲ့သည်။

ထို့အတူ ဝမ်းဖုံး၏လက်နက်ကြောင့် ချန်စန်း အသက်ပျောက်သွားခဲ့ရလေတော့သည်။

✺

ချန်စန်းနှင့်ဝမ်းဖုံး ရင်ဆိုင်နေချိန်တွင် ကျင်းလီမှာလည်း ဆိုင်လုလင်နှင့် ရင်ဆိုင်နေရပြီဖြစ်လေသည်။ ကျင်းလီအား ဆိုင်လုလင်က မယှဉ်နိုင်ခဲ့ပါ။

ကျင်းလီ၏ လက်ဝါးရိုက်ချက်မိကာ ဆိုင်လုလင် အဝေးသို့ လွင့်စဉ်သွားလေသည်။

ဆိုင်လုလင် လဲကျသွားသည်နှင့် သူတော်စင် ခုန်ထလာသည်။ ကျင်းလီ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားရဲ့အဆိပ်ကို မမှုသေးဘူးဆိုတာ မှတ်ထားပါ"

ဟု ပြောလိုက်သည်။ သူတော်စင်က ...



"မပူပါနဲ့လေ ... ခင်ဗျားအတွင်းအားကို ထုတ်သုံးလိုက်တာနဲ့ အဆိပ်တန်ခိုးပြလာမှာပါ"

"ဩော် ... ဒီလိုလား၊ ကောင်းပြီလေ ... ကျုပ်အတွင်းအားကို ထုတ်သုံးလိုက်မယ် ... သတိထားပါ"

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်၌ အတွင်းအားများ စုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

'ဟူး ဟူး ဟူး'

လေတိုးသံများ ထွက်ပေါ်လာလေသည်။ သူတော်စင်၏ အဝတ်စားများ လူးလွန့်သွားလေသည်။ သူတော်စင်ကလည်း လက်ဝါးနှစ်ဖက်၌ အတွင်းအားများ စုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်

'ဝုန်း'

ကျယ်လောင်သောအသံထွက်ပေါ်လာလေသည်။ ကျင်းလီက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ သူတော်စင်က သုံးလေးလှမ်း ဆုတ်သွားရလေသည်။ ကျင်းလီ ပြုံးလိုက်လေသည်။

"ခင်ဗျားရဲ့အဆိပ်ကော အတွင်းအားပညာကော ဘာများဘာတ်နိုင်လို့လဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ သူတော်စင်က ...

"ကြည့်ရသေးတာပေါ့လေ"

ဟု ကြိုးဝါးကာ ထပ်မံတိုက်ခိုက်လိုက်လေသည်။ ကျင်းလီလည်း ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။ ယခုတစ်ကြိမ် လက်ဝါးချင်း ဆုံတွေ့မိလိုက်သည်နှင့် သူတော်စင်သည် လုံးဝ မခံနိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ ခွေခနဲလဲကျသွားတော့သည်။

'ဝုန်း'

ကျင်းလီက နောက်ဆုတ်လိုက်သည်။ သူတော်စင်က ကြမ်းပြင်ပေါ်မှ ခုန်ထလာလေသည်။ သူ၏မျက်နှာ မည်းမှောင်နေပါသည်။

ကျင်းလီကိုပင် မကြည့်တော့ဘဲ ဆိုင်ထဲမှ ပြေးထွက်သွားလေတော့သည်။

❋

ဆိုင်လုလင်သည်လည်းကောင်း၊ သူတော်စင်သည်လည်းကောင်း မရှုမလှ အရေးနိမ့်ကာ ထွက်သွားကြပြီဖြစ်သည်။ ထိုအခါ



တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော အနီရောင်ဝတ်ထားသူ သုံးယောက် ထိုင်ရာမှ ထလာကြလေသည်။ ထိုလူသုံးယောက်သည် ကျင်းလီထံသို့ လှမ်းလာကြလေသည်။ ပုရှမ်းက ...

"ကျွန်မလည်း ရှိပါသေးတယ်ရှင်"

ဟုပြောကာ ခုန်ထလာလေသည်။ ကျင်းလီက ...

"ညီမ ... သူတို့သုံးယောက်ကို အစ်ကို ဆုံးမနိုင်ပါသေးတယ်၊ အေးအေးဆေးဆေး အနားယူပါ"

"အစ်ကို"

ကျင်းလီက ...

"ညီမ သူတို့သုံးယောက်ကို အစ်ကို ဆုံးမနိုင်ပါသေးတယ်၊ အေးအေးဆေးဆေး အနားယူပါ"

"အစ်ကို"

ကျင်းလီက လက်ကာပြလိုက်သဖြင့် ပုရှမ်း ဘာမှမပြောသာတော့ဘဲ ပြန်လည်ထိုင်ချလိုက်လေသည်။ အနီရောင်ဝတ်ထားသူ သုံးယောက်က ရင်ပေါင်တန်းကာ ရပ်လိုက်ကြလေသည်။

သူတို့၏မျက်နှာများသည် လူသေအလောင်းကောင်များသော ဖြူဖွေးကာ ဟန်အမူအရာကင်းမဲ့လျက် ရှိလေသည်။ ကျင်းလီ

www.burmeseclassic.com

www.burmeseclassic.com



မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ဟာ ချူးလိုင်တောင်က သရဲသုံးဖော်ထင်တယ်"

ဟု ပြောလိုက်သည်။ အနီရောင်ဝတ်ထားသူတစ်ယောက်က ...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ဟာ မိတ်ဆွေဆီက သိုင်းကျမ်းကို လိုချင်လို့ လာခဲ့ကြတာပါ"

ကျင်းလီက ...

"ခင်ဗျားတို့ကို မီးနတ်ဂိုဏ်းချုပ်က လွှတ်လိုက်တာ မဟုတ်လား"

ထိုလူက ...

"ဟုတ်ပါတယ်ဗျာ"

ဟု အမှန်အတိုင်း ဝန်ခံလေသည်။ ကျင်းလီက ...

"ကောင်းပြီ၊ မီးနတ်ဂိုဏ်းချုပ်ကို ပြောလိုက်ပါ။ သိုင်းကျမ်းကို လိုချင်တယ်ဆိုရင် သူကိုယ်တိုင် လာခဲ့ဖို့ ကျုပ်က မှာလိုက်ပါ့မယ်"

ထိုလူက ...

"ကျုပ်တို့သုံးယောက်က ယူသွားလို့လည်း ဖြစ်ပါတယ်"

ကျင်းလီက ...



"သေချာရဲ့လားဗျာ"

"သိပ်သေချာတာပေါ့"

စကားဆုံးသည်နှင့် သုံးယောက်သား လူချင်းခွဲကာ ကျင်းလီအား ကြိုက်ပုံသဏ္ဌာန် ဝိုင်းရံပြီး တိုက်ခိုက်လိုက်ကြလေသည်။

သူတို့၏လက်ထဲ၌ လူ့အရိုးနှင့် သဏ္ဌာန်တူသော လက်နက်များ ကိုင်ဆောင်ထားကြလေသည်။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။ ကျင်းလီသည် လက်ချည်းသက်သက် ယှဉ်ပြိုင်ရန် မလွယ်မှန်း ရိပ်မိလိုက်သဖြင့် ဓားတစ်လက်ဆွဲထုတ်ကာ တိုက်ခိုက်လိုက်ရ၏။

လက်တစ်ဖက်က ဓားကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်က ရွှေရုပ်လှသာသိုင်းကို ဖော်ထုတ်ကာ တိုက်စစ်ဆင်လိုက်ခြင်း ဖြစ်လေသည်။

လက်တစ်ဖက်က ဓားကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်က ရွှေရုပ်လှသာသိုင်းကို ဖော်ထုတ်ကာ တိုက်စစ်ဆင်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းလီ၏တိုက်ခိုက်မှုက ပို၍ ကြောက်မက်ဖွယ် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



နေပါတော့သည်။ တစ်ယောက်တည်းထိုင်နေသော အကျည်းတန်အဘွားအိုသည် စကားတစ်လုံးမှ မပြောဘဲ ထိုင်ရာမှ ထကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

❁

ဆိုင်ထဲ၌ ဖြစ်ပေါ်နေသော တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

'ဝုန်း'

'ခွမ်း'

စားပွဲကုလားထိုင်များ ကျိုးပဲ့ပျက်စီးကုန်သည်။ ပန်းကန်ခွက်ယောက်များ ကွဲအက်ကြေမွကုန်သည်။ ဆိုင်ရှင်နှင့်ဆိုင်လုလင်အစစ်များ ကြောက်လန့်ကာ ထွက်ပြေးသွားကြလေသည်။ ပုရှမ်းသည် ထိုင်ရာမှ မထပါချေ။

ကျင်းလီ၏အခြေအနေက အပေါ်စီးရရှိနေသည်မဟုတ်ပါလား။ ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ ...

'ဝုန်း'



"အား"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။ အနီရောင်ဝတ်ထားသူသုံးယောက် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြလေသည်။

ကျင်းလီက ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေလိုက်လေ၏။ အနီရောင်ဝတ်ထားသူ သုံးယောက်သည် ကျင်းလီအား မကျေမနပ် ကြည့်လိုက်ကြသည်။

ထို့နောက် ဆိုင်ထဲမှ ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

❁

ဆိုင်ထဲ၌ တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်လေသည်။ တိုက်ပွဲများ ပြီးဆုံးသွားပြီဖြစ်သလို ရန်သူများလည်း ထွက်သွားကြပြီ ဖြစ်လေသည်။ ကျင်းလီက ပုရှမ်းနှင့်မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ...

"သခင်ကြီး"

ဝမ်းဖုံးက ဆိုင်ထဲ ဝင်ရောက်လာလေသည်။ အခြေအနေအရ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဝမ်းဖုံး ချက်ချင်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ...

"ကျုပ်ကိုခွင့်လွှတ်ပါ သခင်ကြီး"

ဟု တောင်းပန်လိုက်လေသည်။ ကျင်းလီက ပြုံးနေ၏။ ပုရှမ်းက ...

"ရှင် ဘယ်ရောက်သွားတာလဲ"

ဟုမေးလိုက်လေသည်။ ဝမ်းဖုံးက ...

"မြင်းဖြူ ချန်စန်း ရောက်လာလို့ ကျုပ်က မောင်းထုတ်နေရလို့ပါ"

"ဪ"

ပုရှမ်းက ခေါင်းညိတ်လိုက်ပြီး ...

"မြင်းဖြူချန်စန်းဟာ အတော့်ကို ကြောက်စရာကောင်းတဲ့ လူဆိုးကြီးတစ်ယောက်ဆိုတာ ကျွန်မကြားဖူးပါတယ်၊ အခု သူ ဘယ်ရောက်သွားပြီလဲ"



ဝမ်းဖုံးက ...

"သူ ဘယ်တော့မှ ဆိုးသွမ်းမိုက်မဲတော့မှာ မဟုတ်ပါဘူး"

ပုရှမ်း ပြုံးလိုက်သည်။ ဝမ်းဖုံး ...

"ဒီနေရာမှာကော ဘာတွေဖြစ် ..."

သူက မေးလိုက်သော်လည်း ဆက်၍ မမေးဝံ့တော့သည့်အလား စကားရပ်ထားလိုက်လေသည်။ ကျင်းလီက ...

"မီးနတ်ဂိုဏ်းဟာ သိုင်းလောကမှာ လူဆိုးကြီးတွေကို အသုံးချပြီး ကျုပ်တို့ကို ဒုက္ခပေးဖို့ ကြိုးစားခဲ့ကြတယ်၊ ကျုပ်ရဲ့ ပေါ့ဆမှုကြောင့် အဆိပ်သူတော်ရဲ့ အဆိပ်မိသွားတယ်"

"ဟင်"

ဝမ်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျင်းလီက ...

"သူ့ရဲ့ အဆိပ်ဟာ အတွင်းအားကို အသုံးပြုလိုက်တော့မှ တန်ခိုးပြလာတာပဲ"

ပြောရင်း သူ၏နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာ၏။

"အစ်ကို"

ပုရှမ်းက အထိတ်တလန့် ခေါ်လိုက်လေသည်။ ကျင်းလီက

www.burmeseclassic.com

www.burmeseclassic.com



"ညီမလည်း အဆိပ်မိထားပြီး မလိုအပ်ဘဲ အတွင်းအားကို မသုံးမိပါစေနဲ့"

ဟု သတိပေးလိုက်သည်။ ပုရှမ်းက ...

"အစ်ကို ဘယ်လိုသဘောနဲ့ ခုလိုလုပ်နေတယ်ဆိုတာ ကျွန်မ နားမလည်နိုင်တော့ဘူး"

ဟု ညည်းတွားလိုက်လေသည်။ ကျင်းလီက ...

"ညီမ မီးနတ်ဂိုဏ်းဟာ သိုင်းလောကကို ဒုက္ခပေးနေတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ အစ်ကိုပြောတာ မှန်တယ်မဟုတ်လား"

ပုရှမ်းက ...

"မှန်ပါတယ် အစ်ကို"

ဟု ထောက်ခံလိုက်လေသည်။ ကျင်းလီက ...

"မီးနတ်ဂိုဏ်းကို ဆုံးမဖို့ အခွင့်အရေးရပြီလို့ ကျုပ်ယုံကြည်မိတယ်"

"အစ်ကို့သဘောက"

"သူတို့ဟာ ရွှေရုပ်လွှာသိုင်းကျမ်းကို လိုချင်ကျတဲ့အတွက် သိုင်းလောကမှာ ပေါ်ပေါ်ထင်ထင် ထွက်ပေါ်လာခဲ့ကြပြီ။ ဒါဟာ သူတို့ကို သုတ်သင်ရှင်းလင်းပစ်ဖို့ အခွင့်အရေးတစ်ရပ်ပဲမဟုတ်လား"



ပုရှမ်းက ...

"အစ်ကိုက ရွှေရုပ်လွှာသိုင်းကျမ်းနဲ့ သူတို့ကို ထောင်ချောက်ဆင်မယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တို့ကိုယ်တိုင်လည်း တည်ကြက်အဖြစ် အသုံးပြုရမှာပဲ"

ပုရှမ်းက ရယ်မောလိုက်လေသည်။

"သိပ်ကောင်းတဲ့အကြံအစည်ပဲ"

ဟု ထောက်ခံလိုက်လေသည်။ ဝမ်းဖုံး ထိတ်လန့်သွားလေသည်။ ကျင်းလီတို့သည် မီးနတ်ဂိုဏ်းနှင့် ရင်ဆိုင်လိုက်တော့မည် မဟုတ်ပါလား။ ကျင်းလီက ဝမ်းဖုံးဘက်လှည့်ကာ ...

"ဝမ်းဖုံး ... မင်းကို အရေးအကြီးဆုံး တာဝန်တစ်ခုပေးချင်တယ်"

ဟု ပြောလာလေသည်။ ဝမ်းဖုံးက ဦးညွတ်လိုက်သည်။

"ဟုတ်ကဲ့ ပြောပါသခင်ကြီး"

ကျင်းလီက ...

"မင်းဟာ ရွှေရုပ်လွှာသိုင်းကျမ်းကိုယူပြီး ငါ့သမီးဆီကို ချောက်သွားရလိမ့်မယ်၊ မင်း သူ့ကို စောင့်ရှောက်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုံး ပင့်သက်ရှိုက်လိုက်လေသည်။ ကျင်းလီက ...

"ငါပေးတဲ့တာဝန်ကို မင်း ကျေပွန်အောင် ထမ်းဆောင်နိုင်ပါ့မလား"

ဝမ်းဖုံးက ...

"ကျုပ်အသက်နဲ့လဲပြီး တာဝန်ကျေအောင် ထမ်းဆောင်ပါ့မယ်လို့ ကတိပေးပါတယ် သခင်ကြီး"

ကျင်းလီက ကျေနပ်သွားလေသည်။

"ကောင်းပြီ"

သူက ရွှေရုပ်လွှာသိုင်းကျမ်းကို ထုတ်ယူကာ ဝမ်းဖုံးအား ပေးလိုက်သည်။ ဝမ်းဖုံးက လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လက်ခံထားလိုက်လေသည်။ ကျင်းလီက ...

"ကဲ ... မင်းသွားပေတော့"

ဟု အမိန့်ပေးလိုက်သည်။ ပုရှမ်းက ...

"ကျွန်မရဲ့သမီးနဲ့တွေ့တဲ့အခါ အဆင်ပြေအောင်သာ ကြည့်ပြောလိုက်ပါ။ ကျွန်မတို့ရဲ့အဖြစ်အပျက်တွေကို အမှန်အတိုင်း မပြောစေချင်ဘူး"

ဝမ်းဖုံး စိတ်မကောင်းဖြစ်သွားလေသည်။



"စိတ်ချပါ သခင်မ"

ကျင်းလီက လက်ဝှေ့ယမ်းပြလိုက်လေသည်။ ဝမ်းဖုံးက ဘာမှမတတ်နိုင်တော့ပါချေ။ ကျင်းလီတို့ဇနီးမောင်နှံအား နှုတ်ဆက်ကာ ထွက်လာခဲ့ရလေတော့သည်။

✿

ဝမ်းဖုံးထွက်သွားပြီ ဖြစ်လေသည်။ ကျင်းလီနှင့်ပုရှမ်းတို့က ထိုင်နေဆဲ။ သူတို့သည် စားသောက်ခြင်းမပြုသလို စကားလည်း မပြောကြချေ။ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြသည်မှာ တစ်စုံတစ်ယောက်အား စောင့်မျှော်နေပုံမျိုး ဖြစ်ပါတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။ ညနေဆည်းဆာအချိန်သို့ပင် ရောက်ရှိလာလေသည်။ ကျင်းလီနှင့်ပုရှမ်းတို့ ထိုင်နေကြဆဲ။

ရုတ်တရက် စားသောက်ဆိုင်အပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာလေသည်။ ပြာလဲ့လဲ့မီးရောင်များ ထွက်ပေါ်လာသလို ကျက်သရေရှိပြင်းထန်သော အမွှေးနံ့များလည်း ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးနတ်ဂိုဏ်းသားများ ရောက်ရှိလာပြီဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။ ကျင်းလီနှင့်ပုရှမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ ကျင်းလီက ...

"ညီမ ... ကျုပ်တို့ရဲ့ အိမ်ထောင်ရေးမှာ ကျုပ်ရဲ့ချို့ယွင်းချက်တွေရှိခဲ့ရင် ခွင့်လွှတ်စေချင်တယ်"

ဟု ပြောလိုက်လေသည်။ ပုရှမ်းက ...

"အစ်ကို့မှာ ဘယ်လိုချို့ယွင်းချက်မှ မရှိခဲ့ပါဘူးရှင်၊ ကျွန်မကသာ အစ်ကို့အပေါ်မှာ နွဲ့ဆိုးဆိုးပြီး အနိုင်ယူခဲ့မိတာတွေ ရှိခဲ့တာကြောင့် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ကျင်းလီက ...

"ဒါတွေကို ခွင့်လွှတ်ပြီးသားပါ ညီမရယ်"

ဟု ပြောလိုက်လေသည်။ တစ်ဖန် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြ၏။ ကျင်းလီက ...

"မီးနတ်ဂိုဏ်းကြီးကို ဖြိုခွဲနိုင်တာဟာ ကျုပ်တို့အတွက် အောင်မြင်မှုကြီးတစ်ရပ် ဖြစ်လာမှာပါပဲ"

"ဟုတ်ပါတယ် အစ်ကို"

ပုရှမ်းက ထောက်ခံလိုက်လေသည်။ ထိုစဉ် ခြေသံများနှင့်



အတူ လူသုံးယောက်က ဆိုင်ထဲဝင်ရောက်လာကြလေသည်။ ကျင်းလီအား အရေးနိမ့်သွားခဲ့သည့် သရဲသုံးဖော်ပင် ဖြစ်ကြလေသည်။

သရဲသုံးဖော်သည် ဆိုင်ထဲသို့ ရောက်လာသည်နှင့် စကားတစ်လုံးမှမပြောဘဲ ကျင်းလီတို့ထံ တစ်ဟုန်ထိုး ပြေးဝင်ကာ တိုက်ခိုက်လိုက်လေသည်။

သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ကြမ်းထန်နေပါသည်။ ကျင်းလီလည်း ချက်ချင်းပင် ထိုင်ရာမှထကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ သရဲသုံးဖော်သည် ချက်ချင်းပင် အနောက်ဘက်သို့ လွင့်စဉ်သွားပြီး ကျင်းလီလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများပိုပြီးစီးကျလာလေသည်။ သရဲသုံးဖော်သည် ဒဏ်ရာရသွားပြီဖြစ်၍ ဆိုင်ပေါက်ဝသို့ ပြေးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပုရှမ်းက လမ်းပိတ်ဟန့်တားပြီး ဖြစ်နေသည်။ သရဲသိုးဖော်သည် ပုရှမ်းအား တိုက်ခိုက်လိုက်ကြသည်။ ပုရှမ်း မဲ့ပြုံးပြုံးကာ ...

"ရှင်တို့ ထွက်ပြေးလို့ရမလား"

ဟု ကြုံးဝါးပြီး လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်ရာ ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ သရဲသိုးဖော်မှာ ဘိုင်းခနဲလဲကျပြီး ငြိမ်သက်သွားကြလေတော့သည်။

❁

မိးနတ်ဂိုဏ်းမှ စေလွှတ်လိုက်သော သေမင်းတမန် သုံးယောက်ကား ကျင်းလီနှင့်ပုရှမ်းတို့၏ တိုက်ခိုက်မှုကြောင့် အမိုက်ဓာတ်သိမ်းသွားကြပြီ ဖြစ်သည်။ ပုရှမ်းက ...

"အစ်ကို ဘယ့်နှယ်နေသလဲ"



ဟု ကျင်းလီအား လှမ်းမေးလိုက်လေသည်။ ကျင်းလီ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ မီးနတ်ဂိုဏ်းချုပ်နဲ့ ရင်ဆိုင်ဖို့ ညီမခွန်အားတွေကို ချန်ထားစေချင်တယ်"

"စိတ်ချပါရှင်"

'ဒိုး ဒိုး ဒိုး'

အပြင်ဘက်မှ မီးတုတ်များပစ်လွှင့် ဝင်ရောက်လာလေသည်။ မီးတုတ်များအဆက်မပြတ်ဝင်ရောက်လာသဖြင့် စားသောက်ဆိုင်ထဲ၌ မီးစွဲလောင်လာလေတော့သည်။ ပုရှမ်းက ...

"ကျွန်မတို့ အပြင်ဘက် ထွက်ကြမှထင်တယ်"

ဟုပြောလိုက်ရာ ကျင်းလီက ...

"ကောင်းပြီ ... ကျုပ်နောက်ကလိုက်ခဲ့ပါ"

ရှေ့မှ ဦးဆောင်ကာ ထက်သွားလေသည်။ ပုရှမ်းလည်း လိုက်သွားသည်။ နှစ်ယောက်သား အပြင်ဘက်သို့ ရောက်သွားကြသောအခါ မီးနတ်ဂိုဏ်းသားများက ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။

ကျင်းလီနှင့်ပုရှမ်းတို့က အကဲခတ်ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမှောင်ရိပ်ထဲ၌ ရပ်နေသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူမှာ မီးနတ်ဂိုဏ်းချုပ်ဖြစ်ကြောင်း ကျင်းလီတို့ ရိပ်မိလိုက်ကြသည်။ ကျင်းလီက ...

"ကျုပ်က မီးနတ်ဂိုဏ်းချုပ်ဆီသို့ရောက်အောင် သွားမယ်၊ ညီမက ဂိုဏ်းသားတွေကို ဟန့်တားထားပါ"

ဟု ပြောလိုက်သည်။

"ကောင်းပါပြီရှင်"

ပုရှမ်းက သဘောတူလိုက်လေသည်။ ထို့နောက် နှစ်ယောက်သား လှမ်းသွားလိုက်ကြလေ၏။ ထိုစဉ် ...

"ယား"

မီးနတ်ဂိုဏ်းသားများက ဖြဲသံပေးကာ ဝိုင်းဝန်း တိုက်ခိုက်လာကြလေသည်။ ကျင်းလီတို့ဇနီးမောင်နှံကလည်း လက်တွဲညီညီဖြင့် ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။ ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာလေသည်။

ကျင်းလီနှင့်ပုရှမ်းတို့က ရွှေရုပ်လွှာသိုင်းပညာကို အသုံးပြုလိုက်ကြသဖြင့် မီးနတ်ဂိုဏ်းသားများ မခံနိုင်ကြတော့ပါချေ။



'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။ မီးနတ်ဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

ပုရှမ်းက မီးနတ်ဂိုဏ်းသားများအား ပြင်း ပြင်းထန်ထန် တိုက်ခိုက်ကာ လမ်းရှင်းပေးသကဲ့သို့ ကျင်းလီကလည်း မီးနတ်ဂိုဏ်းချုပ်ထံသို့ ရောက်အောင် ထိုးဖောက်သွားလိုက်လေသည်။

အခြေအနေမှာ အတော်ပင် ရှုပ်ထွေးနေပါသည်။ ကျင်းလီအား ဟန့်တားနေသော မီးနတ်ဂိုဏ်းသားများသည် ပုရှမ်း၏ လက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် လဲကျသွား၏။

သို့ဖြင့် ကျင်းလီမှာ မီးနတ်ဂိုဏ်းချုပ်အနီးသို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။ နောက်ဆုံး ကျင်းလီနှင့် မီးနတ်ဂိုဏ်းချုပ်တို့ ရင်ဆိုင်မိကြလေတော့သည်။

မီးနတ်ဂိုဏ်းချုပ်မှာ အလွန်အရုပ်ဆိုးအကျည်းတန်သော

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုတစ်ယောက် ဖြစ်နေပါသည်။ အဘွားအိုက ...

"ကျင်းလီ ... မင်းမဆိုးဘူး"

ဟု ချီးကျူးလိုက်လေသည်။ ကျင်းလီက ...

"ခင်ဗျားကလည်း သိုင်းလောကကို ဒီလောက်နှစ်ပေါင်းကြာကြာ နှောင့်ယှက်ဖျက်ဆီးနိုင်ခဲ့တာကို ချီးကျူးပါတယ်ဗျာ"

ဟု ခနဲ့လိုက်သည်။ အဘွားအိုက ...

"မီးနတ်ဂိုဏ်းဟာ ထာဝရ တည်မြဲနေမယ်ဆိုတာ မင်း နားလည်ထားပါ။ ခုဆိုရင် မင်းဟာ အဆိပ်မိထားသလို ဒဏ်ရာတွေလည်း ရနေပြီ၊ အတွင်းအားလည်း ကုန်ခန်းနေပြီ၊ ငါ့ကို ဘယ်လိုလုပ်ပြီး ရင်ဆိုင်နိုင်တော့မှာလဲ၊ ရွှေရုပ်လှသိုင်းကျမ်းကို အေးအေးဆေးဆေး ပေးလိုက်ရင် ကောင်းမယ်၊ မင်းရဲ့ အသက်အန္တရာယ် မထိခိုက်စေရဘူးလို့ ငါတာဝန်ယူတယ်"

ကျင်းလီက ...

"ခင်ဗျားက ကျုပ်ကို အခွင့်အရေးပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကလည်း ခင်ဗျားကို အခွင့်အရေးတစ်ခု ပေးပါ့မယ် ကျုပ်ကို အနိုင်ယူနိုင်မယ်ဆိုရင် ရွှေရုပ်လှသိုင်းကျမ်းကို ခင်ဗျားရပါလိမ့်မယ်ဗျာ"



အဘွားအို မဲ့ပြုံးပြုံးလိုက်လေသည်။

"ကောင်းပြီလေ ... မင်းမှာ ဘယ်လောက်အထိ ခံနိုင်ရည်ရှိသလဲဆိုတာ သိချင်သေးတယ်"

စကားအဆုံးတွင် ရှေ့သို့ လှမ်းထွက်လာပြီး လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ခု ထွက်ပေါ်လာလေသည်။ မီးတောက်တစ်ခုသည် ဖွားခနဲ လွင့်စဉ်ကာ ကျင်းလီထံသို့ ပစ်လွင့်သွားလေသည်။

"ဟိုက်"

ကျင်းလီ လွှတ်ခနဲအော်လိုက်သည်။ ကျင်းလီမှာ ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်သော်လည်း မလွှတ်... မီးတောက်က သူ၏ အဝတ်အစား၌ စွဲလောင်သွားလေသည်။

မြေပေါ်သို့ ကပျာကယာ လှဲချကာ လူးလိမ့်ပြီး ငြိမ်းသတ်လိုက်ရလေသည်။

"ဟား ဟား ဟား"

အဘွားအိုက ဟားတိုက်ရယ်မောလိုက်လေသည်။ ကျင်းလီ

www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းသွားသည်။

"သတိထား"

ဟုအော်ပြောကာ အဘွားအိုထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။ ယခုတစ်ကြိမ် ကျင်းလီက ရွှေရုပ်လွှာသိုင်းကို အသုံးပြုလိုက်သဖြင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

အဘွားအိုက မိုးတောက်လက်ဝါးကို အသုံးပြုဖို့ အချိန်မရလိုက်ပါတော့ချေ။ အဘွားအို ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ရလေသည်။ ကျင်းလီ အလွတ်မပေးဘဲ ...

"ခင်ဗျား ဘယ်ပြေးမလဲ"

ဟု ကြုံးဝါးကာ လိုက်လံတိုက်ခိုက်လိုက်လေသည်။ အဘွားအိုက ...

"သွားစမ်း"

မိုးတောက်လက်ဝါးကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း ဝုန်း ဝုန်း'

ကျယ်လောင်သောအသံများနှင့်အတူ အလွန်ပူပြင်းသော မိုးတောက်များသည် ကျင်းလီထံသို့ ပစ်လွှင့်သွား၏။ ကျင်းလီက



လက်ဝါးဖြင့် ရိုက်ထုတ်ပစ်လိုက်ရလေသည်။

မိုးတောက်များသည် အဝေးသို့ လွင့်စဉ်သွားသော်လည်း ကျင်းလီ၏လက်မှာ ပူလောင်သွားတော့သည်။

"ယား"

အဘွားအိုသည် အနီးသို့ရောက်ရှိလာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ကျင်းလီ မရှောင်သာတော့ပါချေ။

'ဝုန်း'

"အား"

စူးရှသော အော်ဟစ်သံနှင့်အတူ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။ ကျင်းလီ ခံလိုက်ရသည်ကို မြင်လျှင် ...

"အစ်ကို"

ပုရှမ်းသည် တစ်ဟုန်ထိုးပြေးဝင်လာပြီး အဘွားအိုအား တိုက်ခိုက်လိုက်လေသည်။ အဘွားအိုမှာ ရှေ့ဆက် တိုက်ခိုက်နိုင်ခြင်းမရှိဘဲ နောက်ဆုတ်လိုက်ရတော့သည်။ ပုရှမ်းက ကျင်းလီအား ဖေးမလိုက်လေသည်။ ကျင်းလီက ...

"ဒီအဘွားကြီးမလွယ်ဘူး၊ အတော့်ကိုကြောက်စရာကောင်းတယ်၊ ကျုပ်တို့နှစ်ယောက် ပေါင်းပြီးတိုက်ခိုက်မှဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၍ ...

"ကောင်းပါပြီရှင်"

ပုရှမ်းက သဘောတူလိုက်လေသည်။ သူတို့သည် အခြားသော မီးနတ်ဂိုဏ်းသားများကို အမှုမထားတော့ဘဲ အဘွားအိုထံပြိုင်တူခုန်ဝင်ကာ တိုက်ခိုက်လိုက်ကြလေသည်။

အဘွားအိုကလည်း ပြန်လည်တိုက်ခိုက်လာလေသည်။ မီးနတ်ဂိုဏ်းသားများကလည်း ...

"တိုက်ကြဟေ့"

"ယား"

ဩသံပေးကာ တိုက်ခိုက်လာကြလေသည်။ ထိုစဉ် ...

"သေပေတော့"

အော်ဟစ်သံနှင့်အတူ လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာပြီး မီးနတ်ဂိုဏ်းသားများအား တိုက်ခိုက်လေတော့၏။

တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။



ကျင်းလီနှင့် ပုရှမ်းတို့သည် မီးနတ်ဂိုဏ်းချုပ်အားညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြလေသည်။

မီးနတ်ဂိုဏ်းသားများအား လူတစ်ယောက်က ဟန့်တားထားလိုက်ခြင်းကြောင့် ကျင်းလီတို့သည် စွမ်းအားရှိသမျှဖြင့် မီးနတ်ဂိုဏ်းချုပ် အဘွားအိုအား တိုက်ခိုက်နိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

မီးနတ်ဂိုဏ်းသားများအား တိုက်ခိုက်သူမှာ ဝမ်းဖုံးပင် ဖြစ်ပေသည်။ ဝမ်းဖုံးသည် ကျင်းလီထွက်သွားခိုင်းသော်လည်း အဝေးသို့ထွက်မသွားဘဲ စားသောက်ဆိုင်နှင့် မလှမ်းမကမ်းမှ အခြေအနေကိုစောင့်ကြည့်နေခဲ့ခြင်းသာ ဖြစ်လေသည်။

ကျင်းလီတို့ အခြေအနေ မဟန်သောအခါ လက်ပိုက်ကြည့်နေနိုင်တော့ဘဲ ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းဖြစ်ပါတော့သည်။ ဝမ်းဖုံးသည် လက်ဝဲဓားကိုအသုံးပြုကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာပြီး ... မနှောင်းမှာပင် ...

'ဝုန်း'

"အား"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာကာ မီးနတ်ဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြလေသည်။ ဝမ်းဖုံး၏ ခန္ဓာကိုယ်ပေါ်၌လည်း ဒဏ်ရာဒဏ်ချက်များ ရရှိသွားတော့သည်။

ကျင်းလီနှင့်ပုရှမ်းတို့ တိုက်ပွဲမှာလည်း ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။ ဇနီးမောင်နှံ နှစ်ယောက်စလုံး ရွှေရုပ်လှ့ာ သိုင်းပညာကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ ဤတွင် ထူးခြားမှုများ ဖြစ်ပေါ်လာလေတော့သည်။

❖

ရွှေရုပ်လှ့ာသိုင်းပညာ ...။

ရွှေရုပ်လှ့ာသိုင်းပညာသည် ကျင်းလီက ဇနီးသည်ပုရှမ်းအတွက် သီးသန့်တီထွင်ပေးခဲ့သော သိုင်းပညာတစ်ရပ် ဖြစ်လေသည်။

အမျိုးသမီးများအတွက် အသင့်လျော်ဆုံး သိုင်းပညာရပ်မျိုးလည်း ဖြစ်သည်။ ထို့ကြောင့် ပုရှမ်းက အသုံးပြုလိုက်သောအခါ



အံ့ဝင်ခွင်ကျရှိပြီး မီးနတ်ဂိုဏ်းချုပ်အား ကောင်းစွာ ဒုက္ခပေးနိုင်ခဲ့လေသည်။

ထိုသိုင်းပညာအား တီထွင်သူကိုယ်တိုင်ဖြစ်သည့် ကျင်းလီသည် အမျိုးသားများနှင့် လိုက်လျောညီထွေစေရန် အတွင်းအားကို ပို၍အသုံးပြုလိုက်သောအခါ ရွှေရုပ်လှ့ာသိုင်း၏ ထက်မြက်ပုံမှာ အသွင်တစ်မျိုး ဖြစ်လာလေသည်။

သိုင်းကွက်ချင်းအတူတူဖြစ်သော်လည်း ပုရှမ်း အသုံးပြုပုံက ပျော့ပျောင်းပြီး ကျင်းလီ အသုံးပြုပုံက မာကျောသည်။ ထို့ကြောင့် နှစ်ယောက် ပေါင်းစပ်လိုက်သောအခါ အသွင်နှစ်မျိုး ဖြစ်နေကာ သိုင်းကွက်များသည် မီးနက်ဂိုဏ်းချုပ်အား ကောင်းစွာ ဒုက္ခပေးနိုင်ခဲ့လေသည်။

မီးနတ်ဂိုဏ်းချုပ်က မီးတောက်လက်ဝါးသိုင်းပညာကို အသုံးပြုနေသည့်ကြားမှပင် ကျင်းလီတို့၏ တိုက်ခိုက်မှုကို ခံလိုက်ရလေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။ မီးနတ်ဂိုဏ်းချုပ် ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလီတို့ အားတက်သွားကြပြီး ...

'ဝုန်း'

မီးနတ်ဂိုဏ်းချုပ် ဒယီးဒယိုင်ဖြစ်သွားလေသည်။ ကျင်းလီက ...

"ညီမ ... သူ့ကို မလွတ်စေနဲ့"

ဟု ပုရှမ်းကို လှမ်းပြောလိုက်သည်။ ပုရှမ်းက ...

"စိတ်ချ"

သူတို့နှစ်ယောက်သည် မီးနတ်ဂိုဏ်းချုပ်နောက်သို့ ပြေးလိုက်သွားကြပြီး တရကြမ်း တိုက်ခိုက်လိုက်ကြလေသည်။ ထိုအခါ

'ဝုန်း'

"အောင်မယ်လေး"

မီးနတ်ဂိုဏ်းချုပ်မှာ အဝေးသို့ လွင့်စဉ်သွားပြီး မြေပေါ် လဲကျသွားလေသည်။ ကျင်းလီနှင့်ပုရှမ်းတို့ ဝမ်းသာသွားကြလေသည်။

ထိုစဉ်မှာပင် မီးနတ်ဂိုဏ်းချုပ်က လဲကျနေရာမှ ခုန်ထလိုက်ပြီး လက်နှစ်ဖက်ကို ဖျော့ယမ်းလိုက်လေသည်။

'ဝုန်း ဝုန်း ဝုန်း'



ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ အဖြူရောင် မီးခိုးလုံးများ ထွက်ပေါ်လာပြီး ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်သွားလေသည်။

ကျင်းလီနှင့်ပုရှမ်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။ မီးခိုးလုံးများ ပျောက်ကွယ်သွားသောအခါ မီးနတ်ဂိုဏ်းချုပ်ကို မတွေ့ရတော့ပါ။

ကျင်းလီနှင့်ပုရှမ်းတို့သည် မီးနတ်ဂိုဏ်းချုပ်ထံသို့သာ အာရုံရောက်နေကြသဖြင့် အဖြူရောင်မီးခိုးငွေ့များကို သတိမထားမိဘဲ ရှူရှိုက်မိလိုက်ကြလေသည်။ ထို့ကြောင့် ...

"အင့်"

ပုရှမ်းက မသဲမကွဲ ညည်းညူလိုက်လေသည်။ ကျင်းလီက

"ညီမ ဘာဖြစ်တာလဲ"

ဟု မေးလိုက်သည်။ ပုရှမ်းထံသို့ လှမ်းသွားရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

"အင့်"

သူကိုယ်တိုင်လည်း ဒယီးဒယိုင် ဖြစ်သွားလေသည်။

ပုရှမ်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ အဆိပ်မိသွားပြန်ပြီ"

ဟု အထိတ်တလန့် ရေရွတ်လိုက်လေသည်။ ထိုစဉ် ...

"သခင်ကြီး မြန်မြန်လာပါ"

ဝမ်းဖုံးက အပြေးအလွှား ရောက်လာလေသည်။ အခြေအနေ မဟန်တော့မှန်း နားလည်သဘောပေါက်ထားကြသည် မဟုတ်ပါလား။

ဝမ်းဖုံးသည် ကျင်းလီနှင့် ပုရှမ်းတို့အား ခေါ်ဆောင်ကာ ထွက်ပြေးရန် ကြိုးစားလိုက်လေသည်။ ကျင်းလီသည် ဝေဒနာခံစားနေရသည့်ကြားမှ ဝမ်းဖုံးကိုမြင်လျှင် ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"ဝမ်းဖုံး ... မင်း မင်း မင်း မသွားသေးဘူးလား"

ပုရှမ်းကလည်း ...

"ဝမ်းဖုံး ... ရှင် ဘာကြောင့် နားမထောင်ရတာလဲ"

ဟု အော်ဟစ်ပြောလိုက်လေသည်။ ဝမ်းဖုံး စိတ်မကောင်းဖြစ်သွားလေသည်။ သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာလေသည်။

"သခင်ကြီးနဲ့သခင်မကြီးခင်ဗျာ၊ ကျုပ်ဟာ"



ကျင်းလီက ...

"စကားမရှည်နဲ့ ... ခုချက်ချင်း ထွက်သွား"

"ကျုပ်"

"သွားဆိုသွားစမ်း"

ကျင်းလီက အော်ငေါက်မောင်းထုတ်နေရာ ဝမ်းဖုံး ဘာမျှ မတတ်နိုင်တော့ပါချေ။

"ကောင်းပါပြီ ... ကျုပ်သွားပါတော့မယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွား၏။ ထိုစဉ်

"မင်းတို့ လွတ်မယ်ထင်လို့လား"

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ လူရိပ်တစ်ခု လျှပ်တစ်ပြက် ထွက်ပေါ်လာပြီး ဝမ်းဖုံးအား တိုက်ခိုက်လိုက်လေသည်။ ဝမ်းဖုံး မရှောင်နိုင်တော့ပါချေ။

'ဝုန်း'

"အား"

ဝမ်းဖုံးမှာ အလစ်တိုက်ခိုက်ခြင်းခံရကာ မြေပေါ် လဲကျသွားလေသည်။ ဝမ်းဖုံးသည် မြေပေါ်တွင် လိမ့်သွားပြီး ကမျာဘယာ ခုန်ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းဖုံး"

ကျင်းလီနှင့်ပုရှမ်းတို့က ပြိုင်တူအော်ခေါ်လိုက်ကြပြီး ဝမ်းဖုံးထံ ပြေးသွားကြသည်။ ဝမ်းဖုံးအား အလစ်တိုက်ခိုက်လိုက်သူမှာ မီးနတ်ဂိုဏ်းချုပ်ဖြစ်၏။

မီးနတ်ဂိုဏ်းချုပ်အား ကျင်းလီနှင့်ပုရှမ်းတို့က တိုက်ခိုက်လိုက်ကြလေသည်။ ကျင်းလီက ...

"ဝမ်းဖုံး ဘာလုပ်နေတာလဲ၊ သွားပါတော့လား"

ဟု အော်ငေါက်လိုက်လေသည်။ ဝမ်းဖုံးလည်း မတတ်သာသည့်အဆုံး ပြေးထွက်သွားလေတော့သည်။

"မပြေးနဲ့"

"မလွတ်စေနဲ့"

"လိုက်ကြ"

မီးနတ်ဂိုဏ်းသားများက ဗြဲသံပေးကာ လိုက်သွားကြလေသည်။ ဝမ်းဖုံးသည် ခပ်လှမ်းလှမ်းသို့ ရောက်သွားလျှင် ...

"အား"

"အောင်မယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။



ကျင်းလီနှင့်ပုရှမ်းတို့၏ အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

❖

ကျင်းမေ၏စကား ဆုံးသွားပြီဖြစ်သည်။ ရွှေရုပ်လွှာသိုင်းကျမ်းနှင့် ပတ်သက်ခဲ့သော အဖြစ်အပျက်များကို စန်းကိုး ကောင်းစွာ သဘောပေါက်လိုက်ပြီဖြစ်လေသည်။

"ကျုပ်က သစ္စာရှိတဲ့ လူယုံတော်ကြီး ဝမ်းဖုံးနဲ့ တွေ့ခဲ့ရတာကိုး"

ဟု မှတ်ချက်ချလိုက်လေသည်။ ကျင်းမေက ...

"ဟုတ်ပါတယ်၊ ရှင်နဲ့တွေ့လို့ ကျွန်မအတွက် ကံကောင်းသွားတာပါ၊ နို့မဟုတ်ရင် မီးနတ်ဂိုဏ်းသားတွေ လက်ထဲက ရွှေရုပ်လွှာ သိုင်းကျမ်း ရောက်သွားမှာပဲ"

စန်းကိုးက ...

"ကျုပ်ကလည်း ပိုင်ရှင်အစစ်အမှန်ရဲ့လက်ထဲကို ပြန်ပို့ပေးနိုင်တဲ့အတွက် ဝမ်းသာပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းမေ သက်ပြင်းချလိုက်သည်။

"ကျွန်မဟာ မေမေတို့ရဲ့အဖြစ်ဆိုးကို ဆရာဖြစ်တဲ့ ဂူမေ သီလရှင်က တစ်ဆင့် သိခဲ့ရတာပါ။ ဂူမေ သီလရှင်ဆီက သိုင်းပညာ သင်ယူပြီး ကျွန်မ အိမ်ပြန်လာခဲ့ပါတယ်၊ မီးနတ်ဂိုဏ်းကို ဖြိုခွဲပစ်ဖို့နဲ့ ရွှေရုပ်လွှာသိုင်းကျမ်းကို ရအောင် ပြန်ရှာဖို့ ဆုံးဖြတ်ထားခဲ့တာ ခု တော့ တစ်ခုပြည့်ဝသွားပါပြီ၊ တစ်ခုပဲ ကျန်ပါတော့တယ်"

စန်းကိုးက ...

"ကျုပ်ကလည်း မီးနတ်ဂိုဏ်းကို ဖြိုခွဲတဲ့နေရာမှာ တစ်တပ် တစ်အား ပါဝင်ကူညီမယ်လို့ ကတိပြုပါတယ်"

ကျင်းမေ ဝမ်းသာသွားသည်။

"ကျေးဇူးတင်လိုက်တာရှင်၊ ရှင့်မှာ အရေးတကြီး သွားစရာ ရှိသေးရင် ဒီမှာပဲနေဖို့ မေတ္တာရပ်ခံပါတယ်ရှင်"

စန်းကိုးလည်း သဘောတူလိုက်လေတော့သည်။

⁂



အခန်း (၁၉)

မိန်းမလှအမုန်း

လူစည်ကားသော စားသောက်ဆိုင်တစ်ဆိုင် ဖြစ်သည်။ အနက်ရောင်ဝတ်ဆင်ကာ လှပချော့မောသော မိန်းကလေး တစ် ယောက်သည် စားပွဲတစ်လုံး၌ထိုင်ကာ အရက်သောက်နေလေသည်။

ထိုမိန်းကလေးမှာ မိဘများမသိအောင် ချူးဂေဟာမှ တိတ် ဘဆိတ် ထွက်လာခဲ့သော မိန်းကလေး ချူးလျှံ ဖြစ်လေသည်။

ချူးလျှံ၏မျက်နှာသည် ဒေါသနှင့်အရက်ရှိန် ပေါင်းစပ်ကာ နီရဲနေလေသည်။

သူမသည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။ သူမ၏ မျက်ဝန်းထဲ၌ ရယ်ရယ်မောမော ရှိနေကြသော ကျင်းမေနှင့် စန်းကိုးရုပ်သွင်ကို မြင်ယောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူမသည် စန်းကိုးအပေါ်တွင် တစ်ဖက်သတ် မေတ္တာသက်ဝင်နေခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျင်းမေ အပေါ် မကျေမနပ် ဖြစ်မိသည်။

တစ်ဖွတ်ထိုးလုပ်တတ်သော မိန်းကလေးတစ်ယောက်ဝီဝီ စန်းကိုးကိုပါ ဒုက္ခပေးရန် ကြံစည်ခဲ့သည်။ သူမ၏ အကြံအစည် မအောင်မြင်ခဲ့သဖြင့် ပို၍ ဒေါသဖြစ်ခဲ့ရလေသည်။

သူမသည် တွေးရင်းတွေးရင်း ဒေါသကို မထိန်းနိုင်တော့ဘဲ တက်ခေါက်လိုက်လေသည်။

"တောက်"

သူမ၏ တက်ခေါက်သံကြောင့် စားသောက်နေသူတို့က လှည့်ကြည့်လာလေသည်။ ဆိုင်ထဲ၌ ပျော်ပျော်နေတတ်ပုံရသော လူငယ်နှစ်ယောက် ရှိနေပါသည်။

ထိုလူငယ်နှစ်ယောက်သည် ချူးလျှံကိုကြည့်ကာ ရယ်မောလိုက်ကြသည်။ ချူးလျှံ ပို၍ ဒေါသဖြစ်သွားလေသည်။

သူမသည် ထိုင်ရာမှ ထလိုက်ပြီး ခြေသံပြင်းပြင်းနင်းကာ လူငယ်နှစ်ယောက်အနီးသို့ လှမ်းသွားလိုက်လေသည်။

"ရှင်တို့ ဘာရယ်တာလဲ"



ဟု အော်ငေါက်လိုက်သည်။ လူငယ်တစ်ယောက်က ...

"သဘောကျလို့ ရယ်တာပေါ့ဗျာ"

"ဘာရှင့်"

"ဩော် ... မိန်းမချောလေးတစ်ယောက် အရက်မူးပြီး စိတ်ဆိုးနေတာ ရယ်စရာကောင်းလို့ပါ"

ချူးလျှံက မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ ... ရှင် ဘယ်လောက်ရယ်နိုင်မလဲ ... ရယ်စမ်း"

သူမသည် ထိုလူငယ်အား ပါးရိုက်ချလိုက်လေတော့သည်။

'ဖြန်း'

မမျှော်လင့်ဘဲ ပါးရိုက်ခံလိုက်ရသဖြင့် လူငယ် ဒေါသထွက်သွားလေသည်။

"ဟင် ဘယ်လိုလုပ်လိုက်တာလဲ"

ချူးလျှံ ရယ်မောလိုက်သည်။

"ရှင် ဒေါသဖြစ်နေတာ ရယ်စရာကောင်းလိုက်တာ"

လူငယ် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ချူးလျှံက သူ့အား ချေပနေသည် မဟုတ်ပါလား။

"မင်း မင်း"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် ခံပြင်းနေပြီး ချူးလှိုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ထိုအခါ သူ၏အဖော်က ...

"ကဲ လာပါကွာ ... တို့သွားရအောင်"

အခြေအနေကို ဝင်ထိန်းလိုက်လေသည်။ သူတို့သည် ချူးလှို၏ ရိုင်းစိုင်းမှုကို မကျေနပ်သော်လည်း ဘာမှမပြောတော့ဘဲ ဆိုင်ထဲမှ ထွက်သွားကြလေသည်။

ချူးလှိုက ဒေါသမပြေသေးပါ။ သူမသည် ဆိုင်ထဲသို့ ဝေ့ကြည့်လိုက်ပြီး ...

"ကဲ ... ဘယ်သူက ကျွန်မကို လှောင်ပြောင်ချင်သေးလဲ ... ပြောစမ်း"

ဟု အော်ငေါက်လိုက်လေသည်။ စားသောက်သူများသည် ချူးလှိုကို မကြည့်ဘဲ မျက်နှာလွှဲထားလိုက်ကြလေသည်။ ဆိုင်လုလင်တစ်ယောက်အနီးသို့ ရောက်လာပြီး ...

"အစ်မလေး ... ကျွန်တော် တောင်းပန်ပါတယ်၊ ကျေနပ်ပါခင်ဗျာ၊ ဆိုင်ထဲမှာ ဆူပူနေရင်"

စကားဆုံးအောင်ပင် မပြောလိုက်ရပါချေ။ ချူးလှိုကို လက်သံ ပြောင်စွာ ပါးရိုက်ချလိုက်လေတော့သည်။ တစ်ဖန် ...



"ဘယ်သူ သတ္တိရှိသလဲ ... ထွက်ခဲ့"

သူမသည် အားလုံးကို စိန်ခေါ်နေပြန်တော့သည်။ မည်သူကမှ သူမအား မကြည့်ဘဲ မျက်နှာလွှဲထားလိုက်သောအခါ ...

"ဩော် ... ကျွန်မကို ဂရုမစိုက်ကြဘူး ... ဟုတ်လား"

ဟု ကြုံးဝါးရင်း စားပွဲကုလားထိုင်များအား ရိုက်ချိုးဖျက်ဆီးပစ်လိုက်လေတော့သည်။

'ဝုန်း'

'ခွမ်း'

ချူးလှိုက စိတ်ထင်တိုင်းကြဲလေသောအခါ စားသောက်သူများပါမက ဆိုင်ရှင် ဆိုင်လုလင်များပါ ကြောက်လန့်တကြား ထွက်ပြေးကုန်ကြလေတော့သည်။

နောက်ဆုံး ဆိုင်ထဲ၌ ချူးလှို တစ်ယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။

တစ်ဆိုင်လုံး ရစရာမရှိအောင် ပျက်စီးသွားပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးလှံ့သည် စိတ်တိုင်းကျ ဖျက်ဆီးပစ်လိုက်ရသဖြင့် ကျေနပ်သွား၏။ အရက်မူးနေသည့်အရှိန်ဖြင့် မောပန်းသွားသည်။ သူမသည် ကြမ်းပြင်ပေါ် ထိုင်ချလိုက်လေသည်။

ရုတ်တရက် သူမရင်ထဲ၌ ဝမ်းနည်းကြေကွဲသည့်စိတ်များ ဖြစ်ပေါ်လာလေသည်။ သူမသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

✵

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ချူးလှံ့၏ ငိုရှိုက်သံမှာ တဖြည်းဖြည်း တိတ်ဆိတ်သွားလေသည်။ ထိုစဉ် နောက်ဘက်မှ ခြေသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ဆိုင်ထဲသို့ လူတစ်ယောက် ဝင်ရောက်လာခြင်း ဖြစ်သည်။ ချူးလှံ့က ချာခနဲလှည့်ကြည့်လိုက်သည်။

ထိုအခါ ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုကို တွေ့လိုက်ရတော့သည်။ ချူးလှံ့ ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ ...

"ရှင်ဘယ်သူလဲ ဘာလာလုပ်သလဲ"



ဟု ဒေါသတကြီး အော်ငေါက်လိုက်လေသည်။ အဘိုးအိုက တည်ကြည်သောမျက်နှာထားဖြင့် ...

"ကျုပ်က မင်းကိုကူညီမလို့ပါ"

"ဘာရှင့်"

ချူးလှံ့ ငေါက်ခနဲ ထရပ်လိုက်သည်။ အဘိုးအိုအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး ...

"ကျွန်မဟာ အကူအညီလိုအပ်နေတဲ့ လူတစ်ယောက်လို့ ရှင်ထင်နေတာလား"

သူမ၏စကားသည် မာနကြီးသူတစ်ယောက်အသွင်သို့ ပေါ်လွင်စေပါသည်။ အဘိုးအိုက ...

"စန်းကိုးနဲ့ ပတ်သက်လာရင်တော့ မင်းမှာ အကူအညီလိုသိမှာမယ်"

"ဟင် ... ရှင် ရှင်"

ချူးလှံ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ အဘိုးအိုက

"ကျွင်းမေဟာ ကျုပ်ရဲ့ရန်သူတစ်ယောက်ပါ။ ဒါ့ကြောင့် မင်းနဲ့ကျုပ် ပူးပေါင်းလို့ရမယ် ထင်ပါတယ်"

ချူးလှံ့က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိပြီ ... ရှင်ဟာ မီးနတ်ဂိုဏ်းက လူတစ်ယောက်ပဲ"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျုပ်ဟာ မီးတမန်ရှမ်းလွေပါ"

ချူးလျံ သဘောကျစွာ ပြုံးလိုက်သည်။

"ကောင်းပြီ၊ ဘာပဲဖြစ်နေ ဖြစ်နေ ရှင်နဲ့ကျွန်မ ပူးပေါင်းမယ်"

ရှမ်းလွေလည်း ပြုံးလိုက်သည်။

"ကျုပ်က ကျင်းမေကို ရင်ဆိုင်တဲ့အခါ မင်းရဲ့အကူအညီကို ရမှဖြစ်မယ်"

ချူးလျံက ...

"စိတ်ချ ... ဘာမဆို ကျွန်မ ကူညီမယ်"

ရှမ်းလွေက ...

"ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့ပါ"

ချူးလျံသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ရှမ်းလွေနောက်သို့ လိုက်ပါသွားလေတော့သည်။

❋



ရွှေရုပ်လွှာစံအိမ် ...။

စန်းကိုးသည် ရွှေရုပ်လွှာစံအိမ်သို့ရောက် ရှိလာသည်မှာ တစ်လခန့် ရှိသွားပြီဖြစ်လေသည်။ ထိုတစ်လအတွင်း ကျင်းမေနှင့် အတူ ရွှေရုပ်လွှာသိုင်းကျမ်းအား လေ့လာခဲ့ကြသည်။

ကျင်းမေသည် ဖခင်ဖြစ်သူ၏ ရွှေရုပ်လွှာသိုင်းအကြောင်းကို သိထားသူဖြစ်လေသည်။

ထို့ကြောင့် အတူတကွ လေ့လာကြသောအခါ စန်းကိုးမှာ ပို၍ ရှင်းလင်းနားလည်သဘောပေါက်လာလေသည်။ ထို့ပြင် သူတို့နှစ်ယောက်မှာ ပို၍ရင်းနှီးလာကြလေတော့သည်။

❋

တစ်နေ့ ကျင်းမေနှင့်စန်းကိုးတို့ ဥယျာဉ်အတွင်း ရှိနေကြစဉ်

"သခင်မလေး သခင်မလေး"

လင်းလင်း အပြေးအလွှား ရောက်ရှိလာလေသည်။

ကျင်းမေက ...

www.burmeseclassic.com

www.burmeseclassic.com



"လင်းလင်း ဘာဖြစ်လာတာလဲ"

သူမ စိုးရိမ်ပူပန်စွာ မေးလိုက်လေသည်။ လင်းလင်းက ...

"သခင်မလေး ကျွန်မမြို့ထဲကိုသွားရင်း လူတစ်ယောက်နဲ့ တွေ့လာခဲ့တယ်"

ကျင်းမေက ပြုံးလိုက်သည်။

"ဖြစ်ရလေ လင်းလင်းရယ်၊ လူကိုတွေ့တာများ အဆန်း လုပ်လို့"

လင်းလင်းက ...

"မဟုတ်ဘူး၊ ကျွန်မတွေ့တာ မီးတမန်ရှမ်းလွေ ဖြစ်နေလို့ ပါ"

"ဘာ"

ကျင်းမေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ လင်းလင်း က ...

"ရှမ်းလွေ ရောက်လာပြီဆိုတော့ မီးနတ်ဂိုဏ်းသားတွေ လည်း ပါလာကြမှာပဲ၊ သူတို့ဟာ ကျွန်မတို့ဂေဟာကို"

ကျင်းမေ အံကြိတ်လိုက်သည်။

"ကောင်းတယ် ... သူတို့လာတော့ ငါတို့က လိုက်ရှာစရာ



မလိုတော့ဘူးပေါ့"

ထိုအချိန်မှာပင် ...

'တင်း တောင် တင်း တောင်'

လူခေါ်ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။ လင်းလင်းက ...

"ဟော ... သူတို့လာကြပြီထင်တယ်"

ကျင်းမေက ...

"လာတော့လည်း ကြိုဆိုလိုက်ကြတာပေါ့"

သူတို့သည် မြို့ဝင်းရှေ့သို့ လှမ်းသွားလိုက်ကြလေသည်။ မြို့ ဝင်းတံခါးအနီးသို့ ရောက်သွားကြသောအခါ မည်သူတစ်ဦး တစ် ယောက်ကိုမှ မတွေ့ရပါချေ။ ကျင်းမေတို့ အံ့ဩသွားကြသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

ထိုအချိန်မှာပင် ရွှေရုပ်လွှာဂေဟာအတွင်းမှ မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ကြရလေသည်။ ကျင်းမေ ဒေါသထွက်သွားသည်။

တစ်စုံတစ်ယောက်သည် သူတို့အား လှည့်စားပြီး ဂေဟာ ကို မီးရှို့ရန် ကြံစည်နေသည် မဟုတ်ပါလား။ ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ဟိုမှာ"

စန်းကိုးက တစ်နေရာဆီသို့ ညွှန်ပြကာ အော်ပြောလိုက်သည်။ ကျောင်းမေတို့ လှည့်ကြည့်လိုက်သောအခါ ပြေးလွှားသွားနေသော လူရိပ်တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

"သိကြသေးတာပေါ့"

ကျောင်းမေက ကြိုးဝါးကာ ပြေးလိုက်သွားလေသည်။ စန်းကိုးနှင့် လင်းလင်းတို့လည်း ပြေးလိုက်သွားကြလေတော့သည်။

❁ ❁ ❁



အခန်း (၂၀)

ထောင်ချောက်

မြို့ပြင်တောအုပ် ...။

ကျောင်းမေ၊ စန်းကိုးနှင့် လင်းလင်းတို့သည် ထွက်ပြေးသွားသော လူရိပ်နောက်သို့ ပြေးလိုက်သွားကြရင်း မြို့ပြင်တောအုပ်သို့ ရောက်ရှိသွားကြလေသည်။

လူရိပ်သည် တောအုပ်အတွင်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားလေသည်။ စန်းကိုးတို့ ခြေလှမ်းရပ်လိုက်ကြလေသည်။ ကျောင်းမေက ...

"ကျွန်မတို့ တောအုပ်ထဲ ဝင်ရှာကြရအောင်"

ဟု ပြောလိုက်သည်။ စန်းကိုက လက်ကာပြလိုက်သည်။

"နေဦး ... ကျုပ်တို့က လိုက်ရင် သူကပြေးရင်း ကျုပ်တို့က

www.burmeseclassic.com



မလိုက်ဘဲနေရင် သူက ထွက်လာမှာပါ။ ဒါဟာ ထောင်ချောက်တစ်ခု ဖြစ်လိမ့်မယ်"

ကျင်းမေ ငိုင်သွားလေသည်။ ထိုစဉ် ...

"ဟား ဟား ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ သစ်ပင်များကြားမှ အဘိုးအို တစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

မီးတမန်ရှမ်းလွေ ဖြစ်လေသည်။ ကျင်းမေက ...

"မီးနတ်ဂိုဏ်းက လူတွေ ရောက်လာပြီ"

ဟု ပြောလိုက်သည်။ စန်းကိုးက ...

"ကောင်းပြီ ... ကျုပ်တို့ ဆုံးမလိုက်ကြတာပေါ့"

သူတို့သည် တိုက်ခိုက်ရန်အသင့် ပြင်ဆင်ထားလိုက်ကြသည်။ ရှမ်းလွေက လှမ်းလာပြီး ကျင်းမေတို့နှင့် မလှမ်းမကမ်းသို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်လေသည်။

ရှမ်းလွေသည် ကျင်းမေအား စိုက်ကြည့်လိုက်ပြီး ...

"ကျုပ်က ရွှေရုပ်လွှာသိုင်းကျမ်းအတွက် ရောက်လာတာပဲ"

ဟု ပြောလေသည်။ ကျင်းမေက ...



"ရပါတယ်ရှင် ... ကျွန်မတို့ကို အနိုင်ယူနိုင်တယ်ဆိုရင်တော့ ရှင်လိုချင်တဲ့ပစ္စည်း ရပါလိမ့်မယ်"

ရှမ်းလွေက ...

"ဒီလိုလား ... ရပါတယ်"

သူက လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

'ဝုန်း ဝုန်း ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာလေသည်။ အပြာရောင်မီးခိုးလုံးများလည်း ထွက်ပေါ်လာလေ၏။

ကျင်းမေက ...

"သတိထား၊ အဆိပ်ငွေ့နဲ့ တိုက်ခိုက်နေပြီ"

ဟု အော်ပြောကာ ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်၏။ စန်းကိုးလည်း နောက်ဆုတ်လိုက်လေသည်။

လင်းလင်းကား နောက်ဆုတ်ရန် နောက်ကျသွားသည်ဖြစ်ရာ အဆိပ်ငွေ့များကို ရှူရှိုက်မိလိုက်ပြီး ...

"အောင်မယ်လေး"

စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားတော့သည်။

လင်းလင်း ခံလိုက်ရသည်ကိုမြင်လျှင် ကျင်းမေ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေသည်။

"သိကြသေးတာပေါ့"

ဟု ကြုံးဝါးကာ ရှမ်းလွေထံ ပြေးဝင်တိုက်ခိုက်လိုက်၏။ စန်းကိုးသည် မနေနိုင်တော့ဘဲ ပြေးလိုက်သွား၏။ သူတို့သည် အဆိပ်ငွေ့ကိုလည်း ဂရုမစိုက်တော့ဘဲ ရှမ်းလွေအား တိုက်ခိုက်လိုက်ကြလေသည်။

နှစ်ယောက်သား ရွှေရုပ်လွှာသိုင်းပညာကို အသုံးပြုကာ တိုက်ခိုက်လိုက်ကြခြင်းဖြစ်လေသည်။

ရွှေရုပ်လွှာသိုင်းသည် တစ်ဦးတစ်ယောက်တည်း အသုံးပြုခြင်းထက် ယောကျ်ား၊ မိန်းမ နှစ်ယောက် စုံတွဲ ပူးပေါင်းအသုံးပြုခြင်းက ပို၍ အစွမ်းထက်နေပါသည်။ သူတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ရှမ်းလွေမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။ ရှမ်းလွေသည် နောက်ဆုတ်ရင်း ...

"သွားစမ်း"



ဟု အော်ငေါက်ကာ အဆိပ်ဆေးလုံးတစ်လုံးဖြင့် ပစ်ပေါက်လိုက်လေသည်။

'ဝုန်း'

ပေါက်ကွဲသံနှင့်အတူ အဖြူရောင် အခိုးအငွေ့များ ထွက်ပေါ်လာလေသည်။ ကျင်းမေနှင့် စန်းကိုးတို့ အငိုက်မိသွားကြလေသည်။

"အဟွတ် အဟွတ်"

ချောင်းတဟွတ်ဟွတ်ဆိုးကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြပြီး မြေပေါ် လဲကျသွားလေတော့သည်။

"ဟား ဟား ဟား"

ရှမ်းလွေ ရယ်မောလိုက်လေသည်။

"မိန်းကလေး၊ မင်း မှူးခေါ်လာတဲ့ လူတွေကို လာကြည့်စမ်းပါဦး"

ဟု အော်ပြောလိုက်သည်။ တောအုပ်ထဲမှ မိန်းကလေးတစ်ယောက် ထွက်လာသည်။ ချူးလျို ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ရှမ်းလွှေက ဟားတိုက်ရယ်မောလိုက်လေသည်။ ချူးလျှံကို ကြည့်ကာ ...

"ကျုပ်က သိုင်းကျမ်းကိုယူမယ်၊ မင်းက သူတို့နှစ်ယောက်ကို ကြိုက်သလို လုပ်ပေတော့၊ ကျုပ်အတွက် သူတို့ကို မျှားခေါ်ပေးခဲ့တဲ့ မင်းကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလေသည်။

"ကျွန်မ ဘာမှမလုပ်ဘဲနေရင်ကော သူတို့ဟာ အဆိပ်မိထားတာနဲ့ သေသွားကြမှာပဲ မဟုတ်လား"

ရှမ်းလွှေက ...

"ဒါတော့မှန်ပါတယ်၊ ဒါပေမဲ့ သူတို့ မသေကြသေးဘူးလေ၊ မိန်းကလေးကိုယ်တိုင် သုတ်သင်ရှင်းလင်းပစ်လို့ ရပါတယ်"

ချူးလျှံက ...

"သူတို့ကို အဆိပ်ဖြေဆေးတိုက်ပြီး လူကောင်းပကတိ ဖြစ်လာတော့မှ သုတ်သင်ပစ်ရင် ကောင်းမလားလို့ပါရှင်"

ရှမ်းလွှေ ရယ်မောလိုက်သည်။



"မိန်းကလေး၊ ဘာကြောင့် လွယ်တဲ့ကိစ္စကို ခက်အောင် လုပ်ချင်နေရတာလဲ၊ ကဲ ကဲ ကျုပ်က သိုင်းကျမ်းယူပြီး သွားတော့မယ်၊ ကျန်တာတော့ မိန်းကလေးသဘောပဲ"

စကားအဆုံးတွင် ကျင်းမေထံသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ချူးလျှံသည် ဝှက်ထားသော ဓားတစ်ချောင်းကို ထုတ်ယူကာ ရှမ်းလွှေ၏နောက်ကျောကို ထိုးသွင်းလိုက်လေသည်။

ရှမ်းလွှေသည် သိုင်းကျမ်းရတော့မည်အထင်ဖြင့် ဝမ်းသာအားရ ဖြစ်နေရာ ချူးလျှံ၏ အလစ်အငိုက် တိုက်ခိုက်လိုက်သောအခါ မရှောင်နိုင်ဘဲ ခံလိုက်ရလေတော့သည်။

✵

ရှမ်းလွှေသည် ဗူးရှစ္စာဖြင့် အော်ဟစ်ကာ မြေပေါ်လဲကျသွားလေသည်။

ရှမ်းလွှေ သေဆုံးသွားပြီ ဖြစ်လေသည်။ သူ့ထံတွင်ရှိနေသော အဆိပ်ဖြေဆေးသည်လည်း ကျင်းမေနှင့် စန်းကိုဟိုအား

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကျွေးလိုက်ပြီး ဖြစ်လေသည်။

ကျင်းမေနှင့်စန်းကိုးတို့သည် ချူးလျှံကိုကြည့်ကာ အံ့သြနေကြလေသည်။ ကျင်းမေက ...

"ကျွန်မတို့အသက်ကို ကယ်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ဟု ဦးညွတ်ကာ ပြောလိုက်လေသည်။ ချူးလျှံ မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မက ရှင့်ကို ကယ်ချင်လို့ ကယ်တယ်များ ထင်နေသလား"

ဟု အော်ငေါက်လိုက်လေသည်။ ကျင်းမေ သက်ပြင်းချလိုက်လေသည်။ ချူးလျှံသည် စန်းကိုးအား တစ်ဖက်သတ် မေတ္တာသက်ဝင်နေကြောင်း သူမ သိထားသည် မဟုတ်ပါလား။

ချူးလျှံသည် စန်းကိုးတစ်ယောက်တည်းကိုသာ အဆိပ်ဖြေဆေး တိုက်ကျွေးလျှင် ရပါသည်။ သူမအား အဆိပ်ဖြေဆေး တိုက်ကျွေးခဲ့သည်ကို နားမလည်နိုင်အောင် ဖြစ်နေရပါတော့သည်။

ချူးလျှံက စန်းကိုးအား စိုက်ကြည့်လိုက်လေသည်။ စန်းကိုးက ...



"မင်းရဲ့ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူး"

ဟု ပြောလိုက်လေသည်။ ချူးလျှံ ပြုံးလိုက်သည်။

"ရှင်က ကျွန်မကို တကယ်ပဲ ကျေးဇူးတင်တာလား"

ဟု မေးလေသည်။ စန်းကိုးက ...

"တကယ်ပါဗျာ"

ချူးလျှံက ...

"ကျေးဇူးရှိရင် ကျေးဇူးပြန်ဆပ်ရမယ်ဆိုတာကိုကော ရှင်လက်ခံသလား"

စန်းကိုး ခေါင်းညိတ်လိုက်သည်။

"ကျုပ် လက်ခံပါတယ်"

"ဒါဖြင့် ကျွန်မကို ကျေးဇူးဆပ်ပေတော့"

"ဗျာ"

ချူးလျှံ၏စကားကြောင့် စန်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

ချူးလျှံက ...

"ကျွန်မစကား ရှင် လက်မခံနိုင်ဘူးလား"

စန်းကိုး သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ကျုပ်က ဘယ်လို ကျေးဇူးပြန်ဆပ်ရမယ်ဆိုတာ ပြောပါ"

ဟု ပြောလိုက်လေသည်။ ချူးလျှံက ...

"ရှင့်ရဲ့အသက်ကို ကယ်ခဲ့တော့ ရှင့်အပေါ်မှာ ကျွန်မက အသက်တစ်ချောင်း အကြွေးတင်နေပြီပေါ့"

"ဟုတ်ပါတယ်ဗျာ"

"ရှင်က ကျွန်မကို အသက်တစ်ချောင်း ပြန်ပေးရမယ်"

စန်းကိုးက ...

"ချူးလျှံ ... ကျုပ်က မင်းရဲ့စကားကို နားမလည်နိုင်တော့ဘူး"

ဟု ပြောလိုက်လေသည်။ ချူးလျှံ ရယ်မောလိုက်သည်။

"ရှင်က နားမလည်ချင် ဟန်ဆောင်နေတော့လည်း ကျွန်မက ပြောပြရသေးတာပေါ့"

သူမသည် ကျင်းမေကို ညွှန်ပြလိုက်ပြီး ...

"ရှင် သူ့ကိုသတ်လိုက်ပါ၊ ဒါဆိုရင် အသက်တစ်ချောင်း အကြွေးပြန်ဆပ်ပြီးသား ဖြစ်သွားပါလိမ့်မယ်"

"မင်း"



စန်းကိုး မည်သို့ပြောရမှန်းမသိ ဖြစ်သွားတော့သည်။ ချူးလျှံ က ...

"ဘယ်လိုလဲ ... ရှင်က ကျွန်မကို ကျေးဇူးပြန်မဆပ်နိုင်တော့ဘူး မဟုတ်လား"

စန်းကိုး အံကြိတ်လိုက်သည်။

"ကောင်းပြီ ... မင်းက ကျုပ်အသက်ကို ကယ်ခဲ့တယ်၊ ဒါကြောင့် ကျုပ်အသက်ကို ပြန်ပေးမယ်"

ဟု ပြောလိုက်သည်။ ချူးလျှံသည် အချစ်ကြီး၍ အမျက်ကြီးသူတစ်ယောက် ဖြစ်နေချေပြီ။ မုဆိုးတစ်ပိုင်း မိန်းမရိုင်း ဖြစ်နေချေပြီ။

သူမအား တားဆီး၍ ရတော့မည် မဟုတ်ဟု နားလည်ထားလေတော့သည်။ ချူးလျှံက ...

"ကျွန်မက ရှင့်အသက်ကို လိုချင်တာမဟုတ်ဘူး"

ဟု ပြောလေသည်။ ကျင်းမေ ခံပြင်းသွားသည်။

"ကောင်းပြီ ... ကျွန်မအသက်ကို လိုချင်တယ်ဆိုရင် ရစေမယ်"

သူမသည် လက်ဝါးဖြင့် ငယ်ထိပ်ကို ပြန်လည်ရိုက်ချရန်

www.burmeseclassic.com



ဟန်ပြင်လိုက်လေသည်။

“မလုပ်နဲ့”

စန်းကိုးက ဟန့်တားလိုက်သည်။

“ဒါ ကျူပ်နဲ့ဆိုင်တဲ့ကိစ္စ၊ ဒါကြောင့် ကျူပ်ပဲ ဖြေရှင်းမယ်”

သူက ချူးလျှံဘက်သို့လှည့်ကာ ...

“ကျူပ်အသက်ကိုပဲရမယ်၊ မင်း ကျေနပ်ရဲ့လား” မ

ဟု မေးလိုက်လေသည်။ ချူးလျှံသည် အနည်းငယ် စဉ်းစား

လိုက်ပြီး ...

“ကောင်းသားပဲ ... ရှင့်အသက်ကို ရရင်လည်း မဆိုးပါဘူး

လေ”

“ကောင်းပြီ”

စန်းကိုးက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ဟန်ပြင်လိုက်

လေသည်။

“မလုပ်နဲ့”

ကျင်းမေက ဟန့်တားလိုက်လေသည်။

“ခစ် ခစ် ခစ်”

ချူးလျှံက အူလှိုက်သည်းလှိုက် ရယ်မောလိုက်လေသည်။



“ရှင်တို့နှစ်ယောက် တော်တော်သစ္စာရှိကြပါလား၊ သေရမှာ

ကိုတောင် သူသေမယ် ကိုယ်သေမယ် လုပ်နေကြသေးတယ်၊ ကဲ

... ကျွန်မပြောမယ် ... နားထောင်”

စန်းကိုးနှင့်ကျင်းမေတို့က ချူးလျှံကို ကြည့်လိုက်ကြလေ

သည်။

ချူးလျှံ၏မျက်နှာတွင် မုန်းတီးစက်ဆုပ်သည့်အသွင်

အထင်းသား ပေါ်လွင်လာလေသည်။ ကျင်းမေနှင့် စန်းကိုးတို့အား

စိုက်ကြည့်လိုက်ပြီး ...

“ရှင်တို့နှစ်ယောက်စလုံးရဲ့အပေါ်မှာ ကျွန်မရဲ့ကျေးဇူး ရှိနေ

ပြီ၊ ဒါကြောင့် ရှင်တို့ နှစ်ယောက်စလုံးရဲ့အသက်ကို ကျွန်မပြန်လိုချင်

တယ်၊ နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ကြပေ

တော့”

ဟု ပြောလိုက်လေသည်။ ချူးလျှံသည် ရက်စက်မှုကမ်းကုန်

သော မိန်းကလေးတစ်ယောက် ဖြစ်နေပါတော့သည်။

စန်းကိုးနှင့်ကျင်းမေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်

လိုက်ကြလေသည်။

ချူးလျှံ၏ မကောင်းသောစိတ်နေသဘောထားကို နား

www.burmeseclassic.com

www.burmeseclassic.com



လည်လိုက်ကြသော်လည်း သူတို့ အညွှန့်မခံလိုကြပါချေ။ လူငယ်ပီပီ မာနရှိကြသည် မဟုတ်ပါလား။

သူတို့ အံတင်းတင်းကြိတ်လိုက်ကြသည်။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ဟန်ပြင်လိုက်ကြသည်။

"ခစ် ခစ် ခစ်"

ချူးလျှံ ရယ်မောနေ၏။ ရုတ်တရက် သူမ၏ရယ်မောသံ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။ ချူးလျှံ၏မျက်နှာ ရှုံ့မဲ့ သွားသည်။

နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာပြီး မြေပေါ်အရုပ် ကြိုးပြတ် လဲကျသွားလေသည်။ စန်းကိုးတို့ ကြောင်အမ်းအမ်း ဖြစ် သွားကြသည်။

ချူးလျှံ၏အဖြစ်အပျက်ကို နားမလည်နိုင်အောင် ဖြစ်နေပါ သည်။ သူတို့သည် သေသေချာချာ ကြည့်လိုက်သောအခါ ချူးလျှံ၏ နောက်ကျောဘက်၌ ရပ်နေသူတစ်ယောက် ရှိနေသည်ကိုတွေ့လိုက် ရလေသည်။

ထိုလူမှာ အဘွားအိုတစ်ယောက် ဖြစ်သည်။ မီးနတ်ဂိုဏ်း ချုပ်လည်း ဖြစ်သည်။ စန်းကိုးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြပြီး



"ဟာ"

"ဟင်"

လွှတ်ခနဲ ရေရွတ်လိုက်ကြလေတော့သည်။

✵

မီးနတ်ဂိုဏ်းချုပ်။ မီးနတ်ဂိုဏ်းချုပ် ရောက်လာပြီ ဖြစ်လေ သည်။ သူမသည် စန်းကိုးနှင့် ကျင်းမေတို့အား ပြုံးပြလိုက်ပြီး ...

"ကဲ ... ခုဆိုရင် မင်းတို့နှစ်ယောက်အပေါ်မှာ ငါက အသက် အကြွေးတင်နေပြီ"

ဟု ပြောလေသည်။ စန်းကိုးတို့ ကြောင်အမ်းအမ်း ဖြစ်သွား လေသည်။ မီးနတ်ဂိုဏ်းချုပ်က ...

"ဒါပေမဲ့ ငါက မင်းတို့နှစ်ယောက်ရဲ့ အသက်ကို မလိုချင် ပါဘူး။ ရွှေရုပ်လှသိုင်းကျမ်းကိုရရင် ကျေနပ်နိုင်ပါတယ်"

ဟု ပြောလေသည်။ ကျင်းမေ အံကြိတ်လိုက်သည်။

"ရှင် ဘယ်တော့မှ ရနိုင်မှာမဟုတ်ဘူး။ ကျွန်မမိဘတွေရဲ့ အသက်ကြွေးကိုတောင် ရှင်က ပြန်ဆပ်ရဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုးက ...

"ခင်ဗျားရဲ့လက်ချက်ကြောင့် ဒုက္ခရောက်ခဲ့ရတဲ့ သိုင်းလောကသားတွေအတွက် ခင်ဗျား အကြွေးပြန်ဆပ်ဖို့လည်း စဉ်းစားထားပါဦး"

ဟု ချေပပြောဆိုလိုက်လေသည်။ မီးနတ်ဂိုဏ်းချုပ် ဒေါပွသွားလေသည်။

"ဩော်၊ မင်းတို့က ဒီလိုကိုး၊ ကျုပ်က မင်းတို့ကို ကြောက်နေရမှာလား၊ နှစ်ယောက်စလုံး သေဖို့သာပြင်ထားကြပေတော့"

စကားဆုံးလျှင် လက်နှစ်ဖက် ဖွေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။ စန်းကိုးနှင့် ကျင်းမေတို့ကလည်း လက်တွဲညီညီပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

✲

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။ မီးနတ်ဂိုဏ်းချုပ်သည် သူမ၏ အစွမ်းအထက်ဆုံး သိုင်းပညာဖြစ်သော မီးတောက် လက်ဝါးသိုင်းပညာကို ထုတ်ဖော်အသုံးပြုလိုက်လေသည်။



'ဝုန်း ဝုန်း ဝုန်း'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ မီးတောက်မီးလျှံများသည် စန်းကိုးတို့ထံသို့ ပစ်လွှင့်လာလေသည်။

ကျင်းမေက ...

"အစ်ကို သတိထား"

စန်းကိုးအား သတိပေးကာ ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။ စန်းကိုးလည်း ရှောင်တိမ်းလိုက်၏။

သူတို့သည် ပေါ့ပါးသော ကိုယ်ဖော့ပညာဖြင့် မီးနတ်ဂိုဏ်းချုပ်၏နောက်ဘက်သို့ ချာခနဲလှည့်ကာ ရင်ဆိုင်လိုက်လေသည်။

"ယား"

ကျင်းမေနှင့်စန်းကိုးတို့က ပြိုင်တူရိုက်ချလိုက်ကြလေသည်။ သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်မိကြလျှင် ရွှေရုပ်လွှာသိုင်းကျမ်း၏အစွမ်း ပေါ်လွင်လာလေတော့သည်။

'ဝုန်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ မီးနတ်ဂိုဏ်းချုပ် အဝေးသို့ လွင့်စဉ်သွားကာ မြေပေါ်လဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကအား ဒုက္ခပေးခဲ့သည့် မီးနတ်ဂိုဏ်းချုပ် သေဆုံးသွားပြီ ဖြစ်လေသည်။ သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားပေတော့သည်။

ထို့အတူ ကျင်းမေနှင့် စန်းကိုးတို့၏ ဘဝရေ့ခရီးလည်း သာယာမှုအပေါင်းနှင့် ပြည့်စုံနေမည်သာ ဖြစ်လေသည်။

သူတို့သည် မိန်းမဆိုးလေး ချူးလျှံကိုလည်း ဘယ်သောအခါမှ မေ့နိုင်ကြတော့မည် မဟုတ်ပါတကား။

*တက္ကသိုလ်ဝင်းကြွယ်*

BURMESE CLASSIC

www.burmeseclassic.com